
http://www.dhammadownload.com

# ဒေါက်တာမင်းတင်မွန်

# မေတ္တာနှင့်သစ္စာ သရုပ်ဖော်



ကမ္ဘာလောကကို အလှဆုံးစေသည်မှာ မေတ္တာ။

လူသား၏ဘဝကို အမြတ်ဆုံးဖြစ်စေသည်မှာ သစ္စာ။

တတိယအကြိမ်

http://www.dhammadownload.com

ဘဝကို လုပဝေဆာကြည်သာချမ်းမြေ့စေသည်မှာ • • • • မေတ္တာ။
လောကကို မှန်ကန်တည့်မတ် တင့်လန်းမြင့်မြတ်စေသည်မှာ • • • • သစ္စာ။
လောက၌ အလှဆုံးတရားနှင့် အမြတ်ဆုံးတရားနှစ်ပါး

# ဒေါက်တာမင်းတင်မွန်

# မေတ္တာနှင့်သစ္စာသရုပ်ဖော်

သံသရာခရီးဖော်အချင်းချင်း • • • •
တစ်အူထုံ့ဆင်း မွေးချင်းမောင်နှမများကဲ့သို့ • • • •
မေတ္တာ နှင့် သစ္စာ ထားနိုင်ကြမည်ဆိုလျှင် • • • •
ကမ္ဘာလောကကြီးသည် ချက်ချင်းငြိမ်းချမ်းသာယာသွားလိမ့်မည်။



ဘဝမှန်တိုင်း ဇာတ်လမ်းမှန်မှ ဂျိနာလင်း၊ အယ်လ်မို၊ ရန်ဒီနှင့် ဝင်ဒီ

design:mehmithitsa,296057

http://www.dhammadownload.com

# မေတ္တာနှင့်သစ္စာသရုပ်တော်

## ဒေါက်တာမင်းတင်မွန်

( တ တိ ယ အ ကြိ မ် )

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀၊ ၀၉ ၈၀-၂၂၅၁၆

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် လေးရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်လေးရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက်လေးရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

http://www.dhammadownload.com

# အထက်မြက်ဆုံးသော စွမ်းအားနှစ်ရပ်

မေတ္တာနှင့် သစ္စာတို့သည် လူသားတို့ ပိုင်ဆိုင်နိုင်သော အထက်မြက်ဆုံးဖြစ်သည့် စွမ်းအားနှစ်ရပ် ဖြစ်၏။

မေတ္တာဟူသည် ရန်ဟူသမျှကိုအောင်နိုင်၏၊ ဘေးအန္တရာယ်ဟူသမျှကို ကာကွယ်နိုင်၏၊ နတ်လူအပေါင်းတို့၏ ချစ်ခင်လေးစားမှုကို ရယူနိုင်၏၊ မိမိ၏ဘဝနှင့် ကမ္ဘာလောကကြီးတစ်ခုလုံးကို ငြိမ်းချမ်းသာယာစိုပြည်လှပစေနိုင်၏။

သစ္စာသည် လောင်နေသောမီးကို ငြိမ်းသတ်နိုင်၏၊ စီးနေသော ရေကို အညာဆန်တက်စေနိုင်၏၊ အဆိပ်ကို ရေဖြစ်စေနိုင်၏၊ ရေကို ဆေးဖြစ်စေနိုင်၏၊ ခေါင်နေသည့်မိုးကို ရွာစေနိုင်၏၊ ရွာနေသည့်မိုးကို ရပ်စဲစေနိုင်၏၊ ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်၏၊ ဘေးအန္တရာယ်အသွယ်သွယ်ကို ကာကွယ်ပေးနိုင်၏၊ ကောင်းမြတ်သောအကြံအစည်များကို အောင်မြင်စေနိုင်၏။

မေတ္တာသစ္စာတို့နှင့် တူမျှသောစွမ်းအားမည်သည် လောက၌ မရှိချေတကား။

http://www.dhammadownload.com



ဤစာအုပ်နှင့် မွေးချင်းပေါက်ဖော်ဖြစ်သော "မေတ္တာနှင့် သစ္စာအဖွင့်" စာအုပ်တွင် မေတ္တာနှင့် သစ္စာတို့၏ သဘော အဓိပ္ပာယ်ကို ယနေ့လူငယ်လူရွယ်များ နားလည်သဘောပေါက် နိုင်အောင် ရှင်းလင်းတင်ပြထားပါသည်။

လူတစ်ဦးစီ၏ဘဝကို မေတ္တာတရားက အတုမရှိ လှပ အောင် စွမ်းဆောင်ပေးနိုင်သည်။ သစ္စာတရားက အတိုင်းမသိ မြင့်မြတ်အောင် ဆောင်ရွက်ပေးနိုင်သည်။ ဤသည်ကို နားလည် သဘောပေါက်လျှင် မေတ္တာနှင့်သစ္စာတရားတို့ကို လူတိုင်း နှစ် သက် မြတ်နိုးလာမည်ဖြစ်သည်။

ယနေ့ရင်သွေးငယ်တိုင်း၏နှလုံးသားဝယ် မေတ္တာနှင့်သစ္စာ တရားကို ကိန်းဝပ်နေရန် အထူးပင်လိုအပ်နေပါ၏။ ဤသို့ကိန်း ဝပ်လာရန်အတွက် မိဘတို့က စံနမူနာကောင်းများကို ပြသပေး ကြရန် လိုအပ်၏။ သာယာငြိမ်းချမ်းသော မိသားစုကို ထူထောင် လိုသူတိုင်းသည် ဤလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းပေးရ မည် ဖြစ်၏။

ဤသို့ဖြည့်ဆည်းရာတွင် ဤစာအုပ်သည် တစ်ဖက် တစ် လမ်းမှ အထောက်အကူပြုပါလိမ့်မည်။

ကမ္ဘာကျော် Reader's Digest မဂ္ဂဇင်းစာအုပ်များမှ ကျွန်တော် အလွန်ကြိုက်နှစ်သက်သည့် "မေတ္တာနှင့်သစ္စာ သရုပ် ဖော်" ဇာတ်လမ်းလေးပုဒ်ကို မူရင်းမပျက်အောင် ဘာသာပြန်ဆို ပြီး စာပေရသမြောက်အောင် မွမ်းမံခြယ်သထားပါသည်။

ပထမဇာတ်လမ်းသုံးပုဒ်သည် လူနှင့် တိရစ္ဆာန်များအကြား၌ မေတ္တာနှင့် သစ္စာတရားများ ထားရှိနိုင်ပုံကို ဖော်ပြကြ၏။

http://www.dhammadownload.com



နောက်ဆုံးအပုဒ်ဖြစ်သော "ဘဝမှန်တိုင်း" ဇာတ်လမ်းသည်ကား အမေရိကန်မိသားစုတစ်ခု၏ ရင်နင့်ဖွယ်ရာအသည်းထိတ်ဖွယ်ရာ အံ့ဩဖွယ်ရာအဖြစ်အပျက်များကို တင်ဆက်ထား၏။ ဤဇာတ်လမ်းတွင် လူသားတို့၏ အံ့မခန်းဖွယ်ရာ သဘာဝစွမ်းအားများနှင့် မိဘနှင့် သားသမီးများအကြား၊ မောင်နှမများအကြား၌ ထားရှိအပ်သော မေတ္တာနှင့်သစ္စာတရားတို့ကို အတုယူဖွယ် ချီးမွမ်းဖွယ်ရာ ဖတ်ရှုမှတ်သားကြရမည်ဖြစ်သည်။

မေတ္တာနှင့် သစ္စာတရားတို့သည် ရင်သွေးငယ်တိုင်း၏ နှလုံးသားဝယ် ရှင်သန်ပွင့်လန်းနိုင်ပါစေသော်။

❋

**ဘဝတန်ဖိုး**

စိတ်ကျူးယဉ်ကာ ကြည်နူးနေခြင်းထက်
ဘဝအဖြစ်မှန်ကို သိရခြင်းက
ပို၍ အဖိုးတန်၏။

http://www.dhammadownload.com

# မာတိကာ


* အထက်မြက်ဆုံးသောစွမ်းအားနှစ်ရပ်

၁။ နိဒါန်း ... ၇

၂။ ပီတိမင်းသားနှင့် ပျံလွှားငယ် ... ၁၄

၃။ ချစ်သမီးနှင့် ဝံပုလွေ ... ၃၁

၄။ မေတ္တာကို သစ္စာဖြင့် ပေးဆပ်ခြင်း ... ၄၆

၅။ ဘဝမုန်တိုင်း ... ၆၇

- ဘဝဟူသည် ရေပြင်ပမာ ... ၆၇
- သဘာဝဟူသည် မိခင်ပမာ ... ၆၈
- သဘာဝတရားကို လျှော့တွက်မိသော အမေရိကန်မိသားစု ... ၆၈
- "စံအိမ်" လှေ ... ၇၅
- သဘာဝမိခင်၏ ရင်ခွင် ... ၇၈
- အလတ်စကားသို့ ... ၉၁
- မုန်တိုင်းငယ်ထန် ... ၉၈
- သနားမညှာလေအားတယ် ... ၁၁၆
- ဘဝဟူသည် ပန်းမွေ့ရာမဟုတ် ... ၁၂၄
- ပင်လယ်သောင်ကမ်းဝယ် ... ၁၃၄
- ဘဝခရီးကြမ်းကြီး ... ၁၄၇
- မြောက်လေငယ် ညှဉ်းပါဘိ ... ၁၆၄
- ခါးသီးလှသော ကမ်းရိုးတန်း ... ၁၇၄
- မျှော်လင့်ချက် ဆုံးလေပြီ ... ၁၈၆
- မည်သူ့အပြစ်နည်း ... ၁၉၆
- ခန္ဓာကိုယ်၏ လျှို့ဝှက်စွမ်းအား ... ၂၁၁
- အမှောင်ညဥ့်များ ကုန်လေပြီ ... ၂၂၅
- ပြန်လည်သုံးသပ်ရာဝယ် ... ၂၃၇


*

http://www.dhammadownload.com

# နိဒါန်း

**မေတ္တာ**. . .

လောကဌ်အလှဆုံးတရားသည် . . . မေတ္တာ။

ကမ္ဘာလောကကြီးတစ်ခုလုံးကို အလှဖုံးစေနိုင်သော တရားသည်လည်း . . . မေတ္တာ။

သက်ရှိလောကအလုံးစုံကို သာယာချမ်းမြေ့စေနိုင်သည်မှာလည်း . . . မေတ္တာ။

လူလူချင်း ချစ်ခင်ကြင်နာ၊ စည်းလုံးညီညာ၊ ဖက်လှဲတကင်းရိုင်းပင်းကူညီစေတတ်သော စွမ်းအားသည်လည်း . . . မေတ္တာ။

ရေနွေးအိုးကဲ့သို့ ပွက်ပွက်ဆူနေသော အမျက်ဒေါသကို ငြိမ်းသတ်စေနိုင်သော ရေစင်ရေအေးသည်လည်း . . . မေတ္တာ။

မေတ္တာသည် ဘေးရန်ကင်းရှင်းစေလိုသောသဘော၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစေလိုသောသဘော၊ ကြီးပွားတိုးတက်စေလိုသော သဘော ဖြစ်၏။

မေတ္တာသည် နူးညံ့သိမ်မွေ့၏၊ သည်းခံခွင့်လွှတ်နိုင်၏၊ အနစ်နာခံနိုင်၏၊ ချစ်ခင်ယုယလို၏၊ ကူညီရိုင်းပင်းလို၏၊ ပေးကမ်းစွန့်ကြဲလို၏။

http://www.dhammadownload.com



မိဘတို့သည် အနစ်နာခံ၊ အဆင်းရဲခံ၊ သည်းညည်းခံ၍ သားသမီးများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကောင်းစားရေးတို့ကို မနေမနားကြိုးစားဆောင်ရွက်နေကြသည်မှာ မိဘ၏ မေတ္တာကြောင့် ဖြစ်၏။

အေးမြသော မိဘမေတ္တာရိပ်ဝယ် ခိုလှုံကြရသော သားသမီးများသည် ပူပင်သောက ငြိမ်းအေးခွင့်ရကြ၏၊ ဘေးရန်ကင်းဝေးကြ၏၊ ကြည်နူးရွှင်လန်းကြရ၏၊ လောကကို ရင်ဆိုင်ဝံ့ကြ၏။

မေတ္တာသည် မေတ္တာကို တုံ့ပြန်စေနိုင်၏။

"တစ်ဦးမေတ္တာ တစ်ဦးမှာ" ဆိုသောစကားသည် လူလူချင်းသာမက လူနှင့်တိရစ္ဆာန်အကြား၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်အကြားတို့၌လည်း မှန်ကန်သည်သာတည်း။

ရန်ကို ရန်ဖြင့် မငြိမ်းအေးစေနိုင်၊ မေတ္တာဖြင့်သာ ငြိမ်းအေးစေနိုင်၏။

ရန်လိုလျှင် ရန်ပို၏။ ရန်မလိုမှ ရန်ပြိုသည်။ ရန်မလိုခြင်းသည် မေတ္တာဖြစ်၏။ မေတ္တာလွှမ်းခြုံလျှင် ဘေးရန်လုံ၏။

မေတ္တာသည် ဘေးရန်လုံခြုံစေသော အကောင်းဆုံးအဆောင်လက်ဖွဲ့ဖြစ်၏။ မေတ္တာသခင်အား လူလူချင်းလည်း မနှိပ်စက်နိုင်၊ သားရဲတိရစ္ဆာန်များကလည်း ရန်မမူနိုင်၊ ဘီလူးသဘက်များကလည်း မနှောင့်ယှက်နိုင်ကြချေ။

မေတ္တာသည် အစွမ်းအထက်မြက်ဆုံးသော ပီယဆေးဖြစ်၏။ မေတ္တာရှင်အား လူနတ်ဗြဟ္မာနှင့် သတ္တဝါအားလုံးတို့ ချစ်ခင်ကြည်ညိုကြ၏။ မိမိ၏ မေတ္တာဖြင့် သူတစ်ပါးတို့၏ မေတ္တာကို ညို့ယူနိုင်၏။

http://www.dhammadownload.com



မေတ္တာသည် ရန်ဟူသမျှကို တွန်းလှန်ဖြိုဖျက်နိုင်သော အကောင်းဆုံးလက်နက်လည်း ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် မေတ္တာလက်နက်ဖြင့်ပင် အင်္ဂုလိမာလလူဆိုး၊ အာဠဝကဘီလူး၊ နာဠာဂိရိဆင်ကြီး၊ နန္ဒောပနန္ဒနဂါးမင်း စသည့် ရန်အပေါင်းကို အောင်မြင်တော်မူခဲ့၏။

မေတ္တာသည် ငြိမ်းချမ်းရေး၏ တမန်တော်ဖြစ်၏။ မေတ္တာပွားပို့နေသူသည် နွေခေါင်ခေါင်၌ပင်လျှင် ချမ်းသာအေးမြ၏၊ မိမိ၏ ပတ်ဝန်းကျင်ကိုလည်း ငြိမ်းချမ်းသာယာစေ၏။

မေတ္တာဈာန်သည် အချမ်းသာဆုံးသော လောကချမ်းသာပေတည်း။

မေတ္တာကို လူတိုင်းပိုင်ဆိုင်နိုင်၏။ မေတ္တာကို အခကြေးငွေဖြင့် ပေးဝယ်၍မရ။ မေတ္တာဖြင့်သာ ဝယ်ယူနိုင်၏။

မေတ္တာသည် သင်၏ ဘဝကိုလည်းကောင်း၊ သင့်မိဘမောင်ဖွားများအားလည်းကောင်း၊ သင် ကျင်လည်နေသည့် လောကကြီးတစ်ခုလုံးကိုလည်းကောင်း လန်းဆန်းဝေဆာ ချမ်းမြေ့သာယာစေမည်မှာ ဧကန်သာတည်း။

**သစ္စာ** ...

လောက၌အမြတ်ဆုံးသောတရား ... အလိုအပ်ဆုံးသော တရား ...။

သစ္စာမြေပေါ်တွင် ရပ်တည်ပြီး၍သာ ကိုယ်ကျင့်တရားကို တည်ဆောက်နိုင်သည်၊ လူလူချင်း တန်းတူဆက်ဆံနိုင်သည်။

သစ္စာသည် လူ့အဖွဲ့အစည်းများကို မယိမ်းမယိုင် မကွေ့မကောက်ဘဲ ဖြောင့်ဖြောင့်တန်းတန်းရှေ့သို့တိုးတက်သွားစေ၏။

http://www.dhammadownload.com



သစ္စာသည် မှန်ကန်မှု၊ ဖြောင့်မတ်မှု၊ တရားမျှတမှုဖြစ်၏။

သစ္စာသည် မတရားမှုမှန်သမျှကို ဆန့်ကျင်၏၊ လူလူချင်း နှိပ်စက်ညှဉ်းပန်းခြင်း၊ ချုပ်ချယ်အနိုင်ကျင့်ခြင်း၊ စီးပွားရေးဖြင့် အမြတ်ထုတ်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ ခိုးဝှက်လုယက်ခြင်း၊ နယ်ချဲ့တိုက်ခိုက်ခြင်း စသည့် မတရားမှုများကို ပိတ်ပင်ဟန့်တား၏။

လူနှင့် တိရစ္ဆာန်များအား ညှဉ်းပန်းသတ်ဖြတ်ခြင်းသည် မတရားမှုကြီးဖြစ်၏။ သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများကို ခိုးဝှက် လုယူခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို အလွဲသုံးစားပြုခြင်းတို့သည် မတရားမှုကြီးဖြစ်၏။ သူတစ်ပါးတို့၏ သားသမီး၊ ဇနီး ခင်ပွန်းများကို ဖျက်ဆီးခြင်းသည် မတရားမှုကြီးဖြစ်၏။ သူတစ်ပါးတို့အား လိမ်လည်လှည့်စားခြင်းသည် မတရားမှုကြီးဖြစ်၏။ မူးယစ်သောက်စားခြင်းသည် မိသားစု၏စီးပွားဥစ္စာကို ဖြုန်းတီးဖျက်ဆီးခြင်းဖြစ်၍ မတရားမှုကြီးဖြစ်၏။

ထိုမတရားမှုမှန်သမျှသည် သစ္စာလမ်းစဉ်မှ သွေဖည်ခြင်းဖြစ်၍ အမှန်တရား (ဝါ) ကံတရား၏ အပြစ်ဒဏ်ပေးခြင်းကို မုချခံယူရမည်ဖြစ်၏။

ကောင်းမှုကံသည် ကောင်းကျိုးကိုပေး၍ မကောင်းမှုကံသည် မကောင်းကျိုးကိုပေးသည်မှာ သဘာဝသစ္စာ၏ လမ်းစဉ်သာတည်း။ ဗုဒ္ဓမြတ်စွာသော်မှ ထိုကံတရားကို မပြောင်းလဲစေနိုင်၊ မတရားမှုကျူးလွန်သူတို့အား အပါယ်ငရဲသို့ မကျရောက်အောင် မတားဆီးပေးနိုင်ပါ။

သစ္စာကိုမြတ်နိုးသူအား သစ္စာတရားက ပြန်လည်စောင့်

http://www.dhammadownload.com



ရောက်သဖြင့် ကောင်းကျိုးအဖြာဖြာကို ခံယူရမည်ဖြစ်၏၊ သေလွန်သည့်ကာလ၌ နတ်ရွာသုဂတိဘုံသို့ လားရောက်ရမည်ဖြစ်၏။

သစ္စာရှင်သည် မုသားစကားကို မနှစ်မြို့၊ မမှန်သောစကားကို မဆို၊ ဆိုပြီးသောကတိစကားကို မပယ်ဖျက်၊ ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများကိုလည်း မပျက်မကွက်ရွက်ဆောင်၏။

မိဘတို့သည် မိဘဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်လျှင် သစ္စာစောင့်သိသည်မည်၏။ သားသမီးတို့သည် သားသမီးဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်လျှင် သစ္စာစောင့်သိသည်မည်၏။ ဆရာသမားသည် ဆရာ့တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်လျှင် သစ္စာစောင့်သိသည်မည်၏။ တပည့်များသည် တပည့်ဝတ္တရားများကို လိုက်နာကျင့်သုံးကြလျှင် သစ္စာစောင့်သိသည်မည်၏။ ဝန်ထမ်းများသည် ပေးအပ်ထားသောတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြလျှင် သစ္စာစောင့်သိသည် မည်၏။

မိမိ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းသည် သစ္စာဖောက်ဖျက်သည်မည်၏။ ရိုးမြေကျပေါင်းသင်းဆက်ဆံမည်ဟု ကတိသစ္စာပြုပြီးခါမှ ထိုကတိကို ချိုးဖျက်ခြင်းသည် သစ္စာဖောက်ဖျက်သည်မည်၏။

ဝစီသစ္စာနှင့် အရိယသစ္စာတို့၏ အရသာသည် အရသာအငေါင်းတို့တွင် အချိုမြိန်ဆုံးသော အကောင်းမြတ်ဆုံးသော အရသာ ဖြစ်၏။

http://www.dhammadownload.com



## မေတ္တာနှင့်သစ္စာ

ကမ္ဘာ့အလှဆုံးတရားနှင့် အမြတ်ဆုံးတရား...

လူတိုင်း၏ဘဝကို သာယာမြင့်မြတ်စေနိုင်သော တရားနှစ်ပါး။

လူသားတို့၏ဘဝများနှင့် ကမ္ဘာလောကကြီးကို အကောင်းဘက် အပေါင်းလက္ခဏာဘက်သို့ ပြုပြင်ပြောင်းလဲစေရာတွင် အားအကြီးဆုံးသော စွမ်းအားနှစ်ပါး။

မေတ္တာရှင်သည် သစ္စာရှင်ဖြစ်နိုင်သည်။ သစ္စာရှင်သည် မေတ္တာရှင် ဖြစ်နိုင်သည်။

မေတ္တာနှင့် သစ္စာတို့၏ တန်ဖိုးကို သိနားလည်သူတို့သည် ဤတရားနှစ်ပါးကို ရင်ဝယ်ပိုက်ထွေးထားကြမည်ဖြစ်သည်။

လူသားတိုင်း၏ နှလုံးသားဝယ် မေတ္တာနှင့်သစ္စာတရားတို့ ပွင့်လန်းဝေဆာလာသောအခါ ဤကမ္ဘာလောကကြီးသည် အမြင့်မားဆုံးသော အတိုင်းအတာအထိ ငြိမ်းချမ်းသာယာ စည်ပင်ဝပြောလာမည်ဖြစ်သတည်း။

☆

* မေတ္တာရှေ့ဆောင် ပြုတိုင်းအောင်
သစ္စာဆောင်က ဘဝတိုင်းလှ။

* မေတ္တာက မအောင်မြင်နိုင်သော ဘေးရန်သည် မရှိ။
သစ္စာက မစွမ်းဆောင်ပေးနိုင်သော အရာသည် မရှိ။

* မေတ္တာတရားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ကြစို့...။

http://www.dhammadownload.com



သစ္စာတရားဖြင့် ဘဝငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့ . . .။

❖



http://www.dhammadownload.com

# ပီတိမင်းသားနှင့် ပျံလွှားငယ်

## မေတ္တာနှင့် သစ္စာကို ရင်မှာပိုက်ပါလို့... ရွှေရောင်ဝင်းနေသည့် ကြေးရုပ်...

မြို့တော်ကိုဆီးကြည့်နိုင်တဲ့ကုန်းမြင့်ထက်မှာ ပီတိမင်းသားရဲ့ ကြေးရုပ်ဟာ ကျောက်ခုံမြင့်တစ်ခုပေါ်မှာ မားမားမတ်မတ်ရပ်တည်နေပါတယ်။ ကြေးရုပ်တစ်ခုလုံးကို ရွှေရွက်ပါးပါးလွှာကလေးတွေနဲ့ ခြေဆုံးခေါင်းဆုံး စီခြယ်ထားလို့ မင်းသားရဲ့ကြေးရုပ်ဟာ နေရောင်မှာ ဝင်းလက်နေပါတော့တယ်။

မင်းသားရဲ့မျက်လုံးနှစ်လုံးက အဖိုးတန်နီလာနှစ်လုံးပါ။ သူ့ရဲ့ခါးမှာ ချိတ်ထားတဲ့ ဓားရှည်ရဲ့လက်ကိုင်ထိပ်မှာလည်း ကြီးမားတဲ့ ပတ္တမြားတစ်လုံး တပ်ထားပါတယ်။

ချမ်းအေးတဲ့ညတစ်ညမှာ ပျံလွှားငှက်ငယ်တစ်ကောင်ဟာ မြို့ပေါ်ကိုဖြတ်သန်းပြီး ပျံသန်းလာပါတယ်။ သူ့အဖော်များကတော့ ရာသီပူနွေးတဲ့ အီဂျစ်နိုင်ငံဆီ ပျံသန်းသွားနှင့်ကြပြီ။ သူ

http://www.dhammadownload.com



တစ်ဦးသာလျှင် မြစ်ကမ်းပါးက ခါးသွယ်တဲ့ မြက်ပင်မယ်ကို ချစ်ခင်တွယ်တာမိလို့ နောက်ချန်ကျန်ရစ်ခဲ့တာပါ။

"သည်ကနေ့ည ငါဘယ်မှာ ခိုနားရပါ့မလဲ၊ သည်မြို့ကြီးမှာ ငါတည်းခိုစရာနေရာ အများကြီး ရှိပါလိမ့်မယ်။ ဟော… တွေ့ပြီ၊ ဟိုး… ကုန်းမြင့်ထက်က ကြေးရုပ်ဆီမှာ လေကောင်းလေသန့်လဲ ရတယ်၊ ဘေးအန္တရာယ်လဲ ကင်းဝေးတယ်၊ အဲသည်မှာ ငါခိုနားမှပဲ"

ပျံလွှားငှက်ငယ်ဟာ ရွှေရောင်ဝင်းနေတဲ့ ပီတိမင်းသားရဲ့ ခြေဖမိုးထက်မှာ ဆင်းသက်ခိုနားလိုက်ပါတယ်။

"သည်ကနေ့ညတော့ ငါ ရွှေအိပ်ရာထက်မှာ အိပ်စက်ရမှာပါလား၊ ငါ တော်တော်ကံကောင်းတာပဲ"

## ထူးဆန်းသည့် မျက်ရည်တစ်စက်

ပျံလွှားငှက်ငယ်ဟာ ကျေနပ်စွာနှလုံးသွင်းလိုက်ပြီးတော့ အိပ်စက်ဖို့ ပြင်ဆင်လိုက်ပါတယ်။ သူ့ရဲ့ဦးခေါင်းကို အတောင်ပံတစ်ဖက်အောက်မှာ လျှိုဝှက်ဖို့အပြုမှာ ရေစက်ကြီးတစ်ပေါက်ဟာ သူ့ကိုယ်ပေါ်သို့ ဖောက်ခနဲကျလာပါတယ်။

"ဟင်… တယ်ထူးဆန်းပါလား၊ ကနေ့ညမှာ ကောင်းကင်တစ်ခုလုံး ကြယ်ရောင် လရောင်နဲ့ လင်းလို့၊ ဘယ်မိုးတိမ်မှလဲ မရှိဘဲနဲ့ ဘာကြောင့် မိုးစက်ကြီးကျလာရသလဲ၊ ဥရောပ မြောက်ပိုင်းရဲ့ ရာသီဥတုဟာ သိပ်ဆိုးရွားတာပဲ"

ထိုအခိုက်တွင် ဒုတိယရေစက်ကြီးတစ်ပေါက်ဟာ ငှက်ငယ်ရဲ့ကိုယ်ပေါ်သို့ ဖောက်ခနဲကျလာပြန်တယ်။

http://www.dhammadownload.com



"အင်း…သည်နေရာက ရွှေရောင်ဝင်းနေပေမယ့် မိုးစက်တွေကိုမှ မကာကွယ်ပေးနိုင်ရင် ဘာများအသုံးကျမှာမို့လဲ၊ ငါ တခြားတစ်နေရာမှာ သွားတည်းခိုတာ ကောင်းပါလိမ့်မယ်"

ငှက်ငယ်ဟာ လျှို့ဝှက်ထားတဲ့ ဦးခေါင်းကို ထုတ်ပြီး အတောင်ပံနှစ်ဖက်ကိုဖြန့်ကာ ထပ်ပျံတော့မယ်အလုပ်မှာ တတိယအကြိမ် ရေစက်ကြီးတစ်ပေါက် သူ့ကိုယ်ပေါ်သို့ ကျလာပြန်တယ်။

"အင်း…" လို့ အာမေဍိတ်သံပေးပြီး ငှက်ငယ်ဟာ အပေါ်ကို မော့ကြည့်လိုက်ပါတယ်။

**ဝမ်းနည်းပူဆွေးခြင်းကို မသိခဲ့သော ပီတိမင်းသား**

ပီတိမင်းသားရဲ့ မျက်ဝန်းအစုံဟာ မျက်ရည်များနဲ့ ပြည့်လျှံနေပြီးတော့ မျက်ရည်ဥတို့က တစ်လုံးပြီးတစ်လုံး သူ့ရဲ့ ရွှေပါးပြင်ပေါ်မှာ လိမ့်ဆင်းနေကြတယ်။ လရောင်ဖွေးဖွေးမှာ သူ့မျက်နှာက လှလွန်းလို့ ပျံလွှားငှက်ငယ်က သနားလာမိတယ်။

"သင်ဟာ ဘယ်သူလဲ" ငှက်ငယ်က မေးလိုက်တယ်။

"ငါက ပီတိမင်းသားပါ"

"နို့…သင် ဘာကြောင့် ငိုနေရတာလဲ၊ သင့်မျက်ရည်တွေကြောင့် ကျုပ်ကိုယ်တောင် ရွှဲရွှဲစိုကုန်ပြီ"

"ငါ့ကို ခွင့်လွှတ်ပါ ငှက်ငယ်လေးရယ်၊ ငါ အသက်ရှင်နေတုန်းက ဝမ်းနည်းပူဆွေးခြင်းကို ငါမသိခဲ့ဘူး၊ ငါက စန်စူစီမြို့ရဲ့ နန်းတော်မှာ မင်းသားဖြစ်ခဲ့တာကိုး၊ အဲသည်နန်းတော်ထဲကို ဝမ်းနည်းပူဆွေးခြင်းဆိုတာကို ဝင်ရောက်ခွင့်မပြုဘူး။ နေ့အခါမှာ စိမ်းလန်းတဲ့ ဥယျာဉ်ထဲမှာ အဖော်အပေါင်းတွေနဲ့ ငါကစား

http://www.dhammadownload.com



ရတယ်၊ နေဝင်ချိန် ရောက်လာတော့ နန်းတော်ရဲ့ ခန်းမဆောင်ကြီးထဲမှာ ကပွဲကို ငါဦးဆောင်ရတယ်၊ ငါ့ဘဝဟာ ပျော်စရာအတိ ဖြစ်နေလို့ ငါသိပ်ပျော်ခဲ့တာပေါ့ကွယ်၊ ဒါကြောင့် နန်းတွင်းသူ နန်းတွင်းသားများက ငါ့ကို 'ပီတိမင်းသား' လို့ ခေါ်ဆိုကြတယ်လေ။

"ဒါပေမဲ့ အခုငါသေပြီဖြစ်လို့ သည်ကုန်းမြင့်ထက်မှာ ငါ့ကို တင်ထားကြတော့ ငါ့မြို့တော်ရဲ့ အကျည်းတန်တဲ့ ရှုကွက်တွေနဲ့ ကြေကွဲစရာကောင်းတဲ့ မြင်ကွင်းတွေကို ငါအထင်းသား မြင်နေရတာပေါ့၊ ဒါကြောင့်လေ . . . ငါ့ရဲ့နှလုံးသားကို ခဲသတ္တုနဲ့ လုပ်ထားပေမယ့် ငါဖြေမဆည်နိုင်ပါဘူးကွယ်၊ ဒါကြောင့် ငါငိုနေရတာပေါ့"

"အင်း . . . ငါက သူ့ ရွှေအတိလို့ ထင်နေတာ၊ သူ့နှလုံးသားက ခဲတဲ့"

ပျံလွှားငှက်ငယ်က သူ့ကိုယ်သူ ပြောလိုက်တယ်။ ယဉ်ကျေးသူပီပီ မင်းသားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မမေးကောင်းဘူးလို့ သူတွေးလိုက်မိတယ်။

## မေတ္တာစေတမန်ငှက်ငယ်

"ဟို အဝေးကြီးမှာ . . ." ပီတိမင်းသားက ဂီတလို သာယာတဲ့ အသံတိုးတိုးနဲ့ ဆက်ပြောပါတယ်။

"ဟိုး . . . ဟိုအဝေးကြီးက လမ်းကြားကလေးတစ်ခုမှာ ဆင်းရဲသူမတစ်ယောက်ရဲ့ အိမ်တစ်အိမ်ရှိတယ်၊ အိမ်ရဲ့ ပြတင်းပေါက် တစ်ခုကို ကျော်ဖြတ်ပြီးတော့ စားပွဲမှာ မိန်းကလေး တစ်ယောက် ထိုင်နေတာကို ငါတွေ့ရတယ်၊ သူမရဲ့ မျက်နှာက ပိန်လှီ

http://www.dhammadownload.com



ခြောက်တွန့်ပြီး သောကလှိုင်းတွေ ထနေပါတယ်၊ သူမရဲ့ လက်ဖဝါးတွေက ကြမ်းတမ်းလို့ပဲ၊ ပြီးတော့ အပ်ထိုးထားမိတဲ့ ဒဏ်ရာတွေမှာ သွေးခြည်တွေ ဥနေလို့ တျာတျာနီနေတယ်၊ သူမက အပ်ချုပ်သည်လေ၊ မကြာခင် ဘုရင်မရဲ့ အလှဆုံးအပျိုရံတော်ကလေး ဝတ်ဖို့အတွက် ဝတ်ရုံရှည်ပေါ်မှာ မေတ္တာပန်းကလေးတွေကို ထိုးသီပေးနေတာလေ၊ ဝတ်ရုံကို လာမယ့်ကပွဲကြီးမှာ ဝတ်ဆင်ရမှာမို့ အပ်ချုပ်သူမက မနားတမ်းချုပ်နေရတာ။

"အခန်းထောင့်မှာရှိတဲ့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ အိပ်ရာထက်မှာတော့ သူမရဲ့သားကလေး လျောင်းအိပ်နေပါတယ်၊ ဖျားပြီး ကိုယ်ပူနေရှာတယ်၊ ဆာလွန်းလို့လဲ တတွတ်တွတ်ငိုနေရှာတယ်၊ သူ့မိခင်က သူ့ကို တိုက်ကျွေးဖို့ နို့ရည်လဲ မရှိဘူး၊ ဆေးလဲ မရှိဘူး၊ မြစ်ရေကိုပဲ တိုက်ပေးထားရတယ်လေ၊ ပျံလွှားငှက်ငယ်ရယ်...ငါ့ဓားရှည်လက်ကိုင်က ပတ္တမြားကို ဖြုတ်ယူပြီး ကလေးမိခင်ကို သွားပေးပါလားကွယ်"

"အရှင်မင်းသား...ကျွန်တော့်အဖော်တွေက အီဂျစ်နိုင်ငံမှာ စောင့်နေကြတယ်၊ မနက်ဖြန်ခါကျရင် သူတို့တစ်တွေ နိုင်းလ်မြစ်ဝှမ်းအတိုင်း ပျံသန်းပြီး ကြာပန်းတွေနဲ့ စကားပြောကြလိမ့်မယ်၊ ကျွန်တော်လဲ သူတို့နဲ့ အတူလိုက်ပါချင်တယ်"

"ပျံလွှားငှက်ငယ်...ငါ့ထံပါးမှာ တစ်ညတာခိုနားပြီး ငါ့ရဲ့ စေတမန်လုပ်ပေးပါလားကွယ်"

မင်းသားရဲ့မျက်နှာက အလွန်ညှိုးငယ်နေတဲ့အတွက် ပျံလွှားငှက်ငယ်က စိတ်မကောင်းဖြစ်မိတယ်။

"သည်နေရာက သိပ်ချမ်းတာပဲ၊ ဒါပေမဲ့လေ...ကျွန်တော်

http://www.dhammadownload.com



တစ်ညတာ သည်မှာနေပြီးတော့ အရှင်မင်းသားရဲ့ စေတမန် အဖြစ် ဆောင်ရွက်ပါမယ်"

"ကျေးဇူးပဲ ပျံလွှားငှက်ငယ်ရယ်...ကျေးဇူးပဲ"

ပျံလွှားငှက်ငယ်ဟာ မင်းသားရဲ့ ဓားရှည်လက်ကိုင်ပေါ်က ပတ္တမြားလုံးကြီးကို ဆွဲနုတ်ပြီး သူ့နှုတ်သီးမှာ ကိုက်ချီပြီးတော့ မြို့ပေါ်က ပျံသန်းသွားပါတယ်၊ အိမ်ခေါင်မိုးတွေကို တစ်ခုပြီး တစ်ခု ဖြတ်ကျော်ပြီးတဲ့အခါ မြို့တစ်ဖက်စွန်းက ဆင်းရဲသူမရဲ့ အိမ်ဆီသို့ ရောက်လာပါတယ်၊ ဆင်းရဲသူမက စားပွဲပေါ်မှာပဲ အိပ်ပျော်နေရှာပါတယ်၊ ဒါနဲ့ ငှက်ငယ်က ပတ္တမြားလုံးကြီးကို စားပွဲပေါ်က အပ်ချည်လုံးတွေဘေးမှာ ချထားပေးလိုက်တယ်။

အဲသည်နောက်...သားငယ်ကို ပျံလွှားငှက်ငယ် ကြည့်လိုက်တော့ သားငယ်က မအိပ်နိုင်ဘဲ လူးလိမ့်နေတာကို တွေ့ရတယ်။

ဒါကြောင့် သူ့အတောင်ပံကလေးတွေနဲ့ ယပ်တောင်သဖွယ် ခတ်ပေးသတဲ့။

"အင်း...မေမေ ယပ်ခတ်ပေးလို့ အေးနေတာပဲ"

သားငယ်က အဲသည်လို ယူဆပြီးတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့တယ်။

မိုးလင်းတဲ့အခါ ပျံလွှားငှက်ငယ်က မြစ်ဆီသို့ ပျံသွားပြီး ရေချိုးတယ်။ "ကနေ့ညတော့ ငါအီဂျစ်ကို အရောက်သွားတော့ မယ်"လို့ စိတ်ကူးပြီးတော့ မြူးပျော်နေပါတယ်။ ပြီးတော့ မြို့ ပေါ်မှာ ရှိတဲ့ အမှတ်တရ အဆောက်အအုံများကို ပျံလွှားငှက် ငယ်က လိုက်လံကြည့်ရှုတယ်။ မောပန်းတဲ့အခါမှာ ဘုရားရှိခိုး

http://www.dhammadownload.com



ကျောင်းကြီးတစ်ကျောင်းရဲ့ အမိုးထိပ်မှာ အကြာကြီး သူနားနေပါတယ်။

## ဖြူစင်၍ကြင်နာတတ်သော နှလုံးသားပိုင်ရှင်

စန္ဒာလမင်း ထွန်းလင်းလာတဲ့အခါမှာတော့ ပီတိမင်းသား ထံ ပျံသွားပြီး …

"အရှင်မင်းသား … အီဂျစ်နိုင်ငံကို မှာစရာကိစ္စများ ရှိပါသလား၊ ကျွန်တော် အခု ခရီးစထွက်ပါတော့မယ်"

"ပျံလွှားငှက်ငယ်ရယ်၊ ငါ့ထံပါးမှာ တစ်ညလောက် ထပ် မနေနိုင်ဘူးလားကွယ်"

"ကျွန်တော့်အဖော်တွေက အီဂျစ်နိုင်ငံမှာ စောင့်နေကြပါတယ်၊ မနက်ဖြန်ကျရင် နိုင်းလ်မြစ်ဝှမ်းဘေးက လယ်ခင်းတွေမှာ စပါးနှံတွေကို တပျော်တပါးကောက်စားကြလိမ့်မယ်"

"ပျံလွှားငှက်ငယ်ရယ် … ဟိုးမြို့တစ်ဖက်စွန်းနားက အိမ် တစ်ဆောင်ရဲ့အမိုးအောက်က အခန်းကျဉ်းထဲမှာ လူငယ် တစ် ယောက်ကို ငါတွေ့ရတယ်၊ သူ့ရဲ့မျက်လုံးတွေက ကျယ်ဝန်းပြီး စိတ်ကူးစိတ်သန်းများနဲ့ ရီဝေနေကြတယ်၊ စာရွက်ဖြူတွေ ပြန့် ကျဲနေတဲ့ စားပွဲထက်ကို သူ့ကိုယ်ကို ကိုင်းညွတ်ထားပြီးတော့ ပြဇာတ်တစ်ပုဒ် ရေးနေတာကွဲ့၊ ပြဇာတ်က အဆုံးမသတ်ရသေး ဘူး၊ သိပ်အေးလွန်းလို့ သူဆက်မရေးနိုင်ဘဲ ခိုက်ခိုက်တုန်နေ ရှာပါတယ်" .

ဖြူစင်ပြီး ကြင်နာတတ်တဲ့ နှလုံးသားပိုင်ရှင် ပျံလွှား ငှက် ငယ်က သနားစိတ်ဝင်လာလို့ …

http://www.dhammadownload.com



"ကောင်းပါပြီ အရှင်မင်းသား၊ အရှင်မင်းသားရဲ့ စေတမန်အဖြစ် ကျွန်တော်တစ်ညထပ်မံပြီး တာဝန်ထမ်းဆောင်ပါ့မယ်၊ စာရေးဆရာလူငယ်ဆီသို့ ပတ္တမြားတစ်လုံးထပ်ပို့ပေးရမလား"

"အလိုလေး ... ပျံလွှားငှက်ငယ်ရယ်၊ ငါ့ဆီမှာ ပတ္တမြားမရှိတော့ပါဘူး၊ ငါ့မျက်ဝန်းထဲက နီလာနှစ်လုံးတော့ ရှိပါသေးတယ်ကွယ်၊ သည်နီလာလုံးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်က အိန္ဒိယနိုင်ငံက ယူဆောင်လာတဲ့ အဖိုးတန် ကျောက်မျက်တွေပါ၊ အမောင်ငှက်ငယ် နီလာမျက်လုံးတစ်လုံးကို ဖြုတ်ယူပြီးတော့ ဟိုလူငယ်ဆီ ပို့ပေးလိုက်ပါကွယ်"

"အို ...အရှင်မင်းသား၊ သခင့်မျက်လုံးကို ကျွန်တော် မဖြုတ်ရက်ပါ"

ပျံလွှားငှက်ငယ်က ဝမ်းနည်းလှိုက်လှဲစွာပြောပြီး မျက်ရည်တွေ ရစ်ဝဲလာပါတယ်။

"ပျံလွှားငှက်ငယ်ရယ် ...ငါအမိန့်ပေးသလို ဆောင်ရွက်စမ်းပါကွယ်"

ဒါ့ကြောင့် ပျံလွှားငှက်ငယ်က မင်းသားရဲ့မျက်လုံးကိုဖြုတ်ယူပြီးတော့ လူငယ်ရဲ့အခန်းဆီသို့ ပျံသွားတယ်။ လူငယ်က သူ့လက်ပေါ်မှာ ခေါင်းတင်ပြီး အိပ်ပျော်နေတဲ့အတွက် ငှက်ငယ်ရဲ့အတောင်ပံရိုက်ခတ်သံကို မကြားဘူးပေါ့၊ သူ့မျက်လုံးတွေကို ဖွင့်လိုက်တဲ့အခါကျမှ စားပွဲပေါ်က တောက်ပနေတဲ့ နီလာလုံးကြီးကို တွေ့ရတာပေါ့။

"ဟား ...ငါ့ကို ချီးမွမ်းတဲ့လူ ပေါ်လာပြီ၊ သည်ကျောက်ကို ငါ့ကိုချီးမွမ်းတဲ့လူက ပေးလိုက်တာဖြစ်မှာပဲ၊ ငါ့ရဲ့ပြဇာတ်ကို

http://www.dhammadownload.com



ပြီးအောင် ငါဆက်ရေးနိုင်တော့မယ်" အဲသည်လိုတွေးပြီး လူ ငယ်က သိပ်ပျော်သွားတာပေါ့။

## အငိုတိတ်သွားသော ကလေးငယ်

နောက်တစ်နေ့ မိုးသောက်တဲ့အခါ ပျံလွှားငှက်ငယ်က မြစ် ဆိပ်သို့ ပျံသွားပြီး ရေချိုးတယ်။ ပြီးတော့ ရွက်လှေကြီးတစ်စီး ရဲ့ ရွက်တိုင်ထိပ်မှာ နားလိုက်တယ်။ လှေသားတွေက သေတ္တာ ကြီးတွေကို လှေဝမ်းထဲကနေပြီး အပေါ်သို့ မ,တင်နေကြတယ်။

"ငါ အီဂျစ်နိုင်ငံကို သွားတော့မယ်ဟေ့" ပျံလွှားငှက်ငယ် က အော်ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ သူ့စကား ကို ဂရုမစိုက်ကြဘူး။ မိုးချုပ်ပြီး လမင်းပေါ်ထွက်လာတဲ့အခါ မှာ ပီတိမင်းသားထံ ပျံလွှားငှက်ငယ် ပျံသွားပါတယ်။

"အရှင်မင်းသား ... ကျွန်တော် နှုတ်ဆက်ဖို့ လာခဲ့တာ၊ ကျွန်တော် ကနေ့ည အီဂျစ်ကို သွားတော့မယ်"

"ပျံလွှားငှက်ငယ် ... ငါ့ထံပါးမှာ တစ်ညလောက် ခိုနား ပါဦးလားကွယ်"

"ဆောင်းရောက်နေပြီ သခင်ရဲ့၊ အီဂျစ်နိုင်ငံမှာ နေရောင် ခြည်တွေက ပူနွေးတယ်၊ ထန်းပင်, အုန်းပင်များထက်မှာ ကျွန် တော်တို့ ခိုနားပြီး နေစာလှုံနိုင်တယ်၊ ကျွန်တော့်ရဲ့အဖော်တွေ ကဘားလ်တက် ဘုရားရှိခိုးကျောင်းရဲ့အမိုးထက်မှာ အသိုက် တွေ ဆောက်ကြမယ်၊ ကျွန်တော်လဲ ဝိုင်းကူဆောက်ပေးရမှာ ပါ၊ ကျွန်တော် ဆက်နေလို့မဖြစ်တော့ဘူး အရှင်မင်းသားရဲ့"

"ပျံလွှားငှက်ငယ်၊ ဟိုး ... ကုန်းမြင့်အောက်က စတုရန်း

http://www.dhammadownload.com



ကွက် မြက်ခင်းပေါ်မှာ ကလေးမတစ်ယောက် မတ်တတ်ရပ်ပြီး ငိုနေရှာတယ်၊ သူ့ဖခင်က သူ့ကို မီးခြစ်တွေ ရောင်းခိုင်းလိုက်တာ။ မီးခြစ်တွေက ရေမြောင်းထဲ ကျသွားလို့ ပျက်စီးကုန်ပြီ၊ ငွေမပါဘဲ အိမ်ပြန်သွားလို့ရှိရင် သူ့အဖေက သူ့ကို ကြိမ်လုံးနဲ့ ရိုက်တော့မယ်ကွဲ့၊ ဒါကြောင့် သူငိုနေတာ၊ ကျန်နေတဲ့ ငါ့နီလာမျက်လုံး တစ်လုံးကို ဖြုတ်ယူပြီး ကလေးမကို ပေးလိုက်ပါ ငှက်ငယ်ရယ်၊ နီလာလုံး ပါလာရင် သူ့ဖခင်က ဝမ်းသာပြီး သမီးကို ဖက်လှဲတကင်း ကြိုဆိုမှာပေါ့ကွယ်"

"ကောင်းပါပြီ အရှင်မင်းသား၊ ကျွန်တော်သည်မှာ တစ်ည ထပ်မံပြီး ခိုနားပါမယ်၊ ဒါပေမဲ့ အရှင်မင်းသားရဲ့ ကျန်နေတဲ့ မျက်လုံးကို ကျွန်တော်မဖြုတ်ရက်ဘူး၊ ဖြုတ်လိုက်ရင် အရှင်မင်းသား အကန်းဖြစ်သွားမှာပေါ့"

"ပျံလွှားငှက်ငယ်...ငါအမိန့်ပေးသလို လုပ်စမ်းပါကွယ်"

ပျံလွှားငှက်ငယ်က မလွှဲသာတော့ဘဲ နီလာမျက်လုံးကို ဖြုတ်ယူလိုက်ရတယ်။ ပြီးတော့ အရှိန်နဲ့ပျံဆင်းသွားပြီး ကလေးမရဲ့ လက်ထဲကို နီလာလုံး ထည့်ပေးလိုက်တယ်။

"ဟင်...သိပ်လှတဲ့ ဖန်လုံးကလေးပါလား၊ ဖေဖေ့ကို ငါပြန်ပြမယ်" ကလေးမလေးက အငိုတိတ်ပြီး မြူးမြူးကြွကြွနဲ့ အိမ်သို့ပြေးပြန်သွားပါတယ်။ သူ့အဖေက နီလာလုံးမှန်း သိတော့ သမီးကို ဖက်ထားတာပေါ့။

http://www.dhammadownload.com



## သစ္စာရှိသော ပျံလွှားငှက်ငယ်

ပျံလွှားငှက်ငယ်က အဲသည်အဖြစ်ကလေးကို လိုက်ကြည့်ပြီး မြင်လိုက်ရတော့ သိပ်ပျော်သွားတယ်။ ပြီးတော့ မင်းသားထံ ပြန်လာတယ်။

“အရှင်မင်းသား...သခင်က မျက်စိနှစ်ဖက်လုံး ကန်းနေပြီမို့ သခင်နားမှာပဲ ကျွန်တော် အမြဲ နေပါတော့မယ်”

“မဖြစ်ဘူး ပျံလွှားငှက်ငယ်ရဲ့၊ ရာသီပူနွေးတဲ့ အီဂျစ်နိုင်ငံကို မင်းသွားမှ ဖြစ်မယ်”

“ဟင့်အင်း...အရှင်မင်းသားနဲ့ပဲ အမြဲအတူနေမယ်”

ပျံလွှားငှက်ငယ်က မင်းသားရဲ့ ခြေဖမိုးထက်မှာ နားဝပ်ပြီး အိပ်စက်ပါတော့တယ်။

နောက်နေ့မှာ မင်းသားရဲ့ပခုံးပေါ်မှာ နားပြီး သူမြင်တွေ့ခဲ့ဖူးတဲ့ တိုင်းတစ်ပါးက အဖြစ်သနစ်တွေကို တစ်နေကုန် ပြောပြပါတယ်။ နိုင်းလ်မြစ်ကမ်းပေါ်မှာ ခြေတံရှည်များနဲ့ မတ်တတ်ရပ်ပြီး ရွှေငါးကလေးတွေကို နှုတ်သီးနဲ့ ဖမ်းယူစားမျိုတတ်တဲ့ နီတျာတျာခရုစုပ်ငှက်တို့အကြောင်း၊ ဒီကမ္ဘာလောက် သက်တမ်းရှိမယ့် သဲကန္တာရထဲမှာ နေထိုင်တဲ့ မနုဿသီဟအကြောင်း။ ပြီးတော့ ထန်းပင်ပေါ်မှာအိပ်ပြီး ပုဏ္ဏားနှစ်ဆယ်တို့က ကျွေးမွေးတဲ့ ပျားရည်ဆမ်းကိတ်မုန့်ကို စားနေတဲ့ မြွေစိမ်းကြီးအကြောင်း အို...အကြောင်းတွေ စုံလို့ပါပဲပေါ့။

“ချစ်ဖွယ်ကောင်းတဲ့ ပျံလွှားငှက်ငယ် အမောင်က အံ့သြစရာ ကောင်းတဲ့အကြောင်းအရာတွေကို အများကြီး ပြောပြတာ

http://www.dhammadownload.com



ပဲ၊ ဒါပေမဲ့ ဒီအကြောင်းအရာတွေအားလုံးထက် ပိုပြီး အံ့သြစရာ ကောင်းတာက ယောကျ်ားများနဲ့ မိန်းမများတို့ ခံစားနေကြရတဲ့ ဒုက္ခအကြောင်းပဲပေါ့။ ငါ့မြို့တော်ပေါ်ကို အမောင် ပျံသွားစမ်း၊ အမောင် ဘာတွေမြင်ရသလဲဆိုတာ ငါ့ကို ပြောပြနော်"

ဒါနဲ့ ပျံလွှားငှက်ငယ်က မြို့ကြီးပေါ်ကို ပျံသွားပြီး လိုက်ကြည့်တယ်။ ချမ်းသာကြတဲ့လူတွေက လှပတဲ့အိမ်ကြီးများထဲမှာ ပျော်ပျော်ရွှင်ရွှင် ခံစားနေခိုက်မှာ သူတို့ရဲ့ အိမ်ခြံဝများမှာ သူတောင်းစားတွေ ရပ်စောင့်နေကြတာကို ပျံလွှားငယ် မြင်ရတယ်၊ မှောင်နေတဲ့လမ်းကြားတွေထဲကို ပျံလွှားငယ် ပျံသွားတဲ့အခါ အာဟာရကင်းပြတ်ပြီး မျက်နှာများ ဖြူဖပ်ဖြူရော်နဲ့ တစာစာ ငိုကြွေးနေကြတဲ့ ကလေးတွေကို တွေ့ရတယ်။

မြစ်ကို ဖြတ်ကူးပြီး တည်ဆောက်ထားတဲ့ တံတားကြီးရဲ့ အောက်မှာ စွပ်ကျယ်စုတ်ကလေးတွေနဲ့ ယောကျ်ားကလေး နှစ်ယောက်ဟာ အအေးဒဏ်က သက်သာစေဖို့အတွက် တစ်ဦးကို တစ်ဦး ဖက်ထားကြတာကို ငှက်ငယ် တွေ့ရသေးတယ်။

## ဆင်းရဲသူများအတွက် ရွှေရွက်လွှာ

အဲသည်နောက် ပျံလွှားငှက်ငယ်က မင်းသားထံ ပျံသွားပြီး သူမြင်တွေ့ခဲ့ရသမျှကို ပြောပြတယ်။

"ပျံလွှားငှက်ငယ်...ငါ့ကိုယ်တစ်ခုလုံးဟာ အဖိုးတန်တဲ့ ရွှေရွက်လွှာတွေနဲ့ ဖုံးအုပ်ထားပါတယ်၊ အဲသည် ရွှေရွက်လွှာတွေကို တစ်ရွက်ချင်း အမောင်ခွာယူပြီးတော့ ငါ့မြို့တော်က ဆင်းရဲသားတွေကို ဝေငှပေးလိုက်ပါကွယ်"

http://www.dhammadownload.com



ပျံလွှားငှက်ငယ်ဟာ မင်းသားအမိန့်ရှိတဲ့အတိုင်း မင်းသား ကိုယ်ပေါ်က ရွှေရွက်လွှာများကို တစ်ရွက်ပြီးတစ်ရွက် ခွာယူ တယ်။ ပြီးတော့ ဆင်းရဲသားများကို လိုက်လံဝေငှပေးတယ်။ အာဟာရဓာတ်ပြည့်ဝလာကြတဲ့ ကလေးတွေရဲ့ မျက်နှာကလေး များဟာ နှင်းဆီသွေးရောင် သန်းလာကြတယ်။ ပြီးတော့ကလေး တွေ လမ်းပေါ်မှာ မြူးထူးကစားကြတယ်။

ကြာလာတဲ့အခါမှာ မင်းသားကိုယ်ပေါ်က ရွှေရွက်လွှာ တွေ ကုန်ပါရော။ အဲသည်တော့ မင်းသားကြေးရုပ်ဟာ ကိုယ် ရောင် ကိုယ်ဝါ မတောက်ပတော့ဘဲ မွဲပြာရောင် ပေါက်ပြီး မှိန်နေ တော့တာပေါ့။

ဒါနဲ့ ဆောင်းရာသီရောက်လာလို့ နှင်းပန်း နှင်းပွင့်တွေ အဖတ်လိုက် ဝေကျလာကြတယ်။ ပျံလွှားငှက်ငယ်က ချမ်းရှာ လွန်းလို့ ခိုက်ခိုက်တုန်နေပါတယ်။ နို့ပေမယ့် သူချစ်တဲ့ ပီတိ မင်းသားနဲ့ သူ မခွဲခွာနိုင်ဘူးတဲ့။

ပေါင်မုန့်ဖိုရဲ့တံခါးအပြင်ဘက်မှာ စွန့်ပစ်ထားတဲ့ ပေါင် မုန့် အစအနကလေးများကို ပျံလွှားငှက်ငယ် ကောက်ယူ စား သောက်ပြီးတော့ သူ့ကိုယ် နွေးအောင် အတောင်ပံနှစ်ဖက်ကို ရိုက်ခတ်ရှာတယ်။ သို့ပေမယ့် ရာသီက အေးလွန်းတော့ လွန်ကဲ တဲ့အအေးဒဏ်ကို သူမတွန်းလှန်နိုင်ဘူး။ သူ့အင်အားက ကုန် ခန်းလာပြီ။ သူ့သွေးကလည်း အေးစက်လွန်းလို့ ခဲလာနေပြီ။ သူ့ ရဲ့ နောက်ဆုံးအချိန်က နီးကပ်နေပြီဆိုတာကို ပျံလွှားငှက်ငယ် သိလိုက်ပါပြီ။

http://www.dhammadownload.com



## နောက်ဆုံးနှုတ်ဆက်ခဲ့ပါတယ်

ဒါ့ကြောင့် ရှိသမျှခွန်အားကလေးကို အသုံးပြုပြီး ပီတိ မင်းသားရဲ့ပခုံးပေါ်သို့ သူနောက်ဆုံးအကြိမ်အဖြစ် ပျံတက်လိုက်ပါတယ်။

"အရှင်မင်းသား ... ကျွန်တော် သွားတော့မယ်နော်"

ပျံလွှားငှက်ငယ်က နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ တိုးတိုးကလေး နှုတ်ဆက်လိုက်ပါတယ်။

"ပျံလွှားငှက်ငယ်ရယ် ... အခုလို အချိန်မနှောင်းမီကလေးမှာ အီဂျစ်နိုင်ငံဆီသို့သွားဖို့ အမောင်ဆုံးဖြတ်လိုက်တာကို ငါ သိပ်ဝမ်းသာပါတယ်ကွယ်၊ အမောင် ... သည်မှာနေတာ ကြာလွန်းလို့ ရာသီတောင် သိပ်အေးနေပြီကွဲ့၊ အေး ...အေး ... မသွားခင်ကလေးမှာ ငါ့ရဲ့နှုတ်ခမ်းတွေကို နမ်းသွားပါဦးကွယ်၊ ငါက အမောင့်ကို သိပ်ချစ်တာ"

"ကျွန်တော်သွားရမှာက အီဂျစ်နိုင်ငံဆီ မဟုတ်ပါဘူး သခင်ရယ်၊ ကျွန်တော်က သေခြင်းရဲ့အိမ်သို့ သွားရမှာပါ၊ သေခြင်း ဆိုတာ အိပ်ပျော်ခြင်းရဲ့အစ်ကိုပဲ မဟုတ်လား"

အဲသလို ပြောဆိုပြီးတော့ ပျံလွှားငှက်ငယ်က ခွန်အားအကုန်စိုက်ထုတ်ပြီး မင်းသားရဲ့နှုတ်ခမ်းကို နမ်းလိုက်ပါတယ်။ နမ်းရှုပ်လို့ပြီးတာနဲ့ ပျံလွှားငှက်ငယ်ရဲ့ဇီဝိန် ပြတ်ကြွေသွားလို့ ပျံလွှားငှက်ငယ်ရဲ့ ကိုယ်ခန္ဓာဟာ မင်းသားရဲ့ခြေရင်းသို့ ပြုတ်ကျသွားတော့တယ်။

http://www.dhammadownload.com



## ထူးခြားဆန်းကြယ်သော နှလုံးသား

အဲသည်အခိုက်အတန့်မှာ ကြေးရုပ်ရဲ့ ရင်ဘတ် အတွင်းဘက်က တစ်စုံတစ်ရာကြေကွဲသွားသလို'ဖျတ်'ဆိုတဲ့အသံ ထွက်ပေါ်လာပြီးတော့ ကြေးရုပ်ဟာ ဦးခေါင်းထက်ကနေ ပေါင်ခြံရင်းအထိ ထူးထူးဆန်းဆန်း ကွဲအက်သွားပါတော့တယ်။

အအေးဓာတ်ကပဲ လွန်ကဲသွားလွန်းလို့လား၊ စကားပြောတတ်တဲ့ မင်းသားရုပ်တုကပဲ စိတ်ထိခိုက်လွန်းလို့ နှလုံးသားကွဲသွားပြီးတော့ ရင်သားပါ ကွဲအက်သွားလေသလား။

နောက်တစ်နေ့နံနက်မှာ မြို့တော်ဝန်နဲ့ သူ့ရဲ့ အကြံပေးအဖွဲ့က မြို့တော်ကို လှည့်ပတ်ကြည့်ရှုရင်းနဲ့ မင်းသားကြေးရုပ်ရဲ့ ခြေရင်းဆီသို့ ရောက်လာကြပါတယ်။ မျက်လုံး ဟောက်ပက်ရင်ဘတ်ကွဲအက်ပြီး ညှိမည်းမွဲခြောက်နေတဲ့ ကြေးရုပ်ကို မြင်ရတဲ့အခါ သူတို့ရဲ့မျက်နှာတွေ ရှုံ့မဲ့သွားကြတယ်။

"အောင်မယ်လေးဗျာ...ပီတိမင်းသားရဲ့ကြေးရုပ်က စုတ်ပြတ်နေပါလား"

"ဟုတ်ပါတယ်၊ သိပ်ကျက်သရေမဲ့နေတာပဲ ဝန်မင်းရဲ့"

မြို့တော်ဝန်မင်းနဲ့ အစဉ်သဘောတူညီလေ့ရှိကြတဲ့ အတိုင်ပင်ခံ လူကြီးများက တညီတညွတ်တည်း ထောက်ခံလိုက်ကြတယ်။

"ဟော...ကြည့်စမ်းပါဦး၊ ကြေးရုပ်ရဲ့ခြေရင်းမှာလဲ ပျံသွား ငှက်ငယ်တစ်ကောင် သေနေတယ်၊ ကြုံကြုံဖန်ဖန်ဗျာ"

"ဟုတ်ပေတယ် မြို့ဝန်မင်း၊ ငှက်တွေဟာ သည်မှာလာပြီး မသေရဘူးလို့ အမိန့်ထုတ်ပြန်ထားလိုက်ရင် ကောင်းမယ်"

http://www.dhammadownload.com



မြို့ဝန်မင်း ထွက်သွားပြီးတဲ့နောက် အကြံပေးလူကြီးမင်းများရဲ့ ဆင့်ကဲအမိန့်ကြောင့် ကြေးရုပ်ကိုဖြတ်ချပြီး ကြေးရည်ကျိုဌာနသို့ ပို့လိုက်ကြတယ်။ ပီတိမင်းသားရဲ့ ကြေးရုပ်ကို အရည်ကျိုတဲ့အခါ ခဲနှလုံးသားက ထူးထူးခြားခြား အရည်မပျော်ဘဲ ကျန်ရစ်တယ်။ ကြေးရည်ကျိုဌာန ကြီးကြပ်ရေးမှူးက ခဲနှလုံးသားကို ဆယ်ယူစစ်ဆေးလိုက်တဲ့အခါ နှစ်ခြမ်းကွဲနေတာကို ထူးခြားစွာ တွေ့ရပြန်တယ်။

"ဟဲ...ဟဲ...အတော်ထူးဆန်းသဗျို့၊ သည်နှလုံးကွဲကြီးက အရည်ကျိုလို့ မပျော်ဘူးဗျ၊ ကဲ...ကဲ...အပြင် အမှိုက်ပုံမှာ ပစ်လိုက်ပါတော့"

ကြီးကြပ်ရေးမှူးရဲ့ အမိန့်အရ ခဲနှလုံးကွဲကို အလုပ်သမားတစ်ယောက်က အပြင်အမှိုက်ပုံထဲ ပစ်ထည့်လိုက်တယ်။ နှလုံးကွဲကျသွားတဲ့နေရာကို ကြည့်မိလိုက်တဲ့လူတွေက ခပ်စောစောက အမှိုက်ပုံထဲ ပစ်ထည့်ထားခဲ့တဲ့ ပျံလွှားငှက်အသေကောင်နဲ့ နှလုံးကွဲတို့ ယှဉ်တွဲနေကြတာကို တွေ့ကြပေလိမ့်မယ်။

## အဖိုးတန်ဆုံးအရာနှစ်ခု

အဲသည်အချိန်မှာ ဘုရားသခင်က သူ့ရဲ့စေတမန်နတ်သားတစ်ပါးကို အမိန့်ပေးလိုက်တယ်။

"အမောင်နတ်သား...လူ့ပြည်သို့ ဆင်းပြီး စန်စူစီမြို့ထဲက အဖိုးတန်ဆုံး အရာနှစ်ခုကို ယူလာစမ်း"

နတ်သားက ခဲနှလုံးကွဲနဲ့ ငှက်အသေကောင်တို့ကို ယူဆောင်လာပြီး ဘုရားသခင်အား ဆက်သလိုက်တယ်။

http://www.dhammadownload.com



"မှန်ပေတယ် အမောင်နတ်သား၊ သည်အရာဝတ္ထုနှစ်ခု က 'မေတ္တာနဲ့ သစ္စာ'တို့ရဲ့ အထိမ်းအမှတ်မို့ အဖိုးတန်ဆုံးပါပဲ၊ သည်ပျံလွှားငှက်ငယ်ကို ငါ့ရဲ့ဥယျာဉ်ထဲမှာ အမြဲတမ်း သီချင်း သီဆိုနေဖို့ ငါခွင့်ပြုလိုက်ပြီ၊ ပီတိမင်းသားကိုလဲ ငါ့ရဲ့ ရွှေမြို့တော် မှာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခွင့်ပြုလိုက်ပြီ"

ဒါကြောင့် ပီတိမင်းသားနဲ့ ပျံလွှားငှက်ငယ်တို့ဟာ ဘုရား သခင်ရဲ့ နိုင်ငံတော်မှာ အတူယှဉ်တွဲပြီး အမြဲတစေ ပျော်ပျော် ပါးပါး နေထိုင်သွားနိုင်ကြတော့တယ်။

(ဆင်းရဲခြင်းဒုက္ခတို့ ပြည့်လျှံနေတဲ့ လောကဘုံမှာ 'မေတ္တာ နှင့် သစ္စာ' ပန်းတို့ အမြဲဖူးပွင့်ဝေဆာနိုင်ကြပါစေ။)

[ကမ္ဘာကျော်စာရေးဆရာ Oscar Wilde ၏ The Happy Prince ကို ရသစာပေမြောက်အောင် ဘာသာပြန်ဆိုထားပါ သည်။]

**ဒေါက်တာမင်းတင်မွန်**

✻

http://www.dhammadownload.com

# ချစ်သမီးနှင့် ဝံပုလွေ

* သုံးနှစ်သမီးငယ်၏မေတ္တာနှင့် ဝံပုလွေကြီး၏သစ္စာ...
* သမီးငယ်၏ရင်ခွင်ထဲဝယ် ဝါကြန်သည့်မျက်ဝန်းကြီးများနှင့် ကြီးမားနက်မှောင်သည့် ဝံပုလွေဦးခေါင်းကိုမြင်တွေ့ရလေသောအခါ...

## အဖော်မဲ့သူကလေး

သမီးဘက်ကီရဲ့ အဖော်ဖြစ်တဲ့ ခွေးအိုကြီး သေဆုံးပြီးတဲ့နောက်မှာ အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်တဲ့ အရီဇိုးနားရဲ့ဂိတသံသာ ချိုင့်ဝှမ်းအတွင်း တည်ရှိတဲ့ကျွန်မတို့ရဲ့ ယာခင်းကျယ်ကြီးဟာ သမီးငယ်အဖို့ ပျင်းရိဖွယ်ရာကမ္ဘာငယ်တစ်ခုအသွင်သို့ ရောက်သွားပါတယ်။

ဘက်ကီအတွက် ခွေးကလေးတစ်ကောင် ရှာဖွေပေးဖို့ ကျွန်မတို့ကြံရွယ်ထားကြပါတယ်။ ဒါပေမဲ့ မြို့တက်ပြီး ရှာဖွေဝယ်ခြမ်းပေးဖို့အချိန်မရကြတာနဲ့ နှောင့်နှေးနေခဲ့ပါတယ်။

http://www.dhammadownload.com



## မမျှော်လင့်သော ညှော်သည်

နေ့လယ်စာစားပြီးစအချိန်မို့ မီးဖိုခန်းထဲမှာ ပန်းကန် ခွက်ယောက်များကို ကျွန်မဆေးကြောနေပါတယ်။ အိမ်ရှေ့သံဆန်ခါတံခါး ဆောင့်ပိတ်သွားတဲ့အသံကို ကြားလိုက်ရပြီးနောက် မီးဖိုတံခါးဝမှာ ရွှင်ပျထက်သန်နေတဲ့ သုံးနှစ်သမီးငယ်ရဲ့မျက်နှာကို လှမ်းမြင်လိုက်ရပါတယ်။

"မေမေ ... သမီးရဲ့ခွေးသစ်ကြီးကို လာကြည့်ပါဦး၊ သူရေသိပ်ဆာနေတယ်သိလား၊ သူ့ကို သမီး ရေနှစ်ခါ တိုက်ပေးပြီးပြီ"

အင်း ... သမီးလေးက သူ့အတွေးထဲမှာခွေးတစ်ကောင်ကို ဖန်တီးလိုက်ပြန်ပြီနဲ့တူတယ်။ ဒီလိုနဲ့ သမီးရဲ့စိတ်ကူးထဲက ခွေးတွေဟာ ဟိုနားပေါ်လာလိုက်၊ ဒီနားပေါ်လာလိုက်နဲ့။ ဩော် ... သမီးငယ်အတွက် ခွေးတစ်ကောင် အမြန်ရအောင် ရှာပေးမှ။

ကျွန်မ အတွေးနယ်ချဲ့နေစဉ် သမီးငယ်က သူ့မျက်ညိုဝန်းကြီးကို ပြူးကျယ်လိုက်ပြီးနောက် လောဆော်လိုက်ပါတယ်။

"လာပါ မေမေရဲ့၊ သူလေ ... ငိုနေတယ် မေမေရဲ့၊ ပြီးတော့ ထလဲ မထနိုင်ဘူး"

ဟင် ... သမီးစကားက ဒီတစ်ခါ ထူးခြားနေပါလား။ သမီးရဲ့ယခင် 'စိတ်ကူးယဉ်ခွေး' များက အံ့သြဖွယ်ကောင်းအောင် ကျွမ်းထိုးမှောက်ခုံ ပျော်မြူးနေကြတာ။ ယခု ဒီခွေးသစ်က ဘာကြောင့် မထနိုင်ရမှာလဲ။ ထူးဆန်းနေတာနဲ့ ကျွန်မက ...

"ကောင်းပြီ သမီး၊ မေမေလိုက်ကြည့်မယ်"

ဆေးလက်စ ပန်းကန်တစ်ချပ်ကို အပြီးသတ်ဆေးကြော

http://www.dhammadownload.com



လိုက်ပြီးနောက် ရေစစ်စင်မှာ ထောင်ထားလိုက်တယ်။ ပြီးတော့ သမီးငယ်နောက်ကိုလိုက်ဖို့ဟန်ပြင်လိုက်တဲ့အခါ သမီးမရှိတော့ဘူး။

"မေမေ ဒီကိုလာ...ခွေးကြီးက ဝက်သစ်ချပင်ငုတ်တို အနားမှာ မေမေရဲ့၊ မြန်မြန်လာနော်"

သမီးငယ်က ခွေးသစ်ကြီးကိုမြင်စေလိုတဲ့ဇောနဲ့ အော်ပြောကာ လောဆော်နေပါတယ်။ ဘယ်က ခွေးလေခွေးလွင့်များ ဒီအနား ရောက်နေပါလိမ့်။

ဆူးနွယ်ပင်များကို ဖယ်ရှားပြီး ရှေ့တည့်တည့်မှ မှုန်းတည့် နေဝန်းကြီးကို လက်ဖြင့်ဆီးကာလျက် ရှေ့သို့ ကျွန်မတိုးလာတဲ့ အခါ မမျှော်လင့်မိတဲ့ မြင်ကွင်းကြောင့် ကျွန်မရင်တွင်းဝယ် ဟာခနဲ မောဟိုက်သွားပါတော့တယ်။ ကျောပြင်တစ်ခုလုံး ချမ်းစိမ့်သွားပြီး ခြေလှမ်းရပ်တန့်သွားပါတော့တယ်။

ရှုစမ်းပါဦး၊ ကြဲကြဲဖန်ဖန် ဆုံမှဆုံတတ်ပလေ...သမီးငယ်ဟာ သူ့ဖနောင့်များပေါ်မှာ ရို့ရို့ကလေး ထိုင်ပြီး ရောမဝံပုလွေနက်ကြီးတစ်ကောင်ရဲ့ ဦးခေါင်းကို သူ့လက်များဖြင့် သိုင်းဖက်ထားပါကလား။ ဝံပုလွေမှ ဝံပုလွေအစစ်။ ကလေးကို မဆိုထားဘိ၊ လူကြီးတွေကိုပင် ရန်မူတတ်တဲ့အရိုင်းတိရစ္ဆာန်။ သူ့လည်ဆံမွေး ထူလပျစ်နဲ့ သန်မာထွားကျိုင်းလှတဲ့ လက်မောင်းတံများက ထိတ်လန့်စရာ။

"သမီးလေး...ဘက်ကီ၊ မလှုပ်နဲ့...သမီး"

ကျွန်မက အရဲစွန့်ပြီး မမျှော်လင့်တဲ့ ညှော်သည်အနားဆီသို့ တစ်လှမ်းချင်း တိုးသွားတယ်၊ ဝံပုလွေကြီးရဲ့ မျက်ဝန်းဝါများက

http://www.dhammadownload.com



ကျဉ်းမြောင်းသွားကြပြီး မည်းနက်တဲ့ နှုတ်ခမ်းများဟာ မာကျော လာကြတယ်။ နှစ်လက်မခန့် ရှည်လျားတဲ့အစွယ်နှစ်စုံကလည်း ငေါ်ထွက်လာကြတယ်။

ဝံပုလွေရဲ့ ခန္ဓာကိုယ်ကြီးဟာ ရုတ်တရက်တုန်လှုပ်သွားပြီး သူ့ရဲ့ခံတွင်းမှ ညည်းညူသံ ပေါ်ထွက်လာတယ်။

ဘက်ကီက သူ့လက်ဖဝါးနုနုနဲ့ ဝံပုလွေရဲ့ ဦးခေါင်းကို ပွတ်သပ်လိုက်ပြီးနောက် "မကြောက်ပါနဲ့ ကောင်လေးရာ၊ အဲဒါ ငါ့အမေကွဲ့၊ သူလဲ မင်းကို ချစ်မှာပေါ့"

## မယုံနိုင်ဖွယ်သော အဖြစ်အပျက်

မယုံကြည်နိုင်တဲ့ အဖြစ်အပျက်တစ်ခုကို ကျွန်မ မျက်ဝါး ထင်ထင် မြင်တွေ့လိုက်ရပြန်တယ်။ ဘက်ကီ၏ ယုယမှုကြောင့် ဝံပုလွေကြီးရဲ့ ခန္ဓာကိုယ်ဟာ ငြိမ်သက်သွားပြီးနောက် သူ့ရဲ့ ကိုယ်တစ်ပိုင်း ဝင်ရောက်နေတဲ့ သစ်ခေါင်းအတွင်းမှ အမြီးနဲ့ သစ်ခေါင်းရိုက်သံ တဖျပ်ဖျပ်ထွက်ပေါ်လာတယ်။

သမီးငယ်ရဲ့ မေတ္တာစာတ်ကို တုံ့ပြန်တဲ့အနေနဲ့ အဟိတ်တိရစ္ဆာန်သည်ပင် အမြီးနှံ့နေပါပကော။ ဒါကြောင့် ကျွန်မရဲ့ စိုးရိမ်စိတ်ဟာ အနည်းငယ်အေးငြိမ်းသွားပါတယ်။

ဒီဝံပုလွေကြီး ဘာကြောင့် မထနိုင်ရတာလဲ။ ဘက်ကီက သူ့ခွေးကြီး အင်မတန်ရေငတ်နေတယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဟာ...ခွေးရူးရောဂါ စွဲနေတာဖြစ်မှာပဲ။ ဘုရား ဘုရား... သမီးကို ကုတ်ခြစ်လိုက်မှဖြင့်...၊ မဖြစ်ဘူး။ သမီးကို အမြန်ပြန် ခေါ်သွားမှပဲ။

http://www.dhammadownload.com



"သမီး… သူ့ခေါင်းကို မြေကြီးပေါ်မှာ ချထားလိုက်၊ မေမေ့ဆီလာသမီး… တို့နှစ်ယောက် သမီးရဲ့ခွေးကြီးကို ကူညီပေးနိုင်တဲ့လူ သွားရှာရအောင်"

ဘက်ကီက ဝံပုလွေရဲ့ နှုတ်သီးကို တစ်ချက်နမ်းလိုက်ပြီးနောက် ဦးခေါင်းကြီးကို မြေပေါ်သို့ အသာချထားပေးလိုက်တယ်။ ပြီးတော့ မတ်တတ်ရပ်ကာ "မေမေ… သမီးရဲ့ခွေးကြီး နေကောင်းအောင် လုပ်ပေးနော်" လို့ တောင်းဆိုပြီး ဆန့်တန်းထားတဲ့ ကျွန်မရဲ့လက်များဆီသို့ ပြေးလာတယ်။

## ဘေးအန္တရာယ်ကို ဖယ်ရှားစို့

ဘက်ကီကို ပွေ့ချီလိုက်ပြီးတဲ့နောက် ကျွန်မတို့ရဲ့ မော်တော်ကား ရှိရာသို့ ကျွန်မ ပြေးထွက်သွားတယ်။ ကားပေါ်တက်ပြီး ခြံနောက်ပိုင်းသို့ ကျွန်မအမြန်မောင်းနှင်သွားတယ်။ ကျွန်မတို့ရဲ့ ယာခင်းအကူအလုပ်သမားဖြစ်သူ 'ဂျိတ်' ကို အခန့်သင့်တွေ့လိုက်ရတဲ့အတွက်…

"ဂျိတ်ရေ… ခဏလာပါဦး၊ ဝက်သစ်ချပင် လဲကျနေတဲ့နေရာမှာ ဘက်ကီဝံပုလွေကြီးတစ်ကောင်တွေ့ထားတယ်၊ ခွေးရူးရောဂါစွဲကပ်နေပုံရတယ်၊ ခဏလိုက်ကြည့်ပါဦး"

မော်တော်ကားကို အိမ်ရှေ့မှာ ထိုးရပ်လိုက်တဲ့အခါ ဂျိတ်ဟာ မော်တော်ကားပေါ်မှဆင်းပြီး ဝက်သစ်ချပင်ဆီသို့ ထွက်ခွာသွားတယ်။ ကျွန်မက ဂျိတ်ရဲ့နောက်သို့ လိုက်မသွားသေးဘဲ ဘက်ကီကို ချီပြီး အိမ်ထဲ ဝင်လိုက်တယ်။

"အန်ကယ်ဂျိတ်ရေ… ကျွန်မရဲ့ခွေးကြီး နေကောင်းသွားအောင် ကုပေးနော်"

http://www.dhammadownload.com



ကျွန်မရဲ့ပခုံးထက်မှ ဘက်ကီက လက်ယမ်းပြရင်း ဆိုလိုက်တယ်။ ဘက်ကီကို ပုခက်ထဲသိပ်တဲ့အခါ ဘက်ကီက မျက်ရည်စက်လက်နဲ့ အိပ်ဖို့ငြင်းဆိုတယ်။

"မေမေရယ်... သမီးရဲ့ခွေးကြီးက ရေသိပ်ဆာနေတယ်၊ သူ့ကို သမီးရေတိုက်ပါရစေဦး"

ကျွန်မက ခွေးရုပ်ကြီးတစ်ကောင်ကို သမီးရင်ခွင်ပေါ်မှာ ချထားပေးလိုက်ပြီးတော့ "သမီးရဲ့အိပ်ချိန် ရောက်ပြီ၊ သမီး အိပ်လိုက်ပါတော့နော်၊ မေမေနဲ့ ဂျိတ်တို့က သမီးရဲ့ခွေးကို ဂရုစိုက်ပေးကြပါ့မယ်၊ သမီး မပူနဲ့"

"တကယ်နော် မေမေ"

သမီးက မျက်စိအစုံကို မှိတ်လိုက်ပြီးနောက် ငြိမ်သက်သွားကယ်။ ဝက်သစ်ချပင်ဘက်သို့ ကျွန်မလျှောက်လာတဲ့အခါ ဂျိတ်က ဝံပုလွေကြီးကို သေသေချာချာစူးစမ်းကြည့်နေတယ်။

"တကယ်ကြီးတဲ့ ဝံပုလွေကြီးပဲ၊ မက်ဆီကန်ဝံပုလွေမျိုးနဲ့တူတယ်" ဂျိတ်က မှတ်ချက်ချလိုက်ပြီး ဝံပုလွေအနားသို့ ချဉ်းကပ်သွားတယ်။ အဲဒီအခါ ဝံပုလွေက မတ်တတ်ရပ်ဖို့ ကြိုးစားပြီး ရှည်လျားစွာညည်းတွားလိုက်တယ်။ သူ့ရဲ့ကိုယ်ကြီး လှုပ်ရှားသွားတဲ့အခါ စူးရှပုပ်ဟောင်တဲ့အနံ့များလည်း ထွက်လာတယ်။

"ဟာ...ဒီကောင် ဧကန္တ သေနတ်မှန်ထားပြီး ကိုယ်နောက်ပိုင်း ပုပ်နေတာနဲ့တူတယ်၊ သူ့ဝေဒနာချုပ်သွားအောင် ကျွန်တော်တစ်ခါတည်း စီရင်လိုက်ရမလား"

ဝံပုလွေကိုအသေသတ်လိုက်ရမလားလို့ ဂျိတ်ဆန္ဒတောင်းခံ

http://www.dhammadownload.com



နေတာကို ကျွန်မနားလည်ပါတယ်။ အန္တရာယ်ဆိုးကို စောစောစီးစီး ဖယ်ရှားလိုက်ခြင်းက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ သို့သော် သမီးငယ်က ဘယ်လိုခံစားရလိမ့်မလဲ။

ကျွန်မဟာ ဝေခွဲလို့မရဘဲ နှုတ်ခမ်းအစုံကို ကိုက်လျက် "ဟုတ်ကဲ့"လို့ သဘောတူချက်ကို ပေးလိုက်မည်အပြုမှာ...

## မေတ္တာသခင်၏ ဆန္ဒမွန်

ချုံပိတ်ပေါင်းများကို ဖယ်ရှားပြီး ဘက်ကီ ဘွားခနဲ ပေါ်လာတယ်။

"သမီးရဲ့ ခွေးကြီး နေကောင်းသွားအောင် ဂျိတ်လုပ်ပေးမယ်နော် မေမေ"

သမီးငယ်က ဝံပုလွေဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားပြီးတော့ ဝံပုလွေကြီးရဲ့ဦးခေါင်းကို ပွေ့ချီလိုက်ပြန်တယ်။ သူမရဲ့မျက်နှာကိုလည်း ဝံပုလွေရဲ့ ညှီမှိုင်းနေတဲ့အမွေးများကြားမှာ မြှုပ်နှံထားလိုက်တယ်။ ဝံပုလွေကြီးက သမီးငယ်ရဲ့မေတ္တာဓာတ် အရှိန်ကြောင့် ကြည်နူးချမ်းမြေ့သွားပြီး သူ့ရဲ့အမြီးကြီးကို တဖျပ်ဖျပ်လှုပ်ခါနေပါတော့တယ်။

ထိုနေ့ညနေမှာ ကျွန်မရဲ့ခင်ပွန်းဖြစ်သူ 'ဘီလာ'က ကျွန်မတို့နဲ့ ခင်မင်ရင်းနှီးနေတဲ့ တိရစ္ဆာန်ဆေးကုဆရာဝန်ကို ခေါ်လာတယ်။ ဆရာဝန်က ဝံပုလွေကြီးက သမီးငယ်ကို အထူးချစ်ခင်အားထားနေတာကို သတိပြုမိလို့...

"ဒီကောင်ကြီးကို ဆေးကုသပေးဖို့အတွက် ငါ့ကိုဘက်ကီ ကူညီမှုဖြစ်မယ်ကွဲ့၊ မင်းတို့ သဘောတူခွင့်ပြုနိုင်ကြမလား"

ဆရာဝန်ရဲ့ တောင်းဆိုချက်ကို ကျွန်မတို့ သဘောတူခွင့်ပြု

http://www.dhammadownload.com



လိုက်ပါတယ်။ ဘက်ကီက ဝံပုလွေကြီး ငြိမ်သက်နေအောင် ပွတ်သပ်ပေးစဉ် ဆရာဝန်က ဝံပုလွေရဲ့ လက်မောင်းထဲသို့ မေ့ဆေး ထိုးထည့်ပေးလိုက်တယ်။ မကြာမီ မျက်ဝန်းဝါကြီးများ ပိတ်သွားကြတော့တယ်။

"အကောင်ကြီးတော့ အိပ်ပျော်သွားပြီကွ၊ ကဲ ဘီလာ... မင်း ငါ့ကို ကူညီစမ်းပါဦး"

ဘီလာနဲ့ ဆရာဝန်တို့ဟာ ရောမဝံပုလွေကြီးကို သစ်ခေါင်း အပေါက်ဝမှ ဆွဲ ထုတ်လိုက်ကြတယ်။ ငါးပေခွဲကျော် ရှည်လျားပြီး ပေါင်တစ်ရာကျော် လေးတဲ့ခန္ဓာကြီးပါပဲ။ ဝံပုလွေကြီးရဲ့ တင်ပါးနဲ့ ပေါင်ခြံများ နောက်ပိုင်းမှာ ကျည်ဆန်ဒဏ်ရာများနဲ့ မွမွကြေနေပြီး အနာများက ပုပ်ဟောင်နေကြတယ်။ ဆရာဝန်က မကောင်းတဲ့အသားတွေကို လှီးထုတ်လိုက်ပြီးနောက် အရိုးများကို နေရာတကျဖြစ်အောင် စည်းနှောင်ပေးလိုက်တယ်။ အနာများကို ဖန်ရည်နဲ့ ဆေးကြောပေးပြီးတော့ ဆေးထည့်ပေးတယ်။ ပင်နီစလင်ဆေးကိုလည်း ဖောဖောသီသီထိုးပေးလိုက်တယ်။

## မက်ဆီကန်လိုဘို

နောက်တစ်နေ့မှာလည်း ဆရာဝန်ထပ်လာပြီး ဝံပုလွေရဲ့ ပျောက်ဆုံးနေတဲ့ အရိုးတစ်ချောင်းရဲ့နေရာမှာ သတ္တုချောင်း တစ်ခုကို အစားထည့်ပေးတယ်။ ဆေးထည့် ဆေးထိုးခြင်းကိစ္စ ပြီးစီးတဲ့အခါ ကျွန်မတို့နဲ့အတူ ကော်ဖီသောက်ရင်း ဆရာဝန်က ဆိုလိုက်တယ်။

"မင်းတို့မိသားစုတော့ မက်ဆီကန်လိုဘိုတစ်ကောင် ရပြီနဲ့ တူတယ်၊ ဒီကောင်မျိုးက ယဉ်ပါးအောင်လုပ်ရတာ မလွယ်

http://www.dhammadownload.com



ဘူး၊ ဒါပေမဲ့ အခုဒီကောင်က ဘက်ကီကို သိပ်ချစ်ခင်အားထား နေပုံကို တွေ့ရတော့ ငါဖြင့် တော်တော်အံ့ဩမိတာပဲ”

“ကျွန်မရဲ့ ခွေးကြီး နေကောင်းတော့မှာနော်... နော် ဆရာ ဝန်ကြီး”

“အေး...သမီးရဲ့ ခွေးကြီး မကြာခင်နေကောင်းလာမှာပါ”

ဘက်ကီဟာ သူ မရဲ့ ခွေးကြီးဝံပုလွေထံသို့ ရေနှင့် အစား အစာများကို နေ့စဉ်သယ်ဆောင်သွားပေးတယ်။ သူ့ခွေးကြီးကို ပွတ်သပ်ရင်း ‘ရတ်ဖီ... ရတ်ဖီ’ လို့ သူ့ဘာသာသူ အမည်ပေး လိုက်တယ်။

ဘက်ကီရဲ့ပြုစုယုယပေးမှုကြောင့် ရတ်ဖီဟာ အားတက် လာပြီး တစ်စတစ်စ နေကောင်းလာတယ်။ သုံးလကြာတဲ့အခါ အနာများ ပျောက်ကင်းသွားပြီဖြစ်ပေမယ့် ရတ်ဖီဟာ မထနိုင် သေးပါဘူး။ သူ့ရဲ့ခြေနှစ်ချောင်းနဲ့ မြေကြီးကို ကုတ်ထားပြီး ကိုယ်နောက်ပိုင်းကို တရွတ်ဆွဲပြီးတော့သာ အနည်းငယ် ရွေ့ လျားနိုင်တယ်။ ခွဲစိတ်ကုသထားတဲ့နေရာများကို ပွတ်သပ်ပေး ရင် ရတ်ဖီက မျက်လုံးများကို မှေးမှိတ်ပြီး ငြိမ်ခံနေတတ်တယ်။ ဒဏ်ရာများက နာကျင်နေသေးကြောင်း သိသာပါတယ်။ ဒါပေမဲ့ ရတ်ဖီက လူသားတို့ရဲ့မေတ္တာကို ယုံကြည်လာပြီဖြစ်လို့ မည်သူ့ ကိုမျှ မကိုက်တော့ပါ။

လေးလပြည့်တဲ့နေ့မှာ ရတ်ဖီဟာ အထောက်အကူမပါဘဲ မတ်တတ်ရပ်လိုက်တယ်။ သူ့ရဲ့ကြွက်သားများဟာ မလှုပ်ရှား ခဲ့ရတာ ကြာမြင့်ပြီဖြစ်လို့ အားမရှိကြသေးဘူး။ ဒါကြောင့် သူ့ ရဲ့ ခန္ဓာကိုယ်က တုန်တုန်ယင်ယင်ဖြစ်နေရှာတယ်။ ကျွန်မတို့

http://www.dhammadownload.com



အားလုံးက ရတ်ဖိကို ပွတ်သပ်ပြီး အားပေးကြတယ်။ ရတ်ဖိက တော့ ဘက်ကီရဲ့ ယုယနမ်းရှုပ်ခြင်းကိုသာ အထူးအသိအမှတ် ပြုပြီး ကျေနပ်နေရှာတယ်။ သူ့ရဲ့ထူပွတဲ့ အမြီးကြီးကိုလည်း နာရီချိန်သီးသဖွယ် လှုပ်ယမ်းနေပါတယ်။

## မေတ္တာစေရာ တူမကျွာ

ရတ်ဖိဟာ ကျွန်မတို့ယာခင်းမှာ ပျော်ပိုက်ပါသော်လည်း နွေဦးပေါက်ချိန် ရောက်ပြီဆိုလျှင် ရက်သတ္တပေါင်းများစွာ ပျောက်ကွယ်သွားတတ်တယ်။ ဧပြီ၊ မေ၊ ဇွန် ဆိုတဲ့ သုံးလတာ ဟာ ဝံပုလွေများ မိတ်လိုက်ချိန် ဖြစ်ပါတယ်။

ရတ်ဖိရဲ့မိတ်ဖက်ဟာ မည်သည့်ဝံပုလွေမဖြစ်လေမလဲ။ ထို့အပြင် ဝံပုလွေထီးတို့ဟာ မိမိတို့ရဲ့ မွေးကင်းစ သားသမီး ငယ်များကို အစာကျွေးရှာဖွေပေးရလေ့ရှိတဲ့အတွက် ရတ်ဖိသည် လည်း သူ့သားသမီးများကို ရှာဖွေကျွေးမွေးနေရလေသလား။ ဇွန်လသို့ ရောက်လေတိုင်း ရတ်ဖိဟာ လွန်စွာပိန်ချုံးသွားတဲ့ အ တွက် ခါတိုင်းကျွေးမွေးသည်ထက် နှစ်ဆမျှ ဘက်ကီက ကျွေး မွေးပေးရတယ်။ ထိုအစာများအနက် အချို့မည်မျှကို သူ့ရဲ့ သား သမီးဆီသို့ ရတ်ဖိသယ်ဆောင်သွားလေမလဲ။

မြေခွေးများနဲ့ ဝံပုလွေများ သားကျချိန်မှာ ယာခင်းရှင်များ က သေနတ်တကိုင်ကိုင်ဖြင့် မိမိတို့ရဲ့ယာခင်းကို အထူးသတိ ထားပြီး စောင့်ကြပ်ကြတယ်။ သူတို့မွေးမြူထားတဲ့ ကြက်များ နဲ့ ကြက်ဆင်များရဲ့ လုံခြုံရေးအတွက်ပါပဲ။ သို့အတွက် ကျွန်မ တို့က ရတ်ဖိရဲ့လုံခြုံရေးကိုပါ စိုးရိမ်မိကြတယ်။ ဒါပေမဲ့ ရတ်ဖိ ဟာ နောက်ထပ်ဒဏ်ရာတစ်စုံတစ်ရာ မရဘဲ ကံကောင်းနေပေ

http://www.dhammadownload.com



တယ်။ ရတ်ဖီဟာ ဝံပုလွေတို့ရဲ့သဘာဝကိုလည်း မလွန်ဆန် သာ။ သူ့ရဲ့ ကယ်တင်ရှင်မေတ္တာသခင် ဘက်ကီအပေါ် ထား အပ်တဲ့ သစ္စာကိုလည်း မချိုးဖောက်သာ။ သူ့အတွက် ဆန့်ကျင် ဘက် ဖြစ်နေတဲ့ တာဝန်နှစ်ရပ်ကို ၁၂ နှစ်တိုင်တိုင် မလစ်ဟင်း ရအောင် ကျေပွန်စွာထမ်းဆောင်သွားပေတယ်။

## ဘဝ၏ နေဝင်ဆည်းဆာ

တစ်ဆယ့်နှစ်နှစ် မြောက်တဲ့ နွေဦးရာသီမှာ ရတ်ဖီဟာ ကျည်ဆန်ဒဏ်ရာသစ်နဲ့ ခြံတွင်းသို့ ပြန်လာတယ်။ ကျွန်မရဲ့ ယာခင်းနဲ့ စည်းရိုးချင်းစပ်နေတဲ့ ယာခင်းရှင်များက ဝံပုလွေမ ကြီး တစ်ကောင်ကို အသေပစ်ခတ်ရရှိကြောင်း ကျွန်မတို့အား ပြောပြကြတယ်။ ထိုဝံပုလွေမကြီးဟာ ရတ်ဖီရဲ့ဇနီး ဖြစ်ရမယ် လို့ ကျွန်မတို့ဆုံးဖြတ်ကြတယ်။ ဇနီးမောင်နှံ အစာရှာဖွေခိုက် သေနတ်ဖြင့်အပစ်ခံရလို့ ရတ်ဖီတစ်ကောင်သာ သေဘေးမှ သီသီ ကလေး လွတ်မြောက်ခဲ့ဟန်တူပါတယ်။

သည်အချိန်မှာ ဘက်ကီက ၁၅ နှစ်အရွယ် လုပျိုဖြူကလေး ဖြစ်နေပါပြီ။ သူမရဲ့ပေါင်ပေါ်မှာ ရတ်ဖီရဲ့ဦးခေါင်းကို မှေးတင် ထားပြီး လည်ဆံမွေးများကိုပွတ်သပ်ပေးနေတဲ့ရှုခင်းကိုမြင်တွေ့ ရတဲ့အခါ လွန်ခဲ့တဲ့ ၁၂ နှစ်ကာလက သုံးနှစ်သမီးကလေးက ဝံပုလွေနက်ကြီးတစ်ကောင်ကို ယုယပွေ့ပိုက်ထားတဲ့ ရှုခင်းကို ကျွန်မပြန်လည်မြင်ယောင်လာမိပါတယ်။ ရတ်ဖီသည်လည်း ၁၅ နှစ်အရွယ်သို့ ရောက်ရှိနေပေလိမ့်မယ်။ သည်အရွယ်ဟာ ဝံပုလွေများအဖို့ ဇရာပိုင်းအရွယ်ပါပဲ။

http://www.dhammadownload.com



ကျွန်မရဲ့ ခင်ပွန်းက ရတ်ဖိရဲ့ ပေါင်ရင်းမှ ကျည်ဆန်ကို ထုတ်ဖယ်ပြီး ဆေးထည့်ပေးတယ်။ ဒဏ်ရာက သိပ်မကြီးကျယ်လှဘူး။ ဒါပေမဲ့ ရတ်ဖိဟာ နာလန်မထူနိုင်တော့ဘူး။ သူ့ရဲ့ဇနီးသည် သေဆုံးသွားလို့ ကြေကွဲရတာက တစ်ကြောင်း၊ ဇရာထောင်းတာက တစ်သွယ်မို့ ရတ်ဖိဟာ လျင်မြန်စွာပိန်ချုံး နွမ်းနယ်လာပြီး သူ့ရဲ့မေတ္တာသခင်မနောက်သို့ပင် မလိုက်နိုင်ရှာတော့ပါ။ ဝက်သစ်ချငုတ်တိုရဲ့ အခေါင်းဝမှာသာ တစ်နေကုန်ငြိမ်သက်စွာ ခွေအိပ်နေရရှာပေတယ်။

## ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား

သို့ပေမယ့် ညအမှောင်ပျိုးလာပြီဆိုလျှင် ရာသီအေးချမ်းနေလင့်ကစား တောင်ပေါ်ဘက်သို့ ဒယီးဒယိုင်နဲ့ ရတ်ဖိ ထွက်ခွာသွားတော့တယ်။ တစ်ညလုံး ပျောက်ခြင်းမလှ ပျောက်ကွယ်နေပြီးနောက် နံနက်မိုးသောက်လို့ ဘက်ကီအစာကျွေးတဲ့အချိန်တွင်မှ ရတ်ဖိပြန်ရောက်လာတတ်တယ်။ ဘက်ကီပေးတဲ့အစာကို ရတ်ဖိ အနည်းငယ်သာ စားသောက်နိုင်တယ်။ သို့ပေမယ့် အနည်းငယ်နေမြင့်လာတဲ့အခါ အစာကြွင်းများက ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားကြတယ်။

ရတ်ဖိရဲ့ ဘဝနိဂုံးဟာ ဘယ်လိုအဆုံးသတ်လေမလဲလို့ ကျွန်မတို့ စိုးရိမ်တကြီးနှင့် စောင့်စားနေကြစဉ်မှာ တစ်နေ့နံနက်ခင်းတွင်တော့ ပက်ပင်းဆုံတွေ့ရပါလေတော့တယ်။ အစာကျွေးဖို့ ဘက်ကီ သွားတဲ့အခါ ဝက်သစ်ချငုတ်တိုရဲ့ အခေါင်းဝမှာ ရတ်ဖိဟာ မထသောအိပ်ခြင်းဖြင့် အိပ်ပျော်နေလေပြီ။ ဘက်ကီ

http://www.dhammadownload.com



ရဲ့ ခေါ်သံကို သူ မကြားနိုင်တော့၊ အမြီးနှံ့ခြင်းဖြင့် မေတ္တာ တုံ့ပြန်ခြင်းကိုလည်း သူ မပြုလုပ်နိုင်တော့။

ဘက်ကီဟာ ရက်ဖီရဲ့ ဦးခေါင်းကို ပွေ့ထားရင်း တရှိုက်ရှိုက် ငိုနေရှာတယ်။ မျက်ရည်ပုလဲဥများက သူမရဲ့ ပါးပြင်ထက်မှ တသွင်သွင်ယိုစီးဆင်းကျပြီး ရက်ဖီရဲ့ ဝိညာဉ်ကင်းမဲ့နေတဲ့ ဦးခေါင်းထက်သို့ ကျနေကြတယ်။

**ပျော်ရွှင်မြူးကြွ၊ ပေါင်းသင်းကြ၊**
**ကွဲရနောက်ဆုံးပါတကား။**
**ရုပ်နာမ်နှစ်ဝ၊ ဖြစ်ပျက်ရ၊ ဒုက္ခအမှန်ပါတကား။**
**အိုရသေရ၊ အလိုမကျ၊ အနတ္တအမှန်ပါတကား။**

ရက်ဖီရဲ့ခန္ဓာကိုယ်ပေါ်သို့ စောင်တစ်ထည်ကို ကျွန်မ လွှမ်းခြုံပေးလိုက်တဲ့အခါ သစ်ခေါင်းတွင်းမှ ညည်းသံတစ်ခုကို ကြားလိုက်ရတယ်။ ဘက်ကီက မျက်ရည်ကိုသုတ်ပြီး သစ်ခေါင်းတွင်းသို့ လှမ်းကြည့်လိုက်တယ်။ သေးငယ်တဲ့ မျက်လုံးဝါတစ်စုံဟာ ဘက်ကီကိုပြန်လည်ပြူးကြည့်နေကြတယ်။ ဘက်ကီဟာ ရက်ဖီရဲ့ ဦးခေါင်းကို မြေပေါ်သို့ချပြီး လျင်မြန်စွာ ထလိုက်ပြီးတော့ သေးငယ်တဲ့မျက်လုံးဝါပိုင်ရှင်ကို ပွေ့ချီလိုက်တယ်။

ရက်ဖီရဲ့ သားငယ်လေးပါတကား။

## အန္တိမဘဝတာဝန်

မိခင်မဲ့တဲ့ သားကလေးကို ရက်ဖီဟာ ဖျားနာနေတဲ့ကြားက ယုယကျွေးမွေးခဲ့ပါကလား။ သူသေရတော့မယ့်အချိန်ကို ကြိုသိနှင့်လို့ သူ့သားငယ်ကို သည်သစ်ခေါင်းဝသို့ ယူဆောင်ခဲ့လေသလား။

http://www.dhammadownload.com



အသက်ဘေးမှ သူလွတ်မြောက်ချမ်းသာခဲ့ပြီး ဘက်ကီရဲ့ မေတ္တာရိပ်ကို သူခိုလှုံခဲ့ရတဲ့ သည်ယာခင်းဟာ သူ့သားငယ် အတွက်လည်း ချမ်းသာပျော်ရွှင်စွာ ခိုအောင်းမွေ့လျော်နိုင်ရာ ဌာနဖြစ်မယ်လို့ သူတွက်ဆပြီး သူ့ဘဝရဲ့နေဝင်ဖျိုးဖျအချိန်မှာ ရတ်ဖိဟာ သူ့သားငယ်ကလေးကို သစ်ခေါင်းဝသို့ ယူဆောင် ခဲ့လေပြီတကား။

ဘက်ကီရဲ့ ပူနွေးတဲ့မျက်ရည်ပေါက်များဟာ လောကကို မသိနားမလည်ရှာသေးဘဲ ပြူးကျယ်သောမျက်လုံးဝါကလေး များဖြင့် စိုက်ကြည့်နေတဲ့ ရတ်ဖိရဲ့သားငယ်ပေါ်သို့ တစ်ပေါက် ပြီး တစ်ပေါက်ကျနေပါတယ်။ ဘက်ကီဟာ ဝံပုလွေသားကလေး ကို ညင်သာစွာ ပွတ်သပ်ပေးလျက် ကြင်နာတဲ့စကားဖြင့် ချော့ သိပ်လိုက်ပါတယ်။

"ရတ်ဖိငယ်ကလေးရယ်...မင်းရဲ့ဘဝ လုံခြုံပါပြီကွယ်၊ မကြောက်ပါနဲ့တော့၊ အဲဒါ ငါ့အမေပါကွယ်၊ သူလဲ မင်းကို ချစ် မှာပေါ့"

လွန်ခဲ့တဲ့ ၁၂ နှစ်ခန့်က ပွဲတင်သံကို ကျွန်မကြားနေရသ လားလို့ ထင်လိုက်မိတယ်။ ဘဝသံသရာသည် မြုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့်ဖြင့် မရပ်မတည် ပတ်ချာလည်လျက် ရှေ့သို့ ဦးတည်ကာ ရွေ့သွားနေပါပကော။

ဤဘဝသံသရာဝယ် မေတ္တာနှင့် သစ္စာတို့သည်သာလျှင် မည်သည့်အခါမျှ မညှိုးနွမ်းဘဲ သတ္တဝါအပေါင်းတို့အားထား ရာ အားတက်ရွှင်လန်းစေမည့် မညှိုးပန်းများ ဖြစ်ကြလေသည် တကား။



(၁၉၈၄ ခုနှစ်၊ ဇူလိုင်လထုတ် Reader's Digest မှ Penny Porter ရေးသားသည့် The Tail of the Lobo ဘဝအဖြစ်မှန်ကို မူရင်းမပျက်စေဘဲ သုတရသမြောက်အောင် ပြန်ဆိုရေးသားပါသည်။)

ဒေါက်တာမင်းတင်မွန်

❖

http://www.dhammadownload.com

# မေတ္တာကိုသစ္စာနှင့်ပေးဆပ်ခြင်း

## ခရစ္စမတ်ညခင်းဝယ်

အမေရိကန်ပြည်တစ်ဝန်းလုံးမှာ ခရစ္စမတ်ပွဲတော်ကို ခြိမ့်ခြိမ့်သည်း ကျင်းပနေတဲ့အချိန်ပေါ့။ အိမ်တိုင်းရဲ့ ညေ့ခန်းမှာ ရောင်စုံလျှပ်စစ်မီးလုံးငယ်များနဲ့အတူ လက်ဆောင်မျိုးစုံကို သီးပွင့်ပေးထားတဲ့ ခရစ္စမတ်သစ်ပင်ငယ်ကလေးတွေဟာ လှပ ဝင့်ကြွားနေကြပါတယ်။ ထမင်းစားခန်းမှာတော့ ညစာစားပွဲအတွက် စားသောက်ဖွယ်ရာမျိုးစုံကို စားပွဲအပြည့်ခင်းထားပါတယ်။ ရောမကြက်ဆင်ကောင်လုံးကင်က စားပွဲအလယ်မှာ နေရာယူထားပြီး ရောင်စုံခရစ္စမတ်ကိတ်မုန့်ကြီးများက စားပွဲထိပ်မှာ နေရာယူထားပါတယ်။

သည်နေ့ သည်ညမှာ မိဘအိမ်မှာ စုဆုံပြီး တူပျော်ပျော် စားသောက်နိုင်ဖို့အတွက် ရပ်ဝေးမှာ နေထိုင်လုပ်ကိုင်နေကြတဲ့ သားသမီးများဟာ ကိုယ်ပိုင်ကားများကို မောင်းနှင်ပြီး မိဘရှိရာ မြို့ဆီသို့ သွားနေကြပါတယ်။ ဒါကြောင့် 'ဟိုင်းဝေး' လို့ ခေါ်တဲ့ အဝေးပြေးကားလမ်းမကြီးပေါ်မှာ ကားစင်းရေများစွာတို့က စီတန်းပြီး ပြေးလွှားနေကြပါတယ်။

http://www.dhammadownload.com



ဝါရှင်တန်ပြည်နယ်ရဲ့ ဟိုင်းဝေးတစ်ခုပေါ်မှာ ကျွန်တော့် သခင်ရဲ့ ကားငယ်ကလေးကလည်း တရိပ်ရိပ်ပြေးလွှားနေပါ တယ်။ နေဝင်ရီတရောအချိန်မှာ လယ်ကွင်းကျယ်ကြီးများကို ဖြတ်သန်းပြီးတော့ ဂရန်နိုက်ဖော့ (Granite Falls)မြို့ကလေး သို့ ရောက်လာပါတယ်။ မြို့ကလေးလို့ ခေါ်ဆိုပေမယ့် စင်စစ် တော့ လယ်သမားအိမ်ထောင်စု သုံးဆယ်လောက်ရှိတဲ့ ရပ်ကွက် တစ်ခုပါပဲ။ ကျွန်တော့်သခင်က ကားကို ရုတ်တရက် ထိုးရပ် လိုက်ပြီးတော့ သူ့ဘေးမှာရှိတဲ့ ဇနီးချောကို လှမ်းပြောလိုက်ပါ တယ်။

"အချစ်ရေ...တို့ဂရန်နိုက်ဖော့ကို ရောက်လာပြီ၊ နောက် နာရီဝက်လောက် ထပ်မောင်းရင် မောင်တို့မိဘများ နေထိုင်တဲ့ မြို့ကို ရောက်တော့မယ်"

"ဒီလိုဆိုရင် ခရစ္စမတ်ညစာအမီ ရောက်မှာပေါ့နော်"

"ရောက်မှာပေါ့အချစ်ရယ်၊ ဪ...ဒါနဲ့ ဘောက်ဆာ (Boxer လက်ဝှေ့သမား)ကို ဒီမှာချထားလိုက်ရမကောင်းလား"

"မောင့်သဘောပါပဲ"

"ဟေ့ ဘောက်ဆာ၊ လာကွ၊ ကဲ...ဆင်း"

သခင်က ကျွန်တော့်ကို လှမ်းခေါ်ပြီး တံခါးဖွင့်ပေးလိုက် တော့ ကျွန်တော် ချက်ချင်းပဲ ခုန်ဆင်းလိုက်ပါတယ်။ ကျွန်တော့် ကို အပေါ့အပါးသွားခွင့်ပြုတယ်ထင်လို့ ကျွန်တော် လမ်းဘေး ကို ဆင်းပြီး အပေါ့သွားပါတယ်။ ပြီးတော့ ကားဆီသို့ ခပ်သော့ သော့ ပြန်လာပြီး သခင့်ခြေရင်းမှာ အမြီးနှံ့နေမိပါတယ်။

http://www.dhammadownload.com



သခင်က ကားနောက်ပိုင်းက ဝင်ချက်စတာသေနတ်ကို လှမ်းယူလိုက်ပြီးနောက် ကျွန်တော့်ဦးခေါင်းကို ချိန်ရွယ်ထားလိုက်ပါတယ်။ ကျွန်တော်က ဦးခေါင်းကို နှိမ့်ချလိုက်တဲ့အချိန်မှာ 'ဒိန်း' ဆိုတဲ့ အသံကြီးက ရပ်ရှစ်ခွင်သို့ မြည်ဟိန်းသွားပါတော့တယ်။

## ရက်စက်သူနှင့် ကြင်နာသူ

ကျွန်တော် မည်မျှကြာအောင် သတိမေ့သွားတယ် မသိပါဘူး။ ကျွန်တော်သတိပြန်ရလာတဲ့အခါမှာ အမှောင်ထုက မင်းမူနေပါပြီ။ မိုးတဖွဲဖွဲရွာနေပြီး လေက တရကြမ်းတိုက်ခတ်နေပါတယ်။ ကျွန်တော့်တစ်ကိုယ်လုံးဟာ ရွှဲရွှဲစိုပြီး ထုံကျဉ်အေးစက်နေပါတယ်။ ကျွန်တော့်ဦးခေါင်းမှာ အလွန်စူးရှတဲ့ ဝေဒနာကို ခံစားနေရပါတယ်။ ရီဝေတဲ့မျက်လုံးများနဲ့ ပတ်ဝန်းကျင်ကို စူးစိုက်လိုက်တော့ ကျွန်တော့်သခင်ရဲ့ကားကို မတွေ့ရတော့ပါဘူး။ ကျွန်တော့်ကို တစ်လတာမျှ ကျွေးမွေးစောင့်ရှောက်ပေးခဲ့တဲ့ သခင်နဲ့ သခင်မတို့ဟာ မရှိကြတော့ပါဘူး။

ကျွန်တော်ချစ်တဲ့ သခင်နဲ့ သခင်မတို့ဟာ ကျွန်တော့်အပေါ်မှာ အကြင်နာကင်းစွာနဲ့ ပြုမူခဲ့ကြပါပြီ။ ကျွန်တော့်ကို စွန့်ပယ်ခဲ့ရုံတင်မက မရဏာလောကသို့ရောက်အောင်ပါ တစ်ပါတည်းပို့ဆောင်လိုက်တာပါပဲ။ အသက်ပြင်းလှတဲ့ ကျွန်တော်က မသေနိုင်သေးလို့ ကြီးမားလှတဲ့ ဝေဒနာကို ခံစားနေရတာပါ။ သခင်နဲ့ သခင်မတို့က ကျွန်တော့်အပေါ်မှာ အဘယ်ကြောင့် ဤမျှ ရက်စက်နိုင်အားတာကို ကျွန်တော် နားမလည်နိုင်ပါ။ အဟိတ်

http://www.dhammadownload.com



တိရစ္ဆာန်မို့ နားလည်နိုင်စွမ်းလည်း မရှိပါ။ ကျွန်တော်တို့ဟာ မြင့်မြတ်တဲ့ လူသားတွေရဲ့ အသုံးတော်ခံမျှသာဖြစ်တာမို့ သူတို့ ပြုသမျှ နုရမှာပဲလေ။

ငါ့ဦးနှောက်ငယ်ငယ်လေးနဲ့ ငါသိပ်စဉ်းစားနေလို့ မဖြစ်ဘူး။ ငါ့အသိဉာဏ်က ငါ့အသက် ရပ်တည်နိုင်ဖို့လောက်သာ အထောက်အပံ့ပေးနိုင်မှာ။ အသက်ရှင်အောင် ငါဘာလုပ်ရမလဲ။ ဟိုးအဝေးမှာတော့ အိမ်ပုလေးတစ်လုံးကို ငါဝိုးတိုးဝါးတား မြင်ရတယ်။ အဲဒီကိုသွားပြီး မိုးခိုနေမှပဲ။

ဟာ... ငါ့ခွန်အားတောင် မရှိတော့ပါလား။ လမ်းလျှောက်ဖို့တောင် မလွယ်တော့ပါလား။ ငါ့ခေါင်းကလည်း မူးနှောက်နေလိုက်တာ။ ငါကြိုးစားပြီး သွားရမှာပဲလေ။ အဲ... အိမ်ခြံဝင်းထဲတော့ ငါရောက်ပြီ။ ငါ့ကိုမောင်းထုတ်ကြဦးမလား။ ခွေးကြီးတစ်ကောင်ကောင်ကပဲ ထွက်လာပြီး ငါ့ကို ကိုက်သတ်လေမလား။ ဘာဖြစ်ဖြစ်လေ မထူးပါဘူး။ အပြင်မှာ နေရင်လည်း ငါ သေသွားရမှာပဲ။ ငါ့ကို ကယ်မမယ့်သူ ပေါ်လာရင်တော့ ငါ အသက်ရှင်နိုင်မှာပေါ့လေ။ ကဲ... တံခါးဝအနီးမှာပဲ ငါအိပ်ချလိုက်တော့မယ်။ ကျွန်တော်သတိထပ်လစ်သွားတာလား၊ မေ့မျော်သွားတာလား မဝေခွဲတတ်ပါဘူး။ ကားတစ်စီး ထိုးရပ်လိုက်တဲ့အသံကို ကြားမှ ကျွန်တော်သတိရလာတယ်။ ကားတံခါးဖွင့်သံ၊ စကားပြောသံတို့ကိုလည်း ကြားရတယ်။

"ကလေးတို့ရေ... ပါပါအရင်သွားပြီး တံခါးဖွင့်လိုက်မယ်၊ နောက်က လိုက်လာကြ၊ မိုးက တသည်းသည်းရွာနေတုန်းပဲ"

ခြေသံများ နီးကပ်လာတဲ့အခါ လူကြီးတစ်ယောက်ကိုကျွန်

http://www.dhammadownload.com



တော်မြင်ရတယ်။ ကျွန်တော့်ကိုလည်း သူမြင်သွားဟန်တူတယ်။ သူ့အာမေဍိတ်သံက…

“ဟဲ့…ခွေးကလေးတစ်ကောင်ပါလား၊ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာသလဲ၊ အချစ်ဝှမ်းရေ၊ တို့အိမ်ရှေ့မှာ ညှော့သည် တစ်ယောက် ရောက်နေတယ်ဟ”

“အို…ဘယ်က ညှော့သည်လဲ၊ ကြဲကြဲဖန်ဖန်တော်၊ ညကြီး မင်းကြီးထဲ သန်းခေါင်တောင် ကျော်တော့မယ်”

သည်စကားဆုံးတော့ ကျွန်တော့်ရှေ့ကို ဖြူဖြူဖွေးဖွေး မိန်းမကြီးတစ်ယောက် ရောက်လာပါတယ်။ သူ့ခင်ပွန်းလူကြီး က “ဒီမှာလေ”ဆိုပြီးတော့ လက်နှစ်ဖက်နဲ့ ကျွန်တော့်ကို ဆွဲယူ လိုက်ပါတယ်။

“ဟာ…သူ့ခေါင်းမှာ သွေးတွေနဲ့ဟော့၊ ခေါင်းခွံတစ်ခြမ်း လဲ နောက်ကို လန်နေတယ်၊ တစ်ယောက်ယောက်က သူ့ကို သေနတ်နဲ့ပစ်ပြီး စွန့်ပစ်ထားခဲ့တာနဲ့တူတယ်”

“ဖြစ်မှဖြစ်ရပလေတော်…အခါကြီးရက်ကြီးမှာမှ ရက် ရက် စက်စက် ပြုနိုင်ရက်လေတယ်”

“အေးကွာ…မြို့ကြီးသားတွေက ခွေးပိုတွေ, ကြောင်ပိုတွေ ကို မမွေးချင်တော့ဘူးဆိုရင် တို့မြို့ကို လာပြီး စွန့်ပစ်သွားကြ တာပဲ၊ အဲ…စန်တာကလော့စ်ပို့လိုက်တဲ့ ဒီခွေးငယ်ကိုတို့ ဘယ် လို လုပ်ကြမလဲ”

ထိုအခိုက် ကြီးကြီး ငယ်ငယ် ချစ်စဖွယ် ကလေး ခြောက် ယောက်တို့ဟာ သူတို့ရဲ့မိဘများဘေးမှာ ရပ်လာကြပါတယ်။ အငယ်ဆုံးမိန်းကလေးက ကျွန်တော့်ကိုမြင်သွားတာနဲ့ “ဟင်…

http://www.dhammadownload.com



ခွေးကလေးတစ်ကောင်ပါလား၊ အကျည်းတန်သလိုလိုနဲ့ ချစ်စရာကောင်းတာပဲ၊ ပါပါ ... ကေသီတို့အိမ်မှာ မွေးထားရအောင်နော်"

သမီးငယ်က ဆန္ဒပြုလိုက်တာကို မိခင်က သဘောတူဟန်မတူပါ။

"မမွေးဘူး မမွေးဘူး၊ ခွေးကလေးက ဒဏ်ရာကြီးနဲ့၊ တော်ကြာ သေချင်သေနေမှာ၊ အရင် တို့ရဲ့ ဂျာမန်သိုးထိန်းခွေးကြီး သေသွားတုန်းက သမီးတို့ ဝမ်းနည်းပက်လက်နဲ့ ငိုခဲ့ကြရတယ် မဟုတ်လား"

ကျွန်တော်က မျက်စိပေကလပ် ပေကလပ်နဲ့ ကျွန်တော့်ကို ပြုစုစောင့်ရှောက်ပေးကြဖို့ အသနားခံနေမိတယ်။ ကျွန်တော်က စကားပြောနိုင်စွမ်းမရှိတော့ ဒဏ်ရာနဲ့ ဝေဒနာတို့ကြောင့် တဟီးဟီးလောက်ပဲ ညည်းပြနိုင်ပါတယ်။

လူကြီးက သနားသွားတဲ့ဟန်နဲ့ ရွှတ်ရွှတ်နောက်နောက်ကလေး ပြောလိုက်ပြန်တယ်။ "ကဲ ... ခရစ္စမတ်ညှော့သည်ကို ညှော့ခံကျွေးမွေးလိုက်မှ တော်လိမ့်မယ်"

"အင်းလေ ... သူ ဒဏ်ရာပျောက်ကင်းတဲ့အထိ ကျွန်မတို့ ပြုစုပေးလိုက်တာပေါ့၊ အနာပျောက်တဲ့အခါ မွေးချင်တဲ့လူ တစ်ယောက်ယောက်ကို ပေးလိုက်တာပေါ့"

ဇနီးသည်က သဘောရင်းကောင်းသူတစ်ယောက်မို့ တော်တော်လိုက်လျောလိုက်ပါတယ်။ သမီးငယ်ကေသီက တစ်ဖန်တစ်ကျော့ တိုးလိုက်ပြန်ပါတယ်။

http://www.dhammadownload.com



"ဟင့်အင်း . . . မပေးဘူး . . . မပေးဘူး၊ သမီးတို့ပဲ မွေးထားမယ်"

ဩော် . . . ကြင်နာသူများနဲ့ ဆုံစည်းရပြန်တော့လည်း ကျေနပ် ဝမ်းမြောက်ရပြန်ပါပကော။

## အပြုအစုအယုအယကလေးများ

အိမ်ကလေးအတွင်းမှာတော့ အနွေးဓာတ် ပေးထားလို့ နွေးထွေးနေပါတယ်။ မိခင်က ကျွန်တော့်ဦးခေါင်းအနာကို ရေနွေးနဲ့ ဆေးကြောပြီးတော့ ဆေးထည့်ပေးပါတယ်။ ကေသီက ကျွန်တော့်ကိုယ်ပေါ်က ရေစက်တွေကို အဝတ်နဲ့သုတ်ပေးပြီးတော့ ကျွန်တော့်ကိုယ်ခန္ဓာ ခိုက်ခိုက်တုန်နေတာကိုမြင်လို့ အနွေးထည်တစ်ခုနဲ့ ရစ်ပတ်ပေးပါတယ်။ အဲသည်ညတော့ ဧည့်ခန်းမှာပဲ ကျွန်တော်အိပ်ဖို့ နေရာချပေးပါတယ်။ ကေသီက သူ့အိပ်ရာမဝင်ခင်မှာ ကျွန်တော့်ကို အားပေးရှာတယ်။

"မင်း . . . သိပ်ကံကောင်းတာ၊ တို့လေ ကြီးတော်အိမ်မှာ ခရစ္စမတ်ဒင်နာ သွားစားနေကြလို့ သန်းခေါင်လောက်မှ ပြန်လာခဲ့ကြတာကွဲ့၊ နို့မဟုတ်ရင် တို့ စောစောစီးစီးတံခါးပိတ်ပြီး အိပ်နေကြမှာ၊ အဲဒီတော့ မင်းရောက်လာတာကို ဘယ်သူမှ သိမှာမဟုတ်ဘူး၊ မင်း အပြင်မှာ တစ်ညလုံးနေရပြီး သေချင် သေသွားမှာ၊ ခုတော့ မင်းအနာကိုလဲ ဆေးထည့်ပြီးပြီ၊ နွေးနွေးထွေးထွေးလဲ အိပ်ရပြီ၊ မနက်ကျရင် မင်းအားရှိသွားမှာပါကွာ"

"ဒါနဲ့ . . . ငါမင်းကို အမည်ပေးရဦးမယ်၊ မင်းနာမည် ရှိသလား၊ မင်းအမွေးအရောင်က မီးခိုးရောင်တစ်ကန့် အမည်း

http://www.dhammadownload.com



ရောင်တစ်ကန့်ဆိုတော့ ကျားဘိုလို့ ငါခေါ်မယ်ကွာ၊ မင်းကြိုက်ရဲ့လားဟင်၊ ကဲ ... အိပ်တော့၊ ဂွတ်နိုက် ... ကျားဘို"

ကြည်လင်တဲ့ မေတ္တာစေတနာနဲ့ အပြုအစုအယုအယကို ခံယူရတော့ ရက်သတ္တတစ်ပတ်အတွင်းမှာပဲ ကျွန်တော်ဦးလည်မော့လာနိုင်ပါပြီ။ ကေသီတို့ကစားနေကြတဲ့နေရာကို ကျွန်တော်လာပြီး ကြည့်ရှုနိုင်နေပါပြီ။

"ဟင်းနော် ... ကျားဘို၊ နင့်အနာက ကောင်းကောင်းကျက်သေးတာမဟုတ်ဘူး၊ မင်းမဆော့ရဘူးနော်၊ မပြေးရဘူး သိလား"

ကေသီက အစ်မကြီးတစ်ယောက်လို ကျွန်တော့်ကို ဆုံးမရှာတယ်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလို ကျွန်တော့်ကို သူတကာထက် ဂရုစိုက်ပေးရှာတဲ့ မမကေသီကို တခြားသူထက်ပိုပြီး ကျွန်တော်ချစ်ခင်တွယ်တာမိတာ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ကျေးဇူးရှင်များဖြစ်ကြတဲ့ ကေသီရဲ့မိဘများကိုရော၊ ကေသီရဲ့အစ်ကို အစ်မများကိုရော ကျွန်တော် ချစ်ခင်လေးစားပါတယ်။ ကျွန်တော်တတ်အားသရွေ့ သူတို့ရဲ့ကျေးဇူးများကို ပေးဆပ်ပါမယ်လို့ ဆုံးဖြတ်ထားပါတယ်။

## တာဝန်ထမ်းရွက်ပါပြီ

ခရစ္စမတ်ကျောင်းပိတ်ရက် ကုန်ဆုံးတော့ ကေသီတို့မောင်နှမတစ်စုဟာ ကျောင်းအိပ်ကျောင်းစားအဖြစ်နဲ့ မြို့သို့ပြန်သွားကြရပါတယ်။ အိမ်မှာတော့ အိမ်ရှင် ဦးဟောင်းဝပ် (Mr. Howard Carlsons) ရယ်၊ သူ့ဇနီး ဒေါ်ဖမ်း (Mrs. Fern Carlsons)ရယ်၊ ကျွန်တော်ရယ်ပဲ ကျန်ရစ်တယ်။ ဦးဟောင်းဝပ်

http://www.dhammadownload.com



က လယ်ကေ ငါးရာကျော်ကို စက်များရဲ့အကူအညီနဲ့ တစ်လက်တည်း လုပ်ကိုင်တဲ့ လယ်သမားကြီးတစ်ဦးပါ။ သူ့လယ်ထဲမှာ ကြက်၊ ဝက်၊ သိုးနဲ့ နို့စားနွားမများကိုလည်း မွေးထားပါသေးတယ်။ ဒေါ်ဝှမ်းက အိမ်မှုကိစ္စအဝဝကို ဆောင်ရွက်ရတဲ့အပြင် မွေးထားတဲ့တိရစ္ဆာန်များကို ကျွေးမွေးထိန်းကျောင်းရတဲ့တာဝန်ကိုပါ ဆောင်ရွက်ရပါတယ်။

ကျွန်တော့်ရဲ့ဗီဇမျိုးရိုးက ဂျာမန်သိုးထိန်းခွေးကြီးနဲ့ သန်မာပုကွတဲ့ ဟတ်စကီး (Husky) မျိုးတို့ကို စပ်ထားတာဖြစ်လို့ မကြာခင်ပဲ ကျွန်တော်ဟာ ကြီးထွားလာပါတယ်။ ကျွန်တော့်ရဲ့ခန္ဓာကိုယ်က ဂျာမန်သိုးထိန်းခွေးများလို ကြီးမားတယ်။ ခြေထောက်များလည်း တုတ်ခိုင်ကြတယ်။ အမွေးနဲ့ အသားအရေက ဟတ်စကီးမျိုးဘက် လိုက်ပြီး သန်မာထူထဲပါတယ်။ ကျွန်တော့်ရဲ့ မျက်လုံးများကတော့ အညိုရောင်ဝင်းဝင်းလက်နေကြတယ်။ အားလုံးစုပေါင်းလိုက်ရင် ကျွန်တော့်ရဲ့ဥပဓိရုပ်ဟာ အခြားသတ္တဝါများ လေးစားလောက်ပါတယ်။

နေ့ဘက်မှာ ဒေါ်ဝှမ်းရဲ့တာဝန်ဖြစ်တဲ့ ကြက်၊ ဝက်၊ သိုး၊ နွားများ ထိန်းကျောင်းရတဲ့အလုပ်ကို ကျွန်တော်လွှဲပြောင်းယူလိုက်ပါတယ်။ ဒီအလုပ်က ကျွန်တော့်အဖို့ အလွန်လွယ်ကူပါတယ်။ ညဘက်ကျတော့ မီးဖိုခန်းအပြင်နားက အိမ်ငယ်လေးထဲမှာ နားနေရင်း ဝင်းခြံတစ်ခုလုံးရဲ့ လုံခြုံရေးကို ကျွန်တော်စောင့်ကြပ်ရပါတယ်။

ကျွန်တော်က အကင်းပါးပြီး တာဝန်ကိုသိတတ်လို့ ဒေါ်ဝှမ်းရော ဦးဟောင်းဝပ်ပါ အလွန်ဝမ်းသာနေကြပါတယ်။ ဦး

http://www.dhammadownload.com



ဟောင်းဝပ်က သူ့ဇနီးကို တစ်ခါတစ်ခါ စကားနာထိုးတတ်ပါတယ်။

"ဘယ်လိုလဲ ဝှမ်း၊ ကျားဘိုကို ဘယ်တော့လောက် ငါ့သူများလက်ထဲ အပ်လိုက်ရမလဲ"

"အပ်ဖို့မလိုတော့ပါဘူးရှင်၊ ကျားဘိုက ဒီလယ်ယာတစ်ခုလုံးကို သူပိုင်ဆိုင်သလို စောင့်ကြပ်နေမှတော့ သူ့ဆန္ဒအတိုင်း ရှိစေတော့ပေါ့"

"ဟဲ ... ဟဲ ... စန်တာကလော့စ်က တို့ကို ခရစ္စမတ် လက်ဆောင် ပေးလိုက်တဲ့ ကျားဘိုနော်"

တစ်နေ့ နေ့ခင်းမှာ ကြက်ခြံဘက်က ကျွန်တော့်ရဲ့ဟောင်သံကိုကြားရလို့ ဒေါ်ဝှမ်း လာကြည့်တယ်။ လား လား ... သူစိမ်းယောကျ်ားတစ်ယောက် ကျိန်းရုံဘေးမှာ တွယ်ကပ်နေပြီးတော့ ကျွန်တော့်ကို ထိတ်လန့်စွာကြည့်နေပါတယ်။ ကျွန်တော်ကတော့ သူ့ခြေတစ်လှမ်း လှမ်းရင် ခုန်အုပ်လိုက်တော့မယ့် ပုံမျိုး ဂိုက်ဖမ်းထားတော့ သူမလှုပ်ဝံ့ဘူးဗျ။ ဒေါ်ဝှမ်းကို မြင်လိုက်ရတယ် ဆိုရင်ပဲ သူစိမ်းက အကူအညီလှမ်းတောင်းရှာပါတယ်။

"အစ်မကြီးရယ် ... အစ်မကြီးရဲ့ ခွေးကို တစ်ဆိတ်လောက် ထိန်းပေးထားပါဦး"

"ရှင်က ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

"ကျွန်တော်မြို့ပေါ်က အစိုးရအေဂျင်စီကပါ၊ တာဝန်အရ ဒီဘက်ကို ခဏလှည့်လာတာပါ"

"ရှင့်စကားကို ကျွန်မ မယုံဘူး၊ အေဂျင်စီက ကိစ္စရှိရင်

http://www.dhammadownload.com



ကျွန်မတို့ဆီ တယ်လီဖုန်းလှမ်းဆက်လိုက်လို့ ရတာပဲ၊ ဒီကနေ ရှင်ထွက်သွားဖို့ နှစ်မိနစ် ကျွန်မအချိန်ပေးမယ်၊ ဒါပဲ”

ဒေါ်ဝှမ်းက ကျွန်တော့်ရဲ့လည်ပတ်ကို ထိန်းကိုင်လိုက်တာနဲ့တစ်ပြိုင်နက် ဟိုလူ တစ်ချိုးတည်း လစ်တော့တာပါပဲ။

နောက်နောင်အခါများမှာ အနီးပတ်ဝန်းကျင် လယ်ယာများထဲမှာ သူခိုးခိုးတဲ့သတင်းကို ကြားရပေမယ့် ဒေါ်ဝှမ်းရဲ့လယ်ယာထဲကို ဘယ်သူစိမ်းယောကျ်ားမှ မဝင်လာရဲတော့ပါဘူး။ ဒါကြောင့် ဦးဟောင်းဝပ်နဲ့ ဒေါ်ဝှမ်းတို့ရဲ့ လယ်ယာလုပ်ငန်းဟာ ကျွန်တော်ရောက်လာတဲ့နောက်ပိုင်းမှာ သိသိသာသာတိုးတက်လာပါတော့တယ်။

## ပျော်ပျော်ရွှင်ရွှင်လယ်ထဲတွင်

ကျောင်းပိတ်ရက်များမှာ ကျောင်းအိပ်ကျောင်းစားများ စုံစုံညီညီပြန်ရောက်လာကြလို့ လယ်ထဲမှာ အလွန် ပျော်စရာကောင်းပါတယ်။ ကေသီတို့မောင်နှမများက စားတဲ့အခါဖြစ်ဖြစ်၊ စားတဲ့အခါဖြစ်ဖြစ် ကျွန်တော့်ကို မေ့ပစ်မထားကြပါဘူး။ သူတို့ရဲ့ ဘဝတွေထဲမှာ ကျွန်တော်က တစ်စိတ်တစ်ဒေသပါဝင်လာရလို့ ကျွန်တော်ဂုဏ်ယူပါတယ်။

မမကေသီက မနက်စောစောထကာ ကျွန်တော့်ကို ခေါ်ပြီး လမ်းလျှောက်ထွက်လေ့ရှိပါတယ်။ လယ်ကွင်းပြင်ကျယ်ထဲမှာ အဝေးကြီးကို လျှောက်သွားလို့ရတာပဲ။ ဘယ်လောက်ပဲ သွားသွား ကျွန်တော်ပါရင် မမကေသီရော၊ သူ့ရဲ့ မိဘများကပါ စိတ်ချကြပါတယ်။

http://www.dhammadownload.com



ဒီလယ်ယာတောထဲကို ကျွန်တော်ရောက်လာတာ ငါးနှစ်နီးပါး ရှိလာပြီမို့ မမကေသီဟာ တော်တော်ကြီးလာပါပြီ။ မကြာခင်မှာ တက္ကသိုလ်ကျောင်းကို တက်ရတော့မယ်တဲ့။ မမကေသီရဲ့ အစ်ကို အစ်မများကလည်း တက္ကသိုလ်ရောက်နေတဲ့လူကရောက်ပြီး တချို့က အိမ်ထောင်ကျလို့ အလုပ်များတောင် သီးခြား လုပ်နေကြပြီတဲ့။

လောကဓံတရားတို့ဟာ အကောင်းရှိရင် အဆိုးလည်း ပါဝင်စမြဲမို့ ၁၉၈၀ ခု နှိုဝင်ဘာလမှာ ကျွန်တော့်သခင် ဦးဟောင်းဝပ်မှာ အဆုတ်ရောဂါ ဖြစ်ပွားလာပါတယ်။ ရောဂါက ဆိုးရွားလာတာမို့ တစ်လကျော်ကျော် ဆေးရုံတက်ပြီး ဆေးဝါးကုသရပါတယ်။ ခရစ္စမတ်မတိုင်မီ သုံးရက်အလိုမှာ ဆေးရုံက ဆင်းလာပါတယ်။

ဦးဟောင်းဝပ်ဟာ ခွန်အားချည့်နဲ့နေပေမယ့် ခရစ္စမတ်နေ့မှာတော့ စုစုရုံးရုံးတွေ့ဆုံပြီး ကြက်ဆင်ညစာစားပွဲကြီး စားချင်တဲ့ဆန္ဒရှိလို့ ရပ်ဝေးကို ရောက်နေကြတဲ့ သားသမီးများနဲ့ သူတို့ရဲ့ ဇနီး ခင်ပွန်းများပါ စုဝေးရောက်လာကြပါတယ်။ အဲဒီခရစ္စမတ်ညစာစားပွဲကြီးဟာ ရယ်လား မောလားနဲ့ အလွန်ပျော်စရာကောင်းတဲ့ စားပွဲတစ်ခုပါပဲ။

## မမေ့နိုင်တဲ့ ခရစ္စမတ်ည

ကျွန်တော့်အဖို့ လွန်ခဲ့တဲ့ငါးနှစ်က ခရစ္စမတ်ညဟာ မမေ့နိုင်တဲ့ ခရစ္စမတ်ညဖြစ်ခဲ့သလို ယခုခရစ္စမတ်ညဟာလည်း သာ၍ပင် မမေ့နိုင်အောင် အကြောင်းဖန်တီးလာပြန်ပါတယ်။

http://www.dhammadownload.com



အဲသည်ည သန်းခေါင်လောက်မှာ စားသောက် ပြောဆိုလို့ အားရကြပြီဖြစ်လို့ ကိုယ်စီကိုယ်ငှ အိပ်ရာဝင်ကြပါတယ်။ ကျွန်တော်လည်း မီးဖိုခန်းအပြင်နားက ကျွန်တော့်နေရာဆီသို့ ထွက်လာပါတယ်။ ကျွန်တော်ဟာ အမြဲသတိဆောင်ပြီး အိပ်စက်ပါတယ်။ ချွတ်ခနဲအသံကြားတာနဲ့ နိုးလာအောင် လေ့ကျင့်ထားရပါတယ်။

ကနေ့ည သန်းခေါင်ကျော်ပြီး သုံးနာရီခွဲလောက်မှာ ကျယ်လောင်တဲ့ အသံဗလံတွေကြားရလို့ ကျွန်တော်နိုးလာပါတယ်။ အသံတွေက မီးဖိုခန်းထဲကပဲ။ ကျွန်တော်ဟာ အလျင်အမြန်ထပြီးကြည့်ပါတယ်။ တော်တော်ပူပြင်းတဲ့ အပူဓာတ်ကို ခံစားရပါတယ်။ မီးဖိုခန်းထဲမှာလည်း မီးစွဲလောင်နေတဲ့အသံမျိုးကို ကြားရပါတယ်။ အပေါ်ဘက် မော့ကြည့်လိုက်တော့ မျက်နှာကြက်မှာ မီးညွန့် မီးစွယ်တွေ ထွက်လာတာကို တွေ့ရတယ်။

ဟာ…မီးလောင်နေပြီ။ ငါ့သခင်တွေ မနိုးကြသေးဘူးနဲ့ တူတယ်။ သူတို့ကို ငါနှိုးမှပဲ။ ဝူး…ဝူး…လို့ ရှည်လျား ကျယ်လောင်စွာ ကျွန်တော်အူလိုက်ပါတယ်။ ဝု…ဝု လို့လည်း ဟောင်ပါတယ်။ သခင်များရဲ့ လှုပ်ရှားသံကို မကြားရဘူးခင်ဗျ။

ဘယ်လိုလုပ်ရမလဲ…အိမ်ထဲဝင်ပြီး နှိုးမှပဲ။ အိမ်တံခါးတွေက အကုန်ပိတ်ထားတာ။ မီးဖိုခန်းအဝင်တံခါးက သုံးထပ်သားတံခါးမို့ ဒါကို ငါဖောက်ဝင်လို့ရပါလိမ့်မယ်။ ကျွန်တော်တွန်းဖိပြီး ကုတ်ဖဲ့ကြည့်တယ်၊ မရဘူးခင်ဗျ။ ဒီတော့ ကျွန်တော့်ရဲ့ သွားများကို အသုံးပြုပြီး ကိုက်ဖြတ်ရပါတော့တယ်။ လွယ်မယောင်နဲ့ မလွယ်ဘူးဗျာ။ သုံးလေးချက်လောက် ကိုက်မိရင်ပဲ

http://www.dhammadownload.com



သစ်ငြောင့်အချွန်အတက်တွေက ကျွန်တော့်သွားဖုံးများနဲ့ အာခေါင်ကို စူးဝင်ကြတော့တယ်။ အလွန်ပြင်းထန်တဲ့ဝေဒနာကို ခံစားရလို့ ကျွန်တော်နောက်တွန့်သွားပါတယ်။ ဒါပေမဲ့ သခင်များရဲ့ အသက်ရှင်ရေးဟာ ကျွန်တော့်ရဲ့အသက်ရှင်ရေးထက် ပိုအရေးကြီးတယ်လို့ ချက်ချင်းစိတ်ထဲမှာ ဆုံးဖြတ်လိုက်ပြီးတော့ အားနဲ့မာန်နဲ့ ဆက်ကိုက်ပါတော့တယ်။ မကြာခင် ကျွန်တော့် တစ်ကိုယ်စာ ဝင်နိုင်လောက်တဲ့ အပေါက်ကြီးဖြစ်လာတယ်။

မီးဖိုခန်းထဲက ကြမ်းခင်းတွေရော နံရံများပါ မီးလောင်နေကြပါပြီ။ ကျွန်တော်နောက်မတွန့်ဘဲ အပေါက်ထဲကနေ အတွင်းဘက် ခုန်ဝင်ပြီးတော့ မီးကို အတင်းဖြတ်ပြေးပါတော့တယ်။ ဧည့်ခန်းကို တစ်ဖန်ဖြတ်ပြီး ကေသီတို့အခန်းကို ဝင်လိုက်တယ်။ မမကေသီခြုံထားတဲ့စောင်ကို ကျွန်တော်ကမန်းကတန်း ဆွဲချပြီး သူ့လက်မောင်းကို ကိုက်ဆွဲလိုက်ပါတယ်။

မမကေသီက အိပ်မှုန်စုံမွှားနဲ့ ကျွန်တော့်ဦးခေါင်းကို တွန်းဖယ်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်က ဆက်ဆွဲထားလို့ နိုးလာပြီး ထလိုက်ပါတယ်။ ထထိုင်မိတယ်ဆိုရင်ပဲ မီးခိုးနံ့တွေ မွန်ထူလာတာရယ်၊ မီးလောင်သံတွေ ကြားတာရယ် ဒါတွေကို ထောက်ပြီး မီးလောင်နေပြီ ဆိုတာကို မမကေသီ သိလိုက်ပါတော့တယ်။

ဒါကြောင့် မမကေသီဟာ မျက်စိမျက်ဆန်ပြူးပြီး သူ့မိဘများရဲ့ အိပ်ခန်းကျယ်ကြီးထဲကို ပြေးသွားပါတယ်။ ပြေးသွားရင်းနဲ့ပဲ "မီး . . . မီး . . . အိမ်မီးလောင်နေပြီ၊ မြန်မြန်ထကြ၊ မေမေ . . . ပါပါ . . . အိမ်မီးလောင်နေပြီ၊ မြန်မြန်ထ"

http://www.dhammadownload.com



မမကေသီရဲ့ အော်သံကို ကျွန်တော် ဝု…ဝု…ဝု…လို့ ကျယ်လောင်စွာ ဟောင်ရင်း ကူပေးပါတယ်။

ဒေါ်ဝှမ်းကပျာကယာထလိုက်ပြီးတော့ သူ့ခင်ပွန်းကို ထူမပေးလိုက်တယ်။ ပြီးတော့ ပြတင်းပေါက်ဆီတွဲခေါ်သွားတယ်။ ဒီအခန်းထဲမှာတောင် မီးခိုးတွေက တော်တော်မွန်နေပြီ။ အဆုတ်နာရောဂါသည်ဖြစ်တဲ့ ခင်ပွန်းကို အခန်းပြင်သို့ အမြန်ဆုံး ထုတ်နိုင်ရေးအတွက် ဒေါ်ဝှမ်းစိုင်းပြင်းနေပါတယ်။ ပြတင်းပေါက်ကို ဒေါ်ဝှမ်း ဖွင့်လိုက်ပြီးတော့ သူ့ခင်ပွန်းကိုပြတင်းပေါင်ပေါ်တင်ပေးလိုက်တယ်။

"ကဲ…ရှင်…ခုန်ဆင်းလိုက်၊ ကျွန်မ ကလေးတွေကို သွားခေါ်လိုက်မယ်"

ဒေါ်ဝှမ်းက သားသမီးများကို လိုက်ဆွဲခေါ်ပြီးတော့ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ထွက်ခိုင်းပါတယ်။ ပြီးတော့ သူမပါ ပြတင်းအပြင်သို့ ခုန်ချလိုက်ပါတယ်။

**အသက်နဲ့လဲပြီး ကျေးဇူးဆပ်မယ်**

ဒေါ်ဝှမ်းက သူခုန်ဆင်းပြီးတဲ့နောက်မှာ ကျွန်တော်ပါ လိုက်ဆင်းလိမ့်မယ်လို့ မျှော်လင့်တာ။ ကျွန်တော်က မဆင်းဘူးဗျ။ ဝု…ဝု…ဝု…လို့ပဲ အချက်ပေးနေပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်ကိုလည်း ခုန်ဆွခုန်ဆွလုပ်ပြပါတယ်။ အကြောင်းက ဦးဟောင်းဝပ်ဟာ အိပ်ခန်းထဲမှာပဲ မှောက်လျက်လဲနေတာကို ကျွန်တော် တွေ့ရလို့ပါပဲ။

ဒေါ်ဝှမ်းက နားမလည်တော့ ကျွန်တော့်ကို မာန်မဲလိုက်ပါတယ်။

http://www.dhammadownload.com



"ဟဲ့ ... ကျားဘို၊ ဆင်းလာစမ်း ... မြန်မြန်ဆင်းလာစမ်း"

ကျွန်တော်က မဆင်းဘဲ ဝု ... ဝု လို့ဟောင်ပြီးတော့ ဦးဟောင်းဝပ် ရှိတဲ့ဘက်ကို ပြေးသွားပါတယ်။ တစ်ဖန် ပြတင်းပေါက်ဆီ လာပြီး ဝု ... ဝု ဟောင်ပြီး ဦးဟောင်းဝပ်ဆီ ပြေးပြန်တယ်။ သည်တစ်ခါတော့ ဒေါ်ဝှမ်းရိပ်မိသွားပြီး ဘေးဘီကိုအမြန်ကြည့်လိုက်တယ်။ ပြီးတော့ ...

"ဟဲ့ ... နင်တို့ပါပါကော၊ တွေ့ကြသလား" ဟု ကလေးများကို မေးလိုက်ပါတယ်။

"မတွေ့ဘူး မေမေရဲ့"

"ဟယ် ... နင်တို့ပါပါ အိပ်ခန်းထဲမှာ ရှိနေတုန်းပဲဟဲ့၊ လုပ်ကြပါဦး"

ဒေါ်ဝှမ်းဟာ ပြတင်းပေါက်ပေါ်သို့ တွယ်တက်လိုက်ပါတယ်။ အခန်းထဲဝင်ပြီး သူ့ခင်ပွန်းဆီ ပြေးသွားပါတယ်။ ခင်ပွန်းကို ထူပြီး ထခိုင်းပါတယ်။ ခင်ပွန်းက အသက်ရှူကျပ်ပြီး တဟွတ်ဟွတ် ချောင်းဆိုးလာတယ်။ ဒေါ်ဝှမ်းက စိတ်ပူလာလို့ သူ့ခင်ပွန်းကိုတွဲပြီး ကေသီတို့အခန်းဘက်ကို ခေါ်သွားတယ်။ သည်အခန်းမှာ မီးခိုးမွှန်တာ နည်းနည်းပိုသက်သာပါတယ်။ ဘေးသို့ဆွဲဖွင့်ရတဲ့ ပြတင်းတံခါးကို ဒေါ်ဝှမ်းဖွင့်ကြည့်တော့ မရဘူး။ ကျပ်ညပ်နေတယ်။ ဒါကြောင့် ဒေါ်ဝှမ်းဟာ စိတ်ဆိုးမာန်ဆိုးနဲ့ လက်သီးများနဲ့ ထုလိုက်တာ မှန်ပြတင်းတွေ ကွဲကုန်ပါရော။ ဒါပေမဲ့ မှန်ချပ်များကို ထိန်းပေးတဲ့ သံပေါင်များက ကျန်ရစ်တော့ ဘယ်လိုမှ ထွက်ဖို့အခွင့်မသာပါဘူး။

http://www.dhammadownload.com



ဒေါ်ဝှမ်း အကြီးအကျယ်အကြံအိုက်နေတဲ့အခိုက်မှာ ဦးဟောင်းဝပ်က အခန်းထောင့်တစ်ခုမှာ ချထားတဲ့ အပ်ချုပ်စက်ခေါင်းဆီသို့ ဒယီးဒယိုင်လျှောက်သွားတယ်။ သူ့ခွန်အားအကုန်သုံးပြီး စက်ခေါင်းကို မ,ယူလိုက်တယ်။ ပြီးတော့ပြတင်းဘက်ကို ချဉ်းကပ်လာပြီးတော့ စက်ခေါင်းကို ပြတင်းပေါင်ဆီသို့ တအားပစ်ပေါက်လိုက်ပါတယ်။ ပြတင်းပေါင်ရော စက်ခေါင်းရော မြေပြင်ပေါ်သို့ ပြုတ်ကျသွားကြပါတော့တယ်။

ဦးဟောင်းဝပ်ကလည်း သူ့ကိုယ်ရှိန်ကို မထိန်းနိုင်တော့ဘဲ ပြတင်းပေါင်ပေါ်သို့ မှောက်လျက်ထိုးကျသွားပါတယ်။ ဒေါ်ဝှမ်းက အချိန်မီ ပွေ့ချီထိန်းပေးလိုက်ပြီးတော့ သူ့ခင်ပွန်းရဲ့ ခန္ဓာကိုယ်ကို ပြတင်းပေါင်ပေါ် ချပေးပါတယ်။ သားသမီးများက အပြင်ဘက်ကနေ ဝိုင်းကူဆွဲယူကြလို့ ဦးဟောင်းဝပ်ဟာ အပြင်သို့ ရောက်သွားပါတယ်။ ဒီတော့မှ ဒေါ်ဝှမ်းဟာ သက်ပြင်းကြီးချပြီး ပြတင်းအပြင်ဘက်သို့ ခုန်ဆင်းလိုက်ပါတယ်။ ကျွန်တော်လည်း မရှေးမနှောင်းဘဲ လိုက်ဆင်းသွားပါတယ်။ မကြာခင်မှာပဲ အိပ်ခန်းဘက်ဆီသို့ မီးကူးစက်လာပြီးတော့ တစ်အိမ်လုံးကို လောင်ကျွမ်းသွားပါတော့တယ်။

## မေတ္တာကို သစ္စာဖြင့် ပေးဆပ်ရာဝယ်

အိမ်နဲ့ အိမ်ပါပစ္စည်းတွေကို ဆုံးရှုံးသွားရပေမယ့် မိသားစုအားလုံး တစ်ယောက်မျှ ဘေးမသီ ရန်မခဘဲ သီသီကလေး အသက်ဘေးလွတ်မြောက်ခဲ့ကြတဲ့အတွက် ဦးဟောင်းဝပ်နဲ့ ဒေါ်ဝှမ်းတို့ဟာ ပူဆွေးတဲ့စိတ်ကို ဖြေသိမ့်နိုင်ကြပါတယ်။ သူတို့တစ်တွေရဲ့အသက်ကို ကယ်တင်ပေးလိုက်တဲ့ ကျေးဇူးရှင်ဟာ

http://www.dhammadownload.com



လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်မဟုတ်ဘဲ အဟိတ်တိရစ္ဆာန်မျှသာ ဖြစ်တဲ့ ကျွန်တော်ဖြစ်နေတာကို သူတို့တစ်တွေ ထင်ထင်ရှားရှား သိမြင်ခဲ့ကြရလို့ ကျွန်တော့်ကို တဖွဖွကျေးဇူးတင်နေကြပါတော့တယ်။

မိုးသောက်လို့ သတင်းမေး ရောက်လာတဲ့ မိတ်သင်္ဂဟ အပေါင်းကို ဒေါ်ဝှမ်းက ဆီးကြိုပြီး "တို့တစ်တွေ ကံကောင်းပေလို့ပဲ၊ တို့ကျားဘိုက တို့တစ်တွေရဲ့အသက်ကို ကယ်တင်လိုက်လို့ တို့အသက်ရှင်နေကြတာ"ဟု အစချီပြီး ညကအဖြစ်အပျက်ကို ခရေစေ့တွင်းကျ ပြောပြပါတော့တယ်။ စကားဆုံးတဲ့အခါမှာ ပရိသတ်က ကျွန်တော့်ကိုပြဖို့ တောင်းဆိုကြပါတယ်။

ကျွန်တော်က တစ်ကိုယ်လုံးမီးလောင်ခံထားရတဲ့ ဒဏ်ရာနဲ့ အာခေါင်မှာ ပြောင့်တွေ စူးဝင်နေတဲ့ ဝေဒနာကြောင့် မြေပုံတစ်ခုပေါ်မှာ ခွေအိပ်နေပါတယ်။

"သြော် ... ဒါလား ကျားဘို၊ အင်မတန်သစ္စာရှိတဲ့ ခွေးပဲ၊ သိပ်တော်တဲ့ ခွေးပဲ"

"အေးဟယ် ... သူ့အမွေးတွေကို မီးတော်တော်လောင်ထားတာပဲ၊ သူ့ခြေဖဝါးတွေကလဲ ဖူးဖူးရောင်လို့ပါလား၊ မီးပေါ် ဖြတ်လျှောက်ထားတာနဲ့ တူတယ်"

"ဒါနဲ့ မီးက ဘယ်လိုလောင်သလဲတော်"

"သေသေချာချာတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ မနေ့က ကြက်ဆင်ကင်ဖို့ မိုက်ကရိုဝေ့ဗ်မီးဖိုကို အသုံးပြုတဲ့အခါမှာ နှစ်ကြိမ် ရှော့လိုက်ပြီး ဖြုန်းကြိုးပြတ်သွားခဲ့ပါတယ်၊ အဲဒီကတည်းက သစ်သားမီး စ,လောင်တာနဲ့တူတယ်၊ တငွေ့ငွေ့နဲ့ တဖြည်း

http://www.dhammadownload.com



ဖြည်းလောင်နေလိုက်တာ နံနက်သုံးနာရီလောက်မှ မီးတောက်ကြီးအဖြစ်ကို ရောက်သွားတာနဲ့ တူတာပဲ”

ဒေါ်ဝှမ်းက သူ့ရဲ့ယူဆချက်ကို ပြောပြလိုက်တော့ပရိသတ်က “ဟုတ်ပေလိမ့်မယ်”လို့ မှတ်ချက်ချကြတယ်။

“ဒါပေမဲ့ ကျွန်မတို့နားမလည်တာ အချက်တစ်ချက် ရှိတယ်ရှင့်”

“ဘာတဲ့တုံး၊ ဆိုစမ်းပါဦး”

“အပြင်ဘက်ကနေပြီး မီးဖိုခန်းထဲ ဝင်ဖို့တံခါးကို ကျွန်မညက သေသေချာချာပိတ်ထားခဲ့တာ၊ အဲဒါကို ကျားဘိုဘယ်လိုလုပ် ဖွင့်ပြီးတော့ အိမ်ထဲဝင်လာတာလဲ၊ ကျွန်မတို့ အဖြေကို မရကြဘူး”

“တံခါးမီးလောင်လို့ ပွင့်သွားတဲ့အချိန်မှာ သူဝင်လာတာဖြစ်မှာပေါ့”လို့ ပရိသတ်ထဲက တစ်ယောက်က ပြောလိုက်ပါတယ်။

“အစ်မရေ…ကျားဘိုက တော်တော်ဒဏ်ရာပြင်းတယ်၊ ကျွန်တော်တို့ ဆေးထည့်ပေးကြရအောင်၊ ကျွန်တော် လိုလိုမည်မည် မီးလောင်ရင်လိမ်းဖို့ဆေး ယူလာပါတယ်၊ ပြီးတော့ကျားဘိုကို အစာနည်းနည်းကျွေးလိုက်ရအောင်”

ဒေါ်ဝှမ်းရဲ့မောင်က ပြောလိုက်လို့ သတင်းမေးသူများ ယူလာပေးကြတဲ့ အစားအသောက်များထဲက အသားတုံးအချို့ကို ပန်းကန်ပြားတစ်ခုမှာ ထည့်ပြီး ကျွန်တော့်ဆီသို့ မမကေသီ ယူလာပေးပါတယ်။

http://www.dhammadownload.com



"ကဲ . . . ကျားဘို၊ နင်တော်တော်ဆာနေရောမယ်၊ နည်းနည်း စားလိုက်ပါဦး"

မမကေသီက ကျွန်တော့်အာခေါင်မှာ ဝြောင်တွေ စူးနေလို့ ကျွန်တော်အစာမစားနိုင်ဘူးဆိုတာကို မသိရှာပါဘူး။ ကျွန်တော်က ခေါင်းအသာခါပြပြီးတော့ ခွေအိပ်မြဲ အိပ်နေလိုက်ပါတယ်။

"ဟင် . . . ဘာလဲ၊ နင်က နေမကောင်းလို့လား၊ ပါးစပ်ဟစမ်း၊ နင့်လျှာကို ကြည့်စမ်းကြည့်ရအောင်"

မမကေသီဟာ ကျွန်တော့် မေးကို မ,ပြီး ပါးစပ်ဟခိုင်းတဲ့အတွက် ကျွန်တော် ဟပေးလိုက်ပါတယ်။

"ဟာ . . . မေမေ၊ ကျားဘိုရဲ့သွားဖုံးတွေမှာရော၊ အာခေါင်တွေမှာရော သစ်သားဝြောင့်တွေ အများကြီးစူးဝင်နေကြတယ်"

"ဟင် . . . ဟုတ်လား၊ နုတ်ထုတ်ပေးကြရအောင်ကွယ်"

ဒေါ်ဝှမ်းရော၊ သူ့မောင်ရော၊ မမကေသီပါ ကျွန်တော့်အာခေါင်ထဲက ဝြောင့်များကို တစ်ချောင်းပြီးတစ်ချောင်း ခဲခဲ ယဉ်းယဉ်းဆွဲနုတ်ပေးကြပါတယ်။

"အစ်မရဲ့ . . . ဒါတွေဟာ သုံးထပ်သားက ထွက်လာတဲ့သစ်ဝြောင့်တွေပဲ၊ ကျားဘိုက မီးဖိုခန်းထဲ ဝင်နိုင်အောင်လို့ သုံးထပ်သား တံခါးကို သူ့သွားတွေနဲ့ အတင်းကိုက်ဖြဲပစ်တာနဲ့တူတယ်"

"ဟုတ်ပြီ၊ မောင်လေးပြောလိုက်မှ အစ်မသိချင်တဲ့ အဖြေကို သိလိုက်ရပြီ၊ အေးကွယ် . . . တိရစ္ဆာန်သာဆိုတယ်၊ သူ့အသိဉာဏ်က လူနဲ့ မခြားပါဘူး"

"ဟုတ်ပါ့တော် . . . သစ္စာရှိလိုက်ပုံက လူထက်တောင် သာသေး"

http://www.dhammadownload.com



"သူ့သခင်များရဲ့အသက်ကို သူ့အသက်နဲ့ရင်းပြီး ကယ်တင်လိုက်တာပါပဲ"

"မီးပုံကို ဖြတ်လျှောက်ရဲတဲ့ခွေးဟာ အာဂသတ္တိရှင်ပဲ"

ပရိသတ်ကပါ ထပ်ဆင့်ပြီး တစ်ယောက်တစ်မျိုး ချီးမွမ်းကြပြန်ပါတယ်။

အဲသည်ချီးမွမ်းစကားများအားလုံးထက် ကျွန်တော့်ကျေးဇူးရှင်များကို ကျွန်တော့်အသက်ကို ပုံအပ်ပြီး ကျွန်တော်ကယ်တင်နိုင်ခဲ့ပြီဆိုတဲ့ အမှန်တရားက အဆရာထောင်မက သာလွန်မြင့်မြတ်တယ်၊ တန်ဖိုးရှိတယ် ဆိုတာကို သူတို့ မသိကြလေရော့သလား . . .။

သခင်ရဲ့မေတ္တာကို အသက်သွေးသစ္စာနဲ့ တုံ့နှင်းဖလှယ်ခဲ့ရတဲ့အတွက် ကျွန်တော့်ရဲ့ဘဝဆန္ဒဟာ ပြည့်စုံခဲ့ပါပြီ။ ကျွန်တော်သည်ဒဏ်ရာတွေကြောင့် သေမည်ဆိုလည်း သေပျော်ပါပြီ။

(မေတ္တာနှင့် သစ္စာတရားတို့သည် ဤကမ္ဘာမြေပေါ်ဝယ် အစွန့်ရှည်စွာ ပွင့်လန်းတင့်ဆန်းနေပါစေသော် . . .)

[Reader's Digest 6/82 မှ The Dog Who Worked Through Fireအမည်ရှိသည့် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရသစာပေမြောက်အောင် မွမ်းမံတင်ဆက်ပါသည်။]

**ဒေါက်တာမင်းတင်မွန်**

○

http://www.dhammadownload.com

စိတ်ကူးယဉ်ထက်ဆန်းကြယ်သော မေတ္တာနှင့်သစ္စာသရုပ်ဖော်
တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်း

# ဘဝမှန်တိုင်း

## (၁)
## ဘဝဟူသည့် ရေပြင်ပမာ

လေငြိမ်သက်နေသောအခါ သမုဒ္ဒရာရေပြင်သည် ကော်ဇောဖြန့်ခင်းထားသကဲ့သို့ ညီညာပြန့်ပြူးနေ၏။

သို့သော် မုန်တိုင်းဆင်လာသောအခါ ဤရေပြင်သည်ပင် အားမာန်ပြင်းသော လှိုင်းလုံးကြီးများအသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွား၏။

ဘဝသည်လည်း ထိုနည်းတူစွာပင် ...

စား, ဝတ်, နေရေး ပြေလည်နေသော အခိုက်အတန့်၌ တည်ငြိမ် အေးချမ်းသယောင် ထင်ရပါသော်လည်း လောကဓံ မုန်တိုင်းများ ရိုက်ခတ်လာသောအခါ ဖြောင်းဆန် လှုပ်ခါ၍ ယိုင်လဲသွားတတ်ပေ၏။

http://www.dhammadownload.com



## (၂)
## သဘာဝဟူသည် မိခင်ပမာ

သဘာဝသည် သားငယ်ကို ကျွေးမွေးစောင့်ရှောက်သော မိခင်ကဲ့သို့ သတ္တဝါများအား ချစ်ခင်ကြင်နာ၏၊ ယုယပိုက်ထွေး၏၊ ရက်ရောစွာ ပေးကမ်းထောက်ပံ့၏။

သို့ရာတွင် သဘာဝမိခင်သည် အရိုင်းသဘာဝကို မစွန့်။ ချစ်ခင်ကြင်နာတတ်သလောက် ရက်စက်ကြမ်းကြုတ်တတ်၏။ မထေမဲ့မြင်ပြုသူ၊ သဘာဝသဘောတရားကို မလေးမစား ပေါ့လျော့မိသူတို့အား ခွင့်လွှတ်ခြင်းမရှိဘဲ မှတ်မှတ်ရရ ထိုက်ထိုက်တန်တန် ဆုံးမတတ်ပေ၏။

## (၃)
## သဘာဝတရားကို လျှော့တွက်မိသော အမေရိကန်မိသားစု

အဖေတစ်ယောက်၊ သားတစ်ယောက်နှင့် သမီးသုံးယောက်၊ ချမ်းသာကြွယ်ဝသည့် အမေရိကန် လူနေမှုစနစ်အောက်တွင် အေးအေးလူလူ ရွှင်ရွှင်ပျော်ပျော် နေထိုင်နိုင်လင့်ကစား ယဉ်ကျေးမှု အသိုက်အမြုံမှ ဖဲခွာထွက်ကာ လူသူအရောက်အပေါက်နည်းသော ပင်လယ်ကမ်းခြေများ၌ လှည့်လည်လျက် ...

အိုးအိမ်အတည်တကျမရှိ၊ လှေတစ်စင်းနှင့် သစ်လုံးဖောင်တစ်ခုတို့ကို နေအိမ်အဖြစ် အသုံးပြုကာ သဘာဝမိခင်က ပေးကမ်းသည့် အစားအစာမျှလောက်နှင့် ရောင့်ရဲတင်းတိမ်၍ ကျေနပ် ပျော်ရွှင်နေကြသည့် မိသားစု ...။

သူတို့ကား မည်သူများပါနည်း။

http://www.dhammadownload.com



အဘယ်ကြောင့် ယဉ်ကျေးမှုအသိုက်အမြုံမှ ဖဲခွာနေကြရသနည်း။

ဇာတ်ကြောင်းကို ပြန်ပြောင်းလှစ်ဖော်ပြရသော်...

## (၄)
## အယ်လမိုဝေါ့တမင်း (Elmo Wortman)

အမေရိကန်ရေတပ်မတော်၌ နှစ်ရှည်လများ အမှုထမ်းရွက်ခဲ့သော မရိန်းတပ်သားတစ်ယောက် အိမ်ထောင်ကျသောအခါ လယ်သမားဘဝသို့ ကူးပြောင်းခဲ့၏။ သမီးသုံးယောက်နှင့် သားတစ်ယောက် ထွန်းကား၏။ အမေရိကန်ပြည်ထောင်စု၏ အနောက်ဘက် ကမ်းခြေရှိ ဝါရှင်တန်ပြည်နယ်တွင် အိမ်တစ်ဆောင် ငှား၍ ရိုးရိုးသားသားလုပ်ကိုင်နေထိုင်ခဲ့၏။

သို့သော် အယ်လမိုထက် အသက်ငယ်၍ လှပသော ချစ်ဇနီးက ရိုးသားအေးဆေးသည့်ဘဝကို မနှစ်သက်။ ညှော့ခံပွဲ၊ ကပွဲ၊ ပျော်ပွဲရွှင်ပွဲနောက်သို့ တကောက်ကောက်လိုက်လို၏။

သားသမီးများ ငယ်ရွယ်နုနယ်စဉ်အခါ၌ ဇနီးချောအား အယ်လမို အသင့်အတင့်ဖျောင်းဖျပြောဆိုနိုင်ခဲ့သော်လည်း သားသမီးတို့က လက်လွှတ်နိုင်သောအရွယ်သို့ ရောက်လာကြသည့်အခါတွင်မူ ဇနီးသည်ကို အယ်လမိုဖျောင်းဖျ၍မရတော့။

'အစရှိလျှင် အနောင်နောင်' ဆိုသကဲ့သို့ ညှော့ခံပွဲ၊ ကပွဲများသို့ အရောက်အပေါက် များလာသည့်အခါ ယောကျ်ားများစွာနှင့် သိကျွမ်းလာ၏။ ယောကျ်ားများက လှပသော အမျိုးသမီးတစ်ဦးကို အာရုံစူးစိုက်၍ အကြိုက်ဆောင်ကြသည်မှာ ဓမ္မတာ

http://www.dhammadownload.com



ဖြစ်၏။ မကြာမီ ဇနီးချောသည် သက်တူရွယ်မျှသည့် အမျိုးသား တစ်ဦးနှင့် မေတ္တာသွယ်မိကြ၏။

ခြံခုန်လိုသော ဇနီးချောအား ထိန်းသိမ်းထားရန် မစွမ်းသာ သောအခါ အယ်လမိုသည် သဘောထားကြီးကြီးနှင့် ကွာရှင်းပေး လိုက်၏။

အယ်လမို၏ ဘဝကို အသည်းနှလုံးခိုက်အောင် ထိုးနှက် လိုက်သော ပထမမုန်တိုင်းပါပေ။

သမီးငယ် သားငယ်တို့အား ထိန်းကျောင်းကျွေးမွေးရန် တာဝန်ကို အယ်လမိုကပင် သဘောထားကြီးစွာဖြင့် လက်ခံ လိုက်၏။

တစ်နှစ် . . . နှစ်နှစ် . . . သုံးနှစ် . . .

နှလုံးမကြည်လင်သည့်အထဲ ကြီးလေးလှသော အိမ်ထောင့် တာဝန်နှင့်အလုပ်တာဝန်တို့ကို ကာလရှည်ကြာထမ်းရွက်ရသော အခါ အယ်လမို၏ ကျန်းမာရေး ယိုယွင်းလာ၏။

လက်မောင်းနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ပင်းနှင့် ကျောပြင် တို့တွင် အမြဲတစေ ကိုက်ခဲနာကျင်လာ၏။ ဆရာဝန်များထံ အကုသခံပါသော်လည်း မပျောက်။

"မစ္စတာ အယ်လမို . . . ခင်ဗျားရဲ့ရောဂါက အကြောအဆစ် ရောဂါ အယ်လ်ကိုင်လိုစင်းစပွန်ဒီလစ်တစ်စ် (Alkylosing Spondylitis) လို့ခေါ်တယ်၊ ကုလို့မပျောက်တဲ့ရောဂါတစ်မျိုးပဲ"

"ခင်ဗျား အလုပ်ဆက်လုပ်ရင် ရောဂါက ပိုဆိုးလာမယ်၊ အကောင်းဆုံးကတော့ အလုပ်က အနားယူလိုက်၊ အိမ်မှာနေပြီး ကလေးတွေကို စောင့်ရှောက်ပေါ့ဗျာ"

http://www.dhammadownload.com



ဆရာဝန်များက အယ်လမိုကို အကြံပေးကြ၏။

မိမိတစ်ဦးတည်း၏ လုပ်စာကို တစ်မိသားစုလုံးက မှီခို စားသောက်နေရသည်မို့ ...

မိမိအလုပ်မလုပ်လျှင် ဤမိသားစုကို မည်သူက ကျွေးမည်နည်း။

အယ်လမို အခက်ကြုံလေပြီ။ တကယ့် ဘေးကျပ်နံကျပ်ဖြစ်ရပြီ။

အယ်လမို၏ ဘဝကို မိုးကြိုးစက်သွားပမာ ထိုးနှက်ခြေမွလိုက်သည့် ဒုတိယမုန်တိုင်းပါပေ။

ထိုစဉ်က အယ်လမိုသည် အသက် ၄၈ နှစ်၊ သမီးကြီး 'မာဂျရီ' က ၁၃ နှစ်၊ သမီးလတ် 'စင်ဒီ'က ၁၁ နှစ်၊ သား 'ရန်ဒီ'က ၁၀ နှစ်၊ သမီးထွေး 'ဂျီနာလင်း'က ရှစ်နှစ်။

သားသမီးများက ကျောင်းနေနေကြဆဲ။ အားလုံးပင် ပညာမစုံသေးသည့် လူမမယ်ကလေးများ ဖြစ်ကြ၏။

အယ်လမို ဘာလုပ်ရမည်နည်း။

**စိတ်ကူးယဉ်ကာ ကြည်နူးနေခြင်းထက်**
**ဘဝအဖြစ်မှန်ကိုသိရခြင်းက**
**ပို၍အဖိုးတန်၏။**

http://www.dhammadownload.com



## (၅)

## မာဂျရီ (Margery Wortman)

မေမေရယ်...ပါပါရယ်...ကျွန်မတို့မောင်နှမလေးယောက် ရယ် တူတူရှိနေစဉ်အခါက သိပ်ပျော်စရာကောင်းတာပဲ။

ပါပါက စားစရာတွေ၊ ကစားစရာတွေ၊ အထူးအဆန်းတွေ ကို ဝယ်ဝယ်လာပေးတယ်။

မေမေက အမျိုးမျိုးချက်ပြုတ်ကျွေးတယ်။ မုန့်တွေလည်း လုပ်တယ်။ အင်္ကျီလှလှကလေးတွေလည်း ချုပ်ပေးတယ်။ ကျောင်းသွားတော့မယ့်အခါများမှာ ဘယ်လိုဝတ်စားဆင်ယင် ရမယ်၊ လူတွေနဲ့ ဘယ်လိုပေါင်းသင်းဆက်ဆံရမယ်ဆိုတာတွေ ကို သင်ပြပေးတယ်။

မေမေ ဖြုန်းခနဲ ထွက်ခွာသွားတော့ ကျွန်မရဲ့ဘဝဟာ ဟင်းလင်းပြင်လို ဖြစ်သွားတယ်။ ဝမ်းနည်းပက်လက်နဲ့ ကျွန်မ ငိုလိုက်ရတဲ့ဖြစ်ခြင်း။ မေမေကတော့ ဘယ်တော့မှ ပြန်မလာ တော့ပါဘူး။

ပါပါက ကျွန်မတို့ကို ဂရုစိုက်ရှာပါတယ်။ ပါပါ ပင်ပန်း တာကိုမြင်ရတော့ ပါပါ့ကိုသနားမိတယ်။ ပါပါသက်သာအောင် လို့ အိမ်အလုပ်တွေကို ကျွန်မကူလုပ်ပေးပါတယ်။

ပါပါ မကျန်းမမာဖြစ်နေတာကို ကျွန်မသတိပြုမိပါတယ်။ ပါပါ့ကို အလုပ်မလုပ်နဲ့တော့လို့ ဆရာဝန်များက ပြောလိုက်တဲ့ နေ့မှာ ပါပါမပြုံးနိုင် မရွှင်နိုင်ဘဲ မှိုင်နေတာကို တွေ့ရပါတယ်။

ကျွန်မတို့ရဲ့ဘဝကလေးတွေက ယိုင်လဲတော့မှာလား။

ကျွန်မက ပညာဘက်မှာ ထူးချွန်အောင် ကြိုးစားနေတာ။

http://www.dhammadownload.com



အခြေခံအဆင့်မြင့်တန်းကို အောင်မြင်တဲ့အခါ တက္ကသိုလ်ဆက်သွားဖို့ ရည်ရွယ်ထားတာ။

ခုတော့ ... ကျောင်းမှ ဆက်နေနိုင်ပါ့မလား။

## (၆)

## ဝင်ဒီ (Cindy Wortman)

ကျွန်မကို စိတ်ကူးယဉ်သူလို့ အများက ဆိုကြတယ်။ ကျွန်မဖြစ်ချင်တာကို စိတ်ကူးနဲ့ဖြစ်ကြည့်လိုက်ရရင် ပျော်နေတာပဲ။

ဘဝအကြောင်းကို ကျွန်မ မသိပါဘူး။ သိအောင်လည်း မတွေးချင်ဘူး။ ပျော်ပျော်ပဲ နေချင်တယ်။

ဘဝဆိုတာ ပျော်စရာလို့ ကျွန်မထင်မှတ်နေမိတာ။ မေမေက ကျွန်မတို့ကို ကျောခိုင်းသွားတော့မှ အဲသည်အထင်ဟာ ပါစင်အောင် လွဲနေတာကို သိရတော့တယ်။

မေမေ့ကို ကျွန်မသိပ်ချစ်တာ၊ မေမေမရှိတော့ မမနဲ့တူတူ တစ်နေ့လုံး တစ်ညလုံး ချုံးပွဲချပြီး ငိုခဲ့ရပါတယ်။

ကျွန်မရဲ့ဘဝမှာ သည်လိုငိုကြွေးရမယ့်နေ့တွေ အများကြီး ရှိမှာကို ကျွန်မ မတွေးမိခဲ့ပါဘူး။

မေမေရယ်၊ ပါပါရယ်၊ ကျွန်မတို့မောင်နှမလေးယောက်ရယ် တစ်နေ့ကျရင် ပျော်ပျော်ပြန်နေရဦးမှာပဲလို့ ကျွန်မမျှော်လင့်နေမိတယ်။

မျှော်လင့်ချက်က လူ့ရဲ့အသက်ကိုဆက်ပေးနေတာမဟုတ်လား။

http://www.dhammadownload.com



(၇)

## ရန္ဒီ (Randy Wortman)

ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ မိဘတို့က ရော အစ်မများနဲ့ ညီမလေးတို့ကပါ ကျွန်တော့်ကို ဝိုင်းချစ်ကြပါတယ်။

ဒါပေမဲ့ လောကမှာ ဘယ်သူ့ကိုမှ အားကိုးလို့မရဘူး၊ ကိုယ့်ကိုယ်ကိုပဲ အားကိုးရမယ်ဆိုတာကို ကျွန်တော်နားလည်တယ်။ ကျွန်တော်တို့ကို မေမေပစ်သွားတော့ သည်သင်ခန်းစာကို ကျွန်တော် ရလိုက်တယ်။

ကိုယ့်ကိုယ်ကို အားကိုးနိုင်ဖို့က ပထမ ကျန်းမာရမယ်၊ ယောကျ်ားပီပီ သန်မာထွားကျိုင်းရမယ်။ ပြီးတော့ လုပ်ကိုင်ရမယ်။

ပါပါ့ကို စံထားပြီး ပါပါရဲ့ လုပ်ပုံကိုင်ပုံတွေကို ကျွန်တော် အတုယူပါတယ်။ ကျွန်တော့်ကို သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက် အနေနဲ့ မှတ်ယူတဲ့အတွက် ကျွန်တော်ဂုဏ်ယူလို့ မဆုံးပါဘူး။

(၈)

## ဂျီနာလင်း (Jena Lynn Wortman)

ကျွန်မက မိသားစုထဲမှာ အငယ်ဆုံးမို့လို့ အများက ဝိုင်းချစ်ကြလိမ့်မယ်လို့ မထင်လိုက်ပါနဲ့။ ကျွန်မက အစ်ကိုအစ်မတွေနဲ့ သိပ်တည့်တာမဟုတ်ဘူး။

သူတို့က ကျွန်မကို ဘာလုပ်ညာလုပ်ဆိုပြီး အမိန့်ပေးချင်

http://www.dhammadownload.com



ကြတယ်။ အမိန့်ပေးတာကို ကျွန်မ မနာခံချင်ဘူး။ သူများရဲ့ နောက်လိုက် မလုပ်ချင်ဘူး။ ခေါင်းဆောင်ပဲ လုပ်ချင်တယ်။

ဟိုကိစ္စ သည်ကိစ္စတွေမှာ ကျွန်မဝင်ဝင်စွက်ရင် အစ်ကို အစ်မတို့က မကြိုက်တော့ ကျွန်မတစ်ယောက်တည်းပဲ သီးခြား နေလိုက်တယ်။ ကိုယ့်ဘာသာစာဖတ်ပြီး နေလိုက်တာပေါ့။

မေမေနဲ့ ပါပါတို့က ဂျိနာ့ကို ချစ်ကြပါတယ်။ မေမေ ထွက် သွားတော့ ဂျိနာ သုံးရက်တောင် ဆက်ငိုတယ်။

မေမေမရှိတဲ့နောက် ပါပါက ဂျိနာ့ကို ဂရုစိုက်လို့ ဂျိနာ ဝမ်းသာပါတယ်။

တကယ်တော့ အစ်ကိုအစ်မများကို ဂျိနာမမုန်းပါဘူး။ အား လုံးကို ဂျိနာ ချစ်ပါတယ်။

## (၉)
## "စံအိမ်"လေ

အိမ်ထောင်တစ်ခုတွင် ဇနီးနှင့် ခင်ပွန်းတို့က ကောင်းတိုင် ပင် ဆိုးတိုင်ပင်၍ အိမ်ထောင့်တာဝန်ကို တက်ညီလက်ညီ ထမ်း ဆောင်ကြမည်ဆိုပါလျှင် မပင်မပန်းဘဲ ပျော်ရွှင်စရာပင် ကောင်း ပါ၏။

ဇနီးသည်က သစ္စာသွေဖည်သွားသောအခါ ဖခင်တစ်ဦး အနေဖြင့် တစ်မိသားစုလုံး၏ တာဝန်ကို ကျွန်တော်တစ်ဦးတည်း ထမ်းရွက်ရ၏။ နေမှု၊ ဝတ်မှု၊ စားမှုတို့အပြင် သားသမီးတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် ပျော်ရွှင်ရေးတို့ကိုလည်း ဂရုစိုက် ပေးရ၏။

သားသမီးတို့မှာ မိခင်ကို တတမ်းတမ်း တတတနှင့် မရှင်

http://www.dhammadownload.com



မပျဖြစ်နေကြသည့်အတွက် လူသစ်စိတ်သစ် ဖြစ်လာကြရန် ကျွန်တော် စီမံကိန်းတစ်ရပ်ကို ရေးဆွဲလိုက်၏။

ယင်းမှာ တစ်မိသားစုလုံး စုစုရုံးရုံးနှင့် ၃၃ ပေ ရှည်လျားသော လှေတစ်စင်းကို တည်ဆောက်ကြရန် ဖြစ်၏။

လှေဝမ်းထဲ၌ သီးခြားအိပ်စင်များ၊ နံရံကပ်စင်များ၊ အိမ်သာခန်း၊ မီးဖိုခန်းနှင့် စားသောက်ရန် ခေါက်စားပွဲတစ်လုံးတို့ ပါဝင်ကြမည်ဖြစ်၏။

လှေကို ပင်လယ်ခရီးသွားနိုင်လောက်အောင် ကြံ့ကြံ့ ခိုင်ခိုင် တည်ဆောက်ရန် ကျွန်တော်စိတ်ကူးထား၏။ လှေကို တည်ဆောက်ရင်း လက်သမားပညာ၏ နက်နဲပုံကို သားသမီးတို့အား ကျွန်တော်ညွှန်ပြသွားနိုင်မည်ဖြစ်၏။

ထို့အပြင် လှေပြီးစီးသောအခါတွင် ပင်လယ်ကမ်းခြေ တစ်လျှောက် အပျော်ခရီးထွက်ရန် ကျွန်တော်စိတ်ကူးထားသေး၏။

ဤစီမံကိန်းအကြောင်းကို ကလေးတို့အား ကျွန်တော်ပြောပြသောအခါ အားလုံးက စိတ်ဝင်စားကြ၏။ အမြန်တည်ဆောက်ရန်လည်း တိုက်တွန်းကြ၏။

သို့အတွက် စနေ၊ တနင်္ဂနွေ အားရက်များတွင် လှေကို တည်ဆောက်ကြ၏။ တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေးနှင့် အေးအေးလူလူပင် တည်ဆောက်ကြ၏။

ကလေးများသည် စွန့်စားခန်းတစ်ခုတွင် ပါဝင်နေကြသည့် အလား စိတ်လှုပ်ရှားနေကြ၏။ သူတို့ ကူညီဖန်တီးလိုက်ကြသည့် လှေတည်းဟူသော တန်ဖိုးကြီးပစ္စည်းတစ်ခုက တစ်စတစ်စနှင့်

http://www.dhammadownload.com



ရုပ်လုံးပေါ်လာသောအခါ သူတို့ အလွန်အမင်း ဝမ်းမြောက်ကြ၏။ ပို၍ပို၍ စိတ်လှုပ်ရှားလာကြ၏။

သုံးနှစ်ခန့်ကြာသောအခါ လှေသည် ကျွန်တော်စိတ်တိုင်းကျ စင်းလုံးချော ပြီးပါလေပြီ။

အိပ်ခန်း၊ စားသောက်ခန်း၊ အပန်းဖြေခန်းတို့နှင့်တကွ အိမ်ကလေးတစ်ဆောင်သဖွယ် ဖြစ်နေသောလှေကို 'စံအိမ်' ဟု ကျွန်တော်တို့ ကင်ပွန်းတပ်ကြ၏။

ဤလှေသည် တကယ်ပင် ကျွန်တော်တို့၏ 'စံအိမ်' ဖြစ်လာမည်ကို ကျွန်တော်တို့ မတွေးမိကြသေး။

'စံအိမ်' ကို ဝန်တင်ကားတစ်စီးနှင့်တင်၍ ပင်လယ်ကမ်းခြေသို့ ယူဆောင်သွားသောနေ့၌ ကလေးတို့က ခုန်ဆွခုန်ဆွနှင့် အလွန်မြူးပျော်နေကြ၏။

လှေကိုရေပေါ်သို့ချပြီးနောက် ကျွန်တော်တို့ အစမ်းမောင်းနှင်ကြည့်၏။ လှေ၏ ပဲ့ပိုင်းတွင် ဒီဇယ်အင်ဂျင်ငယ်တစ်လုံးတပ်ဆင်ထားရာ ထိုစက်၏ တွန်းအားဖြင့် 'စံအိမ်' သည် ပင်လယ်ပြင်ပေါ်တွင် ကြော့ကြော့မော့မော့ကလေး ပြေးလွှားနိုင်၏။

ကလေးတို့ကို တစ်ယောက်တစ်လှည့် ပဲ့ထိန်းတတ်အောင် သင်ပြပေးရာ ကလေးတို့ အလွန်ပျော်ကြ၏။

လှေတွင် အာရုံစူးစိုက်လာကြသည့်အချိန်မှစ၍ အတိတ်က ဝမ်းနည်းဖွယ်ကောင်းသောဖြစ်ရပ်သည် မှေးမှိန်ကွယ်ပျောက်သွားခဲ့၏။

ကလေးတို့၏ ပျော်ရွှင်မှုသည် ကျွန်တော်၏ ပျော်ရွှင်မှုပင် မဟုတ်ပါလော။

http://www.dhammadownload.com



## (၁၀)
## သဘာဝမိခင်၏ရင်ခွင်

'စံအိမ်'တည်းဟူသော ခိုင်ခံ့လှပသည့် လှေတစ်စင်းကို ကျွန်တော်တို့ ပိုင်ဆိုင်လာသည့်အခါ အလုပ်နားရက် ကျောင်းအားရက်များ၌ 'စံအိမ်' နှင့် အပျော်ခရီးထွက်ကြ၏။

သာယာအေးချမ်းလှသော ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် လှေကို ရွက်တိုက်၍လည်းကောင်း၊ စက်ဖွင့်၍ လည်းကောင်း ခရီးသွားရသည်မှာ အလွန်ကြည်နူးစရာကောင်း၏။ အပူအပင်သောကတို့ ငြိမ်းအေး၍ စိတ်သစ်အားသစ်တို့ လန်းလာကြ၏။

တစ်ခါတစ်ရံ 'စံအိမ်' ၌ပင် ကျွန်တော်တို့ တစ်ည နှစ်ည အိပ်စက်ကြ၏။

အားလပ်ရက်များ ကုန်လွန်မှသာ ကမ်းပေါ်ပြန်တက်ကြ၏။

'စံအိမ်'သည် ကျွန်တော်တို့၏ဘဝတွင် တစ်စတစ်စ ပိုမို၍ အရေးပါလာ၏။

သို့ရာတွင် ကျွန်တော်တို့၏ ပျော်ရွှင်မှုသည် ကြာရှည်စွာ မတည်တံ့ပါ။

ဘဝဟူသည်နှင့်ဆီမွှေ့ရာမဟုတ်သည့်အတွက် လောကဓံတရား၏ လှိုင်းဂယက်များကြောင့် မြင့်ချည်နိမ့်ချည် စုန်ချည်ဆန်ချည် အမြဲလူးလွန့်နေရမည်သာ။

အကြောအဆစ်ရောင်ရောဂါကြောင့် ကျွန်တော့်အား အနားယူရန် ဆရာဝန်များက ညွှန်ကြားကြလေပြီ။

http://www.dhammadownload.com



တစ်ယောက်တည်း၏ လုပ်စာကို မှီခိုစားသောက်နေရသော ကျွန်တော်၏ မိသားစုအား အလုပ်မလုပ်ဘဲနှင့် ကျွန်တော် မည်သို့ ကျွေးမွေးထားနိုင်အံ့နည်း။

ငွေကြေးမပြည့်စုံသည့်အခါ ကျွန်တော်၏ ရင်သွေးများသည် လောကအလယ်တွင် မျက်နှာငယ်ကြရတော့မည်။

သူကလေးတို့ မျက်နှာမငယ်ရလေအောင် ကျွန်တော် မည်သို့ လုပ်ဆောင်ရအံ့နည်း။

မိတ်ဆွေအချို့၏ တိုက်တွန်းချက်အရ လူမှုဖူလုံရေးဌာနမှ အထောက်အပံ့ရရန် ကျွန်တော်လျှောက်ထားလိုက်ပါ၏။ ကလေးတို့၏ ပညာရေးနှင့်ပတ်သက်၍ အစိုးရထံမှ အထောက်အပံ့ ရရန်အတွက်လည်း လျှောက်ထားလိုက်၏ ။

သို့သော် ထိုထောက်ပံ့ကြေးများကို ကျွန်တော်တို့ လတ်တလော မရရှိနိုင်သေး။ ရက်သတ္တ သုံးလေးပတ်ခန့် ကြာကောင်း ကြာပေလိမ့်မည်။

လောလောဆယ်တွင် အိမ်လခပေးရန်အတွက်ကိုပင် ကျွန်တော် အခက်အခဲနှင့် ရင်ဆိုင်နေရ၏ ။

ပြဿနာမျိုးစုံတို့ စုဆုံလာသောအခါ ခေါင်းခဲလာပြီး ကျွန်တော်၏ ရောဂါမှာလည်း ပိုမိုဆိုးရွားလာ၏ ။

ကြာရှည်စွာ ဆိုင်းငံ့မနေတော့ဘဲ တစ်ခုခုကို အမြန်လုပ်ရန် ကျွန်တော်ဆုံးဖြတ်လိုက်၏ ။

ညနေချိန် ကျောင်းလွှတ်၍ ကလေးများအားလုံး ပြန်ရောက်လာသောအခါ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ပြောပြလိုက်၏ ။

http://www.dhammadownload.com



"သမီးတို့ သားတို့…ပါပါပြောတာကို သေသေချာချာ နားထောင်ပြီး စဉ်းစားကြနော်၊ ပါပါရဲ့ ကျောကုန်း၊ ပခုံးနဲ့ လက်မောင်းတွေမှာ ကိုက်ခဲတဲ့ရောဂါ ရှိနေတယ်ဆိုတာ သားတို့ သမီးတို့ သိကြတယ် မဟုတ်လား"

"သိပါတယ် ပါပါ"

"အဲဒါ လွန်ခဲ့တဲ့သုံးရက်က ပါပါ့ကို ကုတဲ့ ဆရာဝန်က ပြောလိုက်တယ်၊ အကြောအဆစ်ရောင်ရောဂါတဲ့၊ ကုလို့မပျောက်တော့ဘူးတဲ့"

"ဟင်…ဟုတ်လား ပါပါ"

"ပြီးတော့ ပါပါလက်သမားအလုပ် ဆက်လုပ်နေရင် ရောဂါက ပိုဆိုးလာမယ်၊ ဒါကြောင့် အလုပ်မလုပ်ဘဲ အနားယူပါတော့တဲ့"

"ဟင်…သည်လိုဆိုရင် ကျွန်မတို့ ဘာလုပ်စားကြမလဲ"

"အဲဒါ … ခက်နေတာပေါ့ မာဂျရီရယ်၊ လူမှုဖူလုံရေးက အထောက်အပံ့ရအောင် ပါပါလျှောက်ထားပါတယ်၊ အဲသည်ငွေ ရတဲ့အခါမှာလဲ ပါပါတို့ ခါတိုင်းလို နေထိုင်စားသောက်သွားဖို့ လောက်ငမှာမဟုတ်ဘူး၊ အထူးသဖြင့် အိမ်လခပေးစရာငွေ ရှိမှာ မဟုတ်ဘူး"

စောစောက လန်းဆန်းနေခဲ့သော ကလေးတို့၏ မျက်နှာများမှာ တစ်မုဟုတ်ချင်းပင် မှိုင်ကျသွားကြ၏။

ခေတ္တမျှ ဆိတ်ငြိမ်သွားပြီးနောက် သမီးကြီး မာဂျရီက…

"အဲဒီတော့… ဘာလုပ်ဖို့ ပါပါစိတ်ကူးထားသလဲ"

"သည်အိမ်ကို အိမ်ရှင်ထံပြန်အပ်ပြီး 'စံအိမ်'နဲ့ ခရီးထွက်

http://www.dhammadownload.com



ဖို့ ပါပါစိတ်ကူးထားတယ်၊ ဟိုး မြောက်ဘက်ကို ဝေးဝေးသွားပြီး အေးချမ်းတဲ့ ကမ်းခြေစခန်းတွေမှာ တစ်လနှစ်လလောက် အနားယူချင်တယ်"

"ကျွန်မတို့ပါ လိုက်ရမှာလား ပါပါ"

စိတ်ကူးယဉ်တတ်သည့် သမီးလတ် စင်ဒီက မျက်နှာ တင့်လန်းလာပြီး မျှော်လင့်တကြီးနှင့် မေးလိုက်ပါ၏။

"သည်အိမ်ကို ပြန်အပ်လိုက်မှတော့ တစ်မိသားစုလုံး စုစုရုံးရုံး သွားကြမှာပေါ့ သမီးရဲ့"

"ဟင် ... ကောင်းလိုက်တာ၊ သိပ်ပျော်စရာကောင်းမှာပဲ"

စင်ဒီ၊ ရန်ဒီနှင့် ဂျိနာလင်းတို့က နယ်ပယ်သစ်များဆီသို့ ခရီးသွားရမည်ကို ကြားသိရ၍ မြူးကြွလာကြ၏။ လူငယ်တို့ ဓမ္မတာ စွန့်စွန့်စားစားလုပ်ကိုင်ရမည်ကို နှစ်သက်ကြသည်သာ။

မာဂျရီတစ်ဦးကမူ မရွှင်မြူးနိုင်သေး။ သူမ၏ ပညာရေးအတွက် စိတ်ပူနေရှာ၏။

"စံအိမ်နဲ့ ကမ်းရိုးတန်းတစ်လျှောက် သွားနေကြမယ်ဆိုရင် ကျွန်မတို့ ဘယ်လိုကျောင်းတက်ကြရမလဲ"

"သည်ကိစ္စကို ပါပါစဉ်းစားထားပါတယ်၊ တစ်လ နှစ်လ လောက်တော့ ကျောင်းအုပ်ဆရာကြီးထံ ခွင့်တောင်းထားရမှာပဲ၊ ငွေနည်းနည်းပါးပါး စုဆောင်းမိတဲ့အခါ သမီးတို့ ကျောင်းပြန်တက်ကြတာပေါ့"

သမီးကြီးက မကျေနပ်သေးသလို တွေနေသည့်အတွက် ကျွန်တော် ထပ်မံပြီး ရှင်းပြရ၏။

"သမီးရယ် ... ပညာဆိုတာ ကျောင်းကသင်ပေးတဲ့စာကို

http://www.dhammadownload.com



မှ ပညာခေါ်တာမဟုတ်ပါဘူး၊ ဘ၀အတွေ့အကြုံများထဲက သိရတဲ့ အကြောင်းအရာတွေလဲ ပညာပါပဲကွယ်၊ လူသူကင်းရှင်းတဲ့ ကမ်းရိုးတန်းတွေမှာ ရသမျှနဲ့ စားသောက်နေထိုင်ကြတဲ့အခါ ဘ၀အတွေ့အကြုံသစ်တွေ သမီးတို့ အများကြီး တွေ့လာရမှာ၊ ပြီးတော့ လောလောဆယ်အခြေအနေမှာ ပါပါတို့ဆီမှာ ငွေမရှိတော့ အဲသလို ခဏတစ်ဖြုတ်နေထိုင်ကြတာ အကောင်းဆုံးပဲလို့ ပါပါထင်ပါတယ်ကွယ်၊ ပါပါရဲ့ရောဂါလဲ...”

ရှင်းပြရင်းနှင့် ကျွန်တော်၏အသံတွင် ၀မ်းနည်းကြေကွဲသည့် ခံစားမှုကလေး ရောပါလာ၏။

ကလေးတို့၏ပညာရေး ခေတ္တတုံ့ဆိုင်းသွားရမည်ကို ကျွန်တော်လည်း မလိုလားပါ။

ကလေးတို့ ပညာကုံလုံ၍အလုပ်အကိုင် ကောင်းကောင်းမွန်မွန် ရရေးကို ကျွန်တော်မျှော်မှန်းထားသည်သာ။

သို့ရာတွင် လတ်တလောအခြေအနေတွင် အခြားဘာများကျွန်တော် လုပ်နိုင်သေးသနည်း။

ကျွန်တော် စဉ်းစား၍ မရပါ။

ပင်လယ်ထဲတွင် ရေတပ်မတော်သားတစ်ဦးအနေနှင့် နှစ်ရှည်လများ ကျင်လည်ခဲ့ရဖူးသော ဘ၀အတွေ့အကြုံမျိုးကို သားသမီးတို့အား ကြုံတွေ့စေလို၏။

သဘာ၀မိခင်က ထောက်ပံ့ပေးကမ်းသည့် အသီးအနှံ၊ သားငါး စသည့် အစားအစာများကို မှီ၀ဲကာ အသက်ရှင်နေနိုင်သည့် နည်းလမ်းကိုလည်း သားသမီးတို့အား မြင်သိစေလို၏။

ဘာမျှမရှိသော ‘သုည’ အခြေအနေကို ရင်ဆိုင်နိုင်သောလူ

http://www.dhammadownload.com



တစ်ယောက်သည် အခြားမည်သည့်အခြေအနေကိုမဆို ရင်ဆိုင်ဝံ့သည် မဟုတ်လော။

ဤသည်ပင် အရေးကြီးသော ပညာတစ်ရပ် မဟုတ်ပါလော။

"ပါပါပြောတာ ကောင်းပါတယ်၊ ကျွန်တော်တို့ ဘယ်တော့ သွားကြမလဲ"

လက်တွေ့ကျကျစဉ်းစားတတ်သည့် သားရန်ဒီက ကျွန်တော်၏အစီအစဉ်ကို ထောက်ခံလိုက်ပြီး လုပ်ရမည့်ကိစ္စကို မေးလိုက်၏။

"နှစ်ရက်သုံးရက်အတွင်း ခရီးထွက်ဖို့ ပါပါစိတ်ကူးထားပါတယ်၊ သမီးတို့ကော သဘောတူကြရဲ့လား"

"တူပါတယ် ပါပါ"

စင်ဒီနှင့် ဂျိန္နာတို့က သံပြိုင်ဖြေလိုက်ကြ၏။ မာဂျရီကမူ ခေါင်းအသာညိတ်၍ အဖြေပေးလိုက်၏။

"ကဲ ... ကနေ့ညကစပြီး သမီးတို့ သားတို့ ယူစရာပစ္စည်းတွေ အဝတ်အစားတွေ စာအုပ်တွေကို အသင့်ပြင်ထားကြပေတော့"

နောက်တစ်နေ့တွင် ကျောင်းဆရာကြီးထံသွားပြီး အကျိုးအကြောင်း ရှင်းပြရ၏။ ကလေးတို့၏ ကျောင်းပျက်ခွင့်ကိုသာမက ကလေးတို့၏ ပညာအဆင့်အတန်းနှင့် ပတ်သက်သော ထောက်ခံစာများကိုလည်း ကျွန်တော်တောင်းခံထားလိုက်၏။

အကြောင်းမှာ ဤမြို့ ဤကျောင်းသို့ ကလေးတို့ကို ပြန်လည်မအပ်နှံနိုင်တော့ဘဲ 'စံအိမ်'ပေါ်တွင်ပင် နေထိုင်၍ ကမ်းခြေ

http://www.dhammadownload.com



စခန်းတစ်ခုခုနှင့် နီးကပ်သော ကျောင်းတစ်ကျောင်းသို့ ကလေးများကိုအပ်နှံကာ ပညာသင်ကြားစေရမည်ကို ကျွန်တော်၏ အသိဉာဏ်တွင် သိနေသောကြောင့်ပေတည်း။

အိမ်ရှင်သည်လည်း ကျောင်းဆရာကြီးနည်းတူ ကျွန်တော့်မိသားစု၏ အခြေအနေကို သိနားလည်သဖြင့် ကျွန်တော် အိမ်ပြန်အပ်သည်ကို ကြည်ဖြူစွာပင် လက်ခံလိုက်၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့ပိုင် ပစ္စည်းပစ္စယများကို 'စံအိမ်'လှေပေါ် တင်ပြီးနောက် မြောက်ဘက်သို့ ခရီးထွက်ကြ၏။

၁၉၇၅ ခုနှစ်၊ ဧပြီလ နွေဦးပေါက်အချိန် ...။

အီကွေတာ မြောက်ဘက်ရှိ တိုင်းနိုင်ငံများ၌ ရာသီ အသာယာဆုံးအချိန် ဖြစ်၏။

ဆောင်းရာသီအတွင်းက အရွက်အဖူးမရှိ၊ ရိုးတံများနှင့် ငုံးတိတိဖြစ်ခဲ့ကြသော သစ်ပင်များသည် စိမ်းနုနု ပုရစ်ဖူးတံများနှင့် လှပဝေဆာလာကြ၏။

လိမ္မော်ပင်၊ ပန်းသီးပင်၊ သစ်တော်သီးပင်၊ ကမ္ဘလာသီးပင်၊ ချယ်ရီပင် စသော သီးနှံပင်မျိုးစုံတို့သည် အပွင့်အကင်းများဆောင်ကာ တင့်လန်းနေကြ၏။

ကျေးငှက်သာရကာတို့သည်လည်း ပျံကာ ဝဲကာ မြူးပျော်နေကြ၏။

ကျွန်တော်တို့သည် ဆိတ်ငြိမ်အေးချမ်းသော ကမ်းခြေတစ်ခု၌ 'စံအိမ်'ကို ဆိုက်ကပ်လိုက်ကြ၏။

လှေပေါ်မှဆင်းသက်ကာ သဲသောင်ပေါ်တွင် လမ်းလျှောက်

http://www.dhammadownload.com



ကြ၏။ ကလေးတို့က ခရုနှင့် ယောက်သွားများကို လိုက်ကောက်ကြ၏။ ကဏန်းကောင်ငယ်များကိုလည်း လိုက်ဖမ်းကြ၏။

ထို့နောက် ကုန်းပေါ်သို့ တက်ကာ ဖြူနီပြာဝါ ရောင်စုံပန်းများကို မိန်းကလေးများက မြူးရွှင်စွာ ဆွတ်ခူးကြ၏။

ရန်ဒီနှင့် ကျွန်တော်က သစ်သီးသစ်နှံများကို လိုက်ရှာကြ၏။

ထို့နောက် ကမ်းခြေတွင် စုဆုံကြပြီးလျှင် အသီးအနှံများကို ဝေငှစားကြ၏။ ခရုနှင့် ကဏန်းများကို ဖုတ်စားကြ၏။ ယောက်သွားများကို ပြုတ်စားကြ၏။

စားသောက်ပြီးသောအခါ နေစာလှုံသူက လှုံ၊ စာဖတ်လိုသူက ဖတ်၊ ငါးများလိုသူက ငါးမျှားနှင့် ကိုယ်ကြိုက်သလို လွတ်လွတ် လပ်လပ် နေထိုင်ကြ၏။

ဓာတ်ခဲသုံးရေဒီယိုကို ဖွင့်၍ သတင်းနှင့် သီချင်းများကိုလည်း နားထောင်ကြ၏။

ညနေပိုင်းတွင် ဖမ်းမိသောငါးများကို တပျော်တပါး ကင်စားကြ၏။

ကလေးတို့မှာ ဝမ်းမီးကောင်းသူများဖြစ်၍ ဘာကိုပဲ စားရ စားရ မြိန်ရှက်ကြ၏။ လွတ်လပ်သော ဘဝသစ်ကိုလည်း နှစ်သက်ကြ၏။

စားသောက်ပြီးကြသောအအခါ လှေကုန်းပတ်ပေါ် ထိုင်၍ အေးအေးလူလူ စကားပြောဆိုကြ၏။ မိုးချုပ်လာသည့်အခါ လှေဝမ်းထဲရှိ အိပ်စင်အသီးသီး၌ အိပ်စက်ကြရသည်မှာ လုံခြုံ အေးချမ်းလှ၏။

http://www.dhammadownload.com



နေ့အခါများတွင် ကျယ်ကျယ်ဝန်းဝန်းနေထိုင်နိုင်ကြရန် အတွက် ဖောင်တစ်ခုဖွဲ့ရန် ကျွန်တော်တို့တိုင်ပင်ကြ၏။ ကမ်းခြေ တစ်လျှောက်တွင် သောင်တင်နေကြသည့် သစ်လုံးများစွာ ရှိ၏။ အရွယ်တူသစ်လုံးများကိုစုချည်ပြီး ဖောင်တစ်ခုဖွဲ့ကြ၏။ ထိုဖောင်ပေါ်၌ တစ်ဖန် အလျား ၃၃ ပေ၊ အကျယ် ၁၂ ပေရှိသည့် အိမ်ငယ်တစ်လုံးကို ဆောက်လုပ်ကြပြန်၏။

ဒီရေမြင့်မားစွာတက်လာသောနေ့၌ သစ်လုံးဖောင်သည် ရေပေါ်သို့ ပေါ်တက်လာ၏။ ထိုနေ့မှစ၍ ဖောင်အိမ်ငယ်သည် ကျွန်တော်တို့နေထိုင်ရန် ပင်မအဆောင်တစ်ခု ဖြစ်လာတော့၏။

ကျွန်တော်တို့သည် ကမ်းခြေတစ်နေရာတွင် ရက်သတ္တ တစ်ပတ်နှစ်ပတ်စသည် နေထိုင်ပြီးလျှင် မြောက်ဘက်သို့ ပြောင်းရွှေ့ကြ၏။

ယင်းကဲ့သို့ ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်၌ ကြိုက်နှစ်သက်သည့်နေရာတွင် ကြိုက်နှစ်သက်သော အတိုင်းအတာ အထိ နေထိုင်ကြပြီးလျှင် မြောက်ဘက်သို့ တရွေ့ရွေ့ ပြောင်းရွှေ့လာခဲ့သည်မှာ နေရင်းဒေသနှင့် မိုင် ၅၀၀ ခန့်ပင် ဝေးကွာလာကြ၏။

ကနေဒါနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် လူသူအရောက်အပေါက်နည်းပြီး အစားအသောက်ပေါများသည့် ကမ်းခြေစခန်းများတွင် အချိန်ကြာမြင့်စွာ ကျွန်တော်တို့ လှည့်ပတ်နေထိုင်ကြ၏။

ထွက်လာစအချိန်က နှစ်လခန့်ဟု ရည်မှန်းခဲ့သော်လည်း ယခုမူ နှစ်နှစ်ပင် ကြာညောင်းခဲ့လေပြီ။

http://www.dhammadownload.com



ကမ်းရိုးတန်းတစ်လျှောက်တွင် အပူအပင်ကင်းမဲ့စွာ အစာရှာဖွေစားသောက်၍ ပျော်ရွှင်စွာနေထိုင်ကြသော စင်ရော်ငှက်များကဲ့သို့ လွတ်လပ်စွာ နေထိုင်ရသည့်ဘဝကို ကျွန်တော်တို့အကြိုက်ကြီးကြိုက်နေကြ၏။

အိမ်လခအတွက် မပူပန်ရ၊ လျှပ်စစ်ခတ်အားခကိုလည်း ပေးစရာမလို၊ ညှော်ခံပွဲများကို အားနာပါးနာနှင့် သွားစရာလည်း မရှိ၊ လှလှပပ ဖက်ရှင်ကျအောင် ဝတ်စားဆင်ယင်ဖို့လည်း မလိုအပ်၊ ဟိုလူ သည်လူ စသည်တို့နှင့် တွေ့ဆုံရန် ချိန်းဆိုထားခြင်းလည်း မရှိ။

အချိန်ရှိသမျှကို ကိုယ်သာပိုင်ဆိုင်၍ အိပ်ချင်အိပ်၊ ကစားချင် ကစား၊ ဗိုက်ဆာလာလျှင် အနီးအပါးတွင် ထွက်ရှာလိုက်၊ အစားအသောက် အလုံအလောက်ရသည်သာ။ တကယ်ကို ငြိမ်းချမ်း သာယာလှသည့်ဘဝပါပေ။

သောကကင်းဝေးစွာ အေးအေးလူလူ နေထိုင်ခွင့် ရသည့်အတွက် ကျွန်တော်၏ ရောဂါမှာ ထူးထူးခြားခြား သက်သာလာ၏။

ကျွန်တော် လျှောက်ထားခဲ့သော လူမှုဖူလုံရေး အထောက်အပံ့ကိုလည်း လစဉ် မှန်မှန်လက်ခံရရှိနေ၏။ ထိုငွေထဲမှ အနည်းအကျဉ်းမျှကို တကယ်လိုအပ်သော ဆေးဝါး၊ ရေနံဆီ၊ ဒီဇယ်ဆီ စသည်တို့ကို ဝယ်ခြမ်းရန် အသုံးပြုပြီးလျှင် ကျန်ငွေကို ကျွန်တော် စုဆောင်းထားခဲ့၏။

စုဆောင်းထားသည့်ငွေမှာ အတော်အတန် ရှိလာပြီဖြစ်၍ ကျွန်တော်ကာလရှည်လျားစွာ လျစ်လျူရှုထားခဲ့သည့် အရေးကြီး

http://www.dhammadownload.com



သော ကိစ္စအချို့ကို လုပ်ဆောင်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

ကလေးတို့၏ ပညာရေးကို ပြန်ဆက်ပေးရမည်။ စင်ဒီ၏ သွားများ မညီမညာဖြစ်နေသည်ကို အမြန်ဆုံးပြုပြင်ပေးရမည်။ ရန်ဒီနှင့် ဂျိနာတို့၏ သွားများကိုလည်း ပြုပြင်ပေးရမည်။

ဤကိစ္စများကိုဆောင်ရွက်ရန် ကလေးတို့နှင့် တိုင်ပင်၏။ မာဂျရီမှလွဲ၍ ကျန်အငယ်သုံးယောက်တို့က ကျောင်းပြန်မတက်ချင်ကြသေး။ ကမ်းခြေများ၌ပင် ပျော်ပျော်ပါးပါး ဆက်လက်နေထိုင်လိုကြ၏။

"မဖြစ်ဘူး ... သားနဲ့ သမီးတို့၊ ယဉ်ကျေးမှုအစဉ်အလာကို အမြဲဖီလာလုပ်လို့ မရဘူး၊ တစ်နေ့နေ့မှာ ယဉ်ကျေးတဲ့ လူ့အသိုက်အဝန်းထဲကို ပြန်ဝင်ကြရမှာပဲ၊ ခေတ်ပညာကလေး တတ်ထားရင် လူကြားထဲ ပြန်ဝင်တဲ့အခါ သားတို့ သမီးတို့ မျက်နှာမငယ်ရဘူးပေါ့"

"ဟင်း ... ဘယ်လူကြားထဲကိုမှ မဝင်ချင်ပါဘူး၊ အခုလို မောင်နှမများနဲ့ ပါပါနဲ့အတူတူနေရတာ ဘယ်လောက် ပျော်စရာကောင်းလဲလို့"

ဘယ်လိုပဲ နေရနေရ ပျော်ပျော်နေတတ်သည့် စင်ဒီက သူမ၏ ဆန္ဒကို တင်ပြလိုက်၏။

"ဟုတ်ပါတယ် ပါပါ၊ ကျွန်တော်တို့တစ်သက်လုံး အခုလို အေးအေးလူလူ နေထိုင်သွားလို့ ရတာပဲ၊ စားစရာ နေစရာအတွက် ဘာမှပူစရာမရှိတာ"

http://www.dhammadownload.com



သားနှင့် သမီးတို့က ငယ်ကြပါသေးသည်။ လောကအ ကြောင်းကို ကောင်းကောင်းမသိကြသေး။

ဤသား ဤသမီးများနှင့် ဤဖခင်တို့သည် အမြဲတစေ စုစု ရုံးရုံး နေချင်ပါသော်လည်း နေလို့မရ။ တစ်နေ့ကျလျှင် ကိုယ့် လမ်းနှင့် ကိုယ် သီးခြားစီ ခရီးသွားကြရပေလိမ့်မည်။

ယခုပင်လျှင် သမီးကြီးနှစ်ယောက်မှာ အပျိုပေါက်ကလေး များ ဖြစ်နေကြပေပြီ။

"သားတို့ သမီးတို့ဆန္ဒလဲ ပြည့်ရလေအောင် ပညာလဲ တတ်ရအောင် ပါပါတို့ သည်လိုလုပ်ကြရင် မကောင်းဘူးလား၊ မြို့နဲ့နီးတဲ့ ကမ်းခြေတစ်ခုခုမှာ 'စံအိမ်'လေ့ပေါ်မှာပဲ ပါပါတို့ နေထိုင်ကြမယ်၊ 'စံအိမ်'ကနေ သားတို့ သမီးတို့ ကျောင်းတက် ကြတာပေါ့၊ ကျောင်းတက်တာက ကိုယ့်နိုင်ငံကိုပြန်ပြီး ကျောင်း တက်မှ အစိုးရထံက အထောက်အပံ့ရမယ်၊ ဒါကြောင့် ပါပါတို့ ကယ်လီဖိုးနီးယားပြည်နယ်ဘက်ကို စုန်ဆင်းသွားကြရင် မကောင်းဘူးလား"

ကျွန်တော် စိတ်ကူးကြံစည်ထားသည့် အစီအစဉ်အတိုင်း အကွက်ဝင်လာအောင် ကျွန်တော်တင်ပြလိုက်၏။

သားသမီးတို့က အစီအစဉ်၏ ပထမတစ်ပိုင်းကိုသာ သဘောတူကြ၏။

"ဟင့်အင်း ပါပါ၊ သွားမယ့်သွားရင် မြောက်ဘက်ကိုပဲ ဆက်သွားချင်တယ်၊ အလတ်စကားဘက် သွားရင် မကောင်း ဘူးလား၊ အလတ်စကားလဲ အမေရိကန်ပြည်ထောင်စုရဲ့ ပြည် နယ် တစ်ခုပဲဟာ"

http://www.dhammadownload.com



"ဟုတ်တယ်ပါပါ ...အလတ်စကားကို သွားကြရအောင်"

"အလတ်စကားကို ကျောင်းစာထဲမှာတင် မြင်ဖူးဖတ်ဖူးတာ၊ တကယ်ရောက်သွားရင် သိပ်ပျော်စရာကောင်းမှာနော်"

စင်ဒီ၊ ရန်ဒီနှင့် ဂျီနာတို့က အလတ်စကားသို့ သွားရန် တိုက်တွန်းကြ၏။

"သားနဲ့ သမီးတို့ ...အလတ်စကားပြည်နယ်ကို ရောက်ဖို့က မြောက်ဘက်ကို နောက်ထပ်မိုင် ၅၀၀ သွားကြရမှာ၊ အဲသည်မှာက ရာသီဥတုက သိပ်ချမ်း သိပ်ကြမ်းတာ၊ ပြည်နယ်ကလဲ ပြည်နယ်သစ်မို့ အခုမှ ပြုပြင်ထူထောင်နေဆဲ ရှိသေးတာ၊ မြေရိုင်း နယ်ရိုင်းသာသာပဲ ရှိသေးတာ"

အမှန်မှာ ချမ်းအေးသောရာသီသည် ကျွန်တော်၏ အကြောအဆစ်ရောင်ရောဂါနှင့် သင့်မြတ်မည်မဟုတ်ပါ။ ကယ်လီဖိုးနီးယား၏ ပူနွေးသောရာသီကသာ ပို၍သင့်မြတ်မည်ဖြစ်၏။

သို့ရာတွင် ကျွန်တော်၏ ရောဂါကြောင့် သားသမီးတို့၏ ပျော်ရွှင်မှုကို မပျက်ပြားစေလိုပါ။ အလတ်စကားတွင် ကြုံတွေ့ရမည့် ခက်ခဲဆင်းရဲသည့် အခြေအနေများကိုသာ သားသမီးတို့အား အသိပေးရပေတော့မည်။

"အဲသလို မြေရိုင်း နယ်ရိုင်းကိုပဲ တွေ့ချင်တယ်၊ တစ်နေ့ကျရင် ကျွန်တော်တို့လဲ ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နိုင်တာပေါ့"

ရန်ဒီသည် မည်သည့်အခက်အခဲနှင့် ရင်ဆိုင်ရ ဆိုင်ရ၊ အမြဲအသင့်ဖြစ်နေမည့် လူငယ်တစ်ဦးပါပေ။

"အလတ်စကားမှာ စာသင်ကျောင်းတွေ ရှိရဲ့လားပါပါ"

http://www.dhammadownload.com



မာဂျရီကပါ စိတ်ဝင်စားဟန်ဖြင့် မေးလာ၏။

"ရှိပါတယ်၊ ကရေးအစ်၊ ကလောဝေါ့ (Craig, Clawock) စတဲ့ မြို့ကလေးများမှာ ကျောင်းတွေရှိပါတယ်၊ အဲသည်မြို့ကလေးနှစ်မြို့မှာ ပါပါ့အသိအကျွမ်းတွေလဲ ရှိပါတယ်"

"သည်လိုဆိုရင် အဲသည်ကို သွားကြရအောင်လား ပါပါ"

သမီးကြီးကအစ သမီးငယ်အဆုံး ဝိုင်းဝန်းတောင်းဆိုနေကြသည်ကို 'ငါ အသိဆုံး' ဟူသော ဖခင်၏ မာန်မာနဖြင့် တစ်ချက်လွှတ် အမိန့်ထုတ်၍ မငြင်းပယ်လိုတော့ပါ။

သားသမီးတို့၏ ဆန္ဒအတိုင်းသာ ဖြစ်ပါစေတော့။

(၁၁)

## အလတ်စကားသို့

နယ်မြေသစ်သို့ သွားရောက်ကြရမည်ဖြစ်၍ ကလေးများ ပျော်မြူးနေကြ၏။

ဒီဇယ်အင်ဂျင်စက်ငယ် တပ်ဆင်ထားသော 'စံအိမ်' လှေသည် 'ဖောင်အိမ်' ကို ဆွဲလျက် မြောက်ဘက်သို့ ဦးတည်၍ ခုတ်မောင်းနေ၏။ ရွက်များပါ လွှင့်ထူထားသည့်အတွက် လှေ၏ အသွားနှုန်းမှာ အတော်လျင်မြန်၏။

၂၁ ရက်ကြာခရီးနှင်ပြီးသောအခါ အလတ်စကားပြည်နယ်၏ အရှေ့တောင်ပိုင်း၌ရှိသည့် ကရေးအစ်မြို့ကလေးသို့ ရောက်လာကြ၏။

ထိုမြို့၏ ကမ်းခြေတစ်နေရာ၌ 'စံအိမ်' နှင့် 'ဖောင်အိမ်' တို့ကို နေရာချထားပြီးလျှင် ကလေးများကို ကျောင်းအပ်ရန် စီစဉ်ရ၏။

http://www.dhammadownload.com



ပြည်နယ်သစ်ရှိလူများသည် အလွန်ဖော်ရွေကြ၏။ လူသစ်များကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြ၏။ လိုအပ်သည့် အကူအညီများကိုလည်း ကြည်ကြည်ဖြူဖြူပေးကမ်းကြ၏။

မကြာမီပင် ကလေးများ ကျောင်းပြန်တက်နိုင်ကြပါပြီ။ မာဂျရီနှင့် စင်ဒီတို့သည် ကရေးအစ်မြို့၏ တန်းမြင့်ကျောင်းကို တက်ရောက်ကြ၏။ ရန်ဒီနှင့် ဂျိန်နာတို့က အနည်းငယ် မြောက်ဘက် ကျသည့် ကလောဝေါ့မြို့၏ မူလဆင့်ကျောင်းသို့သွား၍ ပညာဆည်းပူးကြ၏။

ကျောင်းကိစ္စအခြေကျပြီးသည်နှင့်တစ်ပြိုင်နက် ကလေးတို့၏ သွားပြုပြင်ရေးကိစ္စကို ဆောင်ရွက်ရန် ကျွန်တော်စုံစမ်းရ၏။

အနီးဆုံးသွားဆရာဝန်သည် မိုင် ၃၀၀ ခန့်ဝေးသော တဲရေ့မြို့ (Terrace) ၌ နေထိုင်ကြောင်း သိရ၏။ ထိုမြို့သို့ သွားရန်အတွက် ပထမ မိုင် ၁၈၀ မျှကျယ်သော မြောက်အမေရိကတိုက်၏ အကြမ်းဆုံးပင်လယ်ပြင်ကို ဖြတ်သန်းရ၏။ ထိုအခါ ကနေဒါနိုင်ငံ၏ အနောက်ဘက်ကမ်းခြေ၌ရှိသော ရူးပတ်မင်းသားမြို့ (Prince Rupert) သို့ ရောက်၏။ ထိုမှတစ်ဖန် ကုန်းလမ်းခရီးဖြင့် ၉၆ မိုင်ဝေးသော တဲရေ့မြို့သို့ မော်တော်ကားဖြင့် သွားရမည်ဖြစ်၏။

ထို့နောက်တစ်ဖန် အပြန်ခရီးအတွက် လာခဲ့သော လမ်းအတိုင်းပင် ပြန်လည်ခရီးနှင်ရမည်ဖြစ်၏။


'စံအိမ်'လှေသည် အလွန်ခိုင်ခံ့၍ အားထားရသည့် လှေတစ်စင်းဖြစ်ပါသော်လည်း ပင်လယ်ခရီးကြမ်းသွားရန်အတွက်မူ စံချိန်မမီသည့် လှေငယ်တစ်စင်းမျှသာ ဖြစ်၏။

http://www.dhammadownload.com



သို့စေကာမူ အရေးတကြီးပြုပြင်ပေးရန် လိုနေသောကလေးတို့၏သွားများကိုအချိန်မီပြုပြင်ပေးရေးအတွက် အခြားရွေးချယ်စရာ နည်းလမ်းမရှိပေ။


ဘေးအန္တရာယ် ပြွမ်းတီးနေသော ဤတစ်ကြောင်းတည်းသော ခရီးကိုပင် ရွေးချယ်ရမည်ဖြစ်၏။






http://www.dhammadownload.com






ကလေးများနှင့် တိုင်ပင်သောအခါကလေးတို့က လှိုင်းတံပိုးများ၊ ငါးမန်းကြီးများ ကာဆီး နေစေကာမူ ဖြတ်သန်း သွားလိုကြသည် ဆို၏။

သို့အတွက် သွားဆရာဝန်ထံသို့သွားရန် အစီအစဉ်များကို တစ်ဖန်ပြုလုပ်ရ၏။

မာဂျရီတစ်ဦးမှာ သွားပြုပြင်စရာမလိုသဖြင့် ကျွန်တော်နှင့်လိုက်ရန်မလို။သူမအား ကလောဝေါ့မြို့ရှိမိတ်ဆွေတစ်ဦး၏နေအိမ်၌အပ်နှံထားလိုက်၏။မာဂျရီသည် ဘတ်စ်ကားဖြင့် ကရေးအစ်မြို့သို့ သွား၍ ကျောင်းတက်နိုင်မည်ဖြစ်၏။

'စံအိမ်' နှင့်'ဖောင်အိမ်'တို့ကို ရှုးပတ်မင်းသားမြို့ နှင့် အနည်းငယ်ပိုနီးကပ်သော ရဖျူဂီယိုဆိပ်(Port Refugio)သို့ ရွှေ့ပြောင်းလိုက်၏။

ထိုဆိပ်မှတစ်ဆင့် ရာသီဥတုသာယာသည်နှင့် တစ်ပြိုင်နက် သွားဆရာဝန်ဆီသို့သွားကြမည်ဖြစ်၏။

ထိုအခါ 'စံအိမ်' သည် ဒစ်ဆင်အဝင်ဝ (Dixon En-

http://www.dhammadownload.com



trance) ဟု အမည်ရသော မြောက်အမေရိကတိုက်၏ အကြမ်းဆုံး ပင်လယ်ပြင်ကို ဖြတ်သန်းရပေမည်။

'စံအိမ်'သည် အလတ်စကားသို့ လာစဉ်အခါက ဤရေပြင်ကြမ်းကို တစ်ကြိမ်ဖြတ်သန်းခဲ့ပြီးဖြစ်၏။ နောက်တစ်ကြိမ် မဖြတ်သန်းနိုင်စရာအကြောင်းမရှိပါ။

သို့သော် ရာသီဥတုက အမြဲသာယာနေပါမည်လား။

ခြသေ့်မင်းရှေ့မှ ဖြတ်သန်းသွားသော ကြွက်ငယ်သည် ပထမတစ်ကြိမ်တွင် အသက်ဘေးမှ လွတ်မြောက်ကောင်း လွတ်မြောက်နိုင်ပါ၏။ တစ်ခေါက်ပြီးတစ်ခေါက် အခေါက်ပေါင်းများလာသောအခါ၌ကား အသက်ဘေးမှ လွတ်မြောက်နိုင်အံ့လော။

ဒစ်ဆင်အဝင်ဝသည် ကျွန်တော်တို့၏ လှေငယ်ကို တစ်နေ့နေ့တွင် ခုန်အုပ်လိမ့်မည်ဟူ၍ ကျွန်တော်လုံးဝမတွေးမိ။

အမှန်မှာ လူသားသည် မိမိ၏စွမ်းရည်ကိုပိုတွက်၍ သဘာဝ၏ စွမ်းအားကို လျှော့မတွက်ကောင်း။

သဘာဝမိခင်၏ သဘောသဘာဝကို အလေးဂရုမပြုမိကြသော လူများစွာတို့သည် အသက်ဆုံးရှုံးခဲ့ကြရပြီ မဟုတ်လော။

လူသားသည် မည်သို့သောအခါမှ ဤအရေးကြီးသောသင်ခန်းစာကို တတ်သိနားလည်ကြလေမည်နည်း။

http://www.dhammadownload.com



## (၁၂)
## သွားဆရာဝန်သို့

ရဖျူဂိယိုဆိပ်မှ သွားဆရာဝန်ထံသို့ ရေတစ်တန် ကုန်း တစ်တန် သွားရသောခရီးသည် နှစ်ရက် သို့မဟုတ် သုံးရက်ကြာ လေ့ရှိ၏။ အပြန်ခရီးသည်လည်း ထိုနည်းအတူပင်။

စင်ဒီ၊ ရန်ဒီ၊ ဂျိနာလင်းနှင့် ကျွန်တော်တို့သည် ရက်သတ္တ တစ်ပတ်စာ သောက်ရေနှင့် အစားအစာများကို ယူဆောင်ပြီးလျှင် 'စံအိမ်' နှင့် ထွက်လာကြ၏။

မြောက်လေသည် တသွင်သွင်ဆော်သွေးနေ၏။ လှိုင်းလုံး ကြီးများသည် တလိမ့်လိမ့်ပြေးနေကြ၏။

စက်အကုန်ဖွင့်၍ ရွက်ပါထူလွှင့်ထားသော 'စံအိမ်' သည် လှိုင်းလုံးများကို ကျော်လွှား၍ တငြိမ့်ငြိမ့်ပြေးနေ၏။

လှိုင်းလုံးကြီးများကိုခုန်ကျော်သွားသည့်အခါများ၌ 'စံအိမ်' သည် လေထဲဝဲပျံသွားသည်ဟုပင် ထင်ရ၏။ လှိုင်းလုံးများနှင့် ရိုက်ခတ်မိသည့်အခါများ၌လည်း ဝုန်းခနဲ သိမ့်ခနဲ လူးလွန့်သွား သဖြင့် အသည်းယားဖွယ်ရာပင် ဖြစ်၏။

ကလေးများမှာ ပျော်ရွှင်နေကြ၏။ စက်လှေကို သူတို့ပင် ပဲ့ထိန်းကြ၏။ ကျွန်တော်က အင်ဂျင်စက်ကို ဂရုစိုက်ပြီး လှေသွား လမ်းကို မှတ်တမ်းရေးရ၏။

တစ်နေ့လုံး တစ်ညလုံး မနားတမ်းခရီးနှင်ကြရသဖြင့် ကလေးသုံးယောက်တို့သည် တစ်ယောက်လျှင် တစ်နာရီကျ ပဲ့ထိန်းပြီးနောက် နှစ်နာရီအိပ်စက်နားနေကြ၏။

ရှုးပတ်မင်းသားမြို့သို့ ရောက်သောအခါ ကားတစ်စီးငှား၍

http://www.dhammadownload.com



တဲရေ့မြို့သို့ ကျွန်တော်မောင်းနှင်သွား၏။ သွားဆရာဝန်က ကလေးတို့၏သွားများကို ပြုပြင်ပေး၏။ နောက်တစ်ကြိမ် လာရမည့်ရက်ကိုလည်း ကျွန်တော်တို့နှင့်တိုင်ပင်ပြီး သတ်မှတ်ပေး၏။

ထို့နောက် ရှုးပတ်မင်းသားမြို့သို့ပြန်လာပြီးလျှင် လိုအပ်သည်များကို ဖြည့်တင်းဝယ်ခြမ်းကြပြီးနောက် 'စံအိမ်'နှင့် တစ်ဖန် ဒစ်ဆင်အဝင်ဝကို ဖြတ်သန်းကြရပြန်၏။

ရှုးပတ်မင်းသားမြို့သည် ကနေဒါနိုင်ငံ၏ ဆိပ်ကမ်းမြို့တစ်ခုဖြစ်ပြီး ထိုမြို့တွင် အကောက်ခွန်ရုံးနှင့် တွဲဖက်လျက် လူဝင်မှုကြီးကြပ်ရေးရုံး ရှိ၏။ အမေရိကန်နိုင်ငံသားများသည် ရှုးပတ်မင်းသားမြို့မှတစ်ဆင့် ကနေဒါနိုင်ငံသို့ဝင်ရောက်သောအခါ ထိုအကောက်ခွန်ရုံးတွင် သတင်းပို့ကြရ၏။ ပြန်လည်ထွက်ခွာသည့်အခါ၌လည်း တစ်ဖန်အကြောင်းကြားကြရ၏။ ထိုသို့ဝင်ရောက်အကြောင်းကြားသည့်အခါ နောက်ဆုံး မိုးလေဝသ အခြေအနေများကို စုံစမ်းနိုင်၏။

ရှုးပတ်မင်းသားမြို့မှထွက်ခွာ၍ သုံးရက်မြောက်သောနေ့တွင် ရဖျူုဂိယိုဆိပ်သို့ ချောမောစွာ ရောက်ကြ၏။

ထို့နောက် စင်ဒီ၊ ရန်ဒီနှင့် ဂျိနာလင်းတို့ ကျောင်းပြန်တက်ကြ၏။ အခွင့်သာသောနေ့တွင် သမီးကြီး မာဂျရီကို ကျွန်တော်သွားရောက်တွေ့ဆုံ၏။

မာဂျရီသည် စာကြိုးစားနေရှာ၏။ ကျွန်တော်တို့နှင့်အတူ လာရောက်နေထိုင်လိုပါသော်လည်း မကြာမီ သွားဆရာဝန်ဆီ ကျွန်တော်တို့ သွားကြရဦးမည်ဖြစ်၍ မလာရောက်နိုင်ပါ။

တစ်လကြာသောအခါ သွားဆရာဝန်ထံသို့ ကျွန်တော်တို့

http://www.dhammadownload.com



တစ်ခေါက်ရောက်ကြပြန်၏။ ဤတစ်ခေါက်သည်လည်း ချော ချော မောမောပင်။

သို့ရာတွင် သွားပြုပြင်ရေးကိစ္စမှာ ဤနှစ်ခေါက်မျှနှင့်မပြီး သေးပါ။ နုတ်သင့်သည့်သွားများကို နုတ်၊ ဖာထေးသင့်သည့် သွားများကို ဖာထေးပြီးနောက် သွားများညီညာရန် သတ္တုအကွပ် နှင့် ထိန်းထားရ၏။ ထိုသတ္တုအထိန်းအကွပ်ကို မကြာမကြာ စစ်ဆေးပေးရ၏၊ ညှိနှိုင်းချိန်ဆပေးရ၏။

သို့အတွက် တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ် လိုအပ်သလို သွားဆရာဝန်ထံ ထပ်မံ၍သွားကြရ၏။ တစ်နှစ်ခန့်ကြာသော အခါ ကလေးတို့၏ သွားအခြေအနေမှာ အတော်ပင် ကောင်း လာကြ၏။

သို့ပါသော်လည်း သွားများကို ထိန်းကွပ်ထားပေးသည့် သတ္တုအကွပ်များကို ချိန်ဆရန်နှင့် နောက်ဆုံးထုတ်ပယ်ရန်တို့ အတွက် နှစ်ခေါက်သုံးခေါက်လောက် ထပ်မံသွားရပေဦးမည်။

ဩော်…လူ့ခန္ဓာကိုယ်သည် အမြဲတစေ ပြုပြင်ထိန်းသိမ်း ပေးရန် လိုအပ်ပါပကော။

## (၁၃)
## မှန်တိုင်းငယ်ထန်

ဆောင်းရာသီရောက်လေလျှင် ရေခဲတမျှချမ်းအေးလှသော မြောက်လေသည် ကြမ်းကြမ်းရမ်းရမ်း တိုက်ခတ်လာ၏။

ကျွန်တော်တို့သားအဖလေးယောက်တို့သည် တစ်ပတ်စာ ရိက္ခာများနှင့်တကွ အနွေးထည်ထူထူများကို ယူဆောင်၍ သွား ဆရာဝန်ဆီ သွားရန် 'စံအိမ်' နှင့် ထွက်လာကြ၏။

http://www.dhammadownload.com



ရှုးပတ်မင်းသားမြို့သို့ ရောက်သောအခါ 'စံအိမ်'ကို ဆိပ်ကမ်း၌ အပ်နှံထားပြီးလျှင် ကားတစ်စီးဖြင့် တဲရေ့မြို့သို့ ဆက်သွားကြ၏။

သွားဆရာဝန်သည် ကလေးတို့၏ သွားအထိန်းအကွပ်များကို ဂရုတစိုက်ချိန်ဆပေး၏။ ထို့နောက် ပျူပျူငှာငှာ နှုတ်ဆက်ရင်း...

"ငါ့တူ ငါ့တူမတွေ ... သွားတွေလှလာကြပြီကွယ်၊ နောက်တစ်ကြိမ် လာတဲ့အခါ အကွပ်တွေဖြုတ်ပြီး အပြီးသတ် လုပ်ပေးနိုင်တော့မယ်၊ ဆောင်းဝင်လာပြီမို့ လမ်းခရီးမှာ သတိထားပြီး သွားကြဦးနော်"

"ဟုတ်ကဲ့ ခင်ဗျား၊ ကျေးဇူးတင်ပါတယ်"

"ကဲ ... ဒေါက်တာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကျွန်တော်တို့သည် သွားဆရာဝန်ကို နှုတ်ဆက်ပြီး ရှုးပတ်မင်းသားမြို့သို့ ထွက်ခွာလာကြ၏။ ထိုမြို့၌ တစ်လစာ စားသောက်ရန် ရိက္ခာများကို ဝယ်ခြမ်းပြီးနောက် ပစ္စည်းများကို 'စံအိမ်'ပေါ်သို့ တင်ကြ၏။

'စံအိမ်'သည် ဒစ်ဆင်အဝင်ဝ ခေါ် နာမည်ကျော် ပင်လယ်ကြမ်းကို ကူးဖြတ်ရန် အသင့်ဖြစ်နေလေပြီ။

အားလုံး ချောမောပြေပြစ်လျက်ရှိ၏။

ရာသီသည်လည်း လင်းလင်းချင်းချင်းနှင့် သာမောလျက်။

၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်။

အချိန်ကား ညနေစောင်း လေးနာရီ။

http://www.dhammadownload.com



ရန်ဒီသည် 'စံအိမ်'၏ အင်ဂျင်စက်ကို နှိုး၏။ ကျွန်တော်က 'စံအိမ်'ကို ချည်ဆွဲထားသည့်ကြိုးကို ဖြေ၏။

'စံအိမ်'သည် ကမ်းမှ ခွာလေပြီ။

"ပါပါ...အကောက်ခွန်အရာရှိရုံးကို ရောက်ခဲ့သေးလား"

ခရီးသွားရာတွင် သတိကောင်းလှသော ရန်ဒီက မေးလိုက်၏။

"ဟင့်အင်း...မရောက်လိုက်ဘူးကွယ်၊ တို့မြို့ထဲဝင်တုန်းက သွားဆရာဝန်ဆီသွားဖို့ လောနေတာနဲ့ အကောက်ခွန်ရုံးကို ပါပါ အကြောင်းမကြားလိုက်မိဘူး၊ ထွက်ခွာတဲ့အခါ ကျမှ သူတို့ကို အကြောင်းကြားရင် ရှုပ်ထွေးကုန်မှာစိုးလို့ ပါပါ ဝင်မပြောတော့ဘူး"

ထိုနေ့က အကောက်ခွန်ရုံးကို အကြောင်းမကြားမိသည်မှာ အရေးမကြီးလှဟု ကျွန်တော် ပေါ့ပေါ့ဆဆပင် တွေးထင်လိုက်၏။ များမကြာမီပင် ဤပေါ့ဆမှုသည် ကျွန်တော်၏ မဟာအမှားတစ်ခုဖြစ်ကြောင်း ကျွန်တော်သိလာရပေတော့မည်။

ရှစ်ခွင်တိုင်းကို မျှော်ကြည့်လိုက်သည့်အခါ မြူတိမ်များ ကင်းစင်လျက်။ နေမင်းကလည်း နောက်ဆုံးခွန်အားဖြင့် ထွန်းတောက်လျက်ရှိရာ အဝေးကြီးသို့ပင် လှမ်းမျှော်၍ မြင်နိုင်၏။

ကျွန်တော်တို့ ဦးတည်သွားကြရမည့် မြောက်အရပ်နှင့် အနောက်အရပ်တို့ဘက်၌လည်း မြူတိမ်များ ကင်းစင်နေကြသဖြင့် မုန်တိုင်းဆင်လာနိုင်သည့် အရိပ်အယောင်ကို မြူခြေမျှပင် မမြင်ရ။

http://www.dhammadownload.com



အရှေ့လေက တဖြူးဖြူးဆော်သွေးနေ၏။

ကျွန်တော်တို့သည် အခွင့်ကောင်းကို ယူကာ အကြီးဆုံး ရွက်ကို လွှင့်ထားကြ၏။

'စံ အိမ်' သည် တ ငြိမ့် ငြိမ့် ပြေး လွှား လျက် 'ချက် သမ် ဆောင်း' (Chatham Sound)ခေါ် ရေလက်ကြားကိုဖြတ်ကျော် လိုက်၏။

ထို့နောက် ဒစ်ဆင်အဝင်ဝ ခေါ် ပစိဖိတ်သမုဒ္ဒရာရေပြင် တွင်းသို့ ဝင်ရောက်လာ၏။

သူရိယနေဝန်းသည် ဂေါ်ယာကျွန်းပေါ် မေးတင်၍ ကျွန် တော်၏ မိသားစုအား နှုတ်ဆက်နေ၏။

နေဝန်းကွယ်၍ အမှောင်သန်းလာလေပြီ။

ကောင်းကင်ပြာတွင် ကြယ်တာရာများသည် မှိတ်ချည် လင်းချည် ပေါ်ထွန်းလာကြ၏။

ကြယ်တာရာတို့၏ အလင်းပျော့ပျော့သည် သမုဒ္ဒရာပြင် ထက်ဝယ် ရောင်ပြန်ဟပ်နေ၏။

ကောင်းကင်ပြာပြာ ရေပြာပြာနှင့် အလင်းမှိန်မှိန်တွင် ကျွန် တော်တို့သည် အားမာန်အပြည့်နှင့် ခရီးသွားနေကြ၏။

အနည်းဆုံး နှစ်ရက်လုံးလုံး နေ့ရောညပါ မနားတမ်း ခရီး နှင်ကြရဦးမည်ဖြစ်၏။

ကလေးသုံးယောက်တို့သည် မိမိတို့ဘာသာ တာဝန်ခွဲဝေ ၍ တစ်ယောက်တစ်လှည့်စီ လှေပဲ့ကို ထိန်းကြ၏။

ရန်ဒီသည် ကျွန်တော်၏ အားအကိုးရဆုံးသော လှေတော် သား ဖြစ်၏။ အသက် ၁၅ နှစ်သာ ရှိသေးသော်လည်း သန်မာ

http://www.dhammadownload.com



ထွားကျိုင်း၏။ အမြော်အမြင်နှင့် သတိကောင်းသူဖြစ်၏။ သူ၏ ဆုံးဖြတ်ချက်ကို ကျွန်တော်အားထားရ၏။ အမှောင်ဆုံးညများ ၌ပင် ရန်ဒီသည် ရေပြင်နှင့် လှေဝမ်းတို့၏ တိုးထိခြင်းကို အာရုံ ပြုလျက် လှေ၏ဦးတည်ချက် မလွဲမှားအောင် ပဲ့ထိန်းနိုင်သူ ဖြစ်၏။

စင်ဒီသည် ၁၆ နှစ်သမီး၊ ဖြူဖြူတုတ်တုတ်၊ ဝဝဖြိုးဖြိုး၊ မျက်လုံးပြာကြီးများနှင့် ချစ်စရာကောင်းသူ အပျိုဖြန်းကလေး။ စိတ်ကူးယဉ်သူဖြစ်၍ မျက်ပြာဝန်းကြီးများမှာ အရည်ရွှန်းလဲ့နေ လေ့ရှိ၏။ လှေပဲ့ကို ထိန်းရန် စင်ဒီအလှည့်ကျသောအခါ များတွင် လှေ၏ဦးတည်ချက်သည် သူမ၏စိတ်ကူးစိတ်သန်းများနည်းတူ ကွေ့ကွေ့ကောက်ကောက် သွားလေ့ရှိ၏။

ဂျိနာလင်းက ၁၂ နှစ်သမီးသာ ရှိသေး၏။ သို့သော်တာဝန် ယူဝံ့သူ ဖြစ်၏။ သူမ၏အစ်ကို အစ်မများကဲ့သို့ပင် လှေပဲ့ကို နိုင် နိုင် နင်းနင်း ထိန်းနိုင်သူဖြစ်၏။

ညဉ့်သည် တဖြည်းဖြည်း ပို၍နက်ရှိုင်းလာ၏။

လှေ၏အပြေးနှုန်းသည် တစ်စတစ်စ ပိုလျင်မြန်လာ၏။ လှိုင်းလုံးများကို ခုန်ကျော်နေရသည့်အတွက် လှေ၏ နိမ့်ချည် မြင့်ချည် ရွေ့လျားနေသော အတိုင်းအတာပမာဏသည်လည်း ပိုမိုကြီးထွားလာ၏။

လှေ၏အပြေးနှုန်း လျင်မြန်လာခြင်းမှာ လေတိုက်နှုန်း မြန် လာသောကြောင့် ဖြစ်သည်ကို ကျွန်တော်မရိပ်မိသေး။ ကုန်းမြေ နှင့် ဝေးကွာသည့်အတွက် လှေ၏အပြေးနှုန်းမြန်လာခြင်းသာ ဖြစ်သည်ဟု ကျွန်တော်တွေးထင်မိ၏။

http://www.dhammadownload.com



လှေပဲ့ကို တာဝန်ယူ၍ ထိန်းကွပ်နေသူမှာ ဂျိနာလင်း။

လေရော လှိုင်းပါ ကြီးထွားလာကြသည့်အတွက် လှေ၏ပဲ့ကို ကြိုးစားပြီးထိန်းသော်လည်း ဘယ်လိုမှ ထိန်းမရတော့။

ထို့ကြောင့် သူမအကူအညီအော်တောင်းလိုက်၏။

"ရန်ဒီ ... ရန်ဒီ၊ မြန်မြန်လာ ... မြန်မြန်လာ၊ ပဲ့လာထိန်းပါ၊ ပဲ့ကို ကျွန်မထိန်းလို့မရတော့ဘူး"

ဂျိနာအော်ပြောလိုက်သည့်အသံကို ကျွန်တော်ကြားရသောအခါ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

ရန်ဒီနှင့် ကျွန်တော်တို့သည် ပဲ့ပိုင်းသို့ပြိုင်တူပြေးတက်သွားကြ၏။

ပင်လယ်ရေပြင်သည် ဘီလူးသဘက်စီးနေသည့်အလား ပွက်လောရိုက်နေ၏။

လှိုင်းလုံးများသည် ဆင်ကြီးပမာ မို့မောက်ကြွတက်လာကြပြီးလျှင် မာန်ဖီ၍ တစ်ဟုန်ထိုးပြေးလွှားနေကြ၏။ လှေနှင့် လှိုင်းလုံးများ ရိုက်မိသောအသံမှာ မိုးခြိမ်းသံပမာ တဝုန်းဝုန်းမြည်ဟည်းနေ၏။

လှိုင်းလုံးများပေါ်တွင် ပြေးလွှားနေရသော 'စံအိမ်' သည် ဒုန်းစိုင်းနေသော မြင်းတစ်စီးကဲ့သို့ နိမ့်ချည်မြင့်ချည် ရှေ့တိုးနောက်ငင် လှုပ်ရှားနေ၏။

တိုက်ခတ်နေသောလေသည် အလွန်ပြင်းထန်သဖြင့် ရွက်ကြိုးများ ပြတ်ထွက်လုမတတ် ရွက်ထည်ကို တွန်းဖိထား၏။

လေနှင့်အတူ လွင့်ပါလာကြသော နှင်းမှုန်နှင်းပွင့်များသည်

http://www.dhammadownload.com



မျက်နှာပေါ်သို့ တည့်တည့်မတ်မတ် အရှိန်နှင့်ထိုးကျလာကြသဖြင့် မျက်စိဖွင့်ထားရန်ပင် ခဲယဉ်းနေ၏။

ဤမျှ အခြေအနေဆိုးရွားနေသည်ကို လှေဝမ်းထဲရှိ အိပ်စင်ပေါ်တွင် ကျွန်တော်လှဲအိပ်နေစဉ်အခါက ကျွန်တော်မရိပ်စားမိခဲ့ပါ။ ၁၂ နှစ်သမီးကလေး ဂျီနာက ပဲ့နင်းခန်းတွင် တစ်ဦးတည်း လေထဲ နှင်းထဲ၌ ရပ်တည်၍ တစ်နာရီကြာမျှ လှေပဲ့ကို ကြိုးစားထိန်းခဲ့သည်ကို ကျွန်တော်ကျိတ်၍ ချီးကျူးမိပါသည်။

ခိုက်ခိုက်တုန်အောင် ချမ်းနေရှာသော ဂျီနာသည် လှေပဲ့ကို ရန်ဒီအား လွှဲပြောင်းပေးပြီးသည်နှင့် တစ်ပြိုင်နက် လှေဝမ်းထဲသို့ ဆင်းသွား၏။

ရန်ဒီသည် လှေပဲ့ကိုသူ့အသိပညာ သူ့ခွန်အားဖြင့် ကြိုးစား၍ ထိန်းကြည့်၏။ မရပါ။

လေတွန်းအားနှင့် လှိုင်းပုတ်အားတို့က အလွန်ကြီးမားနေသည့်အတွက် ယင်းသဘာဝစွမ်းအားများကို လှေငယ်က ကျိုးနွံ၍ လိုက်နာနေရရှာ၏။

"ပါပါ ... ရွက်ကို တစ်ဝက်နှိမ့်ချလိုက်ရင် ကောင်းမယ်ထင်တယ်"

ရန်ဒီ၏ အကြံပေးချက်ကို ကျွန်တော်လျင်မြန်စွာ ဆင်ခြင်သုံးသပ်လိုက်၏။

အမှောင်ထု ကဲနေသော နှင်းတောထဲတွင် ပတ်ဝန်းကျင်ကို ကိုက်တစ်ရာထက် ကျော်လွန်၍ ဘာမျှမမြင်ရ။ ကမ်းမမြင် ကျွန်းမမြင်သည့် သမုဒ္ဒရာလှိုင်းဂယက်များပေါ်တွင် ဘယ်ဆီလွင့်၍ ဘယ်ဆီမျောနေသည်ကိုလည်း မသိ။

http://www.dhammadownload.com



ထုထဲစွာ စွေကျနေကြသော နှင်းမှုန်ဖြူလွလွတို့သည် နံရံဖြူကြီးသဖွယ် လေးဖက်လေးတန်၌ ဝန်းရံထားကြ၏။ ထိုနှင်းနံရံ၏ နောက်ကွယ်မှ လှိုင်းလုံးကြီးများသည် တစ်လုံးပြီးတစ်လုံး ပေါ်ထွက်လာကြပြီးလျှင် ဆူပွက်နေသည့် အမြှုပ်စိုင်များကို အထွတ်တင်လျက် 'စံအိမ်' ဆီသို့ ဒေါနှင့်မောနှင့် ပြေးလွှားလာကြ၏။

ကျွန်တော်၏ တွဲဖက်လှေတော်သားများမှာ ကလေးချည်းသာ။

ဤအခြေအနေမျိုးတွင် 'စံအိမ်' ကို လွှင့်မိလွှင့်ရာ လွှင့်မျောနေစေလို့ မဖြစ်။ လှေ၏ ရွေ့လျားသောနှုန်းကို အမြန်ဆုံး လျှော့ချမှ ဖြစ်ချေမည်။

သို့အတွက် လွှင့်ထားသောရွက်ကို လုံးဝရုပ်သိမ်းလိုက်ရန် ကျွန်တော် ဆုံးဖြတ်လိုက်၏။

လှေဝမ်းထဲ၌ရှိနေသော သမီးနှစ်ယောက်ကို ကျွန်တော် လှမ်းခေါ်လိုက်၏။ လွှင့်ထားသောရွက်ကို ရုပ်သိမ်းကြ၏။

ထို့နောက် ရှေ့ပိုင်းရွက်အဖြစ် အသုံးပြုသော ရွက်ဖျင်ကို ရေထဲသို့ ပစ်ချကြ၏။ ထိုရွက်သည် ကျောက်ဆူးသဖွယ် လှေ၏ အသွားနှုန်းကို လျှော့ချနိုင်မည်ဟု ကျွန်တော်တွက်ဆထား၏။ လှေပေါ်တွင် ကျောက်ဆူးဟူ၍ မည်မည်ရရ မရှိသောကြောင့် ရွက်ဖျင်ကို ရေထဲချရခြင်းဖြစ်၏။

"ရန်ဒီရေ... လှေဦးကို လေတိုက်လာတဲ့ဘက်ကို လှည့်ထားနော်၊ သည်တော့မှ လှိုင်းရိုက်ပုတ်တဲ့ဒဏ်က သက်သာလိမ့်မယ်"

http://www.dhammadownload.com



ရန်ဒီသည် လှေကို မည်သို့မျှထိန်း၍မရပါ။ သဘာဝ စွမ်းအားက အနိုင်ယူသွားပြီဖြစ်၍ ယင်းစွမ်းအားက စီမံပေးသမျှကို ကျွန်တော်တို့ ခံယူရမည်ဖြစ်၏။

လှေဦးသည် လေတိုက်လာရာ လမ်းကြောင်းမှ သွေဖည်သွားပြီးလျှင် လှေအလျားသည် လေလမ်းကြောင်းနှင့် ကန့်လန့်ဖြစ်သွားလေပြီ။

ထိုအခါ လှိုင်းလုံးကြီးများသည် လှေနံဘေးကို တအားရိုက်ပုတ်ကြတော့၏။

လှေသည် စောင်းချည်မတ်ချည် မှောက်တော့မလို မြုပ်တော့မလို လူးလွန့်လှုပ်ရှားနေ၏။

သို့ရာတွင် ကျွန်တော်တို့ နှစ်ရှည်လများ ကောင်းစွာ တည်ဆောက်ထားခဲ့သော 'စံအိမ်' သည် ပစိဖိတ်သမုဒ္ဒရာ၏ အကြမ်းဆုံး လှိုင်းဒဏ်ကို ကြံ့ကြံ့ခံနေပေ၏။

စောစောက သမီးငယ်ဂျီနာအား ကျိတ်၍ ချီးကျူးခဲ့ရ၏။ ယခုတစ်ဖန် လှေငယ် 'စံအိမ်' အား ကျိတ်၍ ချီးကျူးရပြန်၏။

အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ရသောအခါမှ ချီးကျူးစရာ လူ၏ စွမ်းရည်နှင့် လှေ၏ စွမ်းရည်တို့ ပေါ်ထင်လာပါတကား။

သို့စေကာမူ ကျွန်တော်တို့ရင်ဆိုင်နေရသော အခြေအနေသည် အလွန်ရင်လေးစရာကောင်း၏။ သေရေးရှင်ရေး အခြေအနေပင် ဖြစ်၏။ ကျွန်တော်တို့၏ ကာယစွမ်းအားနှင့် ဉာဏစွမ်းအားတို့ကို အစွမ်းကုန် အသုံးချရမည့်အခါ ဖြစ်၏။

http://www.dhammadownload.com



ဤသို့ အရေးကြီးလှသောအချိန်တွင်မှ ကျွန်တော်သည် မှုးဝေပြီး ပျို့အန်လာ၏။ မတ်တတ်ရပ်နေရန်ပင် မစွမ်းနိုင်တော့ပါ။

ကျွန်တော် ဘာများဖြစ်နေပါလိမ့်။

ငယ်ရွယ်စဉ်ကပင် လှေစီးခြင်းကို ကျွန်တော်အလွန် နှစ်သက်ခဲ့၏။ အရွယ်ရောက်လာသောအခါတွင် ရေတပ်ထဲ ဝင်၍ အမှုထမ်းခဲ့၏။ ပင်လယ်သမုဒ္ဒရာအမျိုးမျိုးတွင် ကျွန်တော်သွားလာ ကျင်လည်နေခဲ့သည်မှာ ၁၅ နှစ်ခန့်ပင် ရှိခဲ့လေပြီ။

မည်သည့်အခါမျှ ကျွန်တော် လှိုင်းမမူးခဲ့ဖူးပါ။ ယခု ကျွန်တော်မူးဝေလာသည်မှာ လှေအကြီးအကျယ် လူးနေသောကြောင့်ပေလော။ မဖြစ်နိုင်ပါ။

လှေ မည်မျှလူးလူး ကျွန်တော်မူးတတ်သူ မဟုတ်ပါ။

ဘာအကြောင်းများကြောင့်ပါလိမ့်။

ကျွန်တော်မစဉ်းစားတတ်တော့ပါ။ စဉ်းစားခြင်းကိုလည်း မပြုချင်တော့ပါ။

ကျွန်တော်ဘာမျှမတတ်နိုင်သည့်အခြေအနေနှင့် ကြုံနေရပြီ မဟုတ်လား။

"ပါပါ ... လေက ပိုပြင်းလာတယ်၊ လှိုင်းလုံးတွေက ပိုကြီးလာတယ်၊ နှင်းမှုန်တွေကလဲ ပိုများလာတယ်၊ ကျွန်တော် ဘာမှ မမြင်ရတော့ဘူး၊ လှေပဲ့ကိုလဲ ကျွန်တော် ဘယ်လိုမှ ထိန်းလို့မရဘူး"

ရန်ဒီ ရင်ဆိုင်နေရသော စစ်မျက်နှာမှ ကြားရသောသတင်းဖြစ်၏။

မှန်ပါသည်။ ကျွန်တော်တို့ ဘာမှမတတ်နိုင်သော အခြေ

http://www.dhammadownload.com



အနေပါတည်း။ ကလေးတို့အား ချမ်းအေးလှသော လေမုန်တိုင်းဒဏ်၊ နှင်းဒဏ်နှင့် လှိုင်းလုံးကြီးများမှ လွင့်ကြဲလာကြသော ရေစက် ရေပေါက်များ၏ ဒဏ်ကို ဆက်လက်ခံစားနေစေခြင်းဖြင့် ဘာမျှအကျိုးမရှိ။

"သားတို့ သမီးတို့ . . . လှေဝမ်းထဲ ဆင်းကြ၊ အေးအေးဆေးဆေး အိပ်လိုက်ကြ၊ မိုးလင်းတဲ့အခါ လေငြိမ်သွားလိမ့်မယ်"

ကလေးတို့သည် မိမိတို့၏ အိပ်စင်အသီးသီးဆီသို့ သွားကြ၏။ ကျွန်တော်သည်လည်း ကျွန်တော်၏ အိပ်စင်သို့ ခဲခဲယဥ်းယဥ်း ဆင်းသွားပြီး လှဲအိပ်နေလိုက်၏။

ဤသို့ လေမုန်တိုင်းကျမည်ကို ကျွန်တော်ကြိုတင်၍ မသိခဲ့ရလေခြင်း။ ရှုးပတ်မင်းသားမြို့မှ ထွက်ခွာမလာမီက အကောက်ခွန်ရုံး၌ ကျွန်တော်မစုံစမ်းခဲ့ရသည်မှာ မှားလေခြင်း။

| |
|---|
| **ခလုတ်ထိမှ အမိတကြသည်။**<br>**ဘေးရန်ရှိမှ ဘုရားကို သတိရသည်။**<br>**ခလုတ်မထိခင် ဘေးရန်မရှိခင်က**<br>**သတိရှိထားကြလျှင် ချမ်းသာကြလိမ့်မည်။** |

ကျွန်တော် အကြီးအကျယ်နောင်တရနေမိ၏။

နောင်တ ဟူသည် နောက်မှ တ,ရသော နှောင်းမှသိရသော အမှားပေတည်း။

ဤလှိုင်းလေခက်ကြမ်းသည့် ဒစ်ဆင်အဝင်ဝ ရေပြင်တွင် မုန်တိုင်းဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသော လူပေါင်းမှာမနည်းတော့ပါချေ။

http://www.dhammadownload.com



ကျွန်တော်နှင့်တကွ အရွယ်ပင်မရောက်ကြသေးသော သားသမီး သုံးယောက်တို့သည် ထိုသေသူများစာရင်းတွင် ပါဝင်ရတော့မည်လား။

ကျွန်တော်သည် အံကိုကြိတ်ကာ မျက်စိကို အတင်း မှိတ်ထားလိုက်၏။

'စံအိမ်'သည် တစ်ဦးတည်း လှိုင်းလေဒဏ်ကို တွန်းလှန်နေရှာ၏။

မည်မျှကြာသွားသည် မသိ။

ကျွန်တော် သတိရလာသောအချိန်တွင် လှေဝမ်းအတွင်းသို့ပင် အလင်းရောင်နုနုများ ဝင်ရောက်နေချေပြီ။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့...။

ဤနေ့ကို 'စိန့်ဗယ်လင်တိုင်နေ့' (Saint Valentine Day) ဟူ၍ သတ်မှတ်ထားကြ၏။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် ချစ်သူ ခင်သူများသည် စိန့်ဗယ်လင်တိုင်နေ့ အထိမ်းအမှတ် လက်ဆောင်များ အချင်းချင်း ပေးကြကမ်းကြပေတော့မည်။ လက်ဆောင်ရသူများက ဝမ်းမြောက်ပီတိမှုနှင့် ပြုံးရယ်ကြပေတော့မည်။

ကျွန်တော်၏ မိသားစုမှာ မပြုံးနိုင် မရယ်နိုင်ပါ။

လေမုန်တိုင်းသည် အားလျော့ခြင်းမရှိ ပြင်းထန်နေဆဲ။ နှင်းမုန်တိုင်းကလည်း ကျနေဆဲ။ လှိုင်းလုံးများကလည်း ကြီးနေဆဲ။

'စံအိမ်'သည် လေဒဏ်လှိုင်းဒဏ်ကို အလူးအလွန့် အကြိတ်

http://www.dhammadownload.com



အနယ်ခံနေရဆဲပင်။ တစ်ခါတစ်ရံတွင် ရောမလှိုင်းလုံးကြီးများက 'စံအိမ်' ကိုရိုက်ခတ်လိုက်သော ဒဏ်ချက်သည် အလွန့်အလွန်ပြင်းထန်သဖြင့် ကျောက်ဆောင်တစ်ခုခုနှင့် တိုက်မိပြီဟုပင် ထင်ရ၏။

ထိုအခါ ရန်ဒီနှင့် ကျွန်တော်တို့သည် ရေကြောင်းပြ အိမ်ငယ်ဆီသို့ ပြေးတက်သွားကြ၏။ ပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေးကြ၏။

မည်သည့်ကျောက်ဆောင်ကိုမျှ မမြင်ရ။ ကုန်းမြေ၏ အရိပ်အယောင်ကိုလည်း မမြင်ရပါ။

ရေအနက်ကို စမ်းသပ်ကြ၏။ အောက်ခြေကိုစမ်း၍မတွေ့။ သို့အတွက် ရေအနက်သည် ပေ ၆၀၀ အထက်တွင် ရှိကြောင်း သိရ၏။

ရန်ဒီနှင့် ကျွန်တော်တို့သည် လုပ်စရာမရှိတော့၍ လှေဝမ်းသို့ ဆင်းကြ၏။

ကြီးကျယ်ပြင်းထန်သည့်ရိုက်ခတ်သံကို ကြားရတိုင်း ကျွန်တော်တို့ နှစ်ယောက်သည် ရေကြောင်းပြအိမ်ငယ်ဆီသို့ ပြေးတက်ကြ၏။ ထိုနေ့နံနက်ပိုင်းတွင် အကြိမ်ပေါင်းများစွာပင် ကျွန်တော်တို့ ပြေးတက်ကြရ၏။

နေ့လယ်ပိုင်းတွင် ကျွန်တော်တို့ ရောက်ရှိနေသော နေရာကို ခန့်မှန်းနိုင်ရန် ကျွန်တော်တွက်ချက်ကြည့်၏။ မူဇွန် အငူ (Cape Muzon) နှင့် လန်ဂရာကျွန်း (Langara Island) တို့၏ အကြား၌ရှိသော ဒစ်ဆင်အဝင်ဝ ရေပြင်ပေါ်တွင် ကျွန်တော်တို့ ရောက်ရှိနေသည်ဟု ကျွန်တော်ခန့်မှန်းလိုက်၏။

http://www.dhammadownload.com



ဤခန့်မှန်းချက်သာ မှန်ကန်မည်ဆိုလျှင် ယနေ့မိုးချုပ်ချိန်၌ 'စံအိမ်'သည် ဒစ်ဆင်အဝင်ဝကို ကျော်လွန်၍ ပစိဖိတ်သမုဒ္ဒရာထဲသို့ ရောက်နေပေလိမ့်မည်။

ညနေပိုင်းသို့ ရောက်လာချေပြီ။

လေသည် ပို၍ပြင်းထန်လာ၏။ လှိုင်းတံပိုးများသည် ပို၍ကြီးမားခက်ထန်လာကြ၏။

'စံအိမ်'သည် လှိုင်းလုံးများ လိမ့်လာကြသော လားရာနှင့် ကန့်လန့်ပင် အလျားလိုက်တည်လျက် မျောနေ၏။

အင်အားကြီးမားလှသော ရောမလှိုင်းလုံးတစ်လုံးသည် 'စံအိမ်'ကို ဝါးမျိုလိုက်မည်ကဲ့သို့ တအားရိုက်ချပြီး ရေလုံးနှင့် ဖိချလိုက်၏။ လှေဝမ်းသည် နံဘေးသို့ အရှိန်ပြင်းစွာ ရုတ်တရက် တိမ်းစောင်းသွား၏။

လှေဝမ်းတွင် ကိုယ့်အိပ်စင်အသီးသီး၌ ရှိနေကြသော ကျွန်တော်တို့ လူသိုက်သည် အမှတ်တမဲ့တွန်းပစ်ခြင်း ခံလိုက်ရသကဲ့သို့ လွင့်စဉ်သွားကြ၏။

ကျွန်တော်သည် လှေဝမ်းတစ်လျှောက် လွင့်စဉ်သွားပြီး မီးဖိုခန်း၏တိုင်စောင်းနှင့် နဖူးကို ရိုက်ခတ်မိ၏။ ဘယ်ဘက်မျက်ခုံး၏ အထက်နား၌ နဖူးကွဲသွားပြီး သွေးများပန်းထွက်လာကြ၏။

ဂျိနာလင်းသည် သူမ၏အပေါ်ထပ်အိပ်စင်မှ ရုတ်ပေမျှ လွင့်စဉ်သွားပြီးလျှင် စင်ဒီ၏ ဒူးနှင့် ဝင်ဆောင့်မိ၏။

စင်ဒီသည် ဒူးနာသွားသဖြင့် "အား..." ဟု အသံထွက်ကာ ညည်းညူနေရရှာ၏။

http://www.dhammadownload.com



ရန်ဒီသည် သူ၏အိပ်စင်နှင့် နံရံကပ်စင်တို့၏ စပ်ကြားတွင် ညှပ်ပိတ်ခံနေရ၏။ လှေဝမ်း ပြန်လည်တည့်မတ်လာသောအခါမှ သက်သာရာရသွား၏။

ပစ္စည်းများသည် လှေဝမ်းအနှံ့ ကစဥ့်ကလျား လွင့်စဥ် ပြန့်ကျဲနေကြ၏။

'စံအိမ်'သည် အောင်ပွဲတစ်ဖန် ခံယူလိုက်ပြန်လေပြီ။ လှိုင်းလုံးကြီး တွန်းဖိလိုက်သည့်အခါ အခန့်သင့် လိုက်ပါသွားပြီးနောက် ဖိထားသောရေလုံးများ စီးကျသွားသည်နှင့်တစ်ပြိုင်နက် ပြန်လည်တည့်မတ်လာ၏။

အာဂ 'စံအိမ်'ကလေးပါပေ။

စံအိမ်၏ ကြံ့ကြံ့ခံနိုင်သော ဖွဲ့သတ္တိကိုသာ ကျွန်တော်တို့ အားထားနေကြရ၏။ စံအိမ်ကို ကျွန်တော်တို့ ဘာအကူအညီမျှ မပေးနိုင်ပါ။

ကျွန်တော်တို့သည် ရမိရာကို တွယ်ဖက်ထားကြပြီး ငြိမ်နေကြရ၏။ မရွေ့လျားဝံ့ကြချေ။

ရောမလှိုင်းလုံးကြီးများက 'စံအိမ်'ကို အဆက်မပြတ် ရိုက်နှက်ကြ၏။ 'စံအိမ်'သည် စောင်းလိုက် မတ်လိုက်နှင့် လူးလွန့်၍ ဒဏ်ခံနေရရှာ၏။

တန်ချိန်များစွာ လေးသော ရေထုတို့သည် 'စံအိမ်'၏ ကုန်းပတ်ပေါ်သို့ ပိကျလာကြပြီးနောက် ရေလွှဲပေါက်များမှတစ်ဆင့် ဒလဟော စီးဆင်းသွားကြ၏။

'စံအိမ်'သည် လှိုင်းလုံးများ မည်မျှရိုက်နှက်စေကာမူ အနိုင်မခံ အရှုံးမပေး။

http://www.dhammadownload.com



ညနေစောင်း၍ အမှောင်ပျိုးလာပြန်လေပြီ။

ကျွန်တော်သည် တစ်ပိုင်းရေစို၍ တစ်ပိုင်းခြောက်သွေ့နေသော စွပ်အိပ်ရာတစ်ခုကို တွေ့ရသဖြင့် ရေစိုနေသောကျွန်တော်၏ အိပ်ဖုံပေါ်တွင် ခင်းချလိုက်ပြီးနောက် ထိုအိပ်ရာပေါ်တွင် လှဲနေလိုက်၏။

ကျွန်တော်သည် မူးမော်ပြီး ပျို့အန်နေသေးသည့်အတွက် အစာမစားနိုင်ပါ။ အစာမစားနိုင်၍ ခွန်အားမရှိဘဲ ချည့်နဲ့နေ၏။ သွေးထွက်ခဲ့ရသော ဒဏ်ရာဒဏ်ချက်ကြောင့်လည်း နွမ်းနယ်နေ၏။

အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့် အရေးပေါ်ကိစ္စအတွက် ကျွန်တော်နိုးနိုးကြားကြားရှိနေရမည်ဟု ကျွန်တော့်ကိုယ်ကျွန်တော် တိုက်တွန်းနေ၏။

သို့သော် ကျွန်တော်၏ အသိဉာဏ်မှာ မေ့တစ်ချက် သိတစ်ချက်။

"ကလေးတို့ရေ...အားလုံးအိပ်ကြနော်၊ တစ်ရေးတစ်မှေးလောက် ရအောင်အိပ်ကြ၊ နောက်နေ့မိုးလင်းရင် လှိုင်းလေငြိမ်သွားမှာပါ၊ အဲသည်အခါ တို့ရဲ့ဖောင်အိမ်ရှိရာ ရဖျူဂီယိုဆိပ်ဆီတို့ ရွက်လွှင့်သွားနိုင်မှာပါ"

ကျွန်တော်သတိရခိုက်တွင် ကလေးများကိုအားပေးလိုက်ရ၏။ သူတို့ တစ်ဦးစီ၏ အခြေအနေကို ကျွန်တော်သွားရောက်ပြီး မစစ်ဆေးနိုင်ပါ။ သူတို့တစ်စုံတစ်ရာ စားသောက်နိုင်ကြသည် မစားနိုင်သည်ကိုလည်း ကျွန်တော်သတိမထားမိ။

http://www.dhammadownload.com



"ပါပါ ... ကျွန်မတို့ တစ်ယောက်တစ်လှည့်စီ စောင့်ကြည့်နေဖို့ မလိုဘူးလား"

စင်ဒီက စိုးရိမ်စွာ မေးရှာ၏။

"မလိုပါဘူးကွယ်၊ စံအိမ်က ပစိဖိတ်သမုဒ္ဒရာရေပြင်ကျယ်ပေါ်မှာ လွတ်လွတ်လပ်လပ်မျောနေမှာပါ၊ သည်အနီးအနားမှာ ကျောက်ဆောင်တွေ မရှိပါဘူး၊ သမီးတို့ စိတ်ချလက်ချအိပ်ကြ"

ဤသို့ တိုက်တွန်းပြောဆိုလိုက်ရသော်လည်း ကျွန်တော် စိတ်ပူမိသော အချက်တစ်ချက်ရှိ၏။ ယင်းမှာ ...

နေ့လယ်ချိန်က တိုက်ခတ်နေသော လေ၏လားရာကိုကျွန်တော် ခန့်မှန်းကြည့်ခဲ့၏။ လေသည် အရှေ့စူးစူးအရပ်မှ မဟုတ်ဘဲ အနည်းငယ် မြောက်ဘက်တိမ်းသော အရှေ့အရပ်မှ တိုက်နေသည်ဟု ကျွန်တော် အဖြေရရှိခဲ့၏။

အကယ်၍ လေသည် ကျွန်တော်ခန့်မှန်းခဲ့သည့်အတိုင်း မဟုတ်ဘဲ အရှေ့မြောက်တည့်တည့်မှ တိုက်ခတ်လာလျှင်မူ 'စံအိမ်'သည် လန်ဂရာကျွန်းကို ဝန်းရံထားကြသော ကျောက်ဆောင်များအနက် ကျောက်ဆောင်တစ်ခုခုနှင့် တိုက်မိစရာရှိ၏။

ထို့နောက် လေတိုက်နှုန်းကို ကျွန်တော်တိုင်းတာခဲ့သေး၏။ လေတိုက်နှုန်းသည် အလွန်ကြီးမား၏။ ယင်းလေတိုက်နှုန်းအတိုင်းသာ 'စံအိမ်'သည် အနောက်တောင်အရပ်သို့ မျောပါသွားခဲ့မည်ဆိုပါက ယနေ့မွန်းလွဲ ၂ ချက်တီးအချိန်၌ လန်ဂရာကျွန်းသို့ ရောက်ခဲ့မည်ဖြစ်၏။

ယခု မွန်းလွဲ ၂ ချက်တီးအချိန်ကို ကျော်လွန်၍ညဥ့်အချိန်သို့ပင် ရောက်နေပေပြီ။ လေတိုက်လာသော လားရာသည် အရှေ့

http://www.dhammadownload.com



မြောက် တည့်တည့်မှမဟုတ်ဘဲ ကျွန်တော်တို့ ခန့်မှန်းခဲ့သည့် အတိုင်း မြောက်ဘက်အနည်းငယ်တိမ်းသော အရှေ့အရပ်မှသာ ဖြစ်ရပေမည်။

သို့ဖြစ်၍ 'စံအိမ်'သည် ဒစ်ဆင်အဝင်ဝ၏ ရေပြင်ကို ကျော်လွန်ပြီး ပစိဖိတ်သမုဒ္ဒရာ၏ ရေပြင်ထက်၌ မျောနေပေလိမ့်မည်။

ဤသို့ ပြန်လည်တွေးတောမိသဖြင့် ကျွန်တော်အနည်းငယ် စိတ်သက်သာရာရသွား၏။

သို့ရာတွင် စင်ဒီသည် စိတ်မအေးနိုင်ရှာပါ။ လွန်ကဲသော စိုးရိမ်စိတ်ကြောင့် နီးကြားလျက်ရှိ၏။

စင်ဒီသည် သူမ၏ အိပ်စင်အထက်ရှိ မှန်ပြတင်းငယ်မှတစ်ဆင့် အပြင်ဘက်သို့ ငေးမျှော်ကြည့်နေ၏။

လှိုင်းဒဏ်ကြောင့် လှေသည် ဘေးသို့စောင်းလိုက် ပြန်တည့်မတ်လိုက် ဖြစ်နေသည်နှင့်အညီ စင်ဒီကြည့်နေသော မှန်ပြတင်းသည်လည်း နိမ့်ကျချည် မြင့်တက်ချည်ဖြစ်နေ၏။

မှန်ပြတင်းနိမ့်ကျနေသည့်အခါ စင်ဒီသည် ပထမ ...တိမ်တောင် ဖုံးလွှမ်းထားသော ကောင်းကင်ကို မြင်ရ၏။ ဒုတိယ ... ကောင်းကင်တစ်ပိုင်းနှင့် နှင်းထုကို မြင်ရ၏။ တတိယ ... လှိုင်းလုံးကြီး၏ အမြှုပ်တစီစီဖြစ်နေသော ထိပ်ပိုင်းကို မြင်ရ၏။ စတုတ္ထ ... လှေကို လှိုင်းဖုံးအုပ်လိုက်သည့်အတွက် ရေထုကိုသာ မြင်ရ၏။

ထို့နောက် မှန်ပြတင်းသည် အနိမ့်ဆုံးအခြေမှ ပြန်မြင့်တက်လာသောအခါ စောစောက မြင်ကွင်းများကို စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမ အစီအစဉ်အတိုင်း စင်ဒီပြောင်းပြန်မြင်ရ၏။

http://www.dhammadownload.com



မှန်ပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ စင်ဒီစိုက်ကြည့်နေခဲ့သည်မှာ နာရီများစွာ ကြာခဲ့ပြီ။ သန်းခေါင်ယံသို့ပင် ချဉ်းကပ်လာပေပြီ။

ထိုအခိုက်တွင် စင်ဒီ၏မြင်ကွင်းတွင် မည်းမှောင်သော သဏ္ဌာန်တစ်ခုသည် ကောင်းကင်နှင့် ရေပြင်အကြား၌ ဘွားခနဲပေါ်လာပြီး ပျောက်ကွယ်သွား၏။ ထို့နောက် မှန်ပြတင်း မြင့်တက်လာစဉ်အခါ၌ ထိုမည်းမည်းသဏ္ဌာန်ကို ထင်ထင်ရှားရှားပင် စင်ဒီမြင်လိုက်ပြန်၏။

စင်ဒီ ပါးစပ်ဟောင်းလောင်းပွင့်၍ အံ့အားသင့်ရလေပြီ။

"ပါပါ ...ကျွန်း ...ကျွန်း ...ကျွန်းမ ထင်ထင်ရှားရှား မြင်လိုက်ရတယ်"

## (၁၄)
## သနားမည်ဘလေအားတယ်

စင်ဒီအော်ပြောလိုက်သော စကားလုံးများကို ကျွန်တော်ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ကိစ္စ ပေါ်ပေါက်လာပြီကို တစ်မုဟုတ်ချင်း သိလိုက်၏။

ထို့ကြောင့် "ဟေ ..." ဟု အာမေဍိတ်သံပြုပြီးနောက် အိပ်စင်မှ အမြန်ဆုံးထလိုက်၏။ ရေကြောင်းပြအိမ်ငယ်ဆီသို့ ကျွန်တော် ပြေးသွား၏။

ရေကြောင်းပြအိမ်ငယ်၏ မှန်ပြတင်းများမှတစ်ဆင့် မြင်ကွင်းတစ်ခုလုံးကို ပြွတ်ပြွတ်ထင်ထင် ကျွန်တော်မြင်ရလေပြီ။

'စံအိမ်'နှင့် ပေငါးဆယ်ခန့်သာ ဝေးကွာတော့သည့်နေရာ

http://www.dhammadownload.com



၌ မည်းမှောင်သော အင်္ဂူစွန်းကြီးတစ်ခုသည် တစ္ဆေလက်မောင်း သဖွယ် ပင်လယ်ထဲသို့ ထိုးထွက်နေ၏။

ထိုအင်္ဂူစွန်း၏ ကျောက်ဆောင်ကမ်းပါးများကို လှိုင်းလုံးကြီးများက ပြင်းထန်စွာ တရစပ်ရိုက်ခတ်နေရာ ဝုန်း...ဝုန်း... ဝုန်း...ဟူ၍ ကြောက်ခမန်းလိလိ ထစ်ချုန်းနေ၏။

ကျွန်တော်၏ တစ်ကိုယ်လုံး အေးစိမ့်သွားပြီးလျှင် ကြက်သီးမွေးညင်းများ ဖြန်းခနဲထလာကြ၏။

မိနစ်ပိုင်းအတွင်းတွင် 'စံအိမ်' သည် မတ်စောက်သော ကျောက်ဆောင်ခါးပန်းနှင့် အရိုက်ဖွပ်ခံရပေတော့မည်။ လှေနှင့်အတူ ကျွန်တော်၏ မိသားစု ပျက်စီးရပေတော့မည်။

ထိုအင်္ဂူစွန်းမှ အမြန်ဆုံးဖဲခွာနိုင်မှသာ ခဏခေတ္တဖြစ်စေ အသက်ချမ်းသာပေတော့မည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ အလျင်အမြန် စဉ်းစားလိုက်၏။

ရွက်လွှင့်တင်ရန် အချိန်ရမည်မဟုတ်။

အင်ဂျင်စက်ကို နှိုးပြီး အမြန်ဆုံးမောင်းထွက်သွားမှပဲ...

စက်ခန်းသို့ ကျွန်တော်ပြေးဆင်းသွား၏။ စက်ကို နှိုးပြီး စက်ထိန်းတံကို တစ်ဝက်မြှင့်တင်လိုက်၏။ ဂီယာထိုးလိုက်၏။ ဘောင်ဘင်ခတ်နေသော လှေငယ်သည် လှိုင်းလုံးကြီးများကို ဆန့်ကျင်၍ ရွေ့လျားရန် ရုန်းကန်နေ၏။

ရန်ဒီသည် ကုန်းပတ်ပေါ်သို့ တက်လာပြီး အင်္ဂူစွန်းကြီးကို မြင်လိုက်ရသောအခါ ထိတ်လန့်သွား၏။ ထိုစဉ် အင်ဂျင်စက်သံကို ကြားလိုက်ရသဖြင့် ပို၍တုန်လှုပ်သွား၏။

http://www.dhammadownload.com



ကျောက်ဆောင် ပေါ်များသည့် ဤနေရာ၌ ပဲ့ချိတ်စက်ကို အသုံးပြုလျှင် ရေယက်သည့် ရဟတ်သွားနှင့် ကျောက်ဆောင် တစ်ခုခုကို တိုက်မိရန်မှာ သေချာ၏။ ထိုအခါ ရဟတ်သွားကျိုး ပြတ်သွားမည်ဖြစ်၍ ကျွန်တော်တို့ အားကိုးရာမဲ့သော အခြေသို့ ဆိုက်ရောက်သွားပေမည်။

"ပါပါ... စက်ရပ်လိုက်... စက်ရပ်လိုက်..." ဟူ၍ ရန်ဒီ အသံကုန် အော်ပြောလိုက်ချင်၏။ သို့သော် မပြောမိ။ စက်ခန်း သို့ ရန်ဒီပြေးလာစဉ် မည်သည့်အကြောင်းကြောင့် မသိ၊ အင်ဂျင် စက် ဆို့ပိတ်ပြီး ရပ်တန့်သွားလေ၏။

"ကျောက်ဆူးတွေ မြန်မြန်ချ..."

ကျွန်တော်က ကမန်းကတန်းအမိန့်ပေးလိုက်၏။ ရန်ဒီက ချက်ချင်းပင် ကျောက်ဆူးငယ်နှစ်ခုကို ရေထဲသို့ ပစ်ချလိုက်၏။

ကျောက်ဆူးချပြီးဖြစ်စေကာမူ ကျွန်တော်တို့၏ ရပ်တန့်နေ သည့် နေရာကို ကြာရှည်စွာ ထိန်းထားနိုင်မည်မဟုတ်ပါ။

အသက်ရှင်နေနိုင်ရေးအတွက် တစ်ခုတည်းသော လိုအပ် ချက်မှာ နောက်ထပ် အချိန်ပိုကလေး ရရှိရန်ပင် ဖြစ်၏။

ရန်ဒီသည် ရေကြောင်းပြအိမ်ငယ်၏ ပေါင်းမိုးတွင် တုပ် ချည်ထားသော လိမ္မော်ရောင် ပလတ်စတစ်လှေငယ်ကို သုတ်သီး သုတ်ပျာ ကြိုးဖြည်နေ၏။ သူ့အားကူညီရန် ကျွန်တော်ပြေးသွား၏။

ထိုပလတ်စတစ်လှေငယ်သည် အသက်ကယ်လှေမဟုတ်။ ရေကူးသမားများ အပျော်စီးရန်ပြုလုပ်ထားသော လှေငယ်တစ်ခု သာ ဖြစ်၏။ ဤလှေငယ်မျိုးကို 'စပို့ယက်' (Sportyak) ဟု ခေါ်ကြ၏။

http://www.dhammadownload.com



'စပို့ယက်'သည် ခြောက်ပေရှည်လျားပြီး လူနှစ်ယောက်သာ တင်ဆောင်နိုင်၏။ ဤလှေငယ်ကို ကမ်းတက်ရန် ကူးတို့အဖြစ် ကျွန်တော်တို့အသုံးပြုခဲ့ကြ၏။

ကြိုးများပြေသွားသည်နှင့်တစ်ပြိုင်နက် လှေငယ်ကို ရန်ဒီနှင့် ကျွန်တော်တို့ သယ်မ,ပြီး ရေထဲသို့ ပစ်ချကြ၏။ လှေငယ်ကို ဆွဲထားသည့်ကြိုးစတစ်စကို 'စံအိမ်'၏ လက်ရန်းတိုင်တစ်ခု၌ ရန်ဒီချည်လိုက်၏။

မိန်းကလေးနှစ်ယောက်မှာ လှေဝမ်းထဲ၌ပင် ရှိကြသေး၏။

လှေဝမ်းထဲသို့ ကျွန်တော်ပြေးဆင်းရင်း လှမ်း၍အော်ပြောလိုက်၏။

"သမီးတို့ ... မြန်မြန်လုပ်၊ တို့ လှေကို စွန့်ရတော့မယ်၊ ဆယ်မိနစ်လောက်ပဲ အချိန်ရလိမ့်မယ်၊ မြန်မြန်လုပ်ကြ"

စင်ဒီနှင့် ဂျိနာတို့မှာ အသင့်ဝတ်ဆင်ပြီးနှင့်ကြပြီ။ ထို့မျှသာ မကသေးပါ၊ ညီအစ်မနှစ်ဖော်တို့သည် စားစရာများနှင့် အဝတ်အထည်များကို ပလတ်စတစ်အိတ်ကြီးများထဲသို့ သွတ်ထည့်နေကြ၏။

အရေးကြုံက သက်လုံကောင်းကြသော သမီးများပါပေ။

ကျွန်တော်၏နောက်မှ ရန်ဒီပြေးလာပြီးလျှင် ပလတ်စတစ်အိတ်ကြီးများကို သယ်ယူသွား၏။ ထိုအိတ်များကို 'စပို့ယက်' ပေါ်သို့ ရန်ဒီချပြီး၍ မကြာမီတွင်ပင် လှိုင်းဒဏ်ကြောင့် 'စပို့ယက်' ကို ချည်ထားသောကြိုး ပြတ်တောက်သွား၏။

'စပို့ယက်'ကို လှိုင်းလုံးများက သယ်ယူသွားလေပြီ။

http://www.dhammadownload.com



ကျွန်တော်တို့သည် အသက်ရှင်ရပ်တည်နေနိုင်ရေးအတွက် လိုအပ်မည့် အသုံးအဆောင်ပစ္စည်းများကို ရေကြောင်းပြအိမ်ငယ်ထဲသို့ ထည့်ကြပြန်၏။ ဤအိမ်ငယ်သည် အတော်အသင့်လုံခြုံသဖြင့် လေမှောက်သွားသည့်တိုင်အောင် ဤအိမ်ငယ်ထဲ၌ ရှိသော ပစ္စည်းများမှာ မလွင့်မပျောက်ဘဲ ရှိလိမ့်မည်ဟု ကျွန်တော် တွက်ဆလိုက်၏။ ဤတွက်ဆချက် များသည်ကို မကြာမီ ကျွန်တော်မြင်တွေ့ရပေဦးမည်။

ကျွန်တော်သည် သွေးရူးသွေးတန်းနှင့် လုပ်ကိုင်စရာရှိသည် ကို လုပ်ကိုင်ပြီးသည့်နောက် လှေကုန်းပတ်ပေါ်တွင် မတ်တတ် ရပ်လိုက်၏။

ကျွန်တော်မြင်တွေ့နေရသော ရှုခင်းမှာ ကမ္ဘာကြီး ပျက်စီး နေသည်ဟုပင် ထင်မှတ်ရ၏။

လှိုင်းလုံးကြီးများသည် တောင်ကြီးများ ရွေ့လာသည့်ပမာ တလိမ့်လိမ့်မြည်ဟည်း၍ လိမ့်လာကြ၏။ 'စံအိမ်'ကို ရက်ရက် စက်စက် ရိုက်ပုတ်တွန်းဖိကြပြီးသည့်နောက် မကျေနပ်နိုင်ကြ သေးသည့်အလား ကျောက်ဆောင်များကို တဖြန်းဖြန်း ရိုက်ပုတ် ကြပြန်၏။

'စံအိမ်'က အစွမ်းကုန် ဘောင်ဘင်ခတ်နေသည့်အတွက် ကျွန်တော်သည် ရွက်တိုင်တစ်လုံးကို တွယ်ဖက်ထားရ၏။

ထို့နောက် မီးခြစ်များ ယူရန် ကျွန်တော်သတိရ၍ မီးဖိုခန်း သို့ ပြေးသွား၏။ မီးခြစ်ထုပ်ကို ဆုတ်ဖြဲပြီး မီးခြစ်ဘူးငယ်များကို အဝကျယ်ပုလင်းတစ်လုံးတွင် သိပ်ထည့်၏။ ထိုပုလင်းကို ကျွန်

http://www.dhammadownload.com



တော်၏ ကုတ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီးနောက် နောက်ပုလင်းတစ်လုံးကို မီးခြစ်ဘူးများနှင့် ဖြည့်ပြန်၏။ ထိုပုလင်းကို အဖုံးရစ်ပိတ်၍ ပြီးရုံသာ ရှိသေး၏။

"ဝုန်း . . ." ဟူ၍ ကျယ်လောင်သောအသံနှင့်အတူ 'စံအိမ်' သည် သိမ့်သိမ့်တုန်ခါသွားပြီးလျှင် ၉၀ ဒီဂရီတိမ်းစောင်းသွားပါတော့၏။

ကျွန်တော်သည် လှေဝမ်းထဲသို့ ဗိုင်းခနဲလဲကျသွား၏။ လှေစောင်းနေရာမှတစ်ဖန် ယိမ်းမတ်လာသည့်အခါ ရေလုံးကြီးများသည် ကျွန်တော်၏ကိုယ်ပေါ်သို့ ဒလဟောကျလာ၏။

ကျွန်တော်ရုန်းကန်ပြီး မတ်တတ်ရပ်လိုက်၏။ လှေဝမ်းထဲ၌ ဒူးဆစ်ခန့်အထိ ရေဝင်လာလေပြီ။ ထိုရေသည် လျင်မြန်စွာဖြင့် တက်လာသည်ကို ကျွန်တော်ချက်ချင်း သိလိုက်၏။

လှေဝမ်း ကွဲလေပြီ။

'စံအိမ်' ၏ အောက်ပိုင်းသည် ရေအောက်ကျောက်ဆောင်တစ်ခုနှင့် အပြင်းအထန်တိုက်မိရာမှ ကွဲဟသွားလေပြီ။

'စံအိမ်' သည် ကျွန်တော်တို့မိသားစုအား လေးနှစ်နီးပါးမျှ တယုတယပိုက်ထွေးခဲ့၏။ ကျွန်တော်တို့သွားလိုရာ ဆိပ်ကမ်းများဆီသို့ ပို့ဆောင်ပေးခဲ့၏။ ကျွန်တော်တို့ကို အအေးဒဏ်၊ အပူဒဏ်၊ မိုးဒဏ် လေဒဏ်တို့မှ ကာကွယ်ပေးခဲ့၏။

'စံအိမ်' သည် ကျွန်တော့်မိသားစု ခိုနားရာ၊ လဲလျောင်းရာ၊ စားသောက်ရာ၊ အပန်းဖြေရာ၊ နေထိုင်ရာ 'အိမ်' အစစ်ဖြစ်ပေ၏။

ကျွန်တော့်မိသားစု ပိုင်ဆိုင်သောပစ္စည်း အနည်းငယ်တွင်

http://www.dhammadownload.com



'စံအိမ်'သည် အဖိုးအထိုက်တန်ဆုံးဖြစ်၏။ ကျွန်တော်တို့အချစ် မြတ်နိုးဆုံး ဂုဏ်အယူနိုင်ဆုံးပစ္စည်းလည်း ဖြစ်၏။

'စံအိမ်'သည်ပင် ကျွန်တော်တို့ဘဝ ရပ်တည်ရာဖြစ်ခဲ့ပါ၏။

'စံအိမ်'သည် ကျွန်တော်တို့အား လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေလေပြီ။

'စံအိမ်'သည် ရက်စက်ကြမ်းကြုတ်လှသည့် အရိုင်းသဘာဝ၏ စွမ်းအားများကို အရှုံးယ်နှင့်မလိုက်အောင် ၄၈ နာရီတိတိ အံတု ဖက်ပြိုင်ခဲ့ပြီးသည့်နောက်တွင်မှ အားချင်းမမျှ၍ ဒူးထောက် အရှုံးပေးရလေပြီ။

'စံအိမ်'သည် လျင်မြန်စွာ နစ်မြုပ်နေလေပြီ။

"ပါပါရေ… မြန်မြန်လာပါ၊ ရေမြုပ်နေပြီ၊ မြန်မြန်တက်လာပါ"

စင်ဒီ၏ အော်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ကျွန်တော် လှုပ်ရှားရန် သတိရလာ၏။

ကုန်းပတ်ပေါ်သို့ ကျွန်တော်ပြေးတက်လာ၏။ ကလေးများက ရေကြောင်းပြအိမ်ငယ်အတွင်း၌ ခိုအောင်းနေကြ၏။ သူတို့ကို ထွက်လာကြရန် ကျွန်တော်လက်ပြ၍ ခေါ်လိုက်၏။ ပါးစပ်ဖြင့်လည်း အော်ခေါ်၏။

တုန်လှုပ်ချောက်ချားနေသော မျက်နှာများဖြင့် သူတို့ရောက်လာကြသောအခါ ရန်ဒီအား မီးခြစ်ပုလင်းတစ်လုံးကို လှမ်းပေးလိုက်၏။

"ကဲ… သားတို့ သမီးတို့ နားထောင်၊ တို့တစ်တွေ ကမ်းပေါ်ရောက်အောင် ကူးခတ်ကြရမယ်၊ တစ်ယောက်ကိုတစ်ယောက်

http://www.dhammadownload.com



ကူနိုင်တော့မှာမဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ် ရုန်းကန်ရမယ်၊ လှိုင်းလုံးတွေ လိမ့်တက်လာတဲ့အခါ လှိုင်းနဲ့လိုက်ပြီး ကူးကြ၊ ကမ်းခြေရောက်ရင် ကုန်းပေါ်မြန်မြန်တက်နိုင်အောင် ကြိုးစားကြ၊ ကျောက်ဆောင်ကို ကိုင်မိရင်လဲ ရေကျနဲ့ပြန်ပါမသွားအောင် တွယ်ဖက်ထား၊ အခွင့်သာတာနဲ့ ကုန်းပေါ်တက်ပြီး ကမ်းနဲ့ဝေးဝေးနေ ... ကြားကြလား"

ကလေးများ ခေါင်းညိတ်ကြ၏။

"အသင့်ပြင် ... ပါပါအချက်ပေးတဲ့အခါ ခုန်ဆင်းကြ"

လှိုင်းလုံးကြီးများ မြည်ဟည်း၍ လိမ့်တက်လာကြပြီ။ တစ်ဝက် နစ်မြုပ်နေပြီဖြစ်သော 'စံအိမ်' သည် "ကဲ ... သွားကြတော့" ဟု တိုက်တွန်းနေသည့်အလား လူပ်ခါလာ၏။ ပထမလှိုင်းလုံး ကျော်ဖြတ်သွားသည်နှင့်တစ်ပြိုင်နက် ...

"ကဲ ... ခုန်"

ကျွန်တော် အသံကုန်ဟစ်၍ အမိန့်ပေးလိုက်သော်လည်း မည်သူမျှမလှုပ်။ ကြက်သေ သေနေကြ၏။

စင်ဒီက အပြစ်ရှိသူတစ်ဦးပမာ ကျွန်တော့်ဘက်သို့ လှည့်ကြည့်၏။ ကလေးသုံးဦးတွင် သူမက အကြီးဆုံးဖြစ်၍ ဖခင်၏ အမိန့်ကို သူမက စံပြအနေဖြင့် ဦးစွာလိုက်နာရမည်ဖြစ်ပါလျက် မလိုက်နာခဲ့သည်ကို တောင်းပန်နေသည့်ပမာ။

နောက်တစ်သုတ် လှိုင်းလုံးများ ရောက်လာပြန်သောအခါ

"ပါပါ ... ဆင်းရမလား" ဟု စင်ဒီက အော်မေး၏။

"ဆင်း ... ဆင်း" ဟု ကျွန်တော်ပြန်အော်လိုက်ရ၏။

http://www.dhammadownload.com



စင်ဒီက ဦးစွာပထမ ရေထဲသို့ ခုန်ဆင်းလိုက်၏။ ဂျီနာက ဒုတိယလိုက်ဆင်း၏။

ဂျီနာဆင်းပြီးသောခဏ၌ လှေကုန်းပတ်ပါ နစ်မြုပ်သွားသည့်အတွက် ရန်ဒီနှင့် ကျွန်တော်တို့မှာ မခုန်ရဘဲနှင့် ရေထဲသို့ အလိုလိုရောက်သွား၏။

အလွန့်အလွန်အေးချမ်းသော ဆောင်းရာသီဖြစ်၍ပင်လယ်ရေသည် ရေခဲရေတစ်မျှ အေးစက်နေ၏။

ရေထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် အဝတ်များ စိုရွှဲကုန်သည့်အတွက် ကျွန်တော်တို့၏ ခန္ဓာကိုယ်များကို ရေခဲရေ စိမ်ပြီးသား ဖြစ်သွား၏။

လူသည် သွေးနွေးသတ္တဝါတစ်မျိုးဖြစ်ရာ ခန္ဓာကိုယ်၏ အပူချိန် လွန်စွာနိမ့်ကျသွားလျှင် အသက်မရှင်နိုင်တော့ပါ။

ကျွန်တော်တို့ သတိမလစ်မီ အင်အားမကုန်ခန်းမီ ဒီလှိုင်းများကြားတွင် မည်မျှကြာအောင် ကူးခတ်၍နေနိုင်ကြမည်နည်း။

## (၁၅)
## ဘဝဟူသည် ပန်းမွေ့ရာမဟုတ်

ကျွန်တော်တို့အား အင္ဂလန်အနားသို့ ရောက်သည်အထိ သစ္စာရှိစွာ သယ်ပို့ပေးခဲ့သော 'စံအိမ်'သည် ကျွန်တော်တို့၏ မြင်ကွင်းမှ ထာဝရပျောက်ကွယ်သွားလေပြီ။

သားအဖလေးယောက်တို့သည် လှိုင်းလုံးများကြားတွင် နိမ့်ချည် မြင့်ချည်၊ မြုပ်ချည် ပေါ်ချည် ရုန်းကန်နေကြ၏။

အနွေးထည်အထပ်ထပ်နှင့် ဘွတ်ဖိနပ်များကိုပါ ဝတ်ဆင်

http://www.dhammadownload.com



ထားသဖြင့် လှိုင်းလုံးကြီးများကြားတွင် ကူးခတ်သည်မှာအလွန် မလွယ်ကူသောအလုပ် ဖြစ်၏။

ကျွန်တော်သည် ထိုအခါက အသက် ၅၅ နှစ်၊ အကြော အဆစ် ကိုက်ခဲသောရောဂါသည်...နှစ်ရက်တိုင်တိုင် အနားမရ အစာမစားရဘဲ ပင်ပန်းနွမ်းနယ်ခဲ့သည့်အတိုင်း နဖူးကလည်း ဟက်တက်ကွဲနေသဖြင့် ယခင်က ရေကူးကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့ပါသော်လည်း ယခုမူ နှေးနှေးလေးလေးသာ လှုပ်ရှားနိုင်၏။

ကလေးတို့မှာငယ်ရွယ်ပြီး ကိုယ်ခန္ဓာများ ပေါ့ပါးကြသည် က တစ်ကြောင်း၊ အလေ့အကျင့်များ ရှိခဲ့သည်ကတစ်ကြောင်း တို့ကြောင့် ကျွန်တော့်ထက် ပိုမိုလျင်မြန်စွာ ကူးခတ်နိုင်ကြ၏။

မကြာမီပင် ကလေးများသည် ကျွန်တော်နှင့် ဝေးကွာသွား ကြ၏။

ကျွန်တော်သည် လှိုင်းလုံးကြီးများအကြားတွင် ရုန်းကန် နေသည့် အခိုက်အတန့်၌ ဘွတ်ဖိနပ်တစ်ဖက် ကျွတ်ထွက်သွား ၏။ ထို့နောက် ကျွန်တော့်ကိုယ်ပေါ်သို့ ပိကျလာသော ရေလုံး ကြီးများနှင့်အတူ နစ်မြုပ်သွားပြီး တစ်ဖန် အသက်မရှူနိုင်မီ ရေ မွန်းသွားသောကြောင့် ကျွန်တော့်ဝမ်းထဲသို့ ခါးငန်လှသည့် ပင် လယ် ဆားရည်အချို့ ဝင်သွား၏။

နောက်တစ်သုတ် လှိုင်းလုံးကြီးများ ရိုက်ခတ်လာသော အခါ ကျွန်တော်၏ ဒုတိယဖိနပ်တစ်ဖက် ကျွတ်ထွက်သွားပြန် ၏။

ဖိနပ်ကြိုးများကို မြဲမြဲခိုင်ခိုင် ချည်နှောင်ထားပါလျက် ဖိနပ် များ ကျွတ်ထွက်သွားကြသည်မှာ အံ့သြစရာပါပေ။

http://www.dhammadownload.com



ဤဖြစ်ရပ်သည်ပင် ကျွန်တော်မည်မျှ အသက်လု၍ ရုန်းကန်နေရသည်ကို ဖော်ညွှန်းနေပေ၏။

အသည်းခိုက်အောင် ချမ်းအေးလှသည့် အလတ်စကားပြည်နယ်၌ ဘွတ်ဖိနပ်ကောင်းကောင်း မရှိလျှင် ရပ်တည်နေနိုင်ရန် မလွယ်ပါ။ ဤအကြောင်းကြောင့် ကျွန်တော်တို့အားလုံး ဖိနပ်များ ဝတ်ထားလျက်နှင့် ရေထဲဆင်းခဲ့ရခြင်းဖြစ်၏။

ကလေးများကော ကျွန်တော့်နည်းတူ ဖိနပ်များ ဆုံးရှုံးကြလေသလော။

ဖခင်တစ်ဦး၏ မေတ္တာစိတ်ဖြင့် ကျွန်တော်စိုးရိမ်ပူပန်မိ၏။

ထိုအခိုက် လှိုင်းလုံးကြီးတစ်လုံးက ကျွန်တော်ကို နှစ်ချလိုက်ပြန်သဖြင့် ကျွန်တော်အကျောက်အကန် ရုန်းရပြန်၏။

သုံးလေးချက်မျှသာ ကူးခတ်ရသေးသည်၊ နောက် လှိုင်းလုံးများက ကျွန်တော့်ကို ဖိချလိုက်ကြပြန်၏။ သို့အတွက် ရေပေါ် ရောက်ရန် ကျွန်တော် ရုန်းကန်ရပြန်၏။

ကျွန်တော်ပင်ပန်းနွမ်းနယ်လာလေပြီ။ လက်ပန်းကျတော့မလို လေးလံလာ၏။

လှိုင်းလုံးကြီးများက ကျွန်တော့်ကို ကူတွန်းပေးကြ၍ တော်ပါသေး၏။ အငူစွန်းနှင့်ကျွန်တော် နီးကပ်လာပါပြီ။

ကျွန်တော်လျှပ်တစ်ပြက်သာသာခန့်လောက်သာ ဝမ်းသာလိုက်နိုင်မည်ထင်ပါ၏။ အကြောင်းမူ လှိုင်းလုံးကြီးတစ်လုံးသည် နွမ်းလျနေသော ကျွန်တော့်ခန္ဓာကို ဆွဲယူလိုက်ပြီးလျှင် မတ်စောက်သော အငူစွန်း၏ နံရံနှင့် ရိုက်ဖွပ်လိုက်သဖြင့် ပြင်း

http://www.dhammadownload.com



ထန်သော ဝေဒနာကို ကျွန်တော်ခံစားလိုက်ရသောကြောင့် ဖြစ်၏။

တစ်ကြိမ်မျှနှင့် မရပ်ပါ၊ နောက်တစ်ကြိမ်... နောက် တစ်ကြိမ် ကျွန်တော်အရိုက်ဖွပ်ခံရပြန်သည်။

ကမ္ဘာကျော် လက်ဖွေ့သမား ကက်ဆီယပ်ကလေးက စိန်ခေါ်သူအား အကြိမ်ကြိမ် ထိုးသတ်နေသည့်နှယ်။

ကျွန်တော် မေ့မျောလုမတတ်ဖြစ်သွား၏။

ထိုအခါတွင် ရောမလှိုင်းလုံးကြီးတစ်လုံးသည် ကျွန်တော့်ခန္ဓာကိုယ်ကို ပွေ့ချီ၍ မတ်စောက်သည့် ကျောက်ဆောင်တစ်ခု ထက်သို့ ပစ်တင်လိုက်၏။

ကျွန်တော် သတိအလစ်မခံဘဲ ကျောက်ဆောင်၏ အချွန်အတက်များကို တအားဆုပ်ကိုင်ထားလိုက်၏။

သို့သော် မရပါ။ အငူထက်မှ လိမ့်ကျလာသော ရေလုံးများက ကျွန်တော့်ကို ရေထဲသို့ တစ်ဖန်ဆွဲချလိုက်ကြ၏။

လှိုင်းလုံးများက ကျွန်တော့်ကို အကြိမ်ကြိမ်ရိုက်ဖွပ်ကြပြန်လေပြီ။

"မိုက်လိုက်တဲ့လူကြီးနှယ်... နင့်ချည်းပင် သေပေတော့" ဟု ကျွန်တော့်အား အပြစ်ဒဏ်ပေးနေကြသယောင်ယောင်။

တမျှင်မျှင်ကလေး ကျန်ရှိနေသည့် အသိတရားကိုမလွတ်ကင်းအောင် ကျွန်တော်အားခဲနေရ၏။

ကံကောင်းထောက်မ၍ နောက်တစ်ကြိမ် လှိုင်းလုံးကြီးတစ်လုံးက ကျွန်တော့်အား ကျောက်ဆောင်ကြီးတစ်လုံးပေါ်သို့

http://www.dhammadownload.com



ပင့်တင်လိုက်ပြန်၏။ ကျောက်ဆောင်မျက်နှာပြင်တွင် အက်ကွဲနေသည့်နေရာတစ်ခုကို လက်နှင့်စမ်းမိသဖြင့် အတင်းကုတ်ဖဲ့ကာ တွယ်ကပ်နေလိုက်၏။

သို့သော် မရသေးပါ။ ပြန်လိမ့်ကျလာကြသော ရေလုံးကြီးများနှင့်အတူ ပင်လယ်ထဲသို့ ကျွန်တော်လိုက်ပါသွားရပြန်၏။

အငူစွန်းနံရံနှင့် ကျွန်တော်အရိုက်ဖွပ်ခံရပြန်လေပြီ။ အရိုင်းသဘာဝ၏ နှိပ်စက်မှုကို ကျွန်တော်ငုံ့ခံရုံမှတစ်ပါး အခြားထွက်ရပ်လမ်းကို ကျွန်တော်မမြင်မိပါ။ ကျွန်တော်၏ ကြွင်းကျန်ရစ်သည့် စွမ်းအင်ငွေ့ငွေ့နှင့် ရေမနစ်အောင်သာ ခြေလက်များကိုလှုပ်ရှားနိုင်၏။

ကျွန်တော် အကြိမ်မည်မျှ အရိုက်ခံနေရသည်ကို မသိစွမ်းနိုင်တော့ပါ။

ကျွန်တော့်ဘဝ၏ နောက်ဆုံးအချိန်သို့ ရောက်လာပြီဟု ကျွန်တော်နှလုံးသွင်းလိုက်မိ၏။

"ဘုရားသခင် ကယ်မတော်မူပါ၊ ဘုရား ... ဘုရား"

ကျွန်တော် ဆုတောင်းရင်း မျက်စိများကို မှိတ်လိုက်၏။

> **အမည်းကိုသိမှ အဖြူကို သိရသလို**
> **အဆိုးကိုသိမှ အကောင်းကိုသိနိုင်မည်။**
> **အမှောင်ကိုသိမှ အလင်းကို သိရသလို**
> **ဒုက္ခကိုသိမှ သုခကိုသိနိုင်မည်။**

http://www.dhammadownload.com



ထိုအခိုက်တွင် ရောမလှိုင်းလုံးကြီးတစ်လုံး၏ စွမ်းအား ကြောင့်လော၊ အခြား မမြင်နိုင်သည့်စွမ်းအားတစ်ခုကြောင့်လော ကျွန်တော်မပြောတတ်။ ကျွန်တော်၏ ကိုယ်ခန္ဓာသည် လေထဲ သို့ မြောက်တက်သွားပြီးလျှင် ကျောက်ဆောင်ကြီးတစ်လုံးပေါ် သို့ ရောက်သွား၏။

ကျွန်တော်သတိသုံသုံကလေး ရနေသည့်အတွက် ကျောက် ဆောင်၏ ချိုင့်ကလေးများ၌ ခြေချောင်းကလေးများရော လက် ချောင်းကလေးများကိုပါ ထိုးစိုက်ပြီး တွယ်ကုတ်ထားလိုက်၏။

ရေလုံးများ လျှောကျလာကြပြန်လေပြီ။ ရေထုက ကျွန် တော့်ကို အတင်းဆွဲခေါ်နေပြန်၏။ အံကိုကြိတ်ကာ လက်ချောင်း များကို တအားကုတ်ထား၏။

လျှောဆင်းလာသည့်ရေထုများ ကုန်လေပြီ။ ကျွန်တော် လိုက်ပါ၍ မသွားတော့ပါ။

အခွင့်သာခိုက် ကျောက်ဆောင်အထက်သို့ တစ်လံမျှ ကျွန် တော်တွယ်တက်နိုင်လိုက်၏။ ထိုနေရာ၌ ကျောက်ဆောင် မျက် နှာပြင်တွင် အက်ကွဲကြောင်းကြီးတစ်ခုရှိရာ ကျွန်တော်၏ လက် ယာဘက် ခြေထောက်နှင့် လက်ယာဘက်လက်မောင်းတို့ကို ထို အက်ကွဲကြောင်းကြီး၌ ထိုးထည့်ထားလိုက်၏။

ဒီလှိုင်းကြီးများသည် ကျောက်ဆောင်ကို ကျော်တက်လာ ပြီးလျှင် ကျွန်တော့်ကို ပုတ်ခတ်ကြ၏။ သို့ရာတွင် ကျွန်တော့် အား ရေထဲသို့ မဆွဲခေါ်နိုင်တော့ပါ။

ကျွန်တော်သည် အလွန်ပန်းဟိုက်နေ၏။ အသက်ဝဝ ရှူ နိုင်ရန် နှာခေါင်းဖြင့်သာမက ပါးစပ်ဖြင့်ပါ ကူ၍ရှူသွင်းနေရ၏။

http://www.dhammadownload.com



တစ်ကိုယ်လုံးပင် အလွန်ကိုက်ခဲနာကျင်နေ၏။ ချမ်းအေး လွန်း၍လည်း တစ်ကိုယ်လုံးပင် ခိုက်ခိုက်တုန်နေ၏။

လှိုင်းလုံးကြီးများ၏ဘေးရန်မှ ကျွန်တော်လွတ်မြောက် လာသော်လည်း အအေးဒဏ် လေဒဏ် နှင်းဒဏ်တို့မှ ကျွန်တော် မလွတ်မြောက်နိုင်သေးပါ။ ဤဘေးဒဏ်တို့ကို တွန်းလှန်ရန် လည်း ကျွန်တော့်တွင် ခွန်အားမရှိတော့ပါ။

ကျွန်တော်၏အသိဉာဏ်သည် တဖြည်းဖြည်း မှေးမှိန်လာ ၏။ သိတစ်ချက် မသိတစ်ချက်... ထို့နောက် လုံးဝသတိလစ် သွားပါတော့၏။

အချိန်မည်မျှကုန်လွန်သွားသည်မသိ။

ကျွန်တော်၏မျက်စိများကို ပြန်လည်ဖွင့်လှစ်နိုင်သောအခါ ၌ မိုးစင်စင်လင်းနေပေပြီ။

ကျွန်တော်၏ပတ်ဝန်းကျင်ကို တဖြည်းဖြည်းအကဲခတ် ကြည့်လိုက်၏။

ဖြာလဲ့သောကောင်းကင်...အထက်ဘက်၌ မတ်စောက် သော ကျောက်နံရံ...အောက်ဘက်၌ပင်လယ်ပြင်...

ပင်လယ်ပြင်သည် ဘောင်ဘင်မခတ်တော့ပါ။ လှိုင်းလုံး ကြီးများ မရှိတော့ပါ။ လေပြင်းမုန်တိုင်းလည်း မရှိတော့ပါ။ နှင်း မှုန်များလည်း မကျတော့ပါ။

နေအလင်းရောင်များပင် ဖြာကျနေကြ၏။

နေရောင်ကြောင့် နှင်းစိုင်နှင်းခဲများပင် ပျော်ကျကုန်လေ ပြီ။

ကျောက်ဆောင်၏ အက်ကြောင်းများအတွင်းနှင့် ကျွန်

http://www.dhammadownload.com



တော့် ကုတ်အကျီ၏ တွန့်ခေါက်နေသည့် နေရာများ၌သာ အကြွင်းအကျန်များကို တွေ့ရ၏။

ကျွန်တော် ဘယ်များရောက်နေပါလိမ့်။

ကျောက်နံရံ၏ အထက်ဘက်၌ တောတန်းရှည်တစ်ခုကို လည်း တစ်ပိုင်းတစ်စ မြင်နေရ၏။ ဤနေရာသည် ကျွန်တော် နှင့် လုံးလုံးလျားလျား စိမ်းနေပါသည်။

ကျွန်တော်၏ မျက်စိအစုံကို မှိတ်လိုက်၏။ မည်သည့်နည်း ဖြင့် ဤနေရာသို့ ကျွန်တော်ရောက်ခဲ့ပါလိမ့်။

ဝမ်းဗိုက်က ဆာလောင်နေ၏။ တစ်ကိုယ်လုံးမှာ အေးစက် ထုံကျဉ်ပြီး ကိုက်ခဲနေ၏။

မည်သို့သော ဘေးဒုက္ခနှင့် ကျွန်တော်ကြုံတွေ့ခဲ့ရပါလိမ့်။

ကြာမြင့်စွာပင် ကျွန်တော်တွေးနေမိ၏။ အဖြေမရပါ။

"သြော်... သားနဲ့သမီးတွေ သူတို့ ဘယ်ရောက်ကုန်သလဲ၊ စံအိမ်ကော ဘယ်မှာလဲ၊ စံအိမ်... ဟာ... စံအိမ်မြုပ်သွားပြီပဲ၊ ဟော... ဟုတ်ပြီ၊ တို့ လေမုန်တိုင်း ကြုံခဲ့ရတာ... လှိုင်းလုံးကြီး တွေ... စံအိမ်ကျောက်ဆောင်နဲ့ တိုက်မိပြီး မြုပ်သွားတာ၊ စံအိမ် မမြုပ်ခင် တို့ရေထဲ ခုန်ဆင်းခဲ့ကြတာ... သားနဲ့ သမီးတွေ လှိုင်း လုံးတွေကြားမှာ မြုပ်ချည် ပေါ်ချည်နဲ့၊ ဟင်... သူတို့ အခု ဘယ် မှာလဲ... ဘယ်မှာလဲ၊ သား ရန်ဒီ... သမီး စင်ဒီ... ဂျီနာ"

ကျွန်တော်အမှတ်သတိရလာပြီး အသံထွက်၍ အော်ခေါ် လိုက်သည်ဟု ထင်မိ၏။ သို့သော် ထူးသံကို မကြားရပါ။ ကျွန် တော် တကယ်ပင်ခေါ်လိုက်လေသလား၊ သို့မဟုတ် အိပ်မက် မက်နေတာလား။ ထပ်ခေါ်ပါဦးမည်။

http://www.dhammadownload.com



"စင်ဒီ . . . ရန်ဒီ . . . ဂျိနာ၊ သမီး . . . သား"

မည်သည့်တုံ့ပြန်သံကိုမျှ မကြားရပါ။

ကျွန်တော် တကယ်အသံထွက်၍ အော်ခေါ်လိုက်လေသလား။ သို့တည်းမဟုတ် စိတ်ကူးထဲ၌သာ အော်ခေါ်နေမိလေသလား။

ကျွန်တော် မဝေခွဲတတ်ပါ။

သေချာအောင် ထပ်ခေါ်လိုက်ပါဦးမည်။

"သမီး စင်ဒီ . . . ဂျိနာ . . . ရန်ဒီ . . ."

ထူးသံ မကြားရပါ။ သားနှင့်သမီးတို့ သေကုန်ကြပါပြီ။

သူတို့သေပြီး ကျွန်တော်က အသက်ရှင်နေရသည်မှာ ထူးဆန်းနေ၏။ သူတို့က ကျွန်တော့်ထက် ရေကူးသန်သူများ ဖြစ်ကြ၏။ သူတို့၏ ကိုယ်ခန္ဓာများက ကျွန်တော်၏ခန္ဓာထက် ပို၍ခံနိုင်စွမ်းရှိကြ၏။ သုံးယောက်အနက် အနည်းဆုံးတစ်ယောက်တော့ အသက်ရှင်နေဖို့ကောင်းသည်။ ကျွန်တော့်အနီးတွင်ပင် ရှိနေဖို့ကောင်းသည်။

ကျွန်တော်ကော . . . တကယ်အသက်ရှင်နေပါသလား။

အားလုံးသည် အဆက်အစပ်မဲ့ပြီး အဓိပ္ပာယ်ကင်းနေ၏။

ထို့နောက် ကျွန်တော်၏အာရုံသည် ကျွန်တော်၏ ခြေထောက်များဆီသို့ ရောက်သွား၏။

ဘယ်ခြေထောက်တွင် စုတ်ပြဲ၍ သွေးစွန်းနေသောခြေစွပ်၊ ညာဘက်ခြေထောက်တွင် ခြေစွပ်မပါ ဗလာဖြစ်နေ၏။ ယင်းခြေထောက်သည် သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ခြေထောက်နှစ်ဖက်လုံးတွင် ခြောက်ကပ်နေသော သွေးစီး

http://www.dhammadownload.com



ကြောင်းများ ရှိ၏။ ခြေထောက်များအောက်၌မူ ခဲလုမတတ် ဖြစ်နေသော သွေးအိုင်ကြီး။

ကျွန်တော်၏ ခန္ဓာကိုယ်တစ်ခုလုံး၌ပင် ထိုမျှလောက်သော သွေး မရှိနိုင်ဟု ကျွန်တော်ထင်မိ၏။

ထို့ကြောင့် ကျွန်တော်အသက်မရှင်နိုင်ပါ။ မုချသေပြီးဖြစ် ရမည်။

မီးခြစ်များ ထည့်ထားသော ပုလင်းကို ကျွန်တော်သတိရ လာ၍ ကုတ်အင်္ကျီအိတ်ကို စမ်းကြည့်၏။ ပုလင်း မရှိတော့ပါ။

ကျွန်တော်မတ်တတ်ထရပ်ရန် အားပြုကြည့်၏။ လုံးဝ မထ နိုင်ပါ။

ကလေးများသည်လည်း မရှိ၊ မီးခြစ်လည်း မရှိ၊ ထလို့လည်း မရ။ လမ်းလျှောက်ဖို့ဆိုသည်မှာ ဝေလာဝေး။ ဘယ်ရောက်နေ သည်ကိုပင် ကျွန်တော်မသိ။

ကျွန်တော်အခုမသေသေးလျှင်လည်း မကြာခင်သေရမည် သာ။

ဘဝ၏ ခရီးလမ်းဆုံးသို့ ရောက်နေပြီ။ သေခြင်းကို ရှောင် လွှဲ၍ မရလျှင် အချိန်ဆိုင်းနေခြင်းဖြင့် မည်သို့အကျိုးရှိအံ့နည်း။ မြန်မြန်သေရသည်က မကောင်းပါလော။

ထို့ကြောင့် ကျွန်တော့်ကုတ်အင်္ကျီ၏ ဇစ်ကို ဆွဲချလိုက်၏။

ကုတ်အင်္ကျီပွင့်သွားသည်နှင့်တစ်ပြိုင်နက် အတွင်းမှ စိုနေ သော အဝတ်များကို လေအေးတိုးသဖြင့် အသည်းခိုက်အောင် အေးစိမ့်သွား၏။

ဤလေအေးသည် ရေခဲထက်ပင် ပိုအေးမြ၏။ ကုတ်အင်္ကျီ

http://www.dhammadownload.com



ကို ဆက်ဖွင့်ထားလျှင် မကြာမီပင် ကျွန်တော်သေပွဲဝင်ရမည်မှာ သေချာ၏။

ကျွန်တော်သည် တကယ်ပင် ဘဝကို အရှုံးပေး၍ သေမင်းတမန်ကို ဖိတ်ခေါ်သင့်ပြီလော။

ကျွန်တော်တွေးထင်သကဲ့သို့ ကလေးများ မသေဘဲ အသက်ရှင်နေကြသေးလျှင် ဤဘေးဒုက္ခကြီးမှ လွတ်မြောက်ရေးအတွက် ကျွန်တော်၏ လမ်းညွှန်ကူညီမှုကို သူတို့ အရေးတကြီး လိုအပ်မည် မဟုတ်လော။

ဤသို့ အတွေးဝင်လာသည့်အတွက် ကုတ်အင်္ကျီ၏ ဇစ်ကို ကျွန်တော်ပြန်ဆွဲတင်လိုက်၏။

ကျွန်တော်၏ မျက်စိအစုံကိုမှိတ်၍ ကလေးတို့အား အသက်ရှင် နေခွင့်ပြုရေးအတွက် ဘုရားသခင်ထံ ဆုတောင်းလိုက်၏။

ထို့နောက် သမ္မာကျမ်းစာထဲမှ ကျွန်တော်နှစ်သက်သည့် အောက်ပါကဗျာကစ်ပိုဒ်ကို သတိရလာသဖြင့် တိုးတိုးရွတ်ဆိုမိ၏။

"ယင်းသို့ဖြစ်လင့်ကစား လျင်မြန်စွာလာလှည့်လော့"
ဘုရားသခင်ရယ် ... ဆောလျင်စွာ လာလှည့်ပါလော့။

## (၁၆)
## ပင်လယ်သောင်ကမ်းဝယ်

"ဟိုမှာ ... ပါပါ၊ ပါပါ ... ဟိုမှာဟော့"

ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သော ရန်ဒီ၏အသံကို ကျွန်တော် သဲ့သဲ့ကလေး ကြားလိုက်ရ၏။ သို့ရာတွင် ထိုအသံကို ကျွန်တော် မမှတ်မိ။ ကျွန်တော်၏ ကမ္ဘာနှင့် မသက်ဆိုင်ဟု ထင်မိ၏။

http://www.dhammadownload.com



"ဘယ်မှာလဲဟင်"

စင်ဒီ၏အသံကို ကျွန်တော်ထပ်မံကြားလိုက်ရ၏။ ဤအသံကိုလည်း ကျွန်တော်မမှတ်မိသေး။

သူတို့သည် ကျွန်တော်လဲလျောင်းနေသည့်ကျောက်ဆောင်၏ အောက်ဘက်၌ရှိသော ကျောက်ဆောင်တစ်ခုထက်၌ ရပ်နေကြပြီးလျှင် ကျွန်တော်ရှိရာသို့ မော့ကြည့်နေကြ၏။

ကျွန်တော့်အား သူတို့တစ်မနက်ခင်းလုံး လိုက်ရှာခဲ့ကြ၏။ သောင်ကမ်းတစ်လျှောက် အပေါ်ဘက်သို့လည်း ရောက်ကြ၏။ အောက်ဘက်သို့လည်း ရောက်ကြ၏။ အငူစွန်း၏အထက်ဘက်ရှိတောထဲသို့လည်း ဝင်ကြည့်ခဲ့ကြ၏။

ဘယ်နေရာမှာမှ ကျွန်တော့်အား မတွေ့ရသဖြင့် ဤကျောက်ဆောင်များဆီသို့ တစ်ဖန်ပြန်လာကြ၏။ စောစောက အောက်ဘက်ကျောက်ဆောင်များပေါ်၌သာ လိုက်ကြည့်ခဲ့ကြ၏။ ကျွန်တော်ရှိနေသောနေရာမှာ အောက်က ကြည့်လျှင် မမြင်ရပါ။

ယခု ရန်ဒီနှင့်စင်ဒီတို့ရပ်နေကြသော ကျောက်ဆောင်ထက်မှနေ၍ ကျွန်တော်လဲလျောင်းနေသည့် ကျောက်ဆောင်၏ အက်ကွဲကြောင်းအတိုင်း ကြည့်သောအခါမှသာ ကျွန်တော့်ကို မြင်ရ၏။

သားနှင့်သမီးတို့သည် ကျွန်တော့်ထံသို့ ဝမ်းမြောက်ဝမ်းသာပြေးလာကြ၏။ ကျွန်တော်၏ဘေးတွင် ဒူးထောက်ထိုင်ကြပြီး ကျွန်တော်၏ဘယ်လက်ကို ဆုပ်ကိုင်လိုက်၏။

"ပါပါ ... ပါပါ ... နေကောင်းရဲ့လားဟင်"

http://www.dhammadownload.com



စင်ဒီက စိုးရိမ်ပူပန်စွာ မေးလိုက်၏။

ကျွန်တော်သည် ခေါင်းကို စောင်းငဲ့ပြီး မျက်စိများကို ဖွင့်လိုက်၏။ ဝမ်းသာဝမ်းနည်းဖြစ်နေကြသော မျက်နှာကလေး နှစ်ခု။ ရုတ်တရက်အားဖြင့် ကျွန်တော်မမှတ်မိသေး။

"ပါပါ ...သမီးတို့လေ၊ စင်ဒီနဲ့ ရန်ဒီပါ ...ပါပါရဲ့၊ ပါပါ့ကို တစ်မနက်လုံး သမီးတို့ လိုက်ရှာနေကြတာ၊ ပါပါ သတိရပြီလား"

ကျွန်တော် ခေါင်းကို အသာကလေး ညိတ်လိုက်၏။

"အောက်ဘက်မှာ ကျွန်တော်တို့ ယာယီစခန်းတစ်ခု လုပ်ထားတယ်၊ အဲဒီကို သွားကြရအောင်နော် ပါပါ"

ရန်ဒီက လက်တွေ့သမားမို့ လက်တွေ့ကျကျစကားကိုပင် ပြော၏။

ကျွန်တော်၏ မျက်နှာ ရွှင်လန်းလာသည်။ သားနှင့် သမီးတို့ အသက်ရှင်နေကြသေးပါပကော။

ရန်ဒီက ကျွန်တော်၏ ဦးခေါင်းကိုကိုင်၍ စင်ဒီက ကျွန်တော်၏ ခြေထောက်များကို ကိုင်လျက် ကျွန်တော့်ကို ကျောက်အက်ကြောင်းအတွင်းမှ မ,တင်ကြ၏။

ကျွန်တော့်ကို ပက်လက်အနေထားပြီး ရန်ဒီက မေး၏။

"ပါပါ ...မတ်တတ်ရပ်နိုင်မလား"

ကျွန်တော် ခေါင်းခါပြလိုက်၏။

ကျွန်တော်၏ ခြေထောက်နှစ်ဖက်သည် ရေခဲထက် ပိုအေးသော လေတွင် ရှစ်နာရီကြာမျှ အကာအကွယ်မဲ့ တည်ရှိခဲ့ကြရာ

http://www.dhammadownload.com



အေးခဲတောင့်တင်းနေကြပြီဖြစ်၏။

စင်ဒီသည် အခြေအနေကို ရိပ်စားမိသည့်အလား မျက်နှာကလေး အိုသွား၏။ ထို့နောက် တစ်စုံတစ်ခုကို သတိရလာသကဲ့သို့ အားတက်လာပြီးလျှင် ကျောက်ဆောင်အောက်ဘက်သို့ ပြေးဆင်းသွား၏။

မကြာမီပင် ကျွန်တော်၏ဘွတ်ဖိနပ်တစ်ဖက်နှင့် ဆွယ်တာအင်္ကျီထူထူတစ်ထည်တို့ကို ကိုင်၍ စင်ဒီပြန်ရောက်လာ၏။

ဘွတ်ဖိနပ်ကို ကျွန်တော်၏ဘယ်ခြေထောက်တွင် ညင်သာစွာ ဝတ်ပေးကြ၏။ ဆွယ်တာထူထူကို ကျွန်တော်၏ ညာခြေထောက်တွင် ရစ်ပတ်ပေးကြ၏။

"ပါပါ ... ကျွန်တော်တို့ရဲ့ ပခုံးတွေကို ဖက်ထားနော်၊ မတ်တတ်ရပ်ကြည့်ရအောင်"

ရန်ဒီနှင့် စင်ဒီတို့သည် ကျွန်တော်၏ လက်မောင်းတစ်ဖက်စီကို ကိုင်လျက် ကျွန်တော့်အား ထူမ,ပေးကြ၏။

ကျွန်တော်၏ ခြေထောက်များသည် အေးစက်ထုံထိုင်းနေကြသော်လည်း စူးရှစွာနာကျင်နေကြ၏။

ကျွန်တော်သည် အံကိုကြိတ်၍ ထိုင်လိုက်၏။ ထို့နောက် မတ်တတ်ရပ်လိုက်၏။ ဝေဒနာမှာ အလွန်ဆိုးရွားပြင်းထန်သည့်အတွက် မျက်ရည်ပေါက်များ ကျလာ၏။

ကျွန်တော် လမ်းမလျှောက်နိုင်ပါ။ သားနှင့်သမီးတို့၏ ပခုံးများကို ဖက်၍ ခြေနှစ်ဖက်ကို တရွတ်ဆွဲကာ ကျွန်တော် လိုက်ပါရ၏။

http://www.dhammadownload.com



ကျောက်ဆောင်အောက်သို့ ခဲယဉ်းစွာဆင်းကြ၏။ ခဏ နားကြ၏။

"ဂျီနှာတစ်ယောက်ကောကွဲ့"

သမီးထွေး၏ အခြေအနေကို သိလို၍ ကျွန်တော်မေးလိုက်၏။

"ယာယီစခန်းမှာ ရှိပါတယ် ပါပါ၊ ဂျီနှာ ဘာမှမဖြစ်ဘူး၊ ကောင်းကောင်းမွန်မွန်ပဲ၊ ဒါပေမဲ့ လှိုင်းတွေကြားမှာ သူ့ဖိနပ်တွေ ကျွတ်ထွက်သွားခဲ့တယ်၊ သူ့ဘောင်းဘီရောပဲ"

သမီးထွေး အသက်ရှင်နေသည်ကို သိရ၍ ကျွန်တော် ဝမ်းမြောက်မိ၏။ လှိုင်းလုံးကြားတွင် ဘောင်းဘီကျွတ်ထွက်သွားသည်ဆို၍ ရယ်ချင်စိတ်ဖြစ်လာမိ၏။ သူ့ခမျာ ဘောင်းဘီရော ဖိနပ်များပါ မရှိရှာသည့်အတွက် မည်မျှချမ်းအေးနေရှာပါလိမ့်။ ဖခင်၏ မေတ္တာနှင့် စိုးရိမ်မိပြန်၏။

စင်ဒီနှင့် ရန်ဒီတို့သည် ကျွန်တော့်ကို ယာယီစခန်းဆီသို့ တွဲခေါ်သွားကြ၏။ ယာယီစခန်းမှာ ကျောက်ဆောင်နှစ်ခုကြားတွင်ဖြစ်၍ လေကွယ်၏။

ဂျီနှာသည် ကျောက်ဆောင်တစ်ခုကို မှီလျက် ဒူးကို ဖက်ကာ ထိုင်နေ၏။ ချမ်းရှာလွန်း၍ ခိုက်ခိုက်တုန်နေ၏။

ဂျီနှာ့ဘေးတွင် ကျွန်တော့်အား ထိုင်စေပြီးလျှင် စင်ဒီနှင့် ရန်ဒီတို့သည် ထင်းပိုင်းကလေးများကို ကောက်စု၏။ ထို့နောက် မီးမွှေးရန် ရန်ဒီကြိုးစား၏။

ရန်ဒီ၏ မီးခြစ်များမှာ ခြောက်သွေ့နေသဖြင့် တော်ပါသေး၏။ သို့ရာတွင် ထင်းများက စိုနေသည့်အတွက် မီးမွှေးလို့မရပါ။

http://www.dhammadownload.com



ဒီရေကျသွားပြီဖြစ်၍ သောင်ကမ်းပေါ်တွင် တင်ကျန်နေရစ်သော ကျွန်တော်တို့၏ပစ္စည်းအချို့ကို စင်ဒီနှင့် ရန်ဒီတို့ကောက်ယူထားကြ၏။ ထိုကောက်ယူထားသော ပစ္စည်းအပုံကလေး၌ ရေနံဆီတစ်ဘူး ပါ၏။ ထိုနေရုံဆီဘူးမှာ လှေပေါ်တွင် မီးအိမ်ထွန်းညှိရန်အတွက် အပိုဆောင်ထားသော ရေနံဆီဘူးဖြစ်၏။

ထိုရေနံဆီဘူးကို စင်ဒီယူလာပေးသဖြင့် ရန်ဒီသည် ရေနံဆီအနည်းငယ်ကို ထင်းပုံပေါ်သို့ လောင်းချလိုက်၏။ ထို့နောက် မီးခြစ်ဆံတစ်ချောင်းကိုခြစ်ပြီး မီးညှိလိုက်ရာ ဟုန်းခနဲ မီးတောက်လာပါတော့၏။

ဂျီနာနှင့်ကျွန်တော်တို့သည် မီးပုံနားသို့ကပ်၍ မီးလှုံကြ၏။ တစ်ကိုယ်လုံးအေးခဲနေချိန်တွင် မီးပုံ၏ အနွေးဓာတ်လောက်အဖိုးတန်သောအရာသည် လောကမှာ မရှိတော့ပါ။

မီးလှုံနေရင်းတွင် ဂျီနာ၏ ဗလာကျင်းနေသော ခြေအစုံကို ကျွန်တော်စိုက်ကြည့်နေမိ၏။ ကရုဏာသက်မိ၏။

သို့အတွက် ကျွန်တော်၏ညာခြေတွင် ရစ်ပတ်ထားသည့် ဆွယ်တာအထူကို ဖြေထုတ်လိုက်ပြီးလျှင် သမီးငယ်အား ကမ်းပေးလိုက်၏။

"သမီး... ရော့၊ ဒီဆွယ်တာကို ဘောင်းဘီလို ဝတ်လိုက်၊ ဆွယ်တာရဲ့ လက်နှစ်ဖက်ထဲကို ခြေထောက်နှစ်ဖက် ထိုးထည့်လိုက်ပေါ့"

ဂျီနာသည်ဆွယ်တာကိုယူ၍ ချက်ချင်းဝတ်လိုက်၏။ ငယ်

http://www.dhammadownload.com



ရွယ်သူမို့ တော်ပါသေး၏။ သို့သော် သေရေးရှင်ရေးတွင် အရှက် အကြောက်ကို ဘေးချိတ်ထားရမည်ဖြစ်၏။

စင်ဒီက ကြိုးတစ်စ ယူလာပြီးလျှင် ဆွယ်တာအကျႌ၏ အပေါ်ပိုင်းကို ဂျိနာ၏ခါးတွင် ပတ်ချည်ပေးလိုက်၏။

ယဉ်ကျေးသော လူ့အသိုက်အဝန်း၌ ယင်းသို့ ဆွယ်တာကို ဘောင်းဘီလုပ်ပြီး ဝတ်ဆင်ထားလျှင် တကယ့်ရယ်ရွှင်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။

စင်ဒီနှင့် ရန်ဒီတို့သည် သောင်ကမ်းတစ်လျှောက် ပိုက်စိပ်တိုက်ပြီး ပစ္စည်းအကြွင်းအကျန်များကို ရှာကြ၏။ စင်ဒီသည် ကျွန်တော်၏ ဘွတ်ဖိနပ်တစ်ဖက်နှင့် ဂျိနာ၏ ဒေါက်မြင့်ရှူးဖိနပ်နှစ်ဖက်ကို တွေ့ရသဖြင့် ကျွန်တော်တို့ထံ ယူလာပေး၏။

ရန်ဒီက 'စပို့ယက်' ခေါ် လိမ္မော်ရောင်ပလတ်စတစ် လှေငယ်ကို ကမ်းစပ်၌ တွေ့သဖြင့် ဆွဲယူလာ၏။

ထို့နောက် စင်ဒီနှင့် ရန်ဒီတို့သည် 'စံအိမ်' လှေတွင် ရွက်အဖြစ် အသုံးပြုခဲ့သော ရွက်ဖျင်တစ်ချပ်နှင့် ရေမြှုပ်အိပ်ရာသုံးခုတို့ကို ယူလာကြပြန်၏။

ကျွန်တော်သည် အနွေးဓာတ်ကြောင့် အနည်းငယ်နေသာထိုင်သာ ဖြစ်လာသော်လည်း အလွန်အားနည်းနေသေး၏။ သို့အတွက် စင်ဒီနှင့် ရန်ဒီတို့ကို ဝိုင်းမကူနိုင်ပါ။

သို့ရာတွင် ရာသီ၏အအေးဒဏ်ကို ကာကွယ်ဖို့အတွက် ရွက်ထည်တဲတစ်ခု ထိုးရန် ကလေးတို့အား ညွှန်ကြားလိုက်၏။

မီးပုံ၏အနီး၌ ရင်ဘတ်အမြင့်ခန့်ရှိသော ကျောက်ဆောင်နှစ်လုံးသည် တစ်ခုနှင့်တစ်ခု ရှစ်ပေခန့်ကွာဝေး၍ ကမ်းရိုးတန်း

http://www.dhammadownload.com



နှင့် ပြိုင်တန်းနေကြ၏။ ထိုကျောက်ဆောင်နှစ်လုံးထက်၌ ရန်ဒီအား သစ်လုံးနှစ်ချောင်းကို ရှေ့တစ်ချောင်း နောက်တစ်ချောင်း တင်ထားစေပြီးလျှင် ရွက်ဖျင်ကြီးကို ဖြန့်မိုးစေ၏။ ရှည်ထွက်နေသော ရွက်ဖျင်အပိုင်းဖြင့် ကျောက်ဆောင်နှစ်ခုကြားရှိ အဝတစ်ဖက်ကို ဖုံးပိတ်စေ၏။ ထိုရွက်ဖျင်အစကိုပင် ကြမ်းခင်းအဖြစ် အသုံးပြုစေ၏။ မီးပုံဘက်လှည့်နေသော အပေါက်ကိုမူ ဖွင့်ထားကြ၏။

ရွက်ထည်တဲ ထိုးပြီးသောအခါ ရန်ဒီနှင့် စင်ဒီတို့သည် နောက်ထပ်ပစ္စည်းများ ရလိုရငြား ထပ်ရှာကြပြန်၏။ ရေထည့်သည့်ဇလားခွက်တစ်ခု၊ စားသုံးဆီအပြည့်ပါသည့် ပလတ်စတစ်ပုံးတစ်လုံး၊ လိမ္မော်ရည်ဖျော်ရန် အမှုန့်အနည်းငယ်ရှိသည့်ပုလင်းတစ်လုံး၊ ပန်းသီးခြောက်လုံး၊ ကြက်သွန်သုံးဥ၊ ဒိန်ခဲအနည်းငယ်နှင့် ဆော့စ်ဘူးငယ်တစ်ခုတို့ကို ရရှိကြ၏။

'စံအိမ်'တွင် တစ်လစာ စားသောက်နိုင်သည့် ရိက္ခာများကို ကျွန်တော်တို့ လှောင်ထားခဲ့၏။ ယခုမူ ဖော်ပြပါစားစရာ အနည်းငယ်ကိုသာ ပြန်လည်ရရှိကြ၏။

ကမ်းခြေတစ်လျှောက်မှ ပြန်လည်ဆယ်ယူရရှိသောပစ္စည်းအနည်းငယ်နှင့် စားစရာအနည်းငယ်တို့သည် ကျွန်တော်တို့အတွက် အဖိုးတန်ရတနာများ ဖြစ်ကြ၏။

ညနေစောင်းအချိန်တွင် ရန်ဒီသည် ယောက်သွား လက်တစ်ဆုပ်စာမျှကို ရှာဖွေရရှိခဲ့၏။ ထိုယောက်သွားကို ဇလားခွက်စွပ်ပြုတ်ကျဲကျဲချက်ပြီးလျှင် ကလေးတို့အား ဝေငှသောက်စေ၏။

ကလေးတို့က မြိန်ရေရှက်ရေ သောက်ကြ၏။ သို့ရာတွင်

http://www.dhammadownload.com



ယောက်သွားစွပ်ပြုတ်ကျဲကျဲအနည်းငယ်သည် အဆာပြေရုံမျှ လောက်သာ စွမ်းဆောင်နိုင်ပါလိမ့်မည်။

ကျွန်တော်ကမူ အစာစား၍မရပါ။ စားချင်စိတ်လည်း မရှိပါ။ ကိုယ်ခန္ဓာအပူချိန်လောက်နွေးအောင် အပူပေးထားသော ရေအနည်းငယ်ကိုသာ သောက်နိုင်၏။

ညနေရောက်လာသဖြင့် ပို၍ချမ်းအေးလာ၏။ မီးပုံ ပတ်လည်တွင် အားလုံးဝိုင်းထိုင်ကြ၏။ အားလုံးက မီးပုံကို စိုက်ကြည့်နေကြ၏။ မည်သူမျှ စိတ်မကြည်လင်ပါ။ ကလေးတို့က ကျွန်တော် အစာမစားနိုင်ဘဲ နွမ်းခွေနေသည်ကို မြင်၍ စိတ်မကောင်းကြပါ။

"ချစ်သားနဲ့ ချစ်သမီးတို့ ... ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ မှတ်ကြပါ၊ တို့အားလုံး အသက်ရှင်နေသေးတာကိုပဲ ဝမ်းမြောက်ကြပါ၊ မနက်ဖြန် မိုးလင်းတဲ့အခါ တို့အခုရောက်နေတဲ့ နေရာကို သိအောင် ခန့်မှန်းရမယ်၊ သိပြီးရင် ဒီနေရာက အမြန်ဆုံး ထွက်ခွာနိုင်အောင် ကြိုးစားရမယ်"

တပ်စုမှူးက သူ၏ရဲဘော်များအား ရှေ့လုပ်ငန်းစဉ်ကို ရှင်းပြနေသကဲ့သို့ သားသမီးတို့အား ရှေ့လုပ်ရမည့်အလုပ်ကို ကျွန်တော် ရှင်းပြ၏။

"ကျွန်မတို့ မူဇွန်အငူပေါ် ရောက်နေတယ်လို့ ရန်ဒီက ယူဆတယ်"

စင်ဒီက ရန်ဒီ၏ယူဆချက်ကို တင်ပြလိုက်၏။

"ဟိုအထက်ဘက်မှာ ကျွန်းငယ်သုံးလေးကျွန်းကို ကျွန်

http://www.dhammadownload.com



တော် တွေ့ရတယ်၊ ကျွန်တော်တို့ အခုရောက်နေတဲ့ နေရာက လန်ဂရာကျွန်းမဟုတ်ဘူးလို့လဲ ကျွန်တော်ထင်တာပဲ”

ရန်ဒီက သူ၏ထင်မြင်ချက်ကို ထပ်ဆင့်တင်ပြ၏။

“စံအိမ်မပြုပ်မီက စံအိမ်ဟာ မူဗွန်အငူ နဲ့ လန်ဂရာကျွန်းတို့ရဲ့ကြားမှာ ရောက်နေတယ်လို့ ပါပါခန့်မှန်းခဲ့ပါတယ်၊ မိုးလင်းတဲ့အခါ ပတ်ဝန်းကျင်က ကျွန်းတွေရဲ့အနေအထားကိုကြည့်ပြီး ခန့်မှန်းသေးတာပေါ့၊ ကဲ ...သားတို့ သမီးတို့က အရင်ညဥ့်ကလဲ မအိပ်ကြရဘူး၊ အိပ်ကြတော့”

ထိုညဥ့်က ကျွန်တော်တို့ ကောင်းစွာမအိပ်ကြရပါ။ ရာသီ၏အအေးဒဏ်သည် ပြင်းထန်လွန်းလှ၏။ နှင်းမှုန်များက အဆက်မပြတ် ကျနေ၏။ ရွက်ဖျင်အမိုးထက်တွင် လေးငါးလက်မအထူမျှ နှင်းပွင့်များတင်နေကြ၏။ မီးပုံ၏ အပူငွေ့ကြောင့် ထိုနှင်းပွင့်များ အရည်ပျော်သောအခါ အေးစက်သည့် နှင်းရည်တို့သည် ကျွန်တော်တို့၏ ကိုယ်ပေါ်သို့ စိမ့်ယိုကျလာ၏။

ရန်ဒီသည် ထိုညဥ့်အတွင်း၌ အကြိမ်များစွာပင် တဲအပြင်သို့ ထွက်၍ မီးပုံတွင် ထင်းစများ ထည့်ပေး၏။ တဲပေါက်ဝသို့ အိပ်မှုံစုံမွှားနှင့် ကျွန်တော်ကြည့်လိုက်တိုင်း မီးပုံဘေးတွင် ထိုင်နေသော ရန်ဒီကို တွေ့ရ၏။

ရန်ဒီသည် မီးပုံ၏စွမ်းအင်ကို ခံယူနေလေရော့သလား။

မိုးလင်းသောအခါ အငူစွန်းပေါ်သို့ ကျွန်တော်တက်သွားပြီးလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မျက်နှာများကို သေသေချာချာကြည့်ရှုလေ့လာ၏။

ရန်ဒီ၏ ယခင်ညဥ့်က မှန်းဆချက်သည် အတော်ကလေး

http://www.dhammadownload.com



မှန်နေသည်ကို ကျွန်တော်တွေ့ရ၏။ သို့သော် ကျွန်တော်တို့ ရောက်နေသောနေရာသည် လန်ဂရာကျွန်းလည်း မဟုတ်။ မူဇွန် အငူလည်း မဟုတ်။ ဒစ်ဆင်အဝင်ဝ၏ မြောက်ဘက်၌ရှိသော ကျွန်းရှည် (Long Island) ၏ တောင်ဘက်စွန်းတွင်ဖြစ်၏။

ကျွန်းရှည်သည် အလတ်စကားပြည်နယ်၏ တစ်စိတ် တစ်ဒေသ ဖြစ်၏။ ကျွန်းရှည်၏အနောက်ဘက်တွင် ကိုင်းဂနီ ရေလက်ကြား (Kaigani Strait) ရှိပြီး ယင်းရေလက်ကြားကို ဖြတ်ကျော်လိုက်လျှင် ဒေါလ်ကျွန်း (Dall Island) ကို ရောက် မည်ဖြစ်၏။ ယင်းကျွန်း၏အောက်ဘက်စွန်းတွင် မူဇွန်အငူရှိပြီး ကျွန်းအပေါ်ပိုင်း၏ အောက်ဘက်နားတွင် နှင်းဆီအဝ (Rose Inlet) ရှိ၏။ ထိုနှင်းဆီအဝတွင် သစ်လုံးတဲတစ်ခု ရှိ၏။

ထိုသစ်လုံးတဲသည် ကျွန်တော်တို့ အကူအညီရယူနိုင်သည့် အနီးဆုံး နေရာပင်တည်း။

ထိုသစ်လုံးတဲနှင့် ကျွန်တော်တို့ယခုရောက်ရှိနေသော နေ ရာသည် ၂၅ မိုင်ခန့်ဝေးမည်ဟု ကျွန်တော်ခန့်မှန်းကြည့်မိ၏။ ထိုတဲသို့ ရောက်အောင်သွားနိုင်မည်ဆိုလျှင် ဆေးဝါးနှင့် အစား အစာများ ရရှိမည့်အပြင် ကျွန်တော်တို့၏ဖောင်ရှိရာ ရဖျူဂျီယို ဆိပ်ကမ်းသို့ သွားရန်အတွက်လည်း စက်လှေတစ်စင်းကို ငှား ရမ်းယူနိုင်မည်ဖြစ်၏။

ထိုတဲဆီသို့ မည်သို့သွားရအံ့နည်း။

ကျွန်းရှည်၏ ကမ်းရိုးတန်းတစ်လျှောက် လမ်းလျှောက် သွား၍ မဖြစ်နိုင်ပါ။ ကမ်းရိုးတန်းတစ်လျှောက်ရှိကျောက်ဆောင် များမှာ အလွန်မတ်စောက်နေသည့်အပြင် ကျောက်ဆောင်များ

http://www.dhammadownload.com



၏ အထက်ပိုင်း၌လည်း ကျောက်အချွန်အတက်များ ပြည့်နှက်နေပေသည်။

ထို့အပြင် ကိုင်းဂနီရေလက်ကြားကိုလည်း ဖြတ်သန်းရပေဦးမည်။

အကောင်းဆုံးသော နည်းလမ်းမှာ ဖောင်တစ်ခုတည်းဆောက်၍ ကျွန်တော်တို့သားအဖလေးယောက်စလုံး အတူတကွသွားရောက်သော နည်းလမ်းဖြစ်သည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်၏။

ထိုစဉ်အခါ 'စပို့ယက်' ကို ကျွန်တော်သတိရမိ၏။ ဘာဆက်လုပ်ရမည်ကိုလည်း စိတ်ကူးရလိုက်၏။ အလျင်အမြန်လုပ်ရန်ကိုလည်း စိတ်စောမိ၏။

ထို့ကြောင့် ရွက်ထည်တဲဆီသို့ အမြန်ပြန်လာပြီးလျှင် ရန်ဒီအား 'စပို့ယက်' ကို ယူလာစေ၏။

"ပလတ်စတစ်လှေငယ်က အခြေအနေတော်တော်ဆိုးသလား ရန်ဒီ"

"တော်တော်ဆိုးတယ်၊ အောက်ပိုင်းတစ်ခုလုံး စုတ်ပြတ်နေတာပဲ"

"ကမ်းပေါ်မှာ စတိုင်ရိုဖုံးရေမြှုပ် (Styrofoam) တွေပြန့်ကျဲနေတာကို ငါသတိထားမိတယ်၊ အဲသည် စတိုင်ရိုဖုံးအစအနတွေကို စပို့ယက်ရဲ့ အပေါက်တွေထဲ ထိုးထည့်ပြီး အပေါက်တွေကို ပိတ်ဆို့လိုက်ရင် စပို့ယက်ကို တို့ပြန်သုံးလို့ မဖြစ်ဘူးလား"

"ဖြစ်နိုင်ပါလိမ့်မယ် ပါပါ၊ ပါပါ့အကြံ ကောင်းသားပဲ"

ရန်ဒီကပါ သဘောတူထောက်ခံသည့်အတွက် သောင်ကမ်း

http://www.dhammadownload.com



ပေါ် ပြန့်ကျဲနေသည့် စတိုင်ရှိဖုံးအစအနများကို ကလေးတို့အား ကောက်ယူစေ၏။ ထိုအစအနများကို စပို့ယက်၏ စုတ်ပြတ်နေသော အပေါက်များထဲသို့ ကျွန်တော်ဆို့ထည့်၏။

အပေါက်များကို တတ်နိုင်သလောက် ဖာထေးပြီးသောအခါ စပို့ယက်ကိုရေပေါ်သို့ ချကြည့်၏။ စပို့ယက်သည် ရေတွင်ပေါ်ပြီး လူနှစ်ယောက်တက်စီးသည်ကို ခံနိုင်ကြောင်း တွေ့ရသဖြင့် ကျွန်တော်တို့ အတော်အသင့်အားတက်သွားကြ၏။

"ဟုတ်ပြီဟေ့ ... တို့သစ်လုံးဖောင်တစ်ခု ဖွဲ့ကြဦးမယ်၊ အဲဒီဖောင်နဲ့ နှင်းဆီအဝက သစ်လုံးတဲဆီသွားကြမယ်၊ ဒီနေရာက လေသိပ်တိုက်လို့ ဒီမှာဖောင်ဖွဲ့လို့ မဖြစ်ဘူး၊ ဒီကျွန်းရဲ့အနောက်ဘက်ကမ်းကို သွားကြရအောင်"

"ဘယ်လိုသွားကြမလဲ ပါပါ"

ရန်ဒီမေးမြန်းသည့်အတွက် ကျွန်တော်၏ စိတ်ကူးကို ဆက်၍ ပြောပြလိုက်ရ၏။

"တို့ပိုင်တဲ့ပစ္စည်းတွေကို စပို့ယက်ပေါ် တင်ပြီး မင်းနဲ့ဂျိန်နာလှော်ခတ်သွားကြပေါ့၊ စင်ဒီက ငါနဲ့ ကမ်းရိုးတန်းပေါ်က လျှောက်သွားကြမယ်"

ရှေ့ဆက်လုပ်ရမည့် အစီအစဉ်ကို အားလုံးသိကြပေပြီ။ ကျွန်တော်တို့အား တစ်ညတာ အကာအကွယ်ပေးခဲ့သော ရွက်ထည်တဲကို ဖျက်သိမ်း၍ ပစ္စည်းများကို စပို့ယက်ပေါ်သို့ တင်ကြ၏။

ဖောင်ဖွဲ့ရာတွင် အသုံးပြုနိုင်မည့် ပစ္စည်းအတိုအထွာများကို ကျွန်တော်သတိထား၍ စုဆောင်းရာ ကြိုးလှေကားတစ်ခု၊

http://www.dhammadownload.com



လှျပ်စစ်ဝါယာကြိုးတစ်ချောင်းနှင့် ရာဘာပြွန်တစ်ချောင်းတို့ကို ရရှိ၏။

ဤပစ္စည်းအတိုအထွာများသည်ပင် လူ၏အသိဉာဏ်ဖြင့် သောင်ကမ်းပေါ် ပြန့်ကျဲနေကြသည့် သစ်လုံးများနှင့် ပေါင်းစပ်ပေးလိုက်လျှင် ဖောင်တစ်ခုဖြစ်လာမည်မဟုတ်ပါလော။

## (၁၇)
## ဘဝခရီးကြမ်းကြီး

အေးမြသော မြောက်လေသည် ကျွန်တော်တို့၏စခန်းပေါ်သို့ တိုက်ရိုက်တိုက်ခတ်နေ၏။

ဤစခန်းကို စွန့်ခွာရတော့မည်ဆိုတော့လည်း သံယောဇဉ်တွယ်မိသယောင်ယောင်။

ရန်ဒီနှင့် ကျွန်တော်တို့သည် ပစ္စည်းများ တင်ထားပြီးသော 'စပို့ယက်' ကို ရေပေါ်သို့ ဆွဲတင်လာကြ၏။

စပို့ယက်ကို ရေပေါ်ချပြီး၍ ရန်ဒီတို့ သွားရန် အသင့်ဖြစ်သောအခါ ...

"ရန်ဒီရေ ... မင်းတို့ ဒီကျွန်းရဲ့အနောက်တောင်စွန်းကို ကွေ့ပတ်သွားပြီးတော့ အနောက်ဘက်ကမ်းခြေမှာ ပထမဆုံးတွေ့ရတဲ့ ကမ်းခြေကောင်းကောင်းတစ်ခုမှာ စခန်းချကြကွာ၊ စင်ဒီနဲ့ ငါလဲ မကြာခင်ရောက်လာကြလိမ့်မယ်"

"ဟုတ်ကဲ့ပါပါ၊ ဒါနဲ့ ဂျီနာက ကျွန်တော်နဲ့အတူသွားမယ် မဟုတ်လား"

"အေးလေကွာ၊ ဟော ... ဂျီနာရော၊ သမီးလေး ..."

http://www.dhammadownload.com



ဂျီနာပျောက်ချက်သားကောင်းနေ၏။ ပစ္စည်းများ သိမ်းဆည်းနေစဉ်ကတည်းကပင် ဂျီနာ၏ မျက်နှာ မသာမယာဖြစ်နေသည်ကို ကျွန်တော်သတိပြုမိ၏။ "ကေန္တ …ကလေးမက စပို့ယက်နဲ့ မလိုက်ချင်ဘူးနဲ့တူတယ်"ဟု ကျွန်တော် နားလည်လိုက်၏။

"သမီးလေး … ဂျီနာ၊ ဂျီနာ … လာပါဦးသမီးရဲ့"

ဂျီနာသည် ကျောက်ဆောင်တစ်ခုနောက်တွင် ပုန်းကွယ်နေရာမှ ထွက်လာ၏။ ကျွန်တော့်အနီးသို့ရောက်သောအခါ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုလေ၏။

"ဩော် … သမီးရဲ့၊ စပို့ယက်နဲ့ သွားရတာ သက်သာပါတယ်၊ သမီးရဲ့ဒေါက်မြင့်ဖိနပ်က သမီးကို ကျောက်ဆောင်ပေါ်က လမ်းလျှောက်သွားဖို့ ခွင့်မပြုဘူးသမီးရဲ့"

"ဟင့်အင်း … ဟင့်အင်း၊ ဟင့် … ဟင့် … သမီး ပင်လယ်ထဲကို မဆင်းချင်တော့ဘူး၊ စပို့ … စပို့ယက်နဲ့ မလိုက် … မလိုက်ပါရစေနဲ့"

သမီးကလေး ငိုယိုတောင်းပန်နေပြန်တော့လည်း ကရုဏာသက်မိ၏။

စင်ဒီသည် ဂျီနာ၏ ပခုံးကိုဖက်ထားလိုက်ပြီး ဖျောင်းဖျရ၏။

"ညီမလေးရဲ့ … ပါပါက ကောင်းအောင်စီစဉ်နေတာပါ၊ တို့ဒီစခန်းက မထွက်ခွာလို့ မရဘူးမဟုတ်လား၊ ကြာကြာနေရင် အေးပြီး, ငတ်ပြီး, ဖျားပြီး သေကုန်ကြမှာပေါ့၊ ပါပါက အစာတောင် မစားနိုင်ဘူးဆိုတာ ညီမအသိပဲမဟုတ်လား၊ ညီမက ဒေါက်မြင့်ဖိနပ်နဲ့မို့ ကျောက်ခဲကျောက်ခက်တွေပေါ်မှာ ဘယ်

http://www.dhammadownload.com



လျှောက်သွားလို့ ရပ့ါမလဲ၊ ညီမလေး… လှေငယ်နဲ့ လိုက်သွားပါနော်”

ဂျီနာ အငိုလျော့သွား၏။ ကျွန်တော်က သမီးငယ်၏ လက်ကိုဆွဲယူပြီး လှေငယ်ဆီသို့ခေါ်သွား၏။ လှေငယ်ပေါ်တွင် ကျကျနန ထိုင်မိစေရန် သူမအား ကူညီပေးလိုက်၏။

စကားတစ်ခွန်းမှ မပြောကြတော့။ ဂျီနာသည် ရှိုက်ငိုနေရာမှ ကျွန်တော့်အား တစ်ချက်မော့ကြည့်လိုက်၏။ သူမ၏ မျက်လုံးပြာများတွင် မျက်ရည်ပုလဲဥတို့ ဟီးလေးခိုလျက်။

လှေငယ်ကို ကမ်းမှခွာနိုင်အောင် ကျွန်တော်တွန်းပေးလိုက်၏။ ရန်ဒီသည် တက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ သွက်သွက်ကလေး လှော်ထွက်သွား၏။

လှေငယ်သည် တရွေ့ရွေ့ဝေး၍ မြင်ကွင်းထဲ၌ တစ်စတစ်စ သေးငယ်သွား၏။

စင်ဒီနှင့် ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ရှေ့ဆက်ရမည့် တာဝန်ကို သိလိုက်ကြ၏။

ကမ်းပါးတစ်လျှောက်၌ အင်ငူစွန်း၏ နံရံများသည် ပေတစ်ရာခန့်မြင့်၍ အလွန်မတ်စောက်ကြ၏။ သောင်ကမ်းခြေမှာ ကျောက်ခါးပန်းများသာ ဖြစ်နေသည့်အတွက် အင်ငူစွန်းပေါ်မှသာ စင်ဒီနှင့်ကျွန်တော်တို့ လမ်းလျှောက်သွားကြ၏။

ကျောက်ဆောင် ကျောက်တုံးများကြားတွင် ကျွန်တော်တို့သည် အလွန်ခဲယဉ်းစွာ လျှောက်ကြရ၏။ နှင်းမှုန်များက တဖွဲဖွဲ

http://www.dhammadownload.com



ကျနေရာ နှင်းအစိုင်အခဲများပေါ်၌ နှင်းချသောအခါ ခြေချော် မသွားစေရန်လည်း ကိုယ်ကို ထိန်းကြရ၏။

အတန်ငယ်လျှောက်မိကြသောအခါ ပင်လယ်ဒီလှိုင်းများ တိုက်စားထားသည့်အတွက် သစ်တောအတွင်းပိုင်းသို့ ချိုင့်ဝင်နေသော ချောက်ကမ်းပါးတစ်ခုကို တွေ့ရ၏။ ထို ချောက်ကမ်းပါးသည် အတွင်းဘက်သို့ မိုင်ဝက်ခန့် ရှည်လျားသဖြင့် ယင်းကို ကွေ့ပတ်သွားရန် အချိန်မပေးနိုင်ပါ။

ထို့ကြောင့် စင်ဒီနှင့် ကျွန်တော်တို့သည် ထိုချောက်အောက်သို့ ခဲယဉ်းစွာဆင်းကြပြီးလျှင် တစ်ဖန် ချောက်၏ အခြား နှုတ်ခမ်းပေါ်သို့ ရောက်အောင် ခဲခဲယဉ်းယဉ်းတက်ကြရပြန်၏။

ဤခရီးကြမ်းနှင့် နှိုင်းစာလျှင် သမီးငယ်နှင့် ရန်ဒီတို့ သွားရသည့် လမ်းခရီးမှာ အလွန်ပြန့်ပြူးချောမောလှပလိမ့်မည်ဟု တွေးမိ၏။

ကျွန်တော်သည် စားမဝင် အိပ်မပျော်၊ ခွန်အားအထူးလျော့နည်းနေသည့်အတွက် မကြာမီ အမောဆို့လာ၏။

"ရန်ဒီနဲ့ နေရာချင်းလဲခဲ့ရရင် ကောင်းမှာပဲ"ဟုပင် တွေးလိုက်မိ၏။

သို့ရာတွင် ဖခင်တစ်ဦးအနေနှင့် ပိုခက်ခဲသောတာဝန်ကိုပင် ရွေးချယ်၍ ထမ်းရွက်ရပေမည်။ ထို့အပြင် ကျွန်တော်၏ အကြောအဆစ်ရောင်ရောဂါကြောင့် လှော်တက်ကို ကျွန်တော် မလှော်နိုင်ပါ။

ချောက်ကမ်းပါးကို ကျော်ဖြတ်ပြီးသည့်နောက် စင်ဒီနှင့် ကျွန်တော်တို့သည် ချောက်ကမ်းပါးပေါ်မှ ယခင်အတိုင်းပင်

http://www.dhammadownload.com



ခက်ခက်ခဲခဲလျှောက်ကြရပြန်၏။ ကျွန်တော်တို့ မည်မျှပင် ကြိုးစား၍ လျှောက်စေကာမူ ခရီးမှာ ကြမ်းတမ်းလွန်းသဖြင့် ထင်သလောက် ခရီးမပေါက်ဘဲ ဖြစ်နေ၏။

နံနက် ၉ နာရီအချိန်လောက်က စပြီး ခရီးထွက်ခဲ့ကြရာ မွန်းတည့်ချိန်သို့ပင် ရောက်လုနီးလာပါပြီ။ ဒုတိယ ချောက်ကမ်းပါးတစ်ခုကို တွေ့ရ၍ ခဲယဉ်းစွာ ကျော်ဖြတ်ရပြန်၏။

စင်ဒီရော ကျွန်တော်ပါ အလွန်မောနေကြပေပြီ။ သို့သော် ခွဲလုံ့လကို မလျှော့ဘဲ လေးလံသောခြေလှမ်းများဖြင့် ဆက်လျှောက်နေကြ၏။

မွန်းလွဲ ၃ ချက်တီးခန့်အချိန်တွင် တတိယချောက်ကမ်းပါးတစ်ခုကိုရောက်လာကြ၏။ ပင်ပန်းလွန်း၍ ချောက်ကမ်းပါးထိပ်တွင် ခေတ္တနားကြ၏။

ခြေကုန်လက်ပန်းဖြစ်နေသည့်အချိန်တွင် ချောက်ထဲသို့ ဆင်းလျှင် ကိုယ်ကို မထိန်းနိုင်ဘဲ မှောက်ထိုးကျသွားမည်ကို ကျွန်တော်စိုးရိမ်၏။

ထွက်လာစဉ်က တစ်နာရီခန့်သာ လျှောက်ရမည်ဟု ကျွန်တော် ထင်မှတ်ခဲ့သောခရီးတွင် ယခု ခြောက်နာရီကြာအောင် ကျွန်တော်တို့ လျှောက်ခဲ့ပြီးလေပြီ။ ခရီးတစ်ဝက်ပင် မကျိုးသေးပါ။

ကျွန်တော်တို့တွင် စားစရာမပါ၊ သောက်စရာရေလည်း မရှိ။ ရေငတ်လွန်းလျှင် နှင်းပွင့်တစ်ဆုပ်ကို ပါးစပ်ထဲ ထည့်၍ ငုံရ၏။ နှင်းအရည်ပျော်သောအခါ ရေကို မျိုချရ၏။

http://www.dhammadownload.com



စင်ဒီသည် နံနက်စောစောက ပန်းသီးတစ်လုံးကိုသာ စားခဲ့ရ၏။ ကျွန်တော့်မှာ မည်သည့်အစာမျှ မစားနိုင်သေး။ ရေနွေးနည်းနည်းကိုသာ သောက်ခဲ့ရ၏။

အငှားစွန်း၏ ကျောက်ဆောင်ထက်၌ ကျွန်တော်သတိလစ်နေသည့် အချိန်ကလည်း ကျောက်ဆောင်နှင့် ရိုက်ခတ်မိသော ခြေထောက်ဒဏ်ရာများမှ သွေးများစွာဆုံးရှုံးခဲ့ရသေး၏။

ယခုထိ ကျွန်တော်အသက်ရှင်နေသေးသည်ပင် အံ့သြစရာဖြစ်နေပါ၏။ သားသမီးများအား ဤဘေးဒုက္ခကြီးမှ လွတ်မြောက်စေလိုသော ဆန္ဒက ပြင်းပြလွန်း၍ အသက်ရှင်နေဟန်တူပါ၏။

စင်ဒီသည်လည်း ညဉ့်က အအိပ်ပျက်ခဲ့ရသည်က တစ်ကြောင်း၊ အစာအနည်းငယ်သာ စားခဲ့ရသည်က တစ်ကြောင်း၊ လေအေးနှင့် နှင်းမှုန်များကြားတွင် နာရီပေါင်းများစွာမနားတမ်း ခရီးကြမ်းနှင်ခဲ့ရသည်က တစ်ကြောင်းတို့ကြောင့် ပင်ပန်း နွမ်းနယ်နေပေပြီ။

"ကဲ...သမီး၊ ချောက်ထဲ ဆင်းကြရအောင်၊ ကျောက်ခဲတွေက နှင်းတွေနဲ့ ချောနေတယ်၊ သတိနဲ့ နင်းနော်"

ကျွန်တော်တို့သတိကြီးစွာထား၍ ဆင်းကြပါ၏။ သို့သော် ကျွန်တော်နင်းလိုက်သော ကျောက်ခဲတစ်လုံးမှာ လျှောဆင်းသွားသဖြင့် ကျွန်တော်ဖင်ထိုင်လျက်လဲကာ အောက်ဘက်သို့ လျှောကျသွား၏။ ပေါင်လုံးအရွယ်ခန့်ရှိသော သစ်ပင်တစ်ပင်ကို တွယ်ဖက်မိသောအခါမှ ကိုယ်အရှိန်ကို သတ်နိုင်တော့၏။

"ဟင်...ပါပါ နာသွားသလား"

http://www.dhammadownload.com



စင်ဒီသည် စိုးရိမ်တကြီးနှင့် ကျွန်တော့်ဆီသို့ ခပ်သုတ်သုတ် ဆင်းလာ၏။

"ဟဲ့ ... သမီး၊ မလာနဲ့ ... ချော်လဲနေဦးမယ်၊ ပါပါ ဘာမှ မဖြစ်ပါဘူး"

ကျွန်တော့်အနီးသို့ ရောက်လာသောအခါ စင်ဒီက ...

"ပါပါရယ် ... ကံကောင်းထောက်မပေလို့ပဲ၊ သမီး ရင်ထဲမှာ ထိတ်သွားတာပဲ၊ ပါပါက အားမှမရှိတော့တာ၊ ခပ်ဝဝလေး နားပြီးမှ ခရီးဆက်ကြရင် မဖြစ်ဘူးလား"

"မဖြစ်ဘူး သမီးရဲ့၊ တော်ကြာ ဒီရေတက်လာရင် ခက်နေဦးမယ်၊ မဝေးတော့ပါဘူး သမီးရဲ့၊ ပါပါဆက်သွားနိုင်ပါတယ်"

ကျွန်တော်သည် သစ်ပင်ကို အမှီပြု၍ ထရန်ကြိုးစား၏။ စင်ဒီ ကူမ,ပေးလိုက်၍ သက်သောင့်သက်သာ ထလာနိုင်၏။

ကျွန်တော်တို့သည် ပိုမိုသတိထားကာ ချောက်အောက်သို့ ဆင်းကြ၏။ ထို့နောက် တစ်ဖက်မှ ချောက်ခါးပန်းကို တက်ကြပြန်၏။ ရှိသမျှခွန်အားကလေးနှင့် အတင်းရုန်းကန်ကာ တက်ရသောကြောင့် နှစ်နာရီနီးပါး ကြာသွားသည်ထင်ပါ၏။

ချောက်နှုတ်ခမ်းပေါ်သို့ ရောက်သောအချိန်တွင် နေဝင်လုနီးနေချေပြီ။ အလတ်စကားပြည်နယ်တွင် ဆောင်းရာသီ၌ အစောကြီး နေဝင်မြဲဖြစ်၏။

စင်ဒီနှင့် ကျွန်တော်တို့သည် အလွန့်အလွန် မောပန်းနေကြပြီ။

"ပါပါ ... ခဏလောက် နားကြရင် မကောင်းဘူးလား"

http://www.dhammadownload.com



"နည်းနည်းလေး ဆက်သွားလိုက်ရအောင် သမီးရယ်၊ ပြီး တော့ နားကြတာပေါ့"

နည်းနည်း နည်းနည်းနှင့် ကျွန်တော်တို့ လျှောက်မြဲလျှောက် နေကြ၏။ နေအလင်းရောင် ကွယ်ပျောက်သွားသောအခါ လ ရောင် ကြယ်ရောင် မှိန်မှိန်တွင် ဆက်လျှောက်ကြပြန်၏။

ခြေလှမ်းများသည် လေးသထက် လေးလာကြ၏။ အသွား နှုန်းသည်လည်း နှေးသထက် နှေးလာ၏။

ခြေထောက်ကို အနိုင်နိုင် တရွတ်တိုက်ဆွဲ၍ သွားနေရသည် မှာ ပက်ကျိများ သွားနေရသကဲ့သို့ ထင်မှတ်ရ၏။

ခြေကုန်လက်ပန်းကျနေသည့်အထဲတွင် အလင်းမှိန်မှိန်၌ နှင်းဖုန်းထားသော ကျောက်တုံး ကျောက်ဆောင်များအကြားတွင် စမ်း၍ စမ်း၍ လျှောက်နေရသဖြင့် လဲကျသည့် အကြိမ်ပေါင်း လည်း မနည်းတော့ပါ။ ဒူးများနှင့် လက်ဖဝါးများလည်း အထပ် ထပ် အခါခါ ပွန်းပဲ့နေကြပါပြီ။

စင်ဒီလဲကျသောအခါ၌ သူမဘာသာသူမ ထလာနိုင်သော် လည်း ကျွန်တော်လဲကျသောအခါတွင်မူ သူမ ဝိုင်းထူပေးမှ ထ နိုင်ပါတော့၏။

သမီးနှင့် အဖေတို့သည် လက်ချင်းတွဲလျက် တစ်ယောက် ကို တစ်ယောက် အားပြုကာ ဆက်လျှောက်ကြ၏။

ညဥ့်သည် နက်သထက် နက်လာ၏။ လေသည် အေး သထက် အေးလာ၏။ အပြင်းအထန်ရုန်းကန်နေရသည့်အတွက် ကြောင့်သာ ကျွန်တော်တို့၏ ကိုယ်ခန္ဓာများ နွေးနေကြ၏။ ခေတ္တ မျှ ထိုင်နားလိုက်လျှင်ပင် ကိုယ်ခန္ဓာအေးစိမ့်လာတော့၏။

http://www.dhammadownload.com



သို့အတွက် ကျွန်တော်တို့၏ ခြေထောက်များကို လှုပ်ရှားနိုင်သေးသရွေ့ ကျွန်တော်တို့ ဆက်လျှောက်နေကြ၏။ သန်းခေါင်ယံလောက်တွင် ကျွန်း၏ အနောက်တောင်စွန်းသို့ ရောက်လာ၏။ ထိုမှတစ်ဖန် မြောက်ဘက်သို့ဦးတည်၍ လျှောက်ကြပြန်၏။

နှင်းများ ဝွေမြဲဝွေနေကြသည့်အတွက် ကောင်းကင်ထက်တွင် လနှင့်ကြယ်တာရာများကို မမြင်ရပါ။ အလင်းရောင်သည် အလွန်ဖျော့တော့နေပါ၏။ ကျွန်တော်တို့၏ မျက်စိများက အမှောင်တွင် ကျင့်သားရပြီး ဖြစ်နေခြင်းကြောင့်သာလျှင် ကျောက်ဆောင်များကို ရှောင်တိမ်း၍ လျှောက်နေနိုင်ကြ၏။

ကျွန်တော်တို့ လုံးဝခြေပန်းကျလေပြီ။ ဆက်မသွားနိုင်တော့ပါ။ ကြီးမားသည့် ကျောက်ဆောင်တစ်လုံး၏ လေကွယ်ရာဘက်တွင် ထိုင်ချလိုက်ကြ၏။ ဟိုနားသည်နားမှ ကောက်ယူထားခဲ့သော ထင်းကလေးများနှင့် မီးမွေးကြ၏။ ကျောက်ဆောင်ကို မှီရင်း မီးလှုံကြရာ မကြာမီအိပ်ပျော်သွားကြ၏။

ကျွန်တော်နိုးလာသောအခါ၌ ရောင်နီပင်ပျိုးနေလေပြီ။ ကျွန်တော်၏ တစ်ကိုယ်လုံးမှာ အေးစက်ပြီး နာကျင်ကိုက်ခဲနေ၏။

စင်ဒီမှာ အိပ်မောကျလျက်ပင် ရှိသေး၏။

ကျောကို ကျောက်ဆောင်တွင် မှီလျက် ဦးခေါင်းကို ကျွန်တော့် လက်မောင်းပေါ် မှေးတင်ထားကာ အပြစ်ကင်းသူပမာ အိပ်နေရှာသော သမီးလေး...။

သြော်... ချစ်သမီး၊ ဖခင်နှင့် အတူယှဉ်တွဲ၍ အသက်ရှင်ရေးအတွက် တစ်နေ့လုံး တစ်ညလုံး ရုန်းကန်ခဲ့သောသမီး။ ဖခင်

http://www.dhammadownload.com



အကြိမ်ကြိမ်လဲကျသည်ကို ဖေးမကူညီပေးခဲ့သော သမီး။ ဖခင်၏ မေတ္တာကို ညီမျှစွာ ပြန်လည်တုံ့ပြန်ရှာသောသမီး။ အိပ်ရေးဝအောင် အိပ်ပါစေတော့။

မီးပုံကလေး မီးငြိမ်းခဲ့သည်မှာ ကြာပေပြီ။ သွေးပူလာအောင် ကျွန်တော်၏ လက်ချောင်းများနှင့် ခြေချောင်းများကို ကွေးချည်ဆန့်ချည် ပြုလုပ်ပေး၏။

ထို့နောက် အလွန်ညောင်းညာနေသော ခြေလက်များကို လှုပ်ရှားမိရာ စင်ဒီ၏ မျက်လုံးများ ပွင့်လာကြတော့၏။

"ဟင်...ပါပါ နိုးနေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူးကွယ်၊ သမီးဆက်အိပ်ချင် အိပ်ဦးလေ"

"တော်ပါပြီ ပါပါရယ်၊ သမီးခြေလက်တွေ အေးခဲကုန်ပြီနဲ့တူတယ်"

"ဒါဖြင့်ရင် ပါပါတို့ ခရီးဆက်လိုက်ကြရအောင်၊ လမ်းလျှောက်ရင်း ကိုယ်နွေးလာမှာပေါ့"

ကျွန်တော်တို့ မတ်တတ်ထ ကိုယ်ဆန့်ပြီး ခရီးဆက်ကြ၏။

နေရောင်ခြည်များ ပိုရင့်လာကြ၏။ ကျေးငှက်သာရကာတို့၏ အသံများကိုမူ မကြားရ။

ဆယ်မိနစ်မျှလျှောက်မိသောအခါ ပင်လယ်ဝမှ ကုန်းတွင်းသို့ လခြမ်းသဏ္ဌာန် ကွေ့စိုက်၍ ထိုးဝင်နေသော လျှိုမြောင်တစ်ခုကို တွေ့ရ၏။

ထိုလျှိုမြောင်တွင် ရေဒူးဆစ်ခန့်ရှိ၏။ အညိုရောင် ကျောက်စရစ်ခဲများလည်း ရှိ၏။ ဤနေရာသည် လေကွယ်သောအရပ်

http://www.dhammadownload.com



ဖြစ်၍ စခန်းချရန် အလွန်ကောင်းသောအရပ်ဖြစ်၏။ ထို့အပြင် ကမ်းခြေတစ်လျှောက်၌ အရွယ်အစားစားရှိသည့် သစ်လုံးများ ပြန့်ကျဲလျက်ရှိသဖြင့် ဖောင်ဖွဲ့ရန်အတွက်လည်း အလွန်အဆင်သင့်သောနေရာ ဖြစ်၏။

"သမီးရေ...ဒီနေရာစခန်းချဖို့သိပ်ကောင်းတဲ့နေရာပဲ၊ ရန်ဒီနဲ့ ဂျိနာတို့များ ဒီအနားမှာ ရှိကြမလား မသိဘူး၊ သမီးကြည့်ပါဦး"

စင်ဒီက လှိုဏ်ကလေး၏ အထက်ဘက်နားသို့ သွားပြီးကြည့်၏။

"ဟာ...ဒီမှာပါပါ၊ သူ တို့ ဒီမှာရှိတယ်"

ကျွန်တော်တို့နှစ်ဦး ဝမ်းသာမှုပီတိဖြင့် ရွှင်လန်းသွားကြသလို ကျွန်တော်တို့ကို မြင်သွားကြသည့် ရန်ဒီနှင့်ဂျိနာတို့လည်း ရွှင်လန်းသွားကြ၏။ ဂျိနာသည် ကျွန်တော့်ထံ ပြေးလာပြီးလျှင် ကျွန်တော့်ခါးကို ဖက်ထားလိုက်၏။

"သမီးတို့ ဒီကိုရောက်နေတာ ကြာပြီလား"

"မနေ့ညနေကတည်းကပါ၊ ပါပါတို့ ဘာဖြစ်လို့ သိပ်ကြာနေရသလဲဟင်"

သမီးငယ်က ကျွန်တော်တို့ ခံစားခဲ့ရသော ဒုက္ခ အသွယ်သွယ်ကို မမှန်းဆတတ်သည့်အတွက် ရိုးရိုးသားသားပင် မေးလိုက်ပါ၏။

သမီးငယ် နားလည်အောင် ဖြည်းဖြည်းချင်းကျွန်တော်ရှင်းပြလိုက်သည့်အခါ မကြည်သာသော မျက်နှာကလေးနှင့် ကျွန်တော့်ကို ငေးကြည့်ရှာ၏။

http://www.dhammadownload.com



ထို့နောက် ရန်ဒီရောက်လာပြီး သူပြုလုပ်ထားသည့် ယာယီ တဲဆီသို့ ကျွန်တော့်ကို တွဲခေါ်သွား၏။

လွန်ခဲ့သည့်ညဉ့်က ဆယ်မိနစ် မိနစ်နှစ်ဆယ်ခန့်သာ ကျွန်တော်တို့ ဆက်၍လျှောက်နိုင်ခဲ့မည်ဆိုလျှင် ဤစခန်းသို့ စောစော စီးစီး ရောက်ခဲ့မည်ဖြစ်၏။ သို့သော် ကျွန်တော်တို့ မည်သို့မျှ ဆက် မလျှောက်နိုင်ခဲ့ပါ။

ဘဝဇာတ်လမ်းသည် ဤသို့ပင် ထူးဆန်းလှပါ၏။

ယနေ့ကား လေမှုန်ပြီးနောက် တတိယမြောက်သောနေ့ ပေတည်း။

ကလေးသုံးယောက်သည် မည်မည်ရရအာဟာရဖြစ်လောက် အောင် အစာမစားခဲ့ရသည်မှာ သုံးရက်ရှိပြီဖြစ်၍ လွန်စွာ ဆာ လောင် မွတ်သိပ်နေကြ၏။

ရန်ဒီသည် သစ်သားချောင်းတစ်ခုနှင့် ကမ်းခြေတစ်လျှောက် သဲစိုများကို တူးဆွကြည့်ရာ အကောင်ကြီးမားသည့် ယောက်သွား များ ပေါ်လာသည့်အတွက် ကလေးတို့၏ မျက်နှာများ လန်းဆန်း သွားကြ၏။

ယောက်သွားများကို ဖမ်းယူကြပြီးနောက် မြိန်မြိန်ရှက်ရှက် ဖုတ်စားကြ၏။

ကျွန်တော်သည် ကလေးများ စားသောက်ရသည်ကိုပင် ပီတိဖြစ်၍ ကျေနပ်မိ၏။ ကိုယ်တိုင်ကား မစားနိုင်ပါ။ ကျွန်တော် အစာမစားနိုင်ဘဲ နေရသည်မှာ သုံးရက်ရှိလေပြီ။

ကလေးတို့ စားသောက်နေချိန်တွင် ဖောင်မည်သို့ဖွဲ့ရမည် ကို ကျွန်တော်စဉ်းစားနေ၏။ သစ်လုံးအများကြီးကို ပူးစပ် ချည်

http://www.dhammadownload.com



နှောင်၍ ဖောင်ဖွဲ့ သည်ထက် လှော်ခတ်နိုင်မည့် ကူးတို့ဖောင် တစ်ခုကိုတည်ဆောက်သည်က ပို၍ကောင်းမွန်လိမ့်မည်ဟု ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်၏။

နေ့ခင်းတွင် ဒီရေများ ကျသွားသည့်အတွက် ကျောက်စရစ်ခဲများ ဖုံးလွှမ်းနေသော ကမ်းခြေ၏ မျက်နှာပြင်မှာ ပိုမိုကျယ်ပြန့်လာ၏။

နှင်းမှုန်များမှာ တစ်နေ့လုံးပင် တဖွဲဖွဲ ဆက်ကျနေ၏။ နေဝန်းကို မမြင်ရ။ ပတ်ဝန်းကျင်တစ်ခွင်လုံး မှုန်မှိုင်းနေ၏။ အနောက်ဘက်တွင် ဒေါလ်ကျွန်းကို ခပ်ရေးရေးသာမြင်နေရ၏။

ချမ်းအေးသော မြောက်လေသည် ကျွန်းရှည်နှင့်ဒေါလ်ကျွန်းတို့အကြား၌ရှိသော ကိုင်းဂနီရေလက်ကြားအတိုင်း တသုန်သုန်တိုက်ခတ်နေ၏။

နွေးနွေးထွေးထွေးရှိသည့် အရှေ့တောင်ရာသီလေ မတိုက်ခတ်လာသည်မှာ ရက်သတ္တနှစ်ပတ်ပင် ရှိခဲ့ပြီ။ သဘာဝ၏ စွမ်းအားများသည် ကျွန်တော့်မိသားစုကို မျက်နှာသာမပေးသေးချေ။

ဤအခြင်းအရာမှာ ဆောင်းရာသီ၏ ဖြစ်မြဲဓမ္မတာမို့ အမှန်မှာ သဘာဝမိခင်ကို အပြစ်တင်စရာ မလိုပေ။

သို့သော် လူသားတို့သည် မိမိတို့ ဖြစ်စေလိုသည်ကိုသာ မျှော်လင့်တောင့်တကြမြဲတည်း။

ကျွန်တော်သည် မီးပုံဘေးမှ ထပြီးလျှင် လှိုမြောင်းအတိုင်း ပင်လယ်ဝဘက်သို့ လျှောက်သွား၏။ နံနက်စောစောက စင်ဒီနှင့် ကျွန်တော် လမ်းလျှောက်လာစဉ်က အထပ်သားတစ်ချပ်ကို သတိပြုမိခဲ့၏။

http://www.dhammadownload.com



ထိုအထပ်သားရှိရာသို့ ကျွန်တော်လျှောက်သွားပြီးနောက် အထပ်သားကို ဆွဲလှန်လိုက်ရာ စံအိမ်လေး၏ ရေကြောင်းအိမ် နောက်ပိတ်အဖြစ် အသုံးပြုခဲ့သော အထပ်သားကြီးဖြစ်ကြောင်း အံ့သြစွာတွေ့ရ၏။ ယင်းအထပ်သားချပ်၏ အလယ်ဗဟို၌ တပ်ထားခဲ့သော မှန်တစ်ချပ်မှာ မရှိတော့ပါ။

ကျွန်တော်မတ်တတ်ရပ်နေစဉ် ခြေထောက်များ အလွန်နာကျင်လာကြသဖြင့် ကျွန်တော်ငုံ့ကြည့်မိ၏။ လေမှုပ်သည့်ညက ဒဏ်ရာရခဲ့သော ခြေထောက်အနာများမှာ ဖူးဖူးရောင်နေကြလေပြီ။ ရက်အနည်းငယ်အတွင်း၌ ဆေးကုသမှုကို ကျွန်တော် မရယူနိုင်ပါလျှင် ချစ်သား သားသမီးတို့နှင့် လမ်းခွဲကာ လူ့လောကမှ ထွက်ခွာသွားရမည်ဖြစ်၏။

ခြေထောက်ဒဏ်ရာအနာများကို ငုံ့ကြည့်နေစဉ် ကျွန်တော့်ထံပါးသို့ ရန်ဒီနှင့် စင်ဒီတို့ ရောက်လာကြ၏။

"ဒီအထပ်သားကို ကြည့်ကြစမ်း... မှတ်မိကြရဲ့လား"

"အင်း... စံအိမ်ရဲ့ ရေကြောင်းပြအိမ်က မဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ဒီရေက ဒီအထပ်သားကို ဒီအရောက် သယ်လာပေးတာ ဆန်းသကွဲ့"

"ဟုတ်ကဲ့ ပါပါ၊ ဒါနဲ့ ပါပါ့ကိုသမီးတို့ တစ်ခုပြောပါရစေ"

"ဘာလဲ သမီးရဲ့"

"ပါပါ့အခြေအနေက သိပ်ဆိုးနေပြီဖြစ်လို့ အကူအညီ မြန်မြန် ရအောင် ရန်ဒီနဲ့ကျွန်မ သစ်လုံးတဲဆီ အရင်သွားချင်တယ်"

"ဟုတ်ပါတယ် ပါပါ၊ စင်ဒီနဲ့ ကျွန်တော် စပို့ယက်နဲ့ သွား

http://www.dhammadownload.com



ကြမယ်၊ ကျွန်တော်တို့မသွားခင် ထင်းတွေ ယောက်သွားတွေ အများကြီး စုထားပေးခဲ့မယ်"

"ဂျိနာက ပါပါနဲ့အတူနေရစ်ပြီး ပါပါ့ကို ပြုစုပေးနိုင်မှာပေါ့"

သားနှင့်သမီးတို့၏ စေတနာကို နားနှင့်ဆတ်ဆတ် ကြားရသောအခါ ကျွန်တော့်ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဖြစ်သွား၏။ အစားအစာပေါ များပြီး လေကွယ်သော ဤအရပ်၌ မီးပုံဘေးတွင် ကျွန်တော် အေးအေးလူလူ ထိုင်စောင့်နေရလျှင် မည်မျှကောင်းချိမ့်မည်နည်း။

သားနှင့်သမီးတို့ တင်ပြသော အစီအစဉ်မှာ ကျွန်တော့်အတွက် အလွန်ကောင်းပါ၏။ သို့ရာတွင် ပြင်းထန်စွာ တိုက်ခတ်နေသော မြောက်လေကိုဆန်၍ ပလတ်စတစ်လှေငယ်ကို သားနှင့်သမီးတို့ မည်မျှကြိုးစားလှော်စေကာမူ ကိုင်းဂနီရေလက်ကြားကို ဆန်တက်နိုင်မည်မဟုတ်ပါ။

ကျွန်တော်၏ အတွေ့အကြုံနှင့် အသိဉာဏ်တို့က သားနှင့်သမီးတို့အား သွားခွင့်ပြုလိုက်လျှင် မှားမည်ကို သတိပေးနေ၏။ ထို့ကြောင့် ဖြည်းလေးစွာ ကျွန်တော်ခေါင်းခါလိုက်ရ၏။

"မဖြစ်ဘူး၊ သားနဲ့သမီးတို့ တင်ပြတဲ့အစီအစဉ်က မဖြစ်နိုင်ဘူး၊ ကဲ ကဲ ... အထပ်သားချပ်ကိုသာ ယူလာကြပါကွယ်"

စခန်းတွင် ဂျိနာသည် မီးပုံဘေး၌ ပုံ့ပုံ့ကလေး ထိုင်နေ၏။ ဘောင်းဘီအဖြစ် သူမ၏ ပေါင်ခြံနှစ်ဖက်ကို လှစ်ဖော်ထား၏။ ထိုလည်ပင်းပေါက်မှတစ်ဆင့် လေအေးများ တိုးဝင်နေသည့်အတွက် ဂျိနာခမျာ ချမ်းအေးနေရှာ၏။

http://www.dhammadownload.com



ကျွန်တော်သည် စခန်းအပြင်ဘက်သို့ ခေတ္တထွက်သွားပြီးနောက် ကျွန်တော်၏ အတွင်းခံဘောင်းဘီကို ချွတ်လိုက်၏။ ထို့နောက် အတွင်းခံဘောင်းဘီကို ဂျိနာအား လှမ်းပေးရင်း...

"ရော့...သမီး၊ ဒီဘောင်းဘီကို ထပ်ဝတ်လိုက်ဦး၊ သမီး ပိုနွေးသွားလိမ့်မယ်"

ဂျိနာသည် ထွေထွေရာရာစဉ်းစားမနေဘဲ ဘောင်းဘီကို ယူဝတ်လိုက်၏။ ဆွယ်တာကို ဘောင်းဘီအဖြစ်ပြောင်းပြန်ဝတ်ထားသည့်အပေါ်၌ လူကြီးဝတ်အတွင်းခံဘောင်းဘီတိုကို အထက်မှ ထပ်စွပ်ထားလိုက်သောအခါ ဂျိနာ၏ အသွင်သဏ္ဌာန်မှာ ပို၍ပင် ရယ်စရာကောင်းလာ၏။

သို့သော် ကျွန်တော်တို့မှာ မရယ်နိုင်ကြ။ သေတွင်းမှလွတ်မြောက်နိုင်ရေးအတွက်ကိုသာ အပြည့်အဝအာရုံစိုက်နေကြရ၏။

မှောင်ရီပျိုးလာသောအချိန်၌ စင်ဒီနှင့် ရန်ဒီတို့သည် သူတို့တိုင်ပင်ထားကြသောအကြံအစည်ကို ထပ်မံတင်ပြကြ၏။ ဤတစ်ကြိမ်တွင် သူတို့ကျေနပ်အောင် ကျွန်တော်ရှင်းပြလိုက်ရ၏။

"သားနဲ့သမီးတို့ရဲ့ အကြံအစည်က မဖြစ်နိုင်ဘူးကွဲ့၊ ပလတ်စတစ်လှေငယ်က ပေါ့ပေါ့ပါးပါးကလေးရယ်၊ မြောက်လေက အတင်းတိုက်နေတော့ ဒီလှေငယ်ကလေးနဲ့ ကိုင်းဂနီရေလက်ကြားကို ဘယ်လိုမှ ဆန်မတက်နိုင်ပါဘူး၊ ပြီးတော့ သွားရင်းနဲ့ လှေထဲကို ရေစိမ့်ဝင်နေဦးမယ်၊ ဖောင်ဖွဲ့ပြီးတဲ့အခါမှ တို့အတူတူ သွားကြတာပေါ့ကွယ်၊ တို့တစ်တွေ ဘာဖြစ်ဖြစ် လူစုမခွဲဘဲ အခက်အခဲတွေ စုပေါင်းအင်အားနဲ့ ကျော်လွှားကြတာပေါ့"

http://www.dhammadownload.com



လူစုမခွဲလိုသော ကျွန်တော်၏ဆန္ဒကို သားသမီးတို့မငြင်း ဆန်ကြတော့ပါ။ တိတ်တဆိတ်ပင် အိပ်ရာဝင်ကြ၏။

နံနက်မိုးသောက်သောအခါ ပြင်းထန်သည့် မြောက်လေသည် ကိုင်းဂနီရေလက်ကြား၏ အထက်မှ အောက်သို့ တိုက်ခတ်နေဆဲပင်။

ညဥ့်က ကျွန်တော်၏ စိတ်ကူးတွင် အမျိုးမျိုးတည်ဆောက်ကြည့်ခဲ့သော ကူးတို့ဖောင်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစကြ၏။

စင်ဒီနှင့် ရန်ဒီတို့အား အရင်းပိုင်း၌ အချင်း ဆယ်လက်မခန့်ရှိသော သစ်လုံးနှစ်လုံးကို လှိုမြောင်၏ သောင်ကမ်းပေါ်၌ တစ်လုံးနှင့်တစ်လုံး လေးပေခန့်ခြားလျက် ပြိုင်တန်းထားစေ၏။ ထိုသစ်လုံးသည် ၂၄ ပေစီ ရှည်လျားကြ၏။

သစ်လုံးနှစ်လုံး၏ အဖျားပိုင်း၌ ခိုင်ခံ့သော သစ်သားတန်း တစ်ချောင်းကို ကန့်လန့်ခံပြီးလျှင် ရာဘာပွွန်လုံးနှင့် မြဲမြဲအောင် ချည်နှောင်ကြ၏။

သစ်လုံးရှည်နှစ်လုံး၏ အလယ်ပိုင်းတွင် နှစ်လက်မ ထူပြီး ဆယ်လက်မ ကျယ်သည့် ပျဥ်ချပ်တစ်ချပ်ကို ကန့်လန့်ခင်းပြီးလျှင် ကြိုးလှေကားကို ဖြေထုတ်၍ ရရှိခဲ့သောကြိုးနှင့် မြဲမြံစွာ ချည်နှောင်ကြ၏။ ဤပျဥ်ချပ်ပေါ်တွင် ထိုင်၍ လှော်ခတ်နိုင်ရန် အတွက် ခတ်တက်နှစ်ချောင်းကို သစ်လုံးနှစ်ခုတွင် တစ်ခုစီ ကြိုးကွင်း ခံ၍ တပ်ဆင်ကြ၏။

ထိုပျဥ်ချပ်၏ နောက်တွင် ပလတ်စတစ်လှေငယ်ကို သစ်လုံးနှစ်လုံးကြား၌ ထားပြီး ကြိုးများနှင့် သိုင်းချည်ကြ၏။

http://www.dhammadownload.com



လှေငယ်နောက်တွင် တစ်ဖန် အထပ်သားအချပ်ကြီးကို ခင်းကြ၏။ ထိုအထပ်သားပေါ်၌ သစ်သားချောင်းနှစ်ချောင်းကို အောက်ခံသစ်သားလုံးတို့နှင့် အထက်အောက် ကျရန် ထားပြီးနောက် ကြိုးနှင့် ချည်နှောင်ကြ၏။ ဤနည်းဖြင့် အထပ်သား ပျဉ်ကြီးသည် အောက်ခံသစ်လုံးနှင့် အပေါ်သစ်သားချောင်းတို့၏ကြားတွင် မြဲမြဲစွာ ကျပ်ညပ်နေတော့၏။

ကူးတို့ဖောင်ကား ပြီးလေပြီ။ ဒီရေတက်လာသောအခါ၌ ဤဖောင်သည် ရေပေါ်တွင် ပေါ်နိုင်ပါမည်လား။

ကျွန်တော့်မိသားစု၏ အသက်ချမ်းသာရေးအတွက် ဤဖောင်သည် ကျွန်တော်တို့ကို နှင်းဆီအဝက သစ်လုံးတဲဆီသို့ သယ်ပို့ပေးနိုင်ပါမည်လား။

## (၁၈)
## မြောက်လေငယ် ညှဉ်းပါဘိ

လှိုဏ်မြောင်အတွင်းသို့ ဒီရေစဝင်လာပေပြီ။

ကျွန်တော်တို့ပိုင် ပစ္စည်းအတိုအထွာကလေးများကို ဖောင်ပေါ်၌ တင်ထားကြ၏။

ဒီရေ တဖြည်းဖြည်းမြင့်တက်လာ၏။ ကျွန်တော်တို့၏ ရင်ခုန်သံများသည်လည်း တဖြည်းဖြည်းမြန်လာကြ၏။

ကျွန်တော်တို့၏ အသက်ကယ်ဖောင်ကူးတို့သည် ရေပေါ်သို့ ပေါ်တက်လာနိုင်ပါမည်လား။

"ဟော... ဖောင်ကြီး ကြွတက်လာပြီ"

စင်ဒီက ဝမ်းပန်းတသာ အာမေဍိတ်သံ စပေးလိုက်၏။

တကယ်ပင် ဖောင်ကြီး ကြွတက်နေ၏။ ဒီရေမြင့်တက်

http://www.dhammadownload.com



လာသည်နှင့်အမျှ ဖောင်ကြီးသည်လည်း ပို၍မြင့်စွာ ကြွတက်လာ၏။

ဖောင်ကြီးပေါ်သို့ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ တက်ကြ၏။ ဖောင်ကြီးသည် မမြုပ်ပါ။ ကြွားကြွားကြွကြွပင် ကျွန်တော်တို့ကို သယ်ဆောင်ထား၏။

နှင်းဆီအဝသို့သွားရန် လမ်းစပွင့်လေပြီ။

ကျွန်တော်တို့၏ရင်ထဲ၌ ဝမ်းသာလုံးများ ဆို့နင့်လာကြ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မဲ့ပြုံးကလေးများ ပြုံးနိုင်လာကြ၏။

သို့ရာတွင် သွားရမည့်ခရီးက အဝေးကြီး။ အကြင်နာကင်းသော မြောက်လေနှင့် အညှာတာမဲ့သည့် နှင်းမိုးတို့က အဟန့်အတားပြုလျက်...။

"ကဲ...ရန်ဒီ၊ ဖောင်ကိုတွန်းထုတ်၊ ပင်လယ်ဝဘက် ထွက်ပြီး ဒီရေတက်တုန်း တို့လဲ လိုက်လှော်ကြရအောင်"

ဒီရေနှင့်အတူ ရေစီးကြောင်းသည် ကိုင်းဂနီရေလက်ကြား၏ အထက်ဘက်သို့ စီးနေ၏။ မြောက်လေက ကျွန်တော်တို့ကို အဟန့်အတားပြုသလောက် ဤရေစီးကြောင်းက ကျွန်တော်တို့ကို အကူအညီပေးပေလိမ့်မည်။

ရန်ဒီနှင့် စင်ဒီတို့သည် အလယ်ပျဉ်ချပ်၏ တစ်ဖက် တစ်ချက်စီ၌ထိုင်ပြီး လှော်တက်များကို အားသွန်၍လှော်ခတ်ကြ၏။

ဂျီနာနှင့် ကျွန်တော်တို့မှာ ဖောင်၏ နောက်ပိုင်းတွင် ထိုင်ကြပြီး ဂျီနာက ကူလှော်၏။ ကျွန်တော်က ပဲ့ထိန်းပေး၏။

သားနှင့် သမီးတို့၏ လှော်အားကြောင့် ကူးတို့ဖောင်သည်

http://www.dhammadownload.com



ရေစီးကြောင်းနှင့်လိုက်၍ ကျွန်းရှည်၏ကမ်းရိုးတန်းတစ်လျှောက် မြောက်ဘက်သို့ ရွေ့လျားနေ၏။ ရေစီးအားသန်နေသည့်အချိန်၌ ဖောင်၏ အရွေ့နှုန်းသည် အတော်မြန်၏။ ဒီရေအမြင့်ဆုံးအခြေသို့ ရောက်လာသောအခါ ရေစီးနှုန်းမှာ နှေးသွားသဖြင့် ဖောင်၏ အရွေ့နှုန်းသည်လည်း နှေးလာ၏။

ရန်ဒီနှင့် စင်ဒီတို့သည် မနားတမ်းလှော်ခတ်နေကြဆဲဖြစ်၏။ သူတို့၏ လက်ဖဝါးများ၌ အပူဖုများ ဖောင်းကြွလာကြပြီး ပေါက်ကွဲကြ၏။ အရည်ကြည်များ ထွက်လာကြ၏။ ဒါကို သူတို့ ဂရုမထားနိုင်ကြပါ။ အားခဲ၍သာ ဆက်လှော်နေကြရှာ၏။

ဒီရေ အမြင့်ဆုံးအမှတ်သို့ ရောက်လာသည့်အခါ ရေစီးကြောင်းလည်း ရပ်တန့်သွား၏။

ထိုအခါ မည်မျှပင် ကြိုးစား၍ လှော်သော်လည်း ပြင်းထန်သော မြောက်လေ၏ တွန်းအားကြောင့် ဖောင်သည် ရှေ့သို့မတိုးနိုင်တော့ပါ။

မကြာမီ ရေစီးကြောင်းပါ အောက်ဘက်သို့ပြန်စီးမည်ဖြစ်၍ ဖောင်သည်လည်း နောက်သို့ပြန်ဆုတ်ပေတော့မည်။

သို့အတွက် ဖောင်ဆိုက်ကပ်ရန် နေရာရှာကြ၏။ စင်မြင့်သဖွယ် မြင့်မားစွာမတ်စောက်နေသော ကျောက်ဆောင်တစ်ခု၏ အောက်နားတွင် ဖောင်ကို ဆိုက်ကပ်ကြ၏။ လေကောင်းစွာကွယ်သော နေရာတစ်ခုပေတည်း။

ကလေးများ မီးမွှေး၍ ဆောင်ယူလာခဲ့သော ယောက်သွားများကို ဖုတ်စားကြ၏။ ကျွန်တော်ကမူ ရေနွေးအနည်းငယ်ကိုသာ သောက်နိုင်၏။

http://www.dhammadownload.com



ကျွန်တော်တို့ အအိပ်အနေပျက်ခဲ့သည်မှာ ကြာပြီဖြစ်၍ စောစောပင် အိပ်စက်ကြ၏။ ထိုညသည် လှေပျက်ပြီးသည်မှ ကျွန်တော်တို့ ကောင်းစွာအိပ်စက်ရသော ပထမညပေတည်း။

လှေမြှုပ်ပြီးသည်မှ ဆဋ္ဌမမြောက်သောနေ့ ...။

မြောက်လေသည် ပြင်းထန်စွာတိုက်နေဆဲပင်။ အရှိန်မလျော့သည့်အပြင် မနေ့ကထက်ပင် ပို၍ပြင်းထန်နေ၏။

မနေ့က သားနှင့်သမီးတို့ ခြောက်နာရီကျော် မနားတမ်းလှော်ခတ်ကြသည့်အတွက် ဆယ်မိုင်ခန့် ခရီးပေါက်ခဲ့သည်ဟု ကျွန်တော်မှန်းဆမိ၏။ ယနေ့တွင်လည်း ဤမျှပင် ခရီးပေါက်ဦးမည်ဆိုလျှင် နှင်းဆီအဝနှင့် အလွန်နီးကပ်လာပေတော့မည်။

ကျွန်တော်သည် စောစောပင် အသင့်ပြင်ဆင်ထားလို၏။ ဒီရေတက်သည်နှင့်တစ်ပြိုင်နက် ခရီးစထွက်နိုင်ရန်ဖြစ်၏။

သို့အတွက် ကလေးများကိုနှိုး၍ အဆာပြေရန် စားသောက်ထား‌စေ၏။ ဒီရေနှင့်အတူ ရေစီးကြောင်းက မြောက်ဘက်သို့ ဦးလှည့်လာသောအခါ ဖောင်ကို ကမ်းမှခွာ၍ လှော်ခတ်ကြ၏။

ရန်ဒီနှင့် စင်ဒီတို့သည် ယမန်နေ့က နာရီပေါင်းများစွာ အပြင်းအထန်လှော်ခတ်ခဲ့ကြရသဖြင့် လက်ဖဝါးများ အကြီးအကျယ် ပေါက်ကွဲခဲ့ကြရ၏။ ယနေ့ခတ်တက်များကို ဆုပ်ကိုင်လိုက်ကြသည့်အခါ စူးရှစွာ နာကျင်လာကြ၏။ သို့စေကာမူ တက်ကို မြဲမြဲကိုင်၍ ကြီးမားသောဇွဲနှင့် လှော်ခတ်ကြ၏။

သားနှင့်သမီးတို့သည် ဖွဲနပဲနှင့် တအားခဲ၍ လှော်ခတ်ကြပါသော်လည်း မြောက်လေပြင်းနှင့် အားချင်းမယှဉ်နိုင်အောင် ကြုံတွေ့နေရ၏။ ရေစီးကြောင်းသည် ကူးတို့ဖောင်ကို မြောက်

http://www.dhammadownload.com



ဘက်သို့ ရွေ့လျားရန် ကူတွန်းပေးနေပါ၏။ သို့သော် ရန်ငြိုးကြီးသည့် မြောက်လေက ဖောင်ကို ရှေ့မတိုးနိုင်အောင် အတင်းဖိထား၏။

စခန်းနှင့် ဝေးကွာလာလေလေ မြောက်လေသည်လည်း ပြင်းထန်လာလေလေဖြစ်၏။ ထိုလေသည် ပြင်းထန်ရုံသာမက အလွန်ပင် အေးစက်လှသောကြောင့် ကျွန်တော်တို့၏ မျက်နှာများကို ရေခဲရေနှင့် ပက်ဖျန်းနေသည့်အလား တသိမ့်သိမ့် စိမ့်၍ အေးစေပါ၏။ အေးမြလွန်း၍ မျက်ရည်များပင် ယိုစီးကျလာကြ၏။ ထို့အပြင် မြောက်လေသည် လှိုင်းလုံးများကိုပင် ခေါ်ဆောင်လာသဖြင့် ထိုလှိုင်းတို့က ကူးတို့ဖောင်၏ ကန့်လန့်တန်းများကို ရိုက်ပုတ်ကြ၏။ ထိုအခါ ရေပန်းရေမွှားများသည် ကျွန်တော်တို့၏ မျက်နှာများနှင့်တကွ တစ်ကိုယ်လုံးကို စိုရွှဲစေတော့၏။

သားနှင့်သမီးတို့က နှစ်နာရီမျှ မနားတမ်းရုန်းကန် လှော်ခတ်နေပါသော်လည်း ကျွန်တော်တို့ပေါက်ရောက်ခဲ့သောခရီးမှာ ဘာမျှမပြောပလောက်ချေ။ ဤသို့သာ ဆက်လက်ရုန်းကန်နေမည်ဆိုလျှင် သားနှင့်သမီးတို့ ပင်ပန်းရုံသာရှိမည်။ အကျိုးတစ်စုံတစ်ရာ ရှိမည်မဟုတ်ချေ။

ရှေ့သို့တိုးအောင် မည်မျှဆန္ဒပြင်းပြနေစေကာမူ အားမတန်တော့ မာန်ကို လျှော့ရပေဦးမည်။

"သားနဲ့သမီးတို့ ... စောစောက စခန်းကိုပြန်ကြရအောင်နော်၊ လေအရှိန်လျော့လာတော့မှ တစ်ခါလှော်ကြသေးတာပေါ့ကွယ်"

ကျွန်တော်သည် မနှစ်မြို့သောအမိန့်ကို ပေးလိုက်ရ၏။

http://www.dhammadownload.com



စောစောက စခန်းသို့ ပြန်ရောက်သောအခါ မိုးမွှေး၍မိုးလုံ ကြ၏။ တစ်ယောက်မှု မျက်နှာမကြည်ကြ။ ဤအတိုင်းသာ လေ ဆက်ထန်နေမည်ဆိုလျှင် ဤနေရာ၌ပင် ရက်ပေါင်းများစွာ ကျွန် တော်တို့ ခိုနားနေကြရမည့်ကိန်း ပေါ်နေ၏။

ကျွန်တော်တို့အဖို့ အချိန်သည် အလွန့်အလွန် အဖိုးတန် နေ၏။ အစာမဝင်သော ကျွန်တော့်ရောဂါနှင့် ဖူးရောင်နေကြ ပြီဖြစ်သော ခြေထောက်ဒဏ်ရာများကို ဆေးမကုသဘဲ ကြာရှည် စွာ နေ၍မရ၊ ကလေးတို့မှာလည်း တစ်စတစ်စ အာဟာရပြတ် လာကြသည့်အပြင် သူတို့၏ ခြေချောင်း လက်ချောင်း, နှာခေါင်း နားရွက်များမှာ နှင်းကိုက်သောဒဏ်ကို အကြီးအကျယ်ခံစား နေကြရပြီဖြစ်၏။

ဖောင်ရှိပါလျက် မသွားနိုင်ဘဲ စောင့်ဆိုင်းနေရသည်ကို ကျွန်တော်အလွန်အမင်း အားမလိုအားမရဖြစ်နေမိ၏။ မိုးလုံ နေရင်းက ကျွန်တော်မတ်တတ်ရပ်လိုက်၏။ ထိုအခါ တဟွပ် ဟွပ် ချောင်းဆိုးပြီး အသက်ရှုကျပ်လာ၏။ အသက်ရှူ လမ်း ကြောင်း ပွင့်သွားရန် လေအေးကိုပင် ကျွန်တော်ပြင်းပြင်းရှုသွင်း လိုက်ရ၏။

ပူလောင်ကျပ်ခဲနေသော အသက်ရှုလမ်းကြောင်း တစ် လျှောက် လေအေးများ ဝင်သွားသည့်အခိုက်တွင် ကျွန်တော်စား မဝင်ရသည့် အော့အန်ရသည့် တစ်ကိုယ်လုံးလေးလံကိုက်ခဲနေ သည့် ရောဂါ၏ အကြောင်းရင်းကို သိလိုက်ပါတော့၏။

"ဘုရားရေ...ပါပါ တုပ်ကွေးဖြစ်နေတာဟ၊ လှေမြုပ်က တည်းက ဖြစ်နေခဲ့တာ၊ ဒါကြောင့် ပါပါ အစာစားလို့မရတာဘဲ"

http://www.dhammadownload.com



ကျွန်တော်က အော်ကျယ်ဟစ်ကျယ် ပြောလိုက်သည့်အတွက် ကလေးများ ကြား၍ ကျွန်တော့်ကို လှည့်ကြည့်ကြ၏။

ဘာရောဂါမှန်းမသိ တွေးတွေး တပူပူဖြစ်နေရသည်ထက် တုပ်ကွေးရောဂါမှန်း သိလိုက်ရသောအခါ အနည်းငယ်စိတ်သက်သာသွား၏။ မိုဝဲရန် မည်သည့်ဆေးဝါးမျှမရှိသော်လည်း ခန္ဓာကိုယ်၏ ပဋိဇီဝအားများက သည်ရောဂါကို မကြာမီတွန်းလှန်နိုင်လိမ့်မည်ဟု ကျွန်တော်သဘောပိုက်လိုက်၏။

ထို့နောက် ကျွန်တော်တို့၏ ကံကြမ္မာကို ဆွေးနွေးကြ၏။ ကျွန်တော်တို့ လှေမြုပ်ပြီး အကြီးအကျယ်ဒုက္ခရောက်နေရသည်ကို မည်သူတွေ သိနိုင်ကြပါသနည်း။ ရှုပတ်မင်းသားမြို့မှ ထွက်ခွာလာစဉ်က အကောက်ခွန်ရုံးကို အကြောင်းမကြားခဲ့ရသည့်အတွက် ထိုရုံးကလူများ မသိနိုင်ပါ။ သွားဆရာဝန်ထံ ကျွန်တော်တို့ သွားခဲ့သောအချိန်များမှာ လဆန်းတိုင်း သို့မဟုတ် နှစ်လတစ်ကြိမ် လဆန်းတိုင်း စသည်ဖြင့် အချိန်မှန်ခြင်းမရှိခဲ့သည့် အတွက် ဤရက် ဤအခါတွင် ကျွန်တော်တို့ ပျောက်ဆုံးနေသည်ကို မည်သူမျှ သတိမူမိမည်မဟုတ်ပါ။

ထို့အပြင် သမီးကြီး မာဂျရီထံ ကျွန်တော်သွားရောက်ခဲ့သော အချိန်မှာလည်း မှန်ကန်ခြင်းမရှိသည့်အတွက် သူမထံကျွန်တော် မရောက်သည်ကို ရိုးရိုးသားသား အလုပ်များနေသည်ဟုပင် သူမ ထင်မိပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်တို့ပျောက်ဆုံးနေသည်ကို မည်သူမျှ မသိ။ ကျွန်တော်တို့အား ကယ်ဆယ်ရေးအတွက် မည်သူကမျှ မလှုံ့ဆော်ပေးနိုင်။

http://www.dhammadownload.com



ကျွန်တော်တို့ကို ကျွန်တော်တို့နည်းဖြင့်ပင် ကယ်ဆယ်ရပေမည်။

ရာသီဥတုက ဆက်လက်ဆိုးရွားနေမည်ဆိုလျှင် ကျွန်တော်တို့၏ နောင်ရေးသည် အလွန်ရင်လေးစဖွယ်ပင် ဖြစ်၏။

တစ်မိုးချုပ်ပြန်လေပြီ။

မြောက်လေသည် ပို၍ပြင်းထန်လာ၏။ နှင်းမိုးကလည်း ဖွေဆဲ။

သတ္တမမြောက်နေ့ ...။

ပင်လယ်ပြင် အလွန်ကြမ်းတမ်းပြီး လှိုင်းလုံးများက ဝှေ့ယမ်းနေကြ၏။ မြောက်လေက ပြင်းထန်နေဆဲဖြစ်၍ ဆက်လက်စောင့်ဆိုင်းကြရပြန်၏။

စင်ဒီနှင့် ဂျိနာတို့သည် ခွန်အား ပိုမိုဆုတ်ယုတ်လာကြ၏။ စင်ဒီ၏ ခြေထောက်များသည် တစ်နေ့ထက်တစ်နေ့ ပိုမိုနာကျင်လာကြ၏။ ပင်လယ်ဆားငန်ရည်နှင့် ရွှဲရွှဲစိုနေသော သူမ၏ ဂျင်းဘောင်းဘီကြမ်းသည် ဒူးခေါင်းများကို အကြိမ်ကြိမ်ပွတ်တိုက်သဖြင့် ဒူးခေါင်းတို့မှအရေခွံများပင် လန်ထွက်နေကြ၏။

ရန်ဒီတစ်ဦးသာ ထိုးထိုးထောင်ထောင်နှင့် ကမ်းခြေပေါ်သို့ တက်နိုင်ပြီးလျှင် ယောက်သွားများနှင့် ထင်းစများကို ရှာဖွေနိုင်၏။ ယောက်သွားများနှင့် ထင်းစများကလည်း ရှားသထက်ရှားလာကြပေပြီ။ ဤပစ္စည်းနှစ်မျိုးဖြင့်သာ ကျွန်တော်တို့ ဆက်လက် ရပ်တည်နေကြရသည့်အတွက် ဤပစ္စည်းများ ပြတ်သွားလျှင် ကျွန်တော်တို့ဘဝများလည်း ခက်ရချေတော့မည်။

http://www.dhammadownload.com



အားမလိုအားမရနှင့် ကျွန်တော်တို့ စောင့်ဆိုင်းရင်းပင် သတ္တမနေ့သည် တရွေ့ရွေ့ကုန်လွန်နေ၏။

နေဝင်ဖျိုးဖျအချိန်တွင် လေတိုက်နှုန်း လျော့ကျသွားပြီး ပင်လယ်ပြင်မှာ ချောမွတ်လာ၏။ ဒီရေသည်လည်း မြင့်တက်နေဆဲဖြစ်၏။ ကျွန်တော်တို့အတွက် အခါကောင်း အခွင့်ကောင်း ပေတည်း။ ဆက်လက်ဆိုင်းငံ့နေ၍ မသင့်။

ညဥ့်အချိန်တွင်ပင် ခရီးနှင်ကြ၏။

လေငြိမ်ခိုက်တွင် ရေလက်ကြားကို ဖြတ်သန်းထားနိုင်လျှင် အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော်သဘောရသဖြင့် ရန်ဒီအား ဒေါလ်ကျွန်းသို့ ဦးတည်လှော်ခတ်ရန် ညွှန်ကြားလိုက်၏။

ကိုင်းဂနီရေလက်ကြား၏ တစ်ဖက်ကမ်းသို့ ရောက်လျှင် နှင်းဆီအဝမှ သစ်လုံးတဲနှင့် ကျွန်တော်တို့သည် တစ်ကျွန်းတည်း ပေါ်တွင် ရှိမည်ဖြစ်၍ တိုးတက်မှုတစ်ရပ်ဟု ဆိုနိုင်ပေလိမ့်မည်။ ထိုအခါ မြောက်လေထန်နေစေကာမူ ဒေါလ်ကျွန်း၏ ကမ်းရိုးတန်းအတိုင်း မြောက်ဘက်သို့ တရွေ့ရွေ့ဆန်တက်နိုင်လိမ့်မည်ဟု ကျွန်တော်မျှော်လင့်ထား၏။

စင်ဒီနှင့် ရန်ဒီတို့သည် လက်အိတ်အကောင်း သုံးခုကို လှည့်ပတ်၍ မျှဝေအသုံးပြုကာ တက်များကို မနားတမ်းလှော်ခတ်ကြ၏။ သူတို့၏ လက်များသည် ပင်လယ်ရေအေးနှင့် အမြဲတမ်းထိတွေ့နေရသည့်အတွက် ရေခဲစိမ်ငါးကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေကြ၏။ လက်ဖဝါးပေါ်ရှိ ပွန်းပဲ့ရာ ကွဲရှရာများမှာလည်း လှော်တက်တံနှင့် အမြဲမပြတ် ပွတ်တိုက်နေရသောကြောင့် သွေးခြေ

http://www.dhammadownload.com



များ ဥက္ကာ အနာဟောင်းများပေါ်တွင် အနာသစ်များ ဆင့်ပွား လာကြ၏။

သူတို့၏ ဖွဲ့လုံ့လနှင့် သည်းခံနိုင်မှုစွမ်းရည်တို့သည် လူငယ် အတိုင်းအတာနှင့် မဆိုထားဘိ၊ လူကြီးအတိုင်းအတာဖြင့်ပင် အခေါင်အဖျားသို့ ရောက်နေကြသည်ဟု ဆိုရပေလိမ့်မည်။

စင်ဒီ အင်အားကုန်ခန်း၍ လက်ပန်းကျသောအခါတွင် သူမ ၏ နေရာ၌ ကျွန်တော်ဝင်ရောက်လှော်ခတ်ရ၏။ အမှန်မှာ ကျွန် တော်သည် ခုနစ်ရက်လုံးလုံး အစာမစားနိုင်ခဲ့သဖြင့် အလွန် ညှိုးချုံးနေသည့် လူနာတစ်ဦးသာ ဖြစ်၏။ သို့သော် လူနာဆိုပြီး လျောင်းခွေနေ၍မဖြစ်။ သေရေးရှင်ရေးကိစ္စတွင် ရှိသမျှခွန်အား နှင့် ပါဝင်ကာ တာဝန်ထမ်းရမည်ဖြစ်၏။

လှော်တက်ကို ခတ်ရာ၌ သမားရိုးကျနည်းဖြင့် ကျွန်တော် မလှော်ခတ်နိုင်ပါ။ အကြောအဆစ်ရောဂါကြောင့် ကျွန်တော် သည် ခါးကိုင်း၍ ကိုယ်ကိုရှေ့သို့ညွှတ်ကာ တက်တံကို ရှေ့သို့ တွန်းယူသွားရ၏။ ထို့နောက် တက်တံကို ရင်ဘတ်နှင့် ကပ်ထား ပြီးနောက် ကိုယ်ကို နောက်သို့လှဲချရ၏။

တစ်နည်းဆိုရသော် တက်ကို လက်မောင်းအားဖြင့် မလှော် ခတ်နိုင်ဘဲ ကိုယ်အားဖြင့် လှော်ခတ်နေသည်ဟု ဆိုရပေမည်။

ကိုင်းဂနီရေလက်ကြားကို ဖြတ်သန်းနိုင်ရန် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေသည်မှာ ခြောက်နာရီပင် ရှိခဲ့ပြီ။ ဒီရေသည် ပင် ပြန်ကျစပြုနေပြီ။ သို့ရာတွင် ထိုအချိန်၌ ဒေါလ်ကျွန်း၏ ကမ်းရိုးတန်းအနီးသို့ ကျွန်တော်တို့ရောက်လာပြီဖြစ်၏။

http://www.dhammadownload.com



ကိုင်းဂနီရေလက်ကြားကို အရှေ့မှ အနောက်သို့ တည့်တည့် မတ်မတ် ဖြတ်သန်းနိုင်အောင် ဖောင်ကို ဦးတည်ခဲ့သော်လည်း ရေစီးကြောင်းက ဖောင်ကို မြောက်အရပ်သို့ တွန်းပို့ပေးနေသဖြင့် မြောက်ဘက်သို့လည်း ငါးမိုင်ခန့်ခရီးပေါက်ခဲ့လိမ့်မည်ဟု ကျွန်တော် မှန်းဆလိုက်မိ၏။

ဤအတိုင်းသာ ဆက်လက်၍ ကံကောင်းထောက်မမည်ဆိုလျှင် နောက်တစ်နေ့ညနေ၌ နှင်းဆီအဝသို့ ကျွန်တော်တို့ ဆိုက်ရောက်နိုင်မည်တကား။

သို့ရာတွင် ကျွန်တော်မျှော်မှန်းမိသလို ကံမကောင်းပါ။ ဒေါလ်ကျွန်းသို့ ရောက်သည့်အခါ ဖောင်ကို ဆိုက်ကပ်ရန်ပင် သင့်လျော်သောနေရာ ရှာမတွေ့သဖြင့် ဖောင်ပေါ်၌ပင် ညဥ့်တာကို ကုန်လွန်စေကြ၏။

ထိုညဥ့်တွင် ချမ်းအေးသော လေဒဏ်နှင့် နှင်းဒဏ်တို့ကို ခံစားကြရသည့်အတွက် တစ်မှေးစီခန့်သာ အိပ်စက်နိုင်ကြ၏။

မိုးသောက်သောအခါတွင် ကျွန်တော်တို့၏ ကံကြမ္မာသည် မည်သို့ ဖန်တီးလာဦးမည်နည်း။

## (၁၉)
## ခါးသီးလှသော ကမ်းရိုးတန်း

အဌမမြောက်နေ့ . . .။

ဤနေ့တွင် မြောက်လေသည် ကျွန်တော်တို့ကိုအခွင့်အရေး မပေးတော့ပါ။ ဒေါမာန်တင်းလျက် တစ်နေ့လုံး တစ်ညဥ့်လုံး တိုက်ခတ်နေတော့၏။

http://www.dhammadownload.com



အားမာန်ကြီးသော မြောက်လေကို ကျွန်တော်တို့ အံမတု နိုင်ကြပါ။ လေငြိမ်သည်အထိ စောင့်ဆိုင်းရမည်ဖြစ်၍ ကမ်းပေါ် သို့ တက်ကြပြီးလျှင် ကျောက်ဆောင်တစ်ခု၏ နောက်တွင် ရွက် ဖျင်ကို ဖြန့်မိုး၍ ခိုအောင်းကြ၏။

ကူးတို့ဖောင်ကိုမူ ကမ်းနှင့်ခွာလျက် ကြိုးနှင့် ဆွဲထားကြ ၏။ လေငြိမ်သည်နှင့်တစ်ပြိုင်နက် ဆန်တက်နိုင်ရန်ဖြစ်၏။

ရန်ဒီသည် ကမ်းရိုးတန်းတစ်လျှောက်တွင် ထင်းစများနှင့် ယောက်သွားများကို လိုက်ရှာ၏။ ယောက်သွား အကောင်ငယ် အချို့နှင့် ထင်းအချို့ကို ရလာ၏။

စင်ဒီနှင့် ဂျိနာတို့မှာ ကိုယ်စီအတွေးနှင့် မီးပုံဘေးတွင် ခွေ နေကြ၏။ ထိုသို့ ခွေနေနိုင်ရုံလောက်သာ သူတို့တွင် အားအင် ကျန်ရှိတော့သည်နှင့် တူ၏။

ကလေးတို့သည် ရန်ဒီရလာသော ယောက်သွား အနည်း ငယ်ကို ပြုတ်၍ စားသောက်ကြ၏။ ကလေးတို့ အာဟာရချို့တဲ့ ခဲ့ရသည်မှာ ရှစ်ရက်ရှိလေပြီ။

အာဟာရချို့တဲ့သည်နှင့်အမျှ ခွန်အားလည်း ဆုတ်ယုတ် လာကြ၏။ ကျွန်တော်တို့၏ အခြေအနေမှာ ယိုင်သထက် ယိုင် လာနေ၏။ ခွန်အား လုံးဝပြတ်ပြီး မလှုပ်ရှားနိုင်သော အခြေ အနေသို့ ဆိုက်ရောက်လေလျှင် ...

ကျွန်တော်ဆက်လက်၍ မတွေးဝံ့တော့။

တရှိုးရှိုး မာန်ဖီနေသော မြောက်လေကိုသာ အပြစ်တင်နေ မိ၏။

http://www.dhammadownload.com



နဝမမြောက်နေ့ ....။

ဤနေ့သည်လည်း ယမန်နေ့နှင့် ထူးမခြားနား။ မြောက်လေ ထန်ဆဲဖြစ်၍ ကျွန်တော်တို့ ဆက်လက်စောင့်ဆိုင်းရပြန်၏။

ညနေစောင်းချိန်သို့ ရောက်သောအခါ မြောက်လေ၏ မာန်စွယ်သည် ရုတ်တရက် ကျိုးညွတ်သွား၏။

ကိုင်းဂနီရေလက်ကြား၏ တစ်ဖက်ကမ်း၌ရှိသော ကျွန်းရှည်၏ အငူစွန်းများထက်တွင် ရွှေရောင်လွှမ်းနေသော နေဝန်း၏ နောက်ဆုံးရောင်ခြည်တန်းတို့သည် မြူးကြွကာ တောက်ပနေကြ၏။

ကျွန်တော်တို့၏ ပစ္စည်းများကို ဖောင်ပေါ်သို့ အမြန် တင်ကြ၏။ ရန်ဒီနှင့် စင်ဒီတို့သည် ခတ်တက်များတွင် နေရာယူပြီး လှော်ခတ်ကြတော့၏။

ကလေးတို့၏ လှော်ခတ်ချက်များတွင် အားမာန်သိပ်မပါတော့။ သူတို့ခမျာ တက်များကို လှုပ်ရှားနိုင်ရန်ကိုပင် အစွမ်းကုန် ကြိုးစားနေကြရရှာသည်။ ရန်ဒီ၏ လှုပ်ရှားမှုသည်ပင် လူမမာတစ်ဦး၏ လှုပ်ရှားမှုနှင့် တူနေတော့၏။

သို့ရာတွင် မြောက်ဘက်သို့စီးနေသော ရေစီးကြောင်းသည် ကျွန်တော်တို့ကို ဖေးကူမနေ၏။ ကိုင်းဂနီ ရေလက်ကြား၏ အကျဉ်းဆုံးနေရာသို့ ရောက်သောအခါ ရေစီးနှုန်းသည် အလွန် လျင်မြန်လာသဖြင့် ရေစီးသန်သော မြစ်တစ်ခုအတွင်းသို့ ဝင်ရောက်ရသလို ဖောင်အရွေ့နှုန်းသည် လျင်မြန်လာ၏။

ကျွန်တော်သည် လေးဖက်လေးတန်ကို စစ်ဆေးကြည့်ရှုရင်း ကိုင်းဂနီရေလက်ကြား၏ ပုံသဏ္ဍာန်အသေးစိတ်ကို စိတ်

http://www.dhammadownload.com



အာရုံတွင် ထင်မြင်လာအောင် စိတ်ကူးကြည့်၏။ ယခင်က ဤ နယ်မြေနှင့် ပတ်သက်သော မြေပုံကို ကျွန်တော်အကြိမ်ပေါင်း များစွာ လေ့လာခဲ့ဖူး၏။ ဤရေလက်ကြား၏ အကြောင်းကို အသေးစိတ် သတိမမူမိခဲ့ပါ။

သို့သော် နှင်းဆီအဝသည် ကျွန်းရှည်မြောက်ဘက်စွန်း၏ အနောက်တည့်တည့်လောက်တွင် တည်ရှိသည်ကို ကျွန်တော် မှတ်မိ၏။ ထို့အပြင် ကျွန်းရှည်၏ မြောက်ဘက်စွန်းအနီးတွင် ကျွန်းငယ် တစ်ကျွန်းနှစ်ကျွန်း ရှိသည်ကိုလည်း ကျွန်တော်မှတ် မိ၏ ။

နှင်းဆီအဝသည်ပင်လျှင် ကျွန်းကလေးများ၏ နောက်ကွယ် တွင် တည်ရှိ၏ ။ ထို့ကြောင့် နှင်းဆီအဝကို ပြင်ပမှကြည့်၍ မမြင်။ ဆီးကွယ်ထားကြသည့် ကျွန်းကလေးများကို ကွေ့ပတ်ပြီး ကျဉ်း မြောင်းသော ထောင့်ချိုးတစ်ခုကို ကျော်လွန်သွားသောအခါမှ သာလျှင် နှင်းဆီအဝကို ကောင်းစွာမြင်နိုင်ပေ၏ ။

"ရန်ဒီရေ…ကျွန်းရှည်ကို သတိထားပြီး ကြည့်ဟေ့၊ ကျွန်း ရှည်ရဲ့ မြောက်ဘက်စွန်းနဲ့ အနောက်တည့်တည့်နေရာကို ရောက် ရင် ပြော"

ထိုခဏ၌ ကြယ်တာရာများ ထွန်းလင်းနေကြသောကောင်း ကင်ပြင်ဝယ် ညိုညိုမည်းသော တိမ်တောင်တို့သည် မြောက်ဘက် မှ တောင်ဘက်သို့ ရွေ့လျားနေကြသည်ကို မြင်တွေ့ရ၏ ။

မြောက်လေ ဆော်သွေးလာပြန်လေပြီ။

လေဒဏ်သက်သာရန် ဒေါလ်ကျွန်း၏ ကမ်းရိုးတန်းနှင့် ကပ်လျက် ဖောင်ကို လှော်ခတ်ကြ၏ ။ သို့တစေ ကျယ်ပြန့်သော

http://www.dhammadownload.com



ထောင့်စွန်းတစ်ခုကို ကျွန်တော်တို့ ကွေ့ပတ်မိပြီးသည့်နောက် ပြင်းထန်စွာတိုက်ခတ်လာသော မြောက်လေသည် ဖောင်ကိုကမ်းခြေထက်သို့ တွန်းပို့လိုက်တော့၏။

ဒီရေလည်း ပြန်ကျစပြုနေလေပြီ။

ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့သဖြင့် ထိုနေရာတွင်ပင် စခန်းချရန် ပြင်ဆင်ကြရတော့၏။

ဖောင်ထိုးဆိုက်လိုက်သော နေရာသည် အသင့်အတင့် ဆင်ခြေလျှောနေသော ကမ်းခြေကျဉ်းကျဉ်းတစ်ခုဖြစ်၏။ ကမ်းခြေပေါ်တွင် ကျောက်စရစ်ခဲများ ပြန့်ကျဲနေ၏။ ဘေးတစ်ဖက် တစ်ချက်စီတွင် သစ်ပင်များ ပေါက်နေသော ကျောက်လက်မောင်းများ ရှိ၏။ ကမ်းခြေ၏ အလယ်၌မူ ညီမည်းသော ကျောက်တိုင်တစ်ခုသည် ကြောက်မက်ဖွယ်ရာ အထိမ်းအမှတ်တစ်ခုအဖြစ် ရပ်တည်နေ၏။

ထိုတိုင်ထိပ်၏ မြောက်ဘက်ခြမ်းသည် ညီညာလျက်ရှိ၏။ ယင်းအခြမ်းပေါ်၌ နှင်းပွင့်များသည် နှစ်ပေကျော်မျှ တင်ရှိနေကြ၏။

စင်ဒီနှင့် ရန်ဒီတို့သည် ထင်းအရှာထွက်ကြရာ ထင်းအနည်းငယ်သာ ရလာကြ၏။ ဤစခန်းသည် ယခင်စခန်းများနှင့် မတူ၊ ထင်းလည်း ရှား၊ အစာလည်း ရှား၏။

ရန်ဒီသည် ဖောင်ပေါ်ထိုင်၍ အပန်းဖြေနေ၏။ သူ၏ မျက်စိတို့မှာ ရေလက်ကြား၏ အခြားတစ်ဖက်ကမ်းရှိ ကျွန်းရှည်ကို ငေးစိုက်နေကြ၏။ ကျွန်းရှည်ကို တိမ်တောင်များက ဖုံးအုပ်နေ၏။ ကျွန်းရှည်၏ မြောက်ဘက်စွန်းလောက်တွင် တိမ်တောင်

http://www.dhammadownload.com



များ ပြတ်တောက်နေသည်သာမက ကုန်းမြေလည်းပြတ်တောက်နေသည်ကို ရန်ဒီသတိထားလိုက်၏။

ကျွန်းရှည်၏ မြောက်ဘက်ရှိ ကျွန်းကလေးတစ်ခု ... ထိုကျွန်းနှင့် ကျွန်းရှည်ကြားရေပြင် ...၊ ထိုရေပြင်ကို ရန်ဒီ သေသေချာချာ မြင်လိုက်၏။

"ဟာ ... တို့ တစ်တွေ ကျွန်း ရှည် မြောက် ဘက် စွန်း နဲ့ အနောက်ဘက်တည့်တည့်နေရာကို ရောက်နေပါပကော၊ ဒါဆို နှင်းဆီအဝနဲ့ နီးနေပြီပဲ"

ရန်ဒီသည် စိတ်ထဲတွင် ရေရွတ်လိုက်မိ၏။ ဝမ်းသာစိတ်ဖြစ်မိသလို 'ဟုတ်မှဟုတ်ပါ့မလား' ဟူသော သံသယစိတ်လည်းဝင်လာ၏။

ထိုသို့ ကျွန်းရှည်နှင့် ကျွန်းကလေးအကြားတွင် ရေပြင်မြင်ရသည့်အကြောင်းကို ကျွန်တော့်အား ရန်ဒီလာ၍ပြောပြ၏။

ကျွန်တော်သည် မီးမွှေးနေရာမှ သူညွှန်ပြရာအရပ်သို့ မျှော်ကြည့်လိုက်၏။ ညိုမှောင်သည့်တိမ်တောင်များကိုသာ ကျွန်တော်မြင်ရ၏။

ထို့အပြင် ရန်ဒီ ညွှန်ပြသော အရပ်သည် ကျွန်တော်တို့ရောက်နေသော နေရာ၏ အရှေ့တည့်တည့်လော၊ သို့မဟုတ် အရှေ့မြောက်အရပ်လောဟူသည်ကိုလည်း ကျွန်တော်တို့မဝေခွဲနိုင်ပါ။

နှင်းစိုင်နှင်းဖတ်တို့သည် မြောက်လေနှင့်အတူ ကျွန်တော်တို့၏ ကိုယ်ခန္ဓာများပေါ်သို့ အရှိန်ပြင်းစွာကျရောက်နေကြ၏။ မီးမွှေးရန်လည်း ခက်နေ၏။

http://www.dhammadownload.com



ကလေးတို့သည် ပင်ပန်းနွမ်းနယ်နေကြသည့်အပြင် ဆာလည်း ဆာ၊ ချမ်းလည်း ချမ်း ဖြစ်နေကြ၏။

"ဒီည တို့တော်တော်ခရီးပေါက်ခဲ့တာနဲ့တူတယ်၊ ရန်ဒီမြင်ရတဲ့အတိုင်းဆိုရင် နှင်းဆီအဝက သိပ်မဝေးတော့ပါဘူး"

ကလေးတို့ စိတ်ဓာတ်တက်ကြွလာရန် ကျွန်တော် ပြောလိုက်၏။

"ပါပါရယ်...ကျွန်မတို့ ကူးတို့ဖောင် ဆောက်လုပ်နေတဲ့အချိန်က ကျွန်မ လုံးလုံးစိတ်မပူမိခဲ့ဘူး၊ လေကကွယ်၊ နေရောင်လဲရ၊ ထင်းနဲ့အစားအစာတွေကလဲ ပေါသမို့ ဒီကမ်းရိုးတန်းတွေမှာ ကျွန်မတို့ အကြာကြီးအသက်ရှင်နေနိုင်လိမ့်မယ်လို့ ကျွန်မယူဆခဲ့တယ်၊ အခု ကျွန်မတို့ကြုံတွေ့နေရတာတွေက သိပ်ခါးသီးတာပဲနော်"

ခိုက်ခိုက်တုန်၍ ခပ်ငေးငေးဖြစ်နေသော စင်ဒီက ခပ်တိုးတိုးပင် ရေရွတ်လိုက်၏။ သူမ၏ အသံသည် ဝေးလံသောအရပ်မှ လာနေသယောင် ထင်ရ၏။

ကလေးတို့၏ ကိုယ်စိတ်နှစ်ဖြာ မချမ်းသာသည့်အဖြစ်ကို မြင်နေရ၍ ကျွန်တော်စိတ်ဆင်းရဲရ၏။ ကိုးရက်လုံးလုံး အစာမစားနိုင်ဘဲ ခြေထောက်များ ရောင်ရမ်းနေသော ကျွန်တော်၏ အဖြစ်ကို တွေးမိ၍လည်း စိတ်ဆင်းရဲ ရ၏။

"ကဲ...အိပ်ကြကွယ်၊ မနက်ဖြန်ခါကျရင် နှင်းဆီအဝကို တို့ ရောက်ကြမှာပါ"

ကလေးတို့ စိတ်ချမ်းသာစေတော့ဟူသော ရည်ရွယ်ချက်

http://www.dhammadownload.com



ဖြင့် ကျွန်တော်ပြောလိုက်၏။ တကယ်အိပ်စက်ကြသည့်အခါ ကျွန်တော်အိပ်မပျော်ပါ၊ ချမ်းလွန်း၍တစ်ကြောင်း၊ စိုးရိမ်ပူပန်မှုနှင့် ထွေးလုံးနေရ၍ တစ်ကြောင်း ကျွန်တော်မှေးစက်၍ မပျော်နိုင်ပါ။

အတွေးများကလည်း ရှည်လျားသော ချည်ခင်ကြိုးပမာ အမျှင်မပြတ်နိုင်ပါ။

"ကိုင်းဂနိရေလက်ကြားရဲ့ ကျဉ်းမြောင်းတဲ့အပိုင်းကို တို့လွန်မြောက်ခဲ့ပြီ၊ အရှေ့ဘက်မှာ ကျွန်းရှည်ရဲ့ မြောက်ဘက်နားက ကျွန်းငယ်ကလေးကိုတောင် ရန်ဒီမြင်ခဲ့ရတယ်လို့ ပြောတယ်၊ ဒီရေအတက်နဲ့ အကျကြားမှာ ခြောက်နာရီလောက် တို့ဖောင်ကို လှော်ခတ်ခဲ့ကြတယ်၊ ရေစီးကြောင်းရဲ့ အထောက်အပံ့နဲ့ ဖောင်ရဲ့ အသွားနှုန်းက တစ်ခါတစ်ခါရေမိုင် နှစ်မိုင်သုံးမိုင်နှုန်းလောက် ပေါက်ခဲ့တယ်၊ ဘယ်လောက်ကြာအောင် တို့သွားကြရဦးမှာလဲ"

"ကူးတို့ဖောင် မတည်ဆောက်ခင်က စင်ဒီနဲ့ ရန်ဒီတို့က လူစုခွဲပြီး အကူအညီထွက်ရှာမယ်လို့ ပြောခဲ့တယ်၊ သူတို့ ပြောတာကို ငါငြင်းပယ်ခဲ့တာ မှားလေသလား၊ တို့တစ်တွေ စုစုရုံးရုံးနဲ့ လာခဲ့ကြတာ ခုအထိတော့မှန်တယ်လို့ ငါယူဆတယ်၊ ဒါပေမဲ့ ရှေ့ဆက်ပြီး ခုလိုပဲ ဆိုင်းဆိုင်းနေရရင် တို့အားလုံး ခွန်အားပြတ်ပြီး သေကုန်ကြမလား၊ တို့အထဲက တစ်ယောက်ယောက်က ရှေ့က သွားနှင့်ပြီး အကူအညီလိုက်ရှာရင် မကောင်းပေဘူးလား၊ ဘာပဲဖြစ်ဖြစ် လူစုမခွဲရဘူးလို့ ငါအပြတ်ပြောခဲ့တယ်၊ ဒီစကားကိုပဲ အခုအခြေအနေအရ ငါပယ်ဖျက်ရမလား"

ကျွန်တော်သည် ဆုံးဖြတ်ချက်မချနိုင်သဖြင့် ဘယ်စောင်း

http://www.dhammadownload.com



ညာလိုမ့် လူးလိုမ့်နေမိ၏။ အရဏ်တက်ချိန်နီးမှ မေးခနဲ အိပ်ပျော်သွားသည်ဟု ထင်မိ၏။

ဒသမမြောက်နေ့ . . .။

ရှစ်ခွင်တိုင်းသည် နှင်းစိုင် နှင်းပွင့်ဖြူလွလွတို့ဖြင့် မှုန်ရီလျက် ရှိ၏။ မြောက်လေကြမ်းသည်လည်း အားမာန်မလျှော့ဘဲ တိုက်ခတ်နေဆဲ ဖြစ်၏။

ကမ်းရိုးတန်းတစ်လျှောက် မြောက်ဘက်သို့ ကျွန်တော် လမ်းလျှောက်ထွက်လာ၏။ နာကျင်ကိုက်ခဲနေသည့်ခြေထောက်များကို အနိုင်နိုင်သယ်မ,ကာ တဖြည်းဖြည်း လျှောက်လာရခြင်း ဖြစ်၏။ ရန်ဒီလည်း ကျွန်တော်နှင့်အတူ လိုက်လာ၏။

ရေထဲသို့ ထိုးထွက်နေသည့် အငူစွန်းကလေးတစ်ခုပေါ်၌ ကျွန်တော်တို့ မတ်တတ်ရပ်လိုက်ပြီး မြောက်ဘက်သို့ မျှော်ကြည့်လိုက်ကြ၏။

တစ်မိုင်လောက်မျှအကွာအဝေးတွင် ကျွန်းငယ်သုံးလေးခုတို့သည် ကုန်းတွင်းဘက်သို့ အနည်းငယ် ချိုင့်ဝင်နေသော ကမ်းရိုးတန်း၏ အဝ၌ တည်ရှိနေကြ၏။

“ဟင် . . . နှင်းဆီအဝပါလား”

ကျွန်တော် အံ့သြဝမ်းမြောက်စွာ ရေရွတ်လိုက်မိ၏။

“ဟုတ်တယ်နော် ပါပါ၊ နှင်းဆီအဝနဲ့ သိပ်တူတာပဲ”

ရန်ဒီကလည်း အားတက်စွာ ထောက်ခံလိုက်၏။

“ရန်ဒီရေ . . . စပို့ယက်ကို ကြိုးဖြေကွာ၊ တို့နှစ်ယောက် စပို့ယက်နဲ့ သွားကြမယ်”

“ဟိုရောက်လို့ လူမရှိရင် ဘယ့်နှယ်လုပ်မလဲ”

http://www.dhammadownload.com



ရန်ဒီ၏ မေးခွန်းမှာ ဖြစ်နိုင်သောအချက်တစ်ခုပါပေ။ ရှူးပတ်မင်းသားမြို့သို့အသွားတွင် ဤနှင်းဆီအဝရှိ သစ်လုံးတဲဆီသို့ ကျွန်တော်တို့ ဝင်ရောက်လည်ပတ်ခဲ့ကြ၏။ ယင်းတဲတွင် ဂျင်မီကော့စတေး (Jimmy Costales) နှင့် ဆွန်ဒရာ (Sondra) လင်မယား ဇနီးမောင်နှံတို့ နေထိုင်ကြ၏။ ငါးဖမ်းရာသီ ကုန်လုပြီ ဖြစ်၍ မကြာမီ 'အပြင်ဘက်သို့' ခရီးထွက်ကြမည်ဟု သူတို့ ပြောဆိုခဲ့ကြ၏။

သို့ရာတွင် ထိုဇနီးမောင်နှံတို့ ခရီးထွက်မည့်အချိန်လောက်တွင် သူတို့နှင့်တွဲဖက်လုပ်ကိုင်သူ ပက်တိုလဆင် (Pat Tolson) ရောက်လာလိမ့်မည်ဟုလည်း ကြားသိခဲ့ရ၏။

အကယ်၍ သစ်လုံးတဲတွင် လူတစ်ယောက်မျှမရှိလျှင် စက်လှေလည်း ရှိမည်မဟုတ်ပေ။ ယင်းသို့ဖြစ်စေကာမူ ဂျင်မီထံတွင် သတင်းအပို့အယူ ပြုနိုင်သည့် မြို့လိုင်းရေဒီယို (City band radio) တစ်လုံး ရှိသည်ကို ကျွန်တော်တွေ့မြင်ခဲ့ရ၏။ လူမရှိစေကာမူ ယင်းရေဒီယိုမှာ ရှိနေမည်ဖြစ်၏။

"တို့ သစ်လုံးတဲ ရောက်တဲ့အချိန်မှာ ဂျင်မီနဲ့ ဆွန်ဒရာတို့ မရှိမှာက သေချာတယ်၊ ဒါပေမဲ့ ပက်တိုလဆင်တော့ ရောက်နေပါလိမ့်မယ်ကွာ၊ သူမရှိရင်တောင် တို့ မြို့ရေဒီယိုနဲ့ အကူအညီတောင်းခံနိုင်ပါလိမ့်မယ်၊ တို့သွားကြရအောင်ကွာ၊ မင်းစပို့ယက်ကို ကြိုးဖြေပါ၊ ငါ စင်ဒီနဲ့ ဂျိနာကို ပြောလိုက်မယ်"

ရန်ဒီက ကူးတို့ဖောင်သို့သွား၍ ဖောင်အောက်ခံ သစ်လုံးနှစ်ခုကြားရှိ စပို့ယက်ကို သိုင်းချည်ထားကြသည့် ကြိုးများကို ဖြေ၏။

http://www.dhammadownload.com



ကျွန်တော်သည် ကမ်းစပ်အထက်နားရှိ ရွက်ဖျင်အောက်၌ ကွေးနေကြသည့် သမီးနှစ်ယောက်ဆီသို့ လျှောက်သွား၏။

"သမီးတို့ရေ… နှင်းဆီအဝက မဝေးတော့ဘူးကွဲ့၊ ဟို… ရှေ့နားက ထောင့်ချိုးအလွန်ကလေးမှာတင် ရှိတာ၊ ရန်ဒီနဲ့ ပါပါ စပို့ယက်နဲ့ အဲဒီကို သွားကြမယ်၊ အဲဒီက စက်လှေနဲ့ အစားအသောက်တွေ ယူပြီး ပါပါတို့ပြန်လာကြမယ်၊ မကောင်းဘူးလား"

သမီးနှစ်ယောက် မျက်နှာငယ်ကလေးများနှင့် ကျွန်တော့်ကို မော့ကြည့်နေကြ၏။ တကယ်လူစုခွဲကြမည့်အချိန်တွင် စင်ဒီကလည်း သံယောဇဉ်ကြိုး တင်းနေရှာ၏။

"ပါပါတို့ မကြာပါဘူးကွယ်၊ အလွန်ဆုံး သုံးနာရီပေါ့၊ သမီးတို့ မီးလှူရင်း စောင့်နေကြပေါ့"

"ဟုတ်ကဲ့ ပါပါ၊ သမီးတို့ စောင့်နေပါ့မယ်"

သမီးတို့ထံပါးမှ လေးလံသောခြေလှမ်းများဖြင့် ကျွန်တော် ခွဲခွာလာစဉ် ကမ်းခြေအလယ်၌ရှိသည့် ထိတ်လန့်စဖွယ် ကျောက်တိုင် မည်းမည်းကို သတိထားလိုက်မိ၏။

ရန်ဒီသည် စပို့ယက်ပေါ်တွင် ထိုင်၍ ကျွန်တော့်အလာကို စောင့်နေ၏။ စပို့ယက်ပေါ်တွင် ကျွန်တော်ထိုင်မိသောအခါ ရန်ဒီသည် တက်ကို စလှော်တော့၏။

နှစ်ပေခန့်အမြင့်ရှိသော လှိုင်းလုံးများသည် အရှိန်အဟုန်နှင့် ပြေးလာပြီးလျှင် စပို့ယက်ကိုတအားရိုက်ပုတ်ကြ၏။ ရေပန်းကလေးများက ကျွန်တော်တို့၏ မျက်နှာများပေါ်သို့ လွင့်ဝဲလာကြ၏။

http://www.dhammadownload.com



လှိုင်းလုံးများက ကျွန်တော်တို့ကို ကလူကျီစယ်နေကြတာလား။ ပြက်ရယ်ပြုနေကြတာလား။

ရန်ဒီသည် လူငယ်တို့၏ ပြောင်မြောက်သောစွဲသတ္တိဖြင့် မြောက်လေနှင့် လှိုင်းလုံးများကို အန်တုရ၍ လှော်ခတ်နေ၏။ လှေငယ်သည် လှိုင်းလုံးများကို အတင်းတိုးဝှေ့၍ ရှေ့သို့ရွေ့ရွေ့သွားနေ၏ ။

စခန်းနှင့် အတန်ငယ်ဝေးလာသောအခါ ကျွန်တော်သမင်လည်ပြန် လှည့်ကြည့်လိုက်၏ ။ သေးငယ်သောသဏ္ဍာန်နှစ်ခုသည် သောင်ကမ်းထက်၌ ငြိမ်သက်စွာပင် ခွေလဲနေကြသည်ကို မြင်ရ၏ ။

ဩော်... နွမ်းနယ်ပန်းလျနေကြသည့် သမီးငယ်နှစ်ယောက်။ လူသူကင်းမဲ့သည့် သောင်ပြင်ထက်မှာ လေအေးဒဏ်နှင်းဒဏ်တွေထဲမှာ အထီးတည်း ချန်ထားရစ်ခဲ့ရပါလား။

"တို့မိသားစု ဘယ်တော့မှ လူစုမခွဲဘဲ စုပေါင်းအင်အားနဲ့ အခက်အခဲများကို တွန်းလှန်မယ်"ဟု ကြွေးကြော်ခဲ့သော ကျွန်တော်သည် သမီးငယ်များကို ခွဲထားခဲ့သည်မှာ မှန်ကန်ပါ၏လော။

ကျွန်တော်နှင့် ရန်ဒီတို့၏ဆောင်ရွက်ချက်မှာ တစ်မိသားစုလုံး၏ အသက်ချမ်းသာရေးအတွက်ပင်ဖြစ်ပါ၏ ။ သနားညှာတာခြင်း ကင်းသည့် မြောက်လေနတ်သားတွင် အကြင်နာစိတ်ဝင်လာသည့်တိုင်အောင် တုံးတိတိနှင့် ထိုင်စောင့်နေရမည့်အစား မဝေးလှတော့သည့် သစ်လုံးတဲဆီသို့ ကျွန်တော်တို့ စွန့်စား၍ မသွားသင့်ပြီလော။

http://www.dhammadownload.com



ကျွန်တော်တို့ ယခုရင်ဆိုင်နေကြရသော လှိုင်း, လေ, နှင်း ဒဏ်တို့သည် သောင်ပြင်ပေါ် ခွေလဲနေရသည်ထက် အပြန် တစ်ရာမက ပို၍နာကြည်းဖွယ်ကောင်းသည်မဟုတ်ပါလော။

(၂၀)

## မျှော်လင့်ချက် ဆုံးလေပြီ

နာရီဝက်ခန့် လှော်ခတ်မိသောအခါ ကျွန်းငယ်တစ်ခုသို့ ရောက်လာကြ၏။ ရန်ဒီနှင့် ကျွန်တော်တို့သည် စပို့ယက်ကို ကုန်းပေါ်သို့ ဆွဲတင်ကြပြီးလျှင် လှေငယ်အတွင်းမှ ရေများကို သွန်ထုတ်ကြ၏။

ထို့နောက် စပို့ယက်ကို ရေပေါ်သို့ ပြန်ချပြီး လှော်ခတ်ကြ ပြန်၏။ နောက်ထပ် ကျွန်းငယ်နှစ်ခုတို့ကို ကျော်လွန်ပြီးသော အခါ အတွင်းဘက်သို့ အနည်းငယ်ချိုင့်ဝင်နေသည့် ကမ်းရိုးတန်း ကို တွေ့ရ၏။

သို့ရာတွင် ကျွန်တော်တို့မျှော်မှန်းခဲ့ကြသော နှင်းဆီအဝ မဟုတ်ပါလေ။

ကျွန်တော် စိတ်ဓာတ်ညှိုးကျသွား၏။ ထို့နောက် မြောက် ဘက်သို့ မှန်းမျှော်ကြည့်ရာ ရေပြင်ပေါ် ဖုံးအုပ်နေသည့် မြူတိမ် များ ခေတ္တပွင့်လင်းသွားသည့်အခိုက်အတန့်နှင့် ကြုံသဖြင့် အဝေး သို့ ဆန့်တန်းနေသည့် ရေပြင်ကျယ်ကိုသာ မြင်လိုက်ရ၏။ နှင်းဆီ အဝနှင့် သဏ္ဌာန်တူသောအရာဟူ၍ ကမ်းရိုးတန်းအချိုင့်ကိုပင် မမြင်ရတော့။

နှင်းဆီအဝကား မမှန်းမျှော်နိုင်လောက်အောင် ဝေးကွာ

http://www.dhammadownload.com



နေသေး၏။ ကျွန်တော်တို့၏အထင်မှာ ပါစင်အောင် လွဲမှားခဲ့လေပြီ။

ကျွန်းရှည်၏ မြောက်ဘက်စွန်း၌ရှိသော ရေပြင်ကိုမှ ယခုရောက်နေသည့်နေရာမှ ထင်ရှားစွာပင် မြင်နေရ၏။ သို့သော် မြင်ရသောလားရာမှာ အရှေ့တည့်တည့်မဟုတ်ဘဲ အရှေ့မြောက်အရပ် ဖြစ်နေ၏။ အမှန်မှာ ကျွန်းရှည်မြောက်ဘက်စွန်း၏ အနောက်တည့်တည့်ကျသော ဒေါလ်ကျွန်းပေါ်ရှိအမှတ်နေရာသို့ပင် ကျွန်တော်တို့ မရောက်ကြသေးချေ။

"တို့ ဆက်သွားကြရအောင်ကွာ"

ကျွန်တော်ရုတ်တရက်ဆုံးဖြတ်လိုက်သည်ကို ရန်ဒီပင် အံ့အားသင့်သွား၏။

"စင်ဒီနဲ့ ဂျိနာတို့ကို အကြောင်းကြားပြီးမှ သွားကြရင် မကောင်းဘူးလား"

"သူတို့ဆီ တို့ပြန်သွားပြီးတော့ ဒီကိုရောက်အောင် ပြန်လာရမယ့်အချိန်ဟာ တို့အခုဆက်သွားလိုက်လို့ သစ်လုံးတဲဆီရောက်ပြီး စက်လှေနဲ့ ပြန်လာရတဲ့အချိန်နဲ့ သိပ်ကွာခြားမယ် မထင်ပါဘူးကွာ၊ တို့ဆက်သွားလိုက်တာက ပိုကောင်းပါတယ်၊ ဟိုး ဟိုက ကျွန်းဆွယ်ကိုကျော်ရင် သစ်လုံးတဲဆီ ရောက်ကြမှာပါကွာ"

ကိုင်းဂနိရေလက်ကြားထဲသို့ ထိုးထွက်နေသော နှစ်မိုင်ခန့်ဝေးသည့် ကျွန်းဆွယ်ကြီးတစ်ခုကို ကျွန်တော်လက်ညှိုးထိုးပြလိုက်၏။

ထိုနှစ်မိုင်ခရီးကိုသွားရန် ကြာသောအချိန်သည် ကျွန်တော်

http://www.dhammadownload.com



ထင်မှတ်သည်ထက် သုံးလေးပြန်မက ပိုကြန့်ကြာ၏။ လှော်တက်ကို အနိုင်နိုင် မ,၍ လှော်ခတ်နေရသော ကျွန်တော်တို့၏ လက်မောင်းများမှာ ပိဿာလေးများနှင့် ဆွဲထားသလို လေးလံနေကြ၏။ ကျွန်တော်တို့၏ အဆုတ်များမှာ အလွန်အမင်း မောပန်းမှုကြောင့် တောက်လောင်နေကြ၏။

ကျွန်တော်ညွှန်ပြခဲ့သည့် ကျွန်းဆွယ်ကြီး၏ တောင်ဘက်ကမ်းသို့ ရောက်လေပြီ။ စပို့ယက်ကို ကမ်းပေါ်သို့ ဆွဲတင်ပြီး ရေသွန်လောင်းကြပြန်၏။ ထို့နောက် လှေငယ်ကို ရေပေါ်သို့ချပြီး လှော်ခတ်ကြပြန်၏။

ရေလက်ကြားထဲသို့ ထိုးထွက်နေသည့် အဆွယ်ကို ကွေ့ပတ်ရသည်မှာ ပို၍ခက်ခဲနေ၏။ သို့သော် ကျွန်တော်တို့ မနားဝံ့ကြ။ သမီးငယ်နှစ်ဦးအား ကတိပြုခဲ့သည့် သုံးနာရီဟူသောအချိန်ကုန်လွန်ခဲ့သည်မှာ ကြာလေပြီ။

အချိန်ဟူသော အမှတ်သညာကိုပင် ကျွန်တော်တို့ အလေးမထားနိုင်တော့။ ခြေလက်များကို လှုပ်ရှားနိုင်သေးသရွေ့ ကာလပတ်လုံး ကျော်ဖြတ်ရဦးမည့်ခရီးကို ရုန်းကန်ကျော်ဖြတ်ရေး အတွက်သာ အမှတ်သညာထားနိုင်ကြတော့၏။

လမ်းခရီးတွင် တားဆီးနေသည့် ကျွန်းဆွယ်ကြီးကို ဖြတ်ကျော်နိုင်လိုက်ပါပြီ။ ထိုအခါ ကျွန်းဆွယ်၏ မြောက်ဘက်တွင် ရေပြင်ကျယ်ကိုသာ မြင်တွေ့ရ၏။ နှင်းဆီအဝကိုကား အရိပ်အယောင်မျှ မမြင်ရပါချေ။

ကျွန်တော်တို့၏ မျှော်လင့်ချက်များ ပျက်ပြားခဲ့ရသော အကြိမ်ပေါင်းမှာ မရေမတွက်နိုင်အောင်ပင် များခဲ့လေပြီ။ ထို့

http://www.dhammadownload.com



ကြောင့် နောက်ထပ်တစ်ကြိမ် ပျက်ပြားရသည့်အတွက် ထူးထူးခြားခြား ပို၍စိတ်ပျက်စရာမရှိတော့ပါ။

"ဒီရေပြင်ကို ဖြတ်ကျော်ပြီးရင် နှင်းဆီအဝကို မြင်ရမှာပါကွာ"

မည်သည့်မျှော်လင့်ချက်မှ မထားတော့ဟု ကျွန်တော်တို့ သဘောပိုက်လိုက်ပြီးဖြစ်သော်လည်း မျှော်လင့်ချက်ထားသည့် စကားကိုပင် ကျွန်တော်ထပ်ဆိုလိုက်မိ၏။ ဆိုသာဆိုရ စကားပို မျှသာဖြစ်သည်ကို ရန်ဒီရော ကျွန်တော်ပါ သိကြ၏။

မြောက်လေကို ဆန်၍ လှိုင်းလုံးများကို အန်တု၍ မနေမနား ထပ်မံကြိုးစားကြပြန်သောအခါ ရေပြင်ကျယ်ကို ကျော်လွန်နိုင်ခဲ့ပြန်၏။

ကျွန်တော်တို့ ကမ်းပေါ်တက်ကြ၏။ ကမ်းစပ်ပေါ်က လမ်းလျှောက်လျက် စပို့ယက်ကို ကြိုးနှစ်စနှင့် ဆွဲသွားကြ၏။ မိုင်ဝက်ခန့် ခရီးပေါက်သောအခါ မတ်စောက်သည့် ကမ်းရိုးတန်းကို တွေ့ရသဖြင့် စပို့ယက်ပေါ်သို့ဆင်းပြီး လှော်ခတ်ကြပြန်၏။

ဟော... တွေ့ပြီ၊ ကျွန်းကလေးသုံးခု။ နှင်းဆီအဝတွင် တည်ရှိကြသော ကျွန်းငယ်သုံးခု ...။ ကျွန်တော်တို့ ကောင်းစွာ သိကျွမ်းခဲ့သော ကျွန်းငယ်သုံးခုပါပေ။

သို့ရာတွင် သွားရမည့်ခရီးက နှစ်မိုင်ခန့် ကျန်သေး၏။ ညနေစောင်းနေပြီဖြစ်၍ နေ၏အလင်းရောင်သည် လျင်မြန်စွာ ခွန်အားလျော့နေ၏။ ရန်ဒီသည်လည်း ခွန်အားကုန်ဆုံးလုနီးပါး အခြေသို့ ဆိုက်နေ၏။

http://www.dhammadownload.com



"ကဲ သားရေ…နှင်းဆီအဝတော့ မြင်နေရပြီ၊ နောက်ဆုံး ကြိုးစားတဲ့အနေနဲ့ ဆက်လှော်ပါဦးကွယ်"

ရန်ဒီလောက် စိတ်ဓာတ်ကြံ့ခိုင်ပြီး ဖွဲလုံ့လကောင်းသော ၁၅ နှစ်သား လူငယ်တစ်ဦးကို ကျွန်တော်၏ဘဝတစ်လျှောက် လုံးတွင် တစ်ကြိမ်မျှ မကြုံဖူးခဲ့ပါ။ ယခုမှသာ အံ့သြစွာ မြင်တွေ့ နေရ၏။ မြင်တွေ့နေရသောလူငယ်မှာ ကျွန်တော်၏သား ဖြစ် နေသည့်အတွက် ကျွန်တော် ဂုဏ်ယူ၍မဆုံးပေ။

**စစ်သား၏ ရဲစွမ်းသတ္တိသည် တိုက်ပွဲတွင် ထင်ပေါ်၏။**
**ကျောင်းသား၏ ဉာဏ်စွမ်းရည်သည်**
**စာမေးပွဲ၌ထင်ပေါ်၏။**
**လူသား၏ ပင်ကိုစွမ်းရည်သည်**
**ဘဝတိုက်ပွဲ၌ ထင်ပေါ်၏။**

ရန်ဒီ၏ ဖွဲလုံ့လကြောင့် ကျွန်းငယ်သုံးခုကို ကျော်လွန်နိုင် ခဲ့ပြီ။ ရှေ့၌ ကိုက် ၄၀၀ အကွာလောက်တွင် ကျောက်ဆောင်ကြီး တစ်ခု ရှိ၏။

"သားရေ…အဲသည်ကျောက်ဆောင်အထိ ဆက်လှော် လိုက်ပါဦးကွယ်"

ပင်ပန်းနွမ်းနယ်နေသူအဖို့ အလံတစ်ရာမျှသော ခရီးသည် ပင် အလွန်ဝေးကွာလှ၏။ ရန်ဒီသည် ကျန်ရှိသမျှသော ခွန်အား ကို ဖျစ်ဖျစ်မြည်အောင် ထုတ်လျက် တစ်ချက်ပြီးတစ်ချက် တက် ကိုဆွဲခဲ့ရာ စပို့ယက်နှင့် ကျောက်ဆောင်တို့ ယှဉ်လာကြပြန်၏။

http://www.dhammadownload.com



"သားရေ...ဟိုကမ်းစပ်နားရောက်အောင် ဆက်လှော်ပါဦးနော်"

ရန်ဒီသည် တစ်ကိုယ်လုံးပိန်လိမ်၍ တက်ကိုဆွဲရှာ၏။ ထိုကမ်းစပ်နားသို့ရောက်သောအခါ၌မူ သစ်လုံးတဲကို ကွယ်ထားသည့် သစ်ပင်အုပ်ကို မြင်ရလေတော့၏။

သစ်ပင်များမှာ အရွက်မရှိ။ အရိုးတံများနှင့် ငုံးတိတိသာ။ ထိုအရိုးတံများကို နှင်းမြူပွင့်များက ဖုံးအုပ်ထား၏။

သစ်လုံးတဲကိုလည်း နှင်းအစိုင်အခဲများက ဖုံးလွှမ်းထား၏။ မီးခိုးပြောင်းတိုင်မှ မီးခိုးထွက်နေသည်ကို မတွေ့ရ။ အားလုံး ဆိတ်ငြိမ်နေ၏။

သစ်လုံးတဲကို ကုန်းမြင့်ပေါ်၌ ဆောက်ထား၏။ ကမ်းခြေမှသစ်လုံးတဲသို့ တက်သွားရန် လှေကားထစ်များ ပြုလုပ်ထား၏။ ထိုလှေကားထစ်များအတိုင်း ရှိသမျှခွန်အားကိုသုံး၍ ကျွန်တော်တို့ ရုန်းကန်တက်ကြရ၏။

သစ်လုံးတဲ၏ တံခါးဝသို့ ရောက်သည့်အခါ ကိုယ်ကို မထိန်းနိုင်ကြတော့သဖြင့် တံခါးတိုင်များကို မှီထားကြရ၏။

တံခါးကို ခေါက်လိုက်၏။ ထပ်ခေါက်၏။

ထူးသံမကြားရ၊ တံခါးကို တွန်းဖွင့်လိုက်၏။

တဲထဲတွင် မှောင်မည်းနေ၏။ လူရှိပုံမရ။

ကျွန်တော်၏ မိသားစုသည် ဤတဲသို့ သုံးလေးကြိမ်မျှ ရောက်ဖူးခဲ့ပြီးဖြစ်၏။ ထို့ကြောင့် တဲ၏ အနေအထားကို ကျွန်တော်တို့ ကောင်းစွာသိကြ၏။

ကျွန်တော်သည် လူနေခန်းထဲရှိ မီးဖိုဆီသို့ တန်းသွားပြီး

http://www.dhammadownload.com



မီးမွေး၏။ ခြေလက်များ အနည်းငယ်နွေးလာကြသောအခါ မီးဖိုခန်းသို့ ဝင်သွားကြ၏။

မီးဖိုခန်း၏ စင်မြင့်များပေါ်တွင် ပဲအမျိုးမျိုး၊ ဆန်၊ ဂျုံ၊ ပြောင်း၊ ခေါက်ဆွဲ၊ စည်သွတ်ဘူးအမျိုးမျိုး၊ ဆီ၊ ပဲင်ပြာရည် စသည်တို့ကို လုံလောက်စွာ သိုလှောင်ထားကြောင်း တွေ့ရ၏။

ရန်ဒီသည် ဟင်းချိုဘူးတစ်ဘူးနှင့် အသားဘူးတစ်ဘူးတို့ကို ဖောက်လိုက်ပြီးလျှင် အနည်းငယ်စားသောက်၏။ ကျွန်တော်က စားချင်စိတ်မရှိသေးပါ။

ကျွန်တော်သည် မြို့လိုင်းရေဒီယိုအသုံးပြုရန် စိတ်စောနေ၏။ ယင်းရေဒီယိုကို စင်တစ်ခုပေါ်၌တွေ့ရပြီ။ ၁၂ ဗို့အားရှိသော ကားဘက်ထရီတစ်လုံးကိုလည်း စင်အောက်က ကြမ်းပြင်ပေါ်တွင် တွေ့ရ၏။

ကျွန်တော်သည် ချက်ချင်းပင် ရေဒီယိုမှ ဝါယာကြိုးစနှစ်ခုကို ဘက်ထရီနှင့် ဆက်လိုက်၏။

ဖျပ် . . . ဖျပ် . . . မီးပွင့်ထွက်ပြီး ညှော်နံ့ပေါ်လာ၏။

ဝါယာရှော့လိုက်နေပြီ။ ရေဒီယိုပျက်စီးသွားလျှင် ခက်ရချေတော့မည်။ မီးလင်းသောအခါမှ ထပ်စမ်းတော့မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်၏။

ထို့နောက် မီးဖိုဆီသို့သွားပြီး ကျွန်တော်တို့ မီးလှုံကြ၏။ လက်များ ပူနွေးကြသောအခါ နာကျင်ကိုက်ခဲသောဝေဒနာကို ခံစားကြရ၏။ ထို့ကြောင့် ကျွန်တော်တို့သည် မီးဖိုမှ အနည်းငယ် ခွာထွက်ကြရ၏။

ခြေကုန်လက်ပန်းကျပြီး အလွန့်အလွန် နွမ်းနယ်နေကြ

http://www.dhammadownload.com



သည့်အတွက် ကြမ်းပြင်ပေါ်သို့ ကျွန်တော်တို့လှဲချလိုက်ကြရာ မကြာမီအိပ်ပျော်သွားကြ၏။

တစ်ဆယ့်တစ်ရက်မြောက်သောနေ့ ...။

မိုးသောက်သည်နှင့်တစ်ပြိုင်နက် ရေဒီယိုကို ကျွန်တော် စစ်ဆေး၏။ လွန်ခဲ့သည့်ညဥ့်က ရေဒီယို၏ ဖြူကြိုးတစ်ချောင်း မီးလောင်သွားခဲ့၏။ ယင်းဖြူကြိုးနေရာတွင် နို့မှုန့်ဘူး အတွင်းဖုံး၏ အလူမီနီယမ်သတ္တုပါးတစ်စကို ကျွန်တော်အစားထိုးထည့်လိုက်၏။

ထို့နောက် ရေဒီယိုကို ဘက်ထရီနှင့်ဆက်သွယ်လိုက်သော အခါ ရေဒီယိုဒိုင်ခွက်၌ အညွှန်းတံကလေး အသက်ဝင်လှုပ်ရှားလာ၏။

ထိုအခိုက်တွင် မီးဖိုခန်းထဲသို့ ရန်ဒီဝင်လာ၏။

"ပါပါ ... စင်ဒီနဲ့ ဂျီနာတို့ ရှိနေတဲ့နေရာက ကဂ်အမှတ် (Keg Point) လို့ခေါ်တယ်၊ ကျွန်တော် အိပ်ခန်းထဲက မြေပုံကို ကြည့်ခဲ့တယ်"

"အေး ... အေး"

ကျွန်တော်ခေါင်းညိတ်လိုက်ပြီးနောက် ရေဒီယို၏ စကားပြောခွက်ကို ကိုင်ကာ ...

"မေဒေး ... မေဒေး ... နှင်းဆီအဝက ခေါ်နေပါတယ်၊ မေဒေး ... မေဒေး ... နှင်းဆီအဝက ခေါ်နေတယ်၊ ကျွန်တော်တို့ ဒုက္ခရောက်နေပါတယ်၊ ကျွန်တော်တို့ကိုကူပါ၊ ဟဲလို ... ဟဲလို နှင်းဆီအဝက ပြောနေပါတယ်၊ သတင်းရတဲ့လူ အကြောင်း ပြန်ကြားပါ ... ကျေးဇူးပြုပြီးပြန်ပြောပါ ..."

http://www.dhammadownload.com



ကျွန်တော်သည် စိတ်လှုပ်ရှားလျက် အော်ပြောနေ၏။ မည်သည့် ပြန်ကြားချက်ကိုမျှ မကြားရပါ။ မိနစ်အနည်းငယ် စောင့်ဆိုင်းပြီးနောက် ကျွန်တော်ထပ်ခေါ်ပြန်၏။ မည်သည့်ပြန်ကြားချက်မျှ ပေါ်မလာပါ။

ရေဒီယိုခလုတ်ကို နံပါတ် (၁၀) သို့ လှည့်လိုက်ပြီးနောက် ကျွန်တော် ထပ်ခေါ်ပြန်၏။ မထူးခြားပါ။

နံပါတ် (၉) သို့ လှည့်ပြီးနောက် တစ်ဖန်ခေါ်ကြည့်ပြန်၏။

"မေဒေး...မေဒေး...နှင်းဆီအဝက ခေါ်နေပါတယ်၊ ကျွန်တော်ခေါ်တာ ကြားရဲ့လား...မေဒေး...မေဒေး...ကြားတဲ့လူ စကားပြန်ပါ..."

မည်သူကမျှ ကျွန်တော်၏ အမေးကို မဖြေပါ။ တစ်ခါတစ်ရံတွင် နားခံခွက်ထဲ၌ အပြန်အလှန်စကားပြောသံကို တိုးတိုး ကလေး ကြားရ၏။ ရေဒီယို၏ အသံချဲ့ခလုတ်ကို အဆုံးထိ လှည့်ပြီး ကြားဝင်၍ စကားဖြတ်ပြောနိုင်ရန် ကျွန်တော်ကြိုးစားကြည့်၏။ အချည်းနှီးသာတည်း။

တစ်နာရီ...နှစ်နာရီ...ကျွန်တော်အမျိုးမျိုးကြိုးစား၍ အကူအညီတောင်းခံသည်ကို ပြန်ကြားချက်မရသဖြင့် စိတ်ပျက်လက်ပျက်နှင့် ရေဒီယိုကို ပိတ်လိုက်ရ၏။ ထို့နောက် စိတ်လက်မကြည်မသာနှင့် မီးဖိုဆီသို့ လျှောက်သွားပြီး ရန်ဒီ၏ဘေးတွင် ထိုင်ချလိုက်၏။

"ရေဒီယိုအသင်းက ပါပါ့ကို လက်မခံဘူးနဲ့တူတယ်"

"အေးကွာ...သမီးတို့ ကံဆိုးတာပဲ"

ကျွန်တော်တို့သည် အတွေးကိုယ်စီဖြင့် ငြိမ်နေကြ၏။ ကျွန်

http://www.dhammadownload.com



တော်၏ လက်ချောင်းများ အကြီးအကျယ် ကိုက်ခဲလာကြသဖြင့် ကြည့်လိုက်ရာ လက်သန်းနှစ်ချောင်း၏ အပြင်အနားရစ်များ ညိုမည်းနေကြသည်ကိုလည်းကောင်း၊ လက်သူကြွယ်နှင့် လက်ခလယ်တို့၏ ထိပ်ဖျားများ ဖူးရောင်ညိုမည်းနေကြသည်ကိုလည်းကောင်း တွေ့မြင်ရ၏။

အေးစက်မာတောင့်နေကြသော ကျွန်တော်၏ ခြေထောက်များသည် အနွေးဓာတ်ကြောင့် သွေးပိုမိုလှုပ်ရှားလာ၍လားမပြောတတ်၊ စူးရှပြင်းပြစွာ နာကျင်ကိုက်ခဲလာကြ၏။

ရန်ဒီလမ်းလျှောက်သည်ကို ကျွန်တော်ကြည့်လိုက်သောအခါတွင် သူ၏ခြေဖဝါးများကို အတွင်းဘက်သို့ လှည့်လျက် ခြေဖဝါး၏ အပြင်အနားစောင်းများနှင့် ထော့နဲ့ထော့နဲ့ နင်းသွားရသည်ကို တွေ့ရ၏။

တဲအပြင်ဘက်တွင် အအေးဓာတ်သည် လွန်ကဲနေ၏။ မြောက်လေသည် ပြင်းထန်နေ၏။ ဆီးနှင်းများလည်း အားကောင်းနေကြဆဲဖြစ်၏။ မြေပေါ်ရှိ သစ်ငုတ်၊ ချုံနွယ်၊ ဝတ္ထုပစ္စည်းဟူသမျှကို နှင်းထုများက ဖုံးအုပ်ထားကြသဖြင့် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲမမြင်ရချေ။

သမီးနှစ်ယောက်တို့လည်း အမိုးအကာကင်းသည့် သောင်ပြင်ထက်၌ ဆောင်းလေအေးနှင့် နှင်းတောထဲတွင် အချမ်းကြီးချမ်းနေရှာကြမည်။ အစာအာဟာရ ပြတ်တောက်၍လည်း အဆာကြီးဆာနေရှာကြလိမ့်မည်။

သမီးငယ်နှစ်ယောက်ကို မည်သို့ကယ်တင်ရပါ့။

ရန်ဒီနှင့်ကျွန်တော်တို့သည် တဲအပြင်သို့ထွက်ရန် မဆိုထား

http://www.dhammadownload.com



နှင့်၊ တဲအတွင်း၌ပင်လျှင် ကိုယ်ကိုမတ်၍ လမ်းမလျှောက်နိုင်ကြပါ။

ကျွန်တော်၏ ခြေလက်များသာမက တစ်ကိုယ်လုံးပင် အစွမ်းကုန်ကိုက်ခဲနေ၏။ အားကိုးရာမဲ့နေသည့် သမီးငယ်နှစ်ယောက်၏အဖြစ်ကို တွေးလိုက်တိုင်းလည်း ကာယိကဒုက္ခပေါ်တွင် စေတသိကဒုက္ခ ထပ်ဆင့်လာပါတော့၏။

ရန်ဒီနှင့် ကျွန်တော်တို့သည် အိပ်ရာတစ်ခုစီပေါ်သို့ ကိုယ်ကို ပစ်လှဲချပြီးလျှင် လူးလိမ့်နေကြရ၏။ ပင်ပန်းနွမ်းနယ်မှုကြောင့် မေးပျော်သွားလိုက်၊ နာကျင်ကိုက်ခဲမှုကြောင့် လန့်နိုးလာလိုက်၊ မေးပျော်လိုက် ... လန့်နိုးလိုက် ...။

"အမယ်လေး ... နာလိုက်တာ၊ ကယ်ကြပါ"

"ဘုရား ... ဘုရား ... ကယ်တော်မူပါ"

ကျွန်တော်ရော ရန်ဒီပါ ယောင်ယမ်းပြီး ညည်းညူအော်ဟစ်နေမိကြ၏။ ညည်းရင်းလူးလိမ့်ရင်းဖြင့် နေ့တာကုန်လွန်၍ ညဥ့်အမှောင် လွှမ်းမိုးလာ၏။

သမီးငယ်နှစ်ယောက်အား မည်သူကယ်ဆယ်နိုင်ပါအံ့နည်း။

## (၂၁)
## မည်သူ့အပြစ်နည်း

တစ်ဆယ့်နှစ်ရက်မြောက်သောနေ့ ...။

တဲအတွင်းသို့ ရောင်ခြည်နုများ စိမ့်ဝင်လာသောအခါ အိပ်ရာမှ လူးလဲထပြီးလျှင် မြို့လိုင်းရေဒီယိုရှိရာသို့ ကျွန်တော် ယိုင်နဲ့ယိုင်နဲ့နှင့် လာခဲ့၏။

http://www.dhammadownload.com



ရေဒီယို၏ခလုတ်ကို လိုင်း (၁၁) မှစတင်၍ တစ်လိုင်းစီ နှိမ့်ချကာ လိုင်း (၂) အထိလည်းကောင်း၊ လိုင်း (၂) မှ တစ်ဖန် တစ်လိုင်းစီ မြှင့်ကာ လိုင်း (၄၀) အထိလည်းကောင်း၊ ထို့နောက် တစ်ဖန် တစ်လိုင်းစီ နှိမ့်ချကာ လိုင်း (၁၁) သို့ လည်းကောင်း၊ ကျွန်တော်အမျိုးမျိုးပြောင်း၍ အကူအညီတောင်းခံ၏။

"မေဒေး…မေဒေး…မိန်းကလေးနှစ်ယောက် ကင်အမှတ်မှာ သောင်တင်နေပါတယ်၊ ကယ်ဆယ်ပေးပါ၊ ဟဲလို…မေဒေး မိန်းကလေးနှစ်ယောက် ကင်အမှတ်မှာ ဒုက္ခရောက်နေပါတယ်၊ ကယ်ဆယ်ပေးပါ၊ ဟဲလို…ကျွန်တော်ပြောတာ ကြားပါသလား၊ စကားပြန်ပါ…"

"ဟဲလို…မေဒေး…မေဒေး…နှင်းဆီအဝက ခေါ်နေပါတယ်၊ ကျွန်တော်တို့ ဒုက္ခရောက်နေလို့ ကယ်ကြပါ၊ ဟဲလို… မေဒေး…မိန်းကလေးနှစ်ယောက် ကင်အမှတ်မှာ ဒုက္ခရောက်နေကြပါတယ်…အမြန်ကယ်ပါ၊ ဟဲလို…ကြားတဲ့လူ သတင်းပြန်ပို့ပါ…"

လိုင်းတစ်ခုလျှင် နှစ်ကြိမ်ကျစီ ကျွန်တော် အသံလွှင့်၍ အကူအညီတောင်းခံ၏။ ရန်ဒီက ကျွန်တော့်ဘေးတွင် ထိုင်၍ အခြေအနေကို အကဲခတ်နေ၏။

ကျွန်တော် စိတ်မောလူမော ဖြစ်လာသည့်အခါ ရန်ဒီက တစ်ဖန်ဆက်၍ အကူအညီတောင်းပြန်၏။ မထူးခြားပါ။

ရှင်းပါသည်။ မည်သူကမျှ ကျွန်တော်တို့၏ ခေါ်သံကိုမကြားပါ။ ရာသီဆိုးရွားလွန်းသည့်အတွက် မည်သည့်အဆက်အသွယ်ကိုမျှ မပြုလုပ်နိုင်ပါ။

http://www.dhammadownload.com



"သမီးနှစ်ယောက်ကိုဘယ်လိုကယ်ဆယ်ရမလဲ၊ တစ်ရက်နှစ်ရက်အတွင်း အကူအညီမရနိုင်ရင် သမီးတို့ ကြမ္မာဆိုးရှာကြပေတော့မယ်"

ကျွန်တော်သည် အတွေးအမျှင်တန်းလန်းနှင့် မတ်တတ်ရပ်၍ မီးဖိုဘက် လှမ်းလိုက်၏။ ကိုယ်ကို မထိန်းနိုင်ဘဲ ယိုင်လဲသွားရာ နံရံကို အမြန်မှီလိုက်ရ၏။

ကျွန်တော်၏ ခြေထောက်အနာများမှာ အလွန်ဆိုးရွားလာကြသည့်အတွက် အမှီမရှိလျှင် မတ်တတ်ပင် ရပ်မနေနိုင်တော့ချေ။

ရန်ဒီ၏ ခြေချောင်းများသည်လည်း သွေးအေးခဲသောရောဂါ စွဲကပ်နေသည့်အတွက် မခံမရပ်နိုင်အောင်ပင် ကိုက်ခဲနေ၏။

"ရန်ဒီ ... တို့ခြေထောက်တွေကို ရေစိမ်ကြရအောင်ကွာ၊ ခြေထောက်အနာတွေမှာ ဘက်တီးရီးယားပိုးတွေ ဝင်နေပြီကွဲ့၊ တို့ဂရုမစိုက်ရင် ပိုးက တို့ကိုသတ်မှာ သေချာတယ်"

အမှန်မှာ ယမန်နေ့ကပင် ကျွန်တော်တို့၏ ခြေထောက်များကို ရေစိမ်ကြည့်ခဲ့ကြ၏။ လက်နှင့်စမ်းသည့်အခါ နွေးနွေး ကလေးသာရှိသည့် ရေ၌ ခြေထောက်များကို စိမ်လိုက်သောအခါ မခံမရပ်နိုင်အောင် ပူလောင်လာသည်ကို ခံစားခဲ့ရ၏။

မီးဖိုခန်း၏ စင်တစ်ခုပေါ်တွင် ပိုးသတ်ဆေးရည် ပုလင်းငယ်တစ်လုံးကို တွေ့ရ၏။ ဇလုံနှစ်ခုတွင် နွေးရုံမျှနွေးသည့် ရေကို ဇလုံတစ်ဝက်စီ ထည့်ပြီးလျှင် ပိုးသတ်ဆေးရည်ကို နှစ်စက်စီ ထည့်လိုက်၏။

ထိုရေများ၌ ကျွန်တော်တို့၏ ခြေထောက်များကို ထည့်စိမ်

http://www.dhammadownload.com



ကြသောအခါ ခြေထောက်များသည် ပူစပ်လွန်း၍ ဆတ်ဆတ် ခါ တုန်နေကြ၏။

"ငရဲမီးလို ပူတာပဲကွာ၊ ဒါပေမဲ့ ရေရဲ့အပူချိန်ကို တဖြည်းဖြည်း မြှင့်ပေးရမယ်၊ ဒီတော့မှ ဘက်တီးရီးယားပိုးတွေ မနေနိုင်ဘဲ ထွက်လာမှာ"

ထိုနေ့မှစ၍ တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီကြာအောင် ခြေထောက်များကို ဆေးခပ်ထားသည့် ရေနွေးတွင် ကျွန်တော်တို့စိမ်ကြ၏။ စိမ်နေခိုက်တွင် အလွန်အမင်း စပ်လောင်သည့်အတွက် ကျွန်တော်တို့သည် ဣန္ဒြေကို မဆည်နိုင်တော့ဘဲ ဦးခေါင်းနှင့် ကိုယ်တို့ကို စောင်းလည်ငဲ့လျက် "အား...အား...ကျွတ်...ကျွတ်..." စသည်ဖြင့် ညည်းညူနေကြရ၏။

ရေစိမ်ပြီးသည့်အခါ အဆုံးစွန်ပင်ပန်းသွားကြသဖြင့် အိပ်ရာပေါ် ပစ်လှဲပြီး လူးလိမ့်နေကြရ၏။

ညည်းညူလူးလိမ့်ရင်းပင် တစ်နေ့နှင့် တစ်ည ကုန်ပြန်လေပြီ။

တစ်ဆယ့်သုံးရက်မြောက်သော နေ့...။

သမီးငယ်နှစ်ယောက်ကို ကယ်ဆယ်ပေးရန်အတွက် မြို့လိုင်း ရေဒီယိုဖြင့် ကျွန်တော် အကူအညီထပ်တောင်းပြန်၏။ မနေ့ကကဲ့သို့ပင် တုံ့ပြန်သံ မကြားရ၍ ကျွန်တော်လက်လျှော့လိုက်ရ၏။

သမီးတို့ကို ကျွန်တော်တို့ကိုယ်တိုင်ပင်လျှင် ကယ်တင်ရပေမည်။

http://www.dhammadownload.com



သို့ရာတွင် ကျွန်တော်တို့၏ အခြေအနေမှာ ဆိုးရွားနေဆဲဖြစ်၏။ အိပ်ရာများထက်တွင် လူးလိမ့်ရင်း ညည်းညူနေရဆဲဖြစ်၏။ အိပ်ရာတွင် အနေများလာသောအခါ အိပ်ရာကို ရွံမုန်းလာ၏။ ကြောက်ရွံ့လာသည့်စိတ်ပင် ပေါ်လာ၏။ ထို့ကြောင့် ထထိုင်ပြီး စားပွဲတင်နာရီကို စေးစိုက်ကြည့်နေမိ၏။

တဲအပြင်သို့ထွက်ပြီး နှင်းတောကို ဖြတ်၍ သမီးတို့ထံပြေးသွားချင်၏။ သို့သော် စိတ်စေရာ ကိုယ်မရွေ့နိုင်ပါ။ အိပ်ရာပေါ်၌ ထိုင်နေသည်ပင် နာရီဝက်ပြည့်အောင် မထိုင်နိုင်ပါ။ ကျွန်တော် ရွံမုန်းကြောက်ရွံ့နေသည့် အိပ်ရာထက်သို့ပင် ကိုယ်ကိုလှဲချလိုက်ရပြန်၏။

ညည်းညူလူးလိမ့်ရင်းပင် မေးခနဲသတိလစ်သွား၏။ ချက်ချင်းလိုလိုပင် ကယောင်ကတမ်း ယောင်ယမ်းအော်ဟစ်၍ ကျွန်တော်လန့်နိုးလာ၏။ နာရီကိုလှမ်းကြည့်သောအခါ ကျွန်တော်မေးပျော်သွားခဲ့သောအချိန်မှာ ငါးမိနစ်ပင် မပြည့်သည်ကို တွေ့ရ၏။

ကျွန်တော်သည် လဲလျောင်းလျက်လည်း နာရီကို စေးစိုက်ကြည့်နေ၏။ နာရီ၏ ဒိုင်ကွက်တွင် စင်ဒီ၏ မျက်နှာကို တစ်လှည့်ဂျီနာ၏ မျက်နှာကို တစ်လှည့် မြင်နေရ၏။ သူတို့၏ မျက်နှာများမှာ အလွန်ပိန်ချုံးညှိုးငယ်နေကြ၏။ သူတို့အား အမြန်လာခေါ်ရန် တောင်းပန်နေကြ၏။

ကျွန်တော်သည် အရှင်လတ်လတ်နှင့် ငရဲရောက်နေလေပြီ။

http://www.dhammadownload.com



မအိပ်နိုင် ... မထိုင်နိုင် ... မစားနိုင် ပြင်းပြလှသော ဝေဒနာနှင့် နာကြည်းလှသည့်ခံစားချက်တို့က ကျွန်တော့်ကို မခံရပ်နိုင်အောင် နှိပ်စက်နေကြပါပကော။

တစ်ဆယ့်လေးရက်မြောက်သောနေ့ ...။

"ရန်ဒီ ...တို့တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ စင်ဒီနဲ့ဂျီနာ သေကြတော့မယ်၊ တို့မကယ်ရင် သူတို့သေကြမှာပဲ"

ကျွန်တော်သည် သူရူးကဲ့သို့ စိတ်ကို မထိန်းနိုင်သည့်အတွက် လွှတ်ခနဲ ပြောလိုက်မိ၏။

ရန်ဒီက ခေတ္တဆိတ်ငြိမ်နေ၏။ အခြေအနေအမျိုးမျိုးကို အပြန်ပြန်အလှန်လှန် သူစဉ်းစားခဲ့ပြီးဟန်တူ၏။

"ဒီအခန်းကိုတောင် ပါပါဖြတ်မလျှောက်နိုင်တာဟာ ... ဘယ်လိုလုပ်ပြီး သွားကယ်ရမှာလဲ၊ ပါပါ လေးဖက်သွားပြီး ကမ်းခြေဆင်းသွားရင် ကမ်းခြေမှာတင် လဲသေနေမှာပေါ့"

တည်တည်ငြိမ်ငြိမ် လေးလေးတွဲ့တွဲ့နှင့် ရန်ဒီပြောလိုက်သော စကားလုံးများသည် ဖြစ်ရပ်မှန်တစ်ခုလုံးကို သိမ်းခြုံ၍ သရုပ်ဖော်လိုက်ကြ၏။

ကျွန်တော်တို့ ဘာမျှမတတ်နိုင်ပါ။ အိပ်ရာထက်တွင် လူးလိမ့်ရင်း ညည်းတွားနေကြရဆဲပင်။

တစ်ဆယ့်ငါးရက်မြောက်သောနေ့ ...။

ရာသီဥတုသည် အပြောင်းအလဲမရှိဘဲ ဆက်လက်ဆိုးရွားနေ၏။ ညဉ့်ဝင်လာသောအခါ မြောက်လေနှင့် နှင်းမုန်တိုင်းတို့ ပိုပြင်းထန်လာကြ၏။ အပူချိန်လည်း တစ်စတစ်စ ပို၍နိမ့်ကျလာ၏။

သမီး . . . ချစ်သမီးတို့ကို ရက်ရက်စက်စက်သတ်သူမှာ သမီးတို့ရဲ့ဖခင် ကျွန်တော်ပင် ဖြစ်နေပါပကော။

"ပါပါချစ်လှတဲ့ သမီးငယ်တို့ . . . ပါပါ့ကို ခွင့်လွှတ်ကြပါကွယ်၊ သမီးငယ်တို့ အသက်ရှင်ရေးအတွက် ပါပါ အသက်စွန့်ပြီး ရန်ဒီနဲ့အတူ ထွက်လာတာပါကွယ်၊ ပါပါမျှော်လင့်ထားတဲ့ စက်လှေနဲ့ မြို့လိုင်းရေဒီယိုတို့က အကူအညီမပေးလို့ သမီးတို့ သည်လိုဖြစ်ရတာပါကွယ်၊ သမီးတို့ရဲ့အသက်နဲ့ ပါပါ့ရဲ့အသက်ကိုလဲလို့ရရင် ပါပါလဲပါတယ်ကွယ်၊ ပါပါက မတ်တတ်တောင် မရပ်နိုင်တော့တဲ့ လူနာတစ်ယောက်ပါ၊ သမီးတို့ဆီ ပါပါ ပြေးလာချင်ပေမယ့် မလာနိုင်ပါဘူးကွယ်၊ သမီးတို့ . . . ပါပါ့ကို ခွင့်လွှတ်ကြပါနော်"

တစ်ဆယ့်ခြောက်ရက်မြောက်သောနေ့ . . .။

မြောက်လေကြမ်းနှင့် မုန်တိုင်းတို့သည် ကျေနပ်အားရသွားကြသည့်နှယ် အားမာန်လျော့သွားကြ၏။

"ရန်ဒီရေ . . . ညက ရာသီဆိုးကို စင်ဒီနဲ့ဂျိနာတို့ ကျော်လွှန်နိုင်ကြမှာ မဟုတ်ဘူး၊ သူတို့အတူတကွ သေသွားကြတယ်လို့ ထင်ထင်ရှားရှားကြီးကို အိပ်မက်ထဲမှာ ငါမြင်မက်လိုက်ရတယ်ကွာ"

"ကျွန်တော်လဲ တစ်ညလုံးလောက် နိုးနေပါတယ်၊ လေက တစ်ညလုံး တိုက်နေတာပဲ၊ ချမ်းလိုက်တာလဲ လွန်ပါရောပဲ"

"သမီးတို့အတွက် အကောင်းဆုံး တို့မျှော်လင့်နိုင်တာက သူတို့နှစ်ယောက် တစ်ညတည်း တစ်ချိန်တည်းမှာ အတူတူ သေသွားကြတယ်ဆိုတာပါပဲ၊ အဆိုးဆုံးကတော့ တစ်ယောက်

http://www.dhammadownload.com



က နီးလာပြီးတော့ တစ်ယောက်ကသေနေတာကို မြင်ရတဲ့အဖြစ်မျိုးပဲ”

ပြောရင်းက ကျွန်တော်၏ ရင်ထဲ၌ ဆို့နင့်လာ၏။ သမီးငယ်နှစ်ဦးမှာ အမှန်ပင်သေလွန်ပြီး ဖြစ်ပေလိမ့်မည်။ သမီးတို့သေဆုံးရသည်နှင့်ပတ်သက်၍ ဖခင်တစ်ဦးအနေနှင့် ကျွန်တော့်တွင် တာဝန်ကျေပါ၏လောဟု ကျွန်တော့်ကိုယ်ကိုကျွန်တော်ဆန်းစစ်နေမိပြန်၏။

ယင်းသို့ ဆန်းစစ်မိလေလေ ရင်တွင်း၌ မချိမဆံ့နာကြည်းလာလေလေဖြစ်၏။ ရန်ဒီနှင့် ကျွန်တော်တို့၏ ခြေထောက်များတွင် အကြီးအကျယ် အနာစွဲကပ်နေသည်မှာ မှန်၏။ သို့သော်ဤအနာဆိုးများကို ခွဲစိတ်ကုသပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့ ရောဂါပျောက်ကင်းပြီး အသက်ရှင်နေကြမည် မလွဲတည်း။

“သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ မမွှတာတည်း” ဟူသကဲ့သို့ သမီးငယ်တို့ကို သောင်ပြင်ပေါ်တွင် ချန်လှပ်၍ သန်စွမ်းသည့် သားကို ခေါ်ကာ လှေငယ်နှင့် ရုန်းထွက်လာသည့်အတွက် ဖခင်က အသက်ရှင်ပြီး သမီးတို့က သေဆုံးကြရသည်မှာ တရားမျှတပါ၏လော။

ယောက်ျားနှစ်ဦးက အသက်ရှင်ချမ်းသာ၍ မိန်းကလေးနှစ်ဦးက ကြေကွဲဖွယ်ရာသေပွဲဝင်ခဲ့ကြရသည်မှာ လူကြား၍ပင်ကောင်းပါ၏လော။

http://www.dhammadownload.com



စဉ်းစားလိုက်တိုင်း ကြီးလေးသည့်အပြစ်ဒဏ်ကိုကျွန်တော် ခံစားနေရ၏။ ရန်ဒီသည်လည်း ကျွန်တော့်နည်းတူ မချိမလှ ခံစားနေရသည်ကို ကျွန်တော်သိ၏။

"တယ်...ငါလေ"

ကျွန်တော်သည် ကိုယ့်ကိုယ်ကို အားမလိုအားမရဖြစ်ပြီး ကြိမ်းမောင်းကာ ထခိုင်းလိုက်၏။ နာကျင်လှသည့်ခြေထောက် အနာများကို ငုံ့ကြည့်လိုက်ရာ အကြီးအကျယ်ပုံပျက်နေသည့် ခြေထောက်နှစ်ဖက်ကို မြင်တွေ့လိုက်ရ၏။ ရုတ်တရက်တွင် ကျွန်တော်၏ခြေထောက်များပင် ဟုတ်ပါရဲ့လားဟု ထင်မှားမိ၏။

ခြေထောက်နှစ်ဖက်သည် ဒူးဆစ်အထိ အစွမ်းကုန်ဖူးရောင် နေကြရာ ခြေမျက်စိများမှာ အတွင်းသို့ဟိုက်ဝင်နေကြ၏။ ဝက်အူချောင်း အလုံးကြီးကြီးကို ကြိုးနှင့်တင်းတင်းစည်းချည်ထား သည်နှင့်တူလှ၏။ ခြေချောင်းများမှာလည်း ရောင်အန်းညိုမည်း ပြီး ကားထွက်နေကြ၏။

ကျွန်တော်သည် အံကြိတ်၍မတ်တတ်ရပ်လိုက်၏။ နံရံကို အမှီပြုလျက် ခြေထောက်နှစ်ဖက်ကို တရွတ်ဆွဲကာ အဝတ်ဗီရို သို့သွား၏။ အံဆွဲများကို ဆွဲဖွင့်ပြီး ဘာလိတ်စား တွေ့လိုတွေ့ငြား လိုက်ရှာရာ ဆရာဝန်သုံး ခွဲစိတ်ဓားတစ်ချောင်းကို တွေ့ရ၏။ ယင်းဓားကို ချွန်မြလာအောင် ဓားသွေးကျောက်ပေါ်တွင် သွေးလိုက်၏။

"တို့ခြေထောက်က မကောင်းတဲ့အသားတွေကို လှီးထုတ် ကြမယ်ကွာ၊ ဒီတော့မှ အထဲဘက်က အသားတစ်ရှူးတွေ ပွင့်

http://www.dhammadownload.com



လာပြီး ပိုးသတ်ဆေးရည်နဲ့ ထိတွေ့ခွင့်ရကြမယ်၊ မင်း ရေနွေး ထည့်ကွာ”

ရန်ဒီသည် ဇလုံနှစ်လုံးတွင် ရေနွေးထည့်ပြီးနောက် ပိုး သတ်ဆေးရည် နှစ်စက်စီ ထည့်လိုက်၏။

ကျွန်တော်သည် ချွန်မြနေသောဓားဖြင့် ခြေထောက် နှစ် ဖက်လုံးမှ မကောင်းသောအသားများနှင့် အရေပြားများကို လှီး ထုတ်၏။

မလှီးခင်က စိတ်သဘာဝအရ ကိုယ့်အသားကို ကိုယ်ကိုယ် တိုင် လှီးထုတ်ရန် တွန့်တိုနေမိသေး၏။ “သမီးနှစ်ယောက်ဆီ မသွားနိုင်အောင် အဟန့်အတားပြုတဲ့ ဒီအနာတွေ . . . သွားပေ ရော့ . . .”ဟု အားတင်းပြီး လှီးထုတ်လိုက်သည့်အခါ သေနေကြ ပြီဖြစ်သည့် အသားတစ်ရှူးများမှာ လွယ်ကူစွာပင် ပဲ့ကွာထွက် ကြ၏။

ကျွန်တော်၏ ခြေသည်းများကို ဦးစွာလှီးထုတ်လိုက်၏။ ထို့နောက် ခြေသည်းခွံအောက်ရှိအသားများကို လှီးထုတ်ပြန်၏။ အလွန်အမင်းဖူးရောင်နေသည့် ခြေချောင်းတစ်ချောင်း၏ ဘေး အသားများကိုလည်း လှီးထုတ်လိုက်၏။ ထို့အပြင် ညာဘက် ခြေထောက်၏ အောက်ပိုင်းအသားအချို့ကိုလည်း လှီးထုတ် လိုက်၏။

ရန်ဒီ၏ ယခင်က ဖြူဖွေးကျစ်လျစ်စွာရှိခဲ့သော ခြေချောင်း များသည် ကျွန်တော်၏ခြေချောင်းများနည်းတူ ညိုမည်းဖူးရောင် နေကြ၏။ ထိုခြေချောင်းများမှအသားများကို ရန်ဒီလှီးထုတ်ရာ အရိုးများပင် ပေါ်လာ၏။

http://www.dhammadownload.com



ခြေထောက်အသားများကို ရက်ရက်ရောရော လှီးထုတ်ကြပြီးသောအခါ ခြေထောက်များကို ပိုးသတ်ဆေးခတ်ထားသည့် ရေနွေးများ စိမ်ကြ၏။

"အား…အိုး…အီး…အောင်မယ်လေး"

"ချက္ကာ…သေပစေကွာ၊ ဒါလောက်ဆိုးတဲ့အနာ…မှတ်ကရော့"

ကျွန်တော်တို့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ မအောင့်အည်းနိုင်တော့ဘဲ တဆွဲငင်ငင် ညည်းညူကြရ၏။ သမီးတို့သေပွဲဝင်ခဲ့ရသည်ကို အခဲမကြေသည့် ဒေါသမာန်စွဲနှင့် အော်ဟစ်မောင်းမဲကာ တစ်ဦးကိုတစ်ဦး အားပေးကြ၏။

ဤနေ့သည် ကျွန်တော်တို့အဖို့ မမေ့နိုင်သော နေ့တစ်နေ့ပါပေ။

တစ်ဆယ့်ခုနစ်ရက်မြောက်သောနေ့…။

စိတ်လိုက်မာန်ပါ မိုက်မိုက်ရမ်းရမ်းနှင့် ခြေထောက်အသားများကိုလှီးထုတ်ပြီးနောက် ဆေးရည်တွင် ခြေထောက်များကိုစိမ်သောအခါက အပြင်းထန်ဆုံးဝေဒနာကို ခံစားခဲ့ကြရသဖြင့် ထို့ထက် ပြင်းထန်သောဝေဒနာကို နောက်ထပ်ခံစားရန် မရှိတော့ပါ။

ဤနေ့တွင် ခြေထောက်အနာများ၏ ဝေဒနာသည် ထူးထူးခြားခြား သက်သာလာ၏။ သို့သော် အသားများလှီးထုတ်ထားခဲ့သော နေရာများမှာ ဟောက်ပက်လျက်ပင်ရှိကြသေး၏။ မတ်တတ် ရပ်၍ မရသေး။ အိပ်ရာတွင်ပင် လူးလှိမ့်နေကြရ၏။

http://www.dhammadownload.com



တစ်ဆယ့်ရှစ်ရက် ... တစ်ဆယ့်ကိုးရက် ... နှစ်ဆယ် ... နှစ်ဆယ့်တစ် ... နှစ်ဆယ့်နှစ် ...။

ဤနေ့ရက်များတွင် ကျွန်တော်တို့၏ ခြေထောက်အနာများသည် သိသိသာသာ အရောင်လျော့လာကြ၏။ နာကျင်ကိုက်ခဲမှုလည်း လျော့နည်းလာ၏။ ကျွန်တော်၏ အစာအိမ်လည်း တရွေ့ရွေ့ ကောင်းလာ၏။ အိပ်ရေးလည်း အနည်းငယ်ရလာ၏။

တဲအတွင်း၌ အတော်အတန်ပင် လမ်းလျှောက်နိုင်ကြပေပြီ။

သို့ရာတွင် တဲပြင်ပ၌ ရာသီဥတုအခြေအနေမှာ ဆိုးရွားလျက်ပင် ရှိသေး၏။ သမီးများရှိရာသို့သွားရန် စိတ်ကူးမိသော်လည်း သေပြီးဖြစ်သည့် သမီးတို့ထံ အလောတကြီးသွားရန် မလိုတော့သည့်အတွက် အနာလည်းသက်သာစေ၊ ရာသီလည်း ကောင်းလာစေဟူသောသဘောဖြင့် ဆိုင်းငံ့နေလိုက်ကြ၏။

နှစ်ဆယ့်သုံးရက်မြောက်သောနေ့ ...။

ကျွန်တော်တို့စောင့်စားခဲ့ကြသော ရာသီအပြောင်းအလဲကို မြင်တွေ့ရပေပြီ။ အပူချိန်သည် ရေခဲမှတ်၏ အောက်ဘက်သို့ များစွာနိမ့်ကျနေရာမှ ရေခဲမှတ်အထက်သို့ မြင့်တက်လာ၏။ မြောက်လေအေးအစား နွေးထွေးသော အရှေ့တောင်လေ တိုက်လာ၏။ နှင်းပွင့်များအစား မိုးရေစက်များ တဖျောက်ဖျောက်ကျလာကြ၏။

မြေပြင်တစ်ခုလုံးကို ဖုံးလွှမ်းခဲ့ကြသည့် နှင်းစိုင် နှင်းထုများသည် တစ်ညအတွင်း ကွယ်ပ၍ အကွက်ငယ်ကလေးများ လောက်သာ ဟိုမှာသည်မှာ ပြန့်ကျဲ၍ ကျန်ရစ်ကြ၏။ နှင်းထုများ

http://www.dhammadownload.com



၏ ဖုံးဖိထားခြင်းကို ခံနေခဲ့ကြရသည့် သစ်ကိုင်းသစ်ခက်များနှင့် ချုံနွယ်ပိတ်ပေါင်းများသည်လည်း တစ်ဖန်ဦးမော့လာကြ၏။

သစ်ငုတ်များကို သစ်ငုတ်များအတိုင်း၊ ကျောက်တုံးကြီးများကို ကျောက်တုံးကြီးများအတိုင်း မြင်လာရပေပြီ။

ပင်လယ်ကမ်းစပ်၌ ဆိုက်ကပ်ထားသည့် လှေတစ်စင်းကိုလည်း လှေတစ်စင်းအဖြစ် မြင်နိုင်ပေတော့သည်။

လှေအကြောင်းကို စိတ်ဝင်စားလေ့ရှိသော ရန်ဒီအား သစ်လုံးတဲအနီးရှိ ကမ်းခြေ၌ စက်လှေပျက်တစ်စီး ဆိုက်ကပ်ထားကြောင်းကို ဂျင်မီပြောပြခဲ့ဖူး၏။ လှေဝမ်းမှာ ကွဲအက်၍ ရေစိမ့်ဝင်နေသည့်အတွက် စက်ကိုဖြုတ်ယူပြီး လှေကိုစွန့်ပစ်ထားသည်မှာ ကြာပြီဟူ၍လည်း ကြားသိခဲ့ရ၏။

ထိုလှေကို ရှာရမည်။ ဖာထေးရမည်။ ထိုလှေဖြင့်ပင် သမီးတို့အား ချန်ထားခဲ့ရသော ကြောက်မက်ဖွယ်ရာ ကျောက်ညိုမည်းတိုင် ရှိသည့် ကမ်းခြေသို့သွားပြီး သမီးတို့၏ အလောင်းများကို ဆောင်ယူရပေမည်။

ရန်ဒီနှင့် ကျွန်တော်တို့သည် အဝတ်စုတ်၊ ပွဲလျက်နှင့် တူတစ်လက်တို့ကို ယူပြီး ကမ်းခြေသို့ ဆင်းသွားကြ၏။ ကမ်းခြေတွင် စွန့်ပစ်ထားသည့် စက်လှေပျက်ကို အခန့်သင့်ပင် မြင်တွေ့ရ၏။ လှေ၏ အပေါက်အကွဲများကို အတတ်နိုင်ဆုံး ဖာထေးကြ၏။

လှေကို ရေပေါ်သို့ ဆွဲချလာသည့်အခါ လှေဝမ်းထဲသို့ ရေ

http://www.dhammadownload.com



စိမ့်ဝင်နေသေးသည်ကို တွေ့ရ၏။ သို့စေကာမူ လှေကို ရန်ဒီ လှော်ခတ်စဉ် စိမ့်ဝင်သောရေကို ကျွန်တော်ခပ်ထုတ်နိုင်လိမ့်မည်ဟု ကျွန်တော်တွက်ဆလိုက်၏။

ထို့ကြောင့် ကျွန်တော်တို့နှစ်ဦးအတွက် လေးရက်စာ အစားအသောက်များနှင့် စွပ်အိပ်ရာလိပ်နှစ်လိပ်ကို တင်ဆောင်ပြီးလျှင် ထိုလှေနှင့် ကျွန်တော်တို့ ထွက်လာကြ၏။

သမီးနှစ်ယောက်တို့၏ အလောင်းများကို ယူဆောင်ပြီးသော် လူလည်းမရှိ၊ အကူလည်း မရနိုင်သည့် သစ်လုံးတဲဆီသို့ ပြန်မလာတော့ပြီ။ လူသူရှိရာ အနီးဆုံးစခန်းဖြစ်သော ဟိုက်ဒါဘတ် (Hydaburg) သို့ သွားကြမည်။

ခရီးသွားနေစဉ် ရာသီတစ်ဖန်ပြောင်း၍ လေကြောင်းနှင့် ရေစီးကြောင်းတို့ ပြောင်းလဲသွားကြသည်ပင်ဖြစ်စေဦး၊ ဟိုက်ဒါဘတ်သို့ ကျွန်တော်တို့ ချောချောမောမောရောက်နိုင်ပါလိမ့်မည်။

ထို့အပြင် လူအသွားအလာများသည့် ရေလမ်းကြောင်းသို့ ရောက်လာသောအခါ ခရီးသွားစက်လှေကြီးများက ကျွန်တော်တို့ကို ဆယ်ယူကြမည့် အလားအလာလည်း ရှိနိုင်ပါသည်။

သို့အတွက် ကျွန်တော်တို့ စိတ်လက်ပေါ့ပေါ့ပါးပါးနှင့်ပင် ပင်လယ်ခရီးကို တစ်ဖန်စတင်လိုက်ကြပြန်ပါ၏။

ခရီးမထွက်ခင်တွင် သစ်လုံးတဲ၏ စားပွဲပေါ်၌ ကျွန်တော်စာတစ်စောင်ရေးထားခဲ့၏။ စာတွင် ကျွန်တော်တို့လှေမြုပ်သွားပြီး ဒုက္ခရောက်နေသည့် အကြောင်းလောက်ကိုသာ ရေးထားလိုက်၏။

http://www.dhammadownload.com



သမီးတို့၏ အလောင်းများရှိရာ ကင်းအမှတ်သို့ သွားမည့် အကြောင်းကို မပြောလို၍ ထည့်မရေးလိုက်တော့ပါ။

စွန့်စားရမည့်ကဏ္ဍသစ်တစ်ခု စတင်ပြန်လေပြီ။

## (၂၂)
## ခန္ဓာကိုယ်၏ လျှို့ဝှက်စွမ်းအား

ကင်းအမှတ်၌ လူစုခွဲ၍ ကျွန်တော်နှင့် ရန်ဒီတို့ ထွက်ခွာခဲ့ ကြသောအချိန်၌ စင်ဒီနှင့် ဂျိနာတို့သည် ကင်းအမှတ်၏ သဲသောင် ထက်တွင် ကျန်ရစ်ခဲ့ကြ၏။

စပို့ယက်ကို လှော်ခတ်သွားသည့်အသံကို နားစွင့်ရင်း ညီ အစ်မနှစ်ဖော်တို့သည် ရွက်ထည်အမိုးအောက်တွင် ပုံပုံ့ကလေး ခွေနေကြ၏။ တက်ခတ်သံကွယ်ပသွားသောအခါ အရှိန်ပြင်းစွာ တိုက်ခတ်နေသည့်လေသံကိုသာ သူတို့ ကြားရ၏။

သူတို့၏ တာဝန်မှာ စောင့်ဆိုင်းနေရုံသာဖြစ်သည့်အတွက် ကြွင်းကျန်ရစ်သည့် ခွန်အားကလေးနှင့် ကိုယ်ခန္ဓာအနွေးဓာတ် တို့ကို ထိန်းသိမ်းထားနိုင်ရန် စကားမပြောဘဲ ဆိတ်ငြိမ်စွာ ခွေ အိပ်နေကြ၏။

ကျွန်တော်တို့ ကတိပေးခဲ့သော 'သုံးနာရီ' ဟူသည့် အချိန် ပိုင်းသည် တရွေ့ရွေ့ ကုန်လွန်သွား၏။ စင်ဒီနှင့် ဂျိနာတို့သည် မလှုပ်ရှားကြသေး။ ကမ်းစပ်ဘက်မှ တက်ခတ်သံပြန်ပေါ်လာ လိမ့်မလားဟု နားစွင့်နေကြ၏။

အချိန်သည် တစ်စတစ်စ ကုန်လွန်သွားပြန်၏။ ကျွန်တော် တို့ကား ... ပေါ်မလာ။

နှင်းမှုန်များကြားတွင် ခပ်မှိန်မှိန်ကလေး ထွန်းလင်းနေ

http://www.dhammadownload.com



သည့် နေဝန်းကြီးသည်ပင် မွန်းတည့်အနေအထားမှ အနောက်ဘက်သို့ တိမ်းစောင်းသွားလေပြီ။

မြောက်လေကြမ်းတွင် နှင်းမှုန်ဖြူလွလွတို့သည် မြူးကြွဆော့ယမ်းနေကြ၏။ စင်ဒီတို့၏ ရွက်ထည်အမိုးပေါ်တွင် နှင်းထု၏ အမြင့်မှာ အလွန်ထူထဲလာသည့်အတွက် အမိုးဖျင်သည် အောက်သို့အိကျလာ၏။

စင်ဒီသည် ရွက်ထည်အကာအကွယ်ကို အသာအေးဖယ်၍ အပြင်ဘက်သို့ ချောင်းကြည့်လိုက်၏။ မြောက်လေအေးနှင့် နှင်းပွင့်ဖွေးဖွေးတို့က သူမ၏မျက်နှာကို ဖျန်းပက်လိုက်ကြ၏။

ရွက်ဖျင်အမိုးပေါ်ရှိ နှင်းထု၏အလေးချိန်သည် သူမတို့၏ ကိုယ်ခန္ဓာပေါ်သို့ ပိကျနေသဖြင့် ...

"ဂျိနာရေ ... တို့ရွက်ထည်အမိုးပေါ်က နှင်းထုတွေကိုဖယ်မှဟဲ့၊ နှင်းထုက တို့ကို ဖုံးအုပ်တော့မယ်"

ပြောရင်းဆိုရင်း စင်ဒီထထိုင်လိုက်၏။ လက်နှစ်ဖက်ဖြင့် ရွက်ထည်အမိုးကိုပင့်ပြီး နှင်းခဲများကို ခါချလိုက်၏။ ရွက်ထည်အမိုးကိုပင့်လိုက်သည့်အခိုက်တွင် အေးမြသောမြောက်လေက စင်ဒီ၏ကိုယ်ကို သိမ်းဝှေ့လိုက်သည့်အတွက် သူမ၏ပခုံးများ တွန့်သွားရှာ၏။

ထို့ကြောင့် ရွက်ဖျင်အမိုးကို ကပျာကယာပြန်ချပြီး ဂျိနာအနားတွင် စင်ဒီလှဲအိပ်လိုက်ရ၏။ ညီအစ်မနှစ်ယောက်တို့သည် ခန္ဓာကိုယ်ချင်းထိကပ်ထားကြသည့်အခါ လွန်ကဲသောအအေးဒဏ်မှ အနည်းငယ်သက်သာခွင့် ရကြ၏။

တစ်နာရီခန့်ကြာသောအခါ ဒီရေတဖြည်းဖြည်းမြင့်တက်

http://www.dhammadownload.com



လာသည်ကို စင်ဒီသတိပြုမိ၏။ ဒီရေသည် ယခင်ညဥ့်က တက်ခဲ့သော အမြင့်ထက် ပိုမိုမြင့်တက်အောင် တက်လာသည့်အတွက် စင်ဒီတို့အိပ်နေကြသောနေရာသည် ရေမလွတ်တော့ချေ။

"ညီမရေ... ထပါဦး၊ ဒီရေတက်လာနေပြီ၊ တို့နေရာရွှေ့ကြရမယ်"

ညီအစ်မနှစ်ဖော်တို့သည် မထချင်ဘဲလျက် ထကြရပြီး ရွက်ထည်ဖျင်ကို ကမ်းခြေအပေါ်ပိုင်းသို့ ဆွဲတင်ကြ၏။ ကမ်းခြေ တစ်ခုလုံးမှာ နှင်းထုများက အထူသုံးပေကျော်အောင် ဖုံးအုပ်နေသည့်အတွက် ထိုနှင်းထုပေါ်တွင် လမ်းလျှောက်ရန်ပင် ခဲယဉ်းနေ၏။ ထိုအထဲတွင် ရွက်ဖျင်ကြီးကိုပါ ဆွဲငင်ယူလာရသည့်အတွက် သာ၍ခက်ခဲနေ၏။

ထို့အပြင် ယခင်ညဥ့်က ဒီရေအမြင့်ဆုံးရောက်သောနေရာ၌ ဒီရေတိုက်စားထားသည့်အတွက် နှင်းထုမှာ ခါးပြတ်ပြီး မတ်စောက်လျက် ရှိ၏။ ထိုမတ်စောက်သောနေရာကိုပါ ကျော်ဖြတ်ရသည့်အတွက် စင်ဒီနှင့် ဂျီနာတို့သည် အလွန်မောဟိုက်သွားကြ၏။

ထို့ကြောင့် နှင်းခါးပန်း၏အထက်နား၌ ရွက်ဖျင်တစ်ပိုင်းကို နှင်းထုပေါ် ဖြန့်ခင်းပြီးလျှင် လှဲအိပ်၍ ကျန်တစ်ပိုင်းကို အမိုးအကာအဖြစ် ဖုံးအုပ်လိုက်ကြ၏။

သူတို့၏ခြေရင်း၌ နှင်းကမ်းပါးစောင်းကို လှိုင်းများ ပုတ်ခတ်နေသော အသံကို သူတို့ကြားနေရ၏။ ထိုလှိုင်းပုတ်သံကို အဖော်ပြုရင်း သူတို့ ဆိတ်ငြိမ်နေကြ၏။

မကြာပါ၊ လှိုင်းတိုက်စားသဖြင့် နှင်းကမ်းပါးပြိုကျသွား

http://www.dhammadownload.com



လေ၏။ နှင်းကမ်းပါးနှင့်အတူ စင်ဒီနှင့် ဂျီနာတို့၏ ကိုယ် တစ်ပိုင်းစီပါ ရေထဲလျှော့ကျသွား၏။

စင်ဒီသည် ရွက်ဖျင်အမိုးကို ပင့်၍ အလျင်အမြန် မတ်တတ်ရပ်လိုက်နိုင်သည့်အတွက် ဒူးဆစ်အထက်နားအထိသာ ရေစိုသွား၏။

ဂျီနာမှာ အမှတ်တမဲ့အငိုက်မိသွား၍ "အမယ်လေး…"ဟု အော်ရင်း ရေထဲသို့ ထိုင်လျက်ကျသွား၏။ သို့အတွက် ခါးအထိ ရေစိုသွား၏။

ပင်လယ်ရေသည် ရေခဲရေကဲ့သို့ အေးစက်နေ၏။ လေနှင့်နှင်းတို့ကလည်း ရေခဲလို အေးစက်နေကြ၏။ ရေ, လေ, နှင်းတို့၏ အအေးဓာတ်သုံးမျိုးတွင် ရေက အဝတ်ကိုစွတ်စိုစေ၏။ ထိုအဝတ်စိုကို လေက တိုးဝှေ့သောအခါ ပို၍လွန်ကဲသော အအေးဒဏ်ကို ခံစားရ၏။

စင်ဒီနှင့် ဂျီနာတို့သည် နှင်းကမ်းပါးပေါ်သို့ အမြန်တက်ကြပြီးလျှင် ရေထဲသို့ တစ်ဝက်ကျသွားသော ရွက်ဖျင်ကြီးကို ဆွဲတင်ကြရ၏။ အလွန်မလွယ်သော အလုပ်ပါပေ။

စင်ဒီနှင့် ဂျီနာတို့သည် ခြေလက်များ အေးစက်ထုံကျဉ်၍ ခွန်အားကလည်း မရှိကြသည့်အတွက် ရွက်ဖျင်ကို ဖြည်းဖြည်းချင်း ဆွဲလိုက်၊ နားလိုက်၊ ထပ်ဆွဲလိုက်၊ နားလိုက်နှင့် အချိန် ကြာမြင့်စွာ ဆွဲတင်ကြရ၏။

ရွက်ဖျင်ကို ကမ်းပါးအသစ်မှ သုံးပေကျော ဆွဲတင်ပြီးသောအခါ သစ်ပင်များခံနေသည့်အတွက် သူတို့ထပ်၍ မဆွဲနိုင်တော့ပါ။ သူတို့၏ ခွန်အားများလည်း ကုန်ခန်းပေပြီ။ အစွမ်းကုန်

http://www.dhammadownload.com



မောပန်းနေကြသည့်အတွက် ရွက်ဖျင်ကြီးတစ်ပိုင်းကို ဖြန့်ခင်း၍ တစ်ပိုင်းကို အမိုးအကာပြုကာ ခွေအိပ်လိုက်ကြ၏။

နေရောင်ကွယ်ပျောက်၍ ညဥ့်အမှောင် ရောက်လာ၏။ အအေးဓာတ်မှာလည်း လွန်ကဲလာ၏။ စင်ဒီနှင့် ဂျိနာတို့သည် ချမ်းရှာလွန်း၍ ရင်ချင်းအပ် ပါးချင်းကပ်ကာ ပူးအိပ်နေကြရ၏။ သို့စဉ်လျက် အအေးဓာတ်က သူတို့ကို အိပ်စက်ခွင့်မပေးပါ။

ထိုညဥ့်တွင် စင်ဒီနှင့် ဂျိနာတို့သည် ခေတ္တကလေးမျှသာ မှေးပျော်သွားကြ၏။ မှေးပျော်နေခိုက်တွင် စင်ဒီသည် ကျွန်တော်နှင့် ရန်ဒီတို့အကြောင်းကို အိပ်မက်မြင်မက်၏။

ကျွန်တော်သည် စင်ဒီတို့ထံပါးမှ ကိုက်အနည်းငယ်အကွာတွင် ရပ်၍ "စင်ဒီရေ... တစ်ကြိမ်ကို တစ်ရက်အတွက်သာ စဉ်းစားနော်" ဟု ပြောဆိုပြီးနောက် ထွက်ခွာသွား၏။

ထို့နောက် ရန်ဒီရောက်လာ၏။ ရန်ဒီသည် မီးဖိုတစ်ခု ယူလာ၏။ ရွက်ဖျင်လိပ်၏ အပြင်နားတွင် ရန်ဒီထိုင်၍ တစ်ကိုယ်တည်း မီးလှုံနေ၏။ နောက်ထပ်သုံးညတိုင်တိုင် ဤသို့သာ ရန်ဒီလာ၏ မီးလှုံနေသည်ကို စင်ဒီဆက်လက်မြင်မက်ရ၏။

သြော်...စိတ်ကူးယဉ်တတ်သော စင်ဒီရယ်...။ မချင့်မရဲ အသည်းကို ကလူဆွသည့် အိပ်မက်မျိုးကိုမှ မြင်မက်ရပလေကွယ်...။

အရုဏ်ကျင်း၍ အလင်းရောင်ကွန့်မြူးလာသောအချိန်၌ ဒီရေကျသွားပြီဖြစ်၍ ကမ်းစပ်သည် အဝေးသို့ ရောက်သွား၏။

စင်ဒီနှင့် ဂျိနာတို့သည် ကမ်းစပ်သို့ ဆင်းလာကြပြီးလျှင်

http://www.dhammadownload.com



မြောက်ဘက်သို့ မျှော်ကြည့်ကြ၏။ ကျွန်တော်တို့ကို အရိပ်အယောင်မျှ မမြင်ကြရ။ မတ်စောက်ကြမ်းတမ်းသော ကမ်းရိုးတန်းရှည်ကြီးကိုသာ တွေ့မြင်ရ၏။

'စံအိမ်' လှေ မြုပ်ပြီးနောက် ဒုတိယနေ့တွင် ကျွန်တော်နှင့်အတူ ကမ်းရိုးတန်းတစ်လျှောက် ကျောက်ဆောင်များထက်၌ လမ်းလျှောက်ခဲ့ရသည်ကို စင်ဒီပြန်လည်တွေးမိ၏။ ထိုစဉ်က သူမသည် အတော်သန်စွမ်းနေသည့်အတွက် ဖခင်ကိုပင် ဖေးမကူညီပေးနိုင်ခဲ့၏။

ယခုမူ သူမသည် အလွန်ချည့်နဲ့နေပြီဖြစ်၍ ဤကြမ်းတမ်းသည့် ကမ်းရိုးတန်းပေါ်တွင် အဝေးကြီးမလျှောက်နိုင်တော့ပါ။ သူမထက် ပို၍ချည့်နဲ့သည့် ဂျီနာကိုလည်း တွဲခေါ်ရဦးမည် ဆိုလျှင် သာ၍ပင် မလျှောက်နိုင်တော့ပါ။

သို့အတွက် ကျွန်တော်တို့၏ နောက်သို့ လိုက်မည်ဟူသော အကြံအစည်ကို စင်ဒီဖျက်ပစ်လိုက်ရ၏။

ရာသီဥတုမှာ အနည်းငယ်ပူနွေးလာသည့်အတွက် နှင်းဖွဲဖွဲကလေးသည် မိုးဖွဲဖွဲအဖြစ်သို့ ပြောင်းသွား၏။ မိုးဖွဲဖွဲမှတစ်ဖန် မိုးတော်တော်သည်းလာသည့်အတွက် စင်ဒီသည် ဂျီနာ၏ လက်ကို ဆွဲ၍ ရွက်ထည်လိပ်ဆီသို့ ပြန်လာ၏။

သူတို့သည် ခိုက်ခိုက်တုန်၍ ဆာလောင်မွတ်သိပ်နေကြ၏။

"ပါပါတို့ ... ဘာကြောင့် ကြာနေသလဲမသိဘူးနော်"

ဂျီနာက အားငယ်ညှိုးလျစွာ မေးလိုက်၏။

"သစ်လုံးတဲမှာ လူတစ်ယောက်မှမရှိတာ ဖြစ်လို့ပေါ့ ညီမရယ်"

http://www.dhammadownload.com



"ရန်ဒီတို့ ဘယ်တော့ပြန်လာမယ်မသိဘူးနော်၊ ဆာလိုက်တာ မမရယ်"

"လာမှာပေါ့ ညီမရဲ့၊ ပါပါတို့ပြန်လာရင် အစားအသောက်တွေ တစ်ပုံကြီး ပါလာမှာပေါ့"

စင်ဒီသည် ညီမလေးအား ဖျောင်းဖျပြောဆိုလိုက်ပြီးနောက် ဂျီနာ၏ ကိုယ်ကို တင်းတင်းဖက်ထားလိုက်၏။

ဂျီနာလည်း နောက်ထပ်မမေးတော့ဘဲ ဆိတ်ငြိမ်သွား၏။ ကမ်းစပ်ဘက်ဆီမှ တက်ခတ်သံများ၊ ခြေသံများ ကြားရလေမလားဟု နားစွင့်ရင်း သူတို့သည် ခံစားချက်ကိုယ်စီနှင့် တိတ်ဆိတ်နေကြ၏။

နေဝန်းသည် ဒက္ခိဏာယဉ်စွန်းတန်းအတိုင်း မှန်မှန်ရွေ့လျက် အနောက်ဘက်တွင် ကွယ်ပျောက်သွားပြန်၏။ အမှောင်လွှမ်းလာသည်နှင့်အတူ အချမ်းဓာတ်ကလည်း ကဲလာပြန်၏။ ညီအစ်မနှစ်ဖော်တို့သည် လွန်ကဲစွာ ဆာလောင်လျက် ရိုးတွင်းခြင်ဆီအထိစိမ့်အောင် ချမ်းအေးလျက်နှင့် တစ်ဦးကိုတစ်ဦး ဖက်ကာ အိပ်စက်လိုက်ကြရ၏။

သောင်ပြင်ပေါ်တွင် သူတို့ အထီးကျန်ခဲ့သော တတိယမြောက် နေ့သို့ ရောက်လာ၏။

"မမရယ်... ဆာလိုက်တာ၊ ဂျီနာလေ... အားလဲ မရှိတော့ဘူး၊ မကြာခင်သေရတော့မယ်ထင်ပါရဲ့... မမရယ်"

"မမလဲ ဆာတာပဲ ညီမရယ်၊ ဘယ့်နှယ်လုပ်ရမလဲ၊ ဟောမမသိပြီ၊ ကမ်းစပ်မှာ ကျောက်ပွင့်တွေ သွားခွာစားကြရအောင်၊ လူတွေက ကျောက်ပွင့်ကို အမြဲစားနေကြတာပဲ ညီမရဲ့"

http://www.dhammadownload.com



သူတို့သည် ခွန်အားမရှိ၍ ကောင်းစွာလမ်းမလျှောက်နိုင်ကြ။ သို့သော် ကမ်းစပ်သို့ ရောက်အောင်မူ ဆင်းလာကြ၏။ ကျောက်ပွင့်များကို ခွေယူ၍စားကြ၏။ ထိုအခါ အနည်းငယ် ဝမ်းအေးလာကြ၏။

မိုးက တဖွဲဖွဲရွာနေသည့်အတွက် ကမ်းစပ်တွင် သူတို့ကြာရှည်စွာ မနေနိုင်ကြ။ ရွက်ထည်လိပ်ဆီသို့ ပြန်ဝင်၍ ခွေအိပ်ရင်း စောင့်ဆိုင်းနေကြပြန်၏။

ခရီးသွားနေသူများမှာ ကြာပဲကြာနိုင်လွန်းလှသည်။

စတုတ္ထမြောက်နေ့သို့ ရောက်လာလေပြီ။

တဖွဲဖွဲရွာနေခဲ့သောမိုးသည် နှင်းဖွဲဖွဲအဖြစ်သို့ ကူးပြောင်းသွား၏။

"ပါပါတို့ ဘာကြောင့် ပြန်မလာတာလဲ မမရယ်၊ ပါပါတို့ တစ်ခုခုဖြစ်သွားပြီနဲ့တူတယ်နော်"

"ပါပါတို့ ဘာမှမဖြစ်ပါဘူး ညီမရဲ့၊ မမအထင်တော့ ပါပါတို့ သစ်လုံးတဲဆီ ချောချောမောမောပဲ ရောက်သွားလိမ့်မယ်၊ ဟိုရောက်တော့ လူတစ်ယောက်မှ မရှိလို့ ပါပါတို့ စောင့်နေရတယ်၊ ပါပါတို့ ဒီကထွက်သွားတုန်းက လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်ကြဘူးမဟုတ်လား၊ အဲသည်တော့ တို့ဆီကို ပါပါတို့ ချက်ချင်းပြန်မလာနိုင်ဘူးပေါ့"

"ဒီလိုဆိုရင် မကြာခင် ပါပါတို့ ပြန်လာမှာပေါ့နော်"

"အေး… ပြန်လာမှာပေါ့ညီမရဲ့၊ ပါပါက ပြောတဲ့အတိုင်း အမြဲလုပ်တဲ့လူပဲ၊ ပါပါတို့က မိုးထဲလေထဲ ပင်ပင်ပန်းပန်းသွားနေကြရတာပါကွယ်၊ တို့နှစ်ယောက်က ဒီမှာ အေးအေး ထိုင်

http://www.dhammadownload.com



စောင့်နေရုံ စောင့်နေရတော့ ပါပါတို့လောက် မပင်ပန်းဘူးပေါ့ ကွယ်"

စင်ဒီသည် ကျွန်တော်တို့ကြုံတွေ့နိုင်သည့် ကံကြမ္မာ အမျိုးမျိုးကို တွေးတောကြည့်ခဲ့၏။ ပထမနှစ်ရက် သုံးရက်က တော်တော် စိတ်ပူခဲ့မိ၏။ ထို့နောက် သစ်လုံးတဲဆီသို့ ကျွန်တော်တို့ ဆိုက်ရောက်သွားပြီဟု သူမ ယူဆလိုက်၏။ တဲတွင် ဂျင်မီနှင့် ဆွန်ဒရာတို့ကလည်း မရှိ။ ကျွန်တော်တို့ကလည်း ပြန်လာရန် ခွန်အားမရှိကြ၍ ကြန့်ကြာနေခြင်းဖြစ်သည်ဟု ဖြစ်ရပ်မှန်နှင့် နီးကပ်စွာ စင်ဒီတွေးတောနိုင်လိုက်၏။

စင်ဒီတွေးတောမိသည့်အတိုင်း ညီမလေးကို ပြောပြသော အခါ ဂျီနာသည် အနည်းငယ်စိတ်သက်သာသွား၏။

"ဆာလိုက်တာ မမရယ်၊ ဂျီနာတော့ မတ်တတ်ရပ်ဖို့တောင် အားမရှိတော့ဘူး"

"ဒါဖြင့်ရင် ညီမလေး ဒီမှာခဏစောင့်နေ၊ မမ ကျောက်ပွင့် သွားခူးလိုက်မယ်"

ထိုနေ့မှစ၍ ဂျီနာသည် ရွက်ထည်လိပ်၏ အပြင်ဘက်သို့ ထွက်မလာတော့ပေ။ စင်ဒီသည်လည်း ကမ်းစပ်အထိလောက်သာ လမ်းလျှောက်နိုင်ရှာ၏။ ကျောက်ပွင့် အနည်းအကျဉ်းမျှကို ရှာဖွေရရှိပြီးသည့်နောက် ရွက်ထည်လိပ်ဆီသို့ ခဲယဉ်းပင်ပန်းစွာ ပြန်လာရရှာ၏။

ခွန်အားလျော့လာသည်နှင့်အတူ စင်ဒီသည် တိုး၍ အိပ်စက်လာ၏။

http://www.dhammadownload.com



"ညီမလေးရေ...စကားပြောချင်ရင် မမကို နှိုးနော်"

ယင်းသို့ ဂျီနာအား မှာထားပြီးနောက် စင်ဒီသည် တစ်ချိန်လုံးလိုလို အိပ်စက်နေ၏။ စင်ဒီနိုးနေသည့်အခါများတွင် တိတ်တိတ် ဆိတ်ဆိတ် နေသည်ထက် စကားပြောရသည်ကို သူမ ပိုနှစ်သက်၏။

သို့ရာတွင် ဂျီနာက မှိုင်တွေနေတတ်သဖြင့် ဂျီနာအား စကားပြောရန် တိုက်တွန်းရသည်မှာ မလွယ်ကူချေ။

စင်ဒီသည် အိပ်မက်များတွင် ရန်ဒီကိုဆက်လက်မြင်နေ၏။

ဂျီနာကမူ ထမင်းလုံးတစ္ဆေခြောက်သည့် အိပ်မက်မျိုးကို မြင်မက်နေ၏။ ပင်လယ်ထဲ၌ လှေများနစ်မြုပ်ပုံ၊ ကြီးမားသည့် လှိုင်းလုံးကြီးများ ရိုက်ပုတ်၍ လှေပေါ်မှ ပင်လယ်ထဲသို့ သူမ လိမ့်ကျပုံ စသည့် အနိဋ္ဌာရုံများကို မကြာခဏဂျီနာမြင်မက်နေ၏။

သူတို့သည် အာဟာရပြတ်တောက်သည့်အတွက် တဖြည်းဖြည်း ပိန်ချုံးလာကြရာ အရိုးပေါ်အရေတင်သည့် အရိုးစုအရုပ်ကလေးများနှင့် သဏ္ဌာန်တူလာကြ၏။

တစ်နေ့တွင် ဂျီနာသည် စင်ဒီ၏ မျက်နှာကို သေသေချာချာ သတိထား၍ လေ့လာမိ၏။ မျက်လုံးများက ဟောက်ပက်၍ မေးရိုးနှင့် ပါးရိုးများ ငေါထွက်နေသော အရိုးစုကဲ့သို့ ဆန်းပြားနေသည့် မျက်နှာ...သူစိမ်းဟုပင် ဂျီနာထင်မိ၏။ သူမ၏ မျက်နှာကော စင်ဒီ၏ မျက်နှာနှင့် သဏ္ဌာန်တူနေမည်မဟုတ်ပါလား။

နေ့ရက်တွေ ထပ်မံပြောင်းလာသောအခါ စင်ဒီနှင့် ဂျီနာတို့၏ ရွှေရောင်ဆံပင်များသည် အခွေလိုက် ကျွတ်ထွက်လာကြ၏။

http://www.dhammadownload.com



သွားဖုံးများမှာလည်း အတွင်းဘက်သို့ ဆုတ်ဝင်သွားပြီး နာကျင်နေကြ၏။

ဂျိနာသည် သူမ၏ခြေချောင်းကလေးများ နာကျင်ကိုက်ခဲသည့်အကြောင်းကို မကြာခဏပြောဆိုတတ်၏။ စင်ဒီ၏ ခြေချောင်းများလည်း နာကျင်ကိုက်ခဲနေကြ၏။ အအေးဒဏ်ကြောင့် သွေးအေးခဲ၍ အသားတစ်ရှူးများ ပုံဆောင်ခဲဖြစ်သွားသော နှင်းကိုက် ရောဂါကြောင့်ဟု စင်ဒီယူဆ၏။

ဂျိနာ မကြာခဏညည်းညူသည်ကို ထောက်ရှု၍ ဂျိနာ၏ ခြေချောင်းများသည် သူ မ၏ ခြေချောင်းများထက် ပိုမိုဆိုးရွားလိမ့်မည်ဟု စင်ဒီထင်လိုက်မိ၏။

ပဉ္စမမြောက်နေ့ ...။

ယင်းညဥ့်တွင် နှင်းနှင့်လေတို့ အလွန်ပြင်းထန်ပြီး အကြီးအကျယ် ချမ်းအေးသည့်အတွက် ယင်းညဥ့်တွင် ညီအစ်မနှစ်ဖော် ခိုက်ခိုက်တုန်နေကြ၏။ တစ်ရေးမှု မေးစက်၍မပျော်နိုင်ကြချေ။

ဆဋ္ဌမ ... သတ္တမနေ့များ ကုန်သွားကြပြန်၏။

စိတ်ကူးယဉ်တတ်သော စင်ဒီသည် လူငါးယောက်အတွက် အိပ်ရာများ ပြင်ဆင်ပြီးလျှင် ...

"ဒါက ပါပါ၊ ဒါက မမ မာဂျရီ၊ ဒါက မောင်လေးရန်ဒီ၊ ဒါက ငါ၊ ဒါက ဂျိနာ၊ ကဲ ... အားလုံး အသင့်ဖြစ်ပြီ၊ အိပ်ကြတော့"ဟု စင်ဒီ ရေရွတ်ပြောဆိုနေသည်ကို ဂျိနာအံ့သြစွာ မြင်တွေ့ရ၏။ ထိုညဥ့်တစ်ညဥ့်လုံးပင် စင်ဒီသည် ယောင်ယမ်း၍ ကျွန်တော်၊ မာဂျရီနှင့် ရန်ဒီတို့အား စကားပြောဆိုနေသည်ကိုလည်း ဂျိနာကြားရ၏။

http://www.dhammadownload.com



ဂျီနာ၏ အခန်းကဏ္ဍသည် အရေးကြီးလာ၏။ ဂျီနာသည် တကယ့်ဖြစ်ရပ်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသူဖြစ်၏။

စင်ဒီက ယောင်တောင်တောင် ကြောင်ငေးငေးနှင့် တစ်ယောက်တည်း စကားပြောသောအခါများတွင် ဂျီနာသည် စင်ဒီကို ကိုင်လှုပ်၍...

"မမရဲ့...ဘာလို့ ငေးနေရတာလဲ၊ ဘာတွေ ပြောနေတာလဲ၊ ပါပါလဲ မရှိဘူး၊ မမ မာဂျရီလဲ မရှိဘူး၊ ရန်ဒီလဲ မရှိဘူး၊ မမနဲ့ ဂျီနာ နှစ်ယောက်တည်းရယ်၊ အခု သောင်ပြင်ပေါ်က ရွက်ထည်ဖျင်ထဲမှာ စောင့်ဆိုင်းနေကြတာ၊ မမ...နိုးပြီလား"

စင်ဒီသည် မျက်လုံးများကို ပွတ်သပ်၍

"အင်း...အင်း...မမ သတိရပါပြီ၊ ကျေးဇူးပဲ ညီမရယ်၊ ပါပါနဲ့ ရန်ဒီတို့ ရောက်လာပြီလို့ မမထင်နေမိတာ"

တစ်ခါတွင် စင်ဒီသည် ရန်ဒီနှင့် ကျွန်တော်တို့ တကယ်လာခေါ်နေသည်ဟု ထင်မှတ်၍ ရွက်ထည်အပြင်သို့ ထွက်ရန် ထထိုင်လိုက်၏။ အကင်းပါးသော ဂျီနာက စင်ဒီ၏ လက်ကို ဆွဲပြီး အတင်းလှုပ်နှိုးလိုက်သောအခါမှ စင်ဒီသည် သက်ပြင်းချကာ ပြန်အိပ်ချလိုက်၏။

စင်ဒီသည် အိပ်မှုန်စုံမွှားနှင့် သူမ၏ စိတ်ကူးယဉ် ပျော်စရာလောကကို တကယ်အဟုတ်ထင်မှတ်ကာ ရွက်ထည်ဖျင်အကာအကွယ်အောက်မှထွက်ခွာသွားရန် မကြာခဏကြိုးစားတတ်၏။ ဂျီနာကသာ မတားဆီးနိုင်ခဲ့လျှင်၊ စင်ဒီသည် ထာဝရလောကသို့ အပြီးအပိုင် ထွက်ခွာသွားလိမ့်မည်ဖြစ်၏။

http://www.dhammadownload.com



သောင်ပြင်ပေါ်တွင် အထီးကျန်ခဲ့ရသော တစ်ဆယ့်နှစ်ရက် မြောက်သော ညဉ့်၌ စင်ဒီ၏ ယောင်ယမ်းခြင်းသည် အဆိုးရွား ဆုံးအခြေသို့ ဆိုက်လာ၏။

ထိုညဉ့် မိုးသောက်ယံတွင် ...

ကျွန် တော် တို့ မိ သား စု အ တူ တ ကွ နေ ထိုင် ခဲ့ ကြ သော 'ဖောင်အိမ်'သည် စင်ဒီတို့ရှိသည့် သောင်ကမ်းအနီး၌ ဆိုက်ကပ် လျက်ရှိ၏။ မာဂျရီ၊ ရန်ဒီနှင့် ကျွန်တော်တို့သည် ဖောင်အိမ်ထဲ၌ ကြက်သားနှင့် ခေါက်ဆွဲများကို ချက်ပြုတ်နေကြ၏။ ကြက်သား ခေါက်ဆွဲပြုတ်၏ မွှေးကြိုင်သည့်အနံ့များကို ရှူရှိုက်မိသောအခါ စင်ဒီသည် အလွန်ဆာလောင်နေသဖြင့် စားသောက်ရန် ရုတ် တရက် ထလိုက်၏။

ရွက်ထည်ဖျင်၏ အပြင်သို့ ထွက်သွားပြီးမှ "ညီမလေးလဲ ငါ့လိုပဲ သိပ်ဆာနေမှာ၊ ညီမလေးကိုပါ ခေါ်လိုက်မှပဲ"ဟု စိတ် ကူးရ၍ စင်ဒီပြန်လှည့်လာ၏။ ထို့နောက် ရွက်ဖျင်အမိုးစကို ပင့် လိုက်ကာ ...

"ဂျိနာလင်းရေ ... မြန်မြန်လာဟေ့၊ တို့ နံနက်စာ သွားစား ကြရအောင်"

ဂျိနာက ကောင်းစွာနိုးသဖြင့် သူမ၏ မျက်နှာကို ကြည့်၍ စင်ဒီ ယောင်ယမ်းနေပြီကို ချက်ချင်းသိလိုက်၏။

"မမရဲ့ မမ ဘယ်မှာအစာရှိလို့လဲ၊ ပါပါတို့ မလာသေးပါ ဘူး၊ မမနဲ့ ဂျိနာပဲ ရှိနေတာ၊ မမနိုးပြီလား၊ လာ ... ဝင်အိပ်နေ ပါဦး"

http://www.dhammadownload.com



သတိဝင်လာသော စင်ဒီသည် မျက်စိများကို အတင်းမှိတ်လိုက်ပြီးလျှင် ငိုရန်ကြိုးစား၏။ သို့သော် အသားအရေများ ခန်းခြောက်နေပြီဖြစ်သော သူမ၏ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ ထွက်မလာနိုင်တော့ပါ။

စင်ဒီရှိုက်ရန် အားထုတ်လိုက်ပြန်၏။ သို့သော် ခွန်အားကုန်နေပြီဖြစ်သော အဆုတ်များက မလှုပ်ရှား၍ မရှိုက်နိုင်ပါ။

တစ်ဆယ့်သုံးရက်မြောက်သောနေ့ . . .။

ညီအစ်မနှစ်ဦးတည်း သောင်ပြင်တွင် အားကိုးရာမဲ့ ကျန်ရစ်နေသည်မှာ ၁၃ ရက် ရှိလာပါပြီ။

တစ်နည်းအားဖြင့် ဤနေ့သည် 'စံအိမ်' လှေမြုပ်ပြီးသည်မှ ၂၄ ရက်မြောက်သောနေ့။ တစ်နည်း . . . ညီအစ်မနှစ်ဖော်တို့ မည်မည်ရရ ဝဝလင်လင် အစားမစားသောက်ခဲ့ရသည်မှာ ၂၅ ရက်မြောက်သောနေ့ ဖြစ်၏။

နံနက်မိုးလင်း၍ အိပ်စက်နေရာမှ နိုးလာကြသောအခါ ပျော်ရွှင်စွာနေတတ်သော စင်ဒီသည် သူမ၏ သဘာဝအတိုင်း ညီမလေးဂျိနာကို အားပေးလိုက်၏။

"ဂျိနာရေ . . . ဒီနေ့လေ ပါပါနဲ့ ရန်ဒီ ရောက်လာလိမ့်မယ်ကွဲ့၊ ညီမလေး ဘာမှမပူနဲ့တော့၊ ပါပါနဲ့ရန်ဒီ ရောက်လာမှာ သေချာတယ်"

http://www.dhammadownload.com



## (၂၃)
## အမှောင်ညများ ကုန်လေပြီ

သမီးငယ်နှစ်ယောက်တို့ မည်သည့်နေရာ၌ သေဆုံးနေကြမည်ကို ကျွန်တော်မတွေးတတ်ပါ။

သူတို့၏ သက်မဲ့ခန္ဓာများသည် ဒီရေရောက်နိုင်သည့် ကမ်းစပ်၌ တည်ရှိကြလျှင် ငါးပုစွန်တို့က ထိုခန္ဓာများကို ထိုးဆိတ်စားသောက်ကြပေလိမ့်မည်။

အကယ်၍ ဒီလှိုင်းများမပုတ်ခတ်နိုင်သည့်ကမ်းခြေအထက်ပိုင်း၌ ခန္ဓာကိုယ်များ တည်ရှိကြလျှင် ထိုခန္ဓာကိုယ်များကို သားရဲ စွန်ရဲနှင့် လင်းတများက ဆုတ်ဖြဲစားသောက်ကြပေမည်။

သမီးငယ်နှစ်ယောက်တို့ မည်သည့်အခြေအနေ၌ သေနေကြသည်ဖြစ်စေ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်အလောင်းကောင်များကို ၁၅ နှစ်အရွယ်သာရှိသေးသည့် သား ရန်ဒီ မြင်တွေ့ရန် မသင့်လျော်ချေ။ ရန်ဒီသည် အရွယ်နှင့်မလိုက်အောင် ဘဝ၏ နာကြည်းမှုများကို ကြုံတွေ့ခဲ့ရပြီ မဟုတ်လော။

"ရန်ဒီရေ...ဟိုကျောက်ဆောင်အနားရောက်အောင် လှော်နော်၊ အဲဒီအနားမှာ လှေထိုးဆိုက်ဖို့ သင့်တော်မယ့်ကမ်းခြေ တွေ့ရင် ထိုးဆိုက်လိုက်ဟေ့၊ ပြီးတော့ ရေစိမ့်ဝင်နေတဲ့ လှေပေါက်တွေကို တို့ဖာကြရအောင်"

ရန်ဒီသည် ကျောက်စရစ်ခဲများ ပေါများသည့် ကမ်းခြေတစ်နေရာတွင် လှေကို ထိုးဆိုက်လိုက်၏။

"ကဲ...ရန်ဒီ၊ မင်းလှေပေါ်မှာ အပန်းဖြေနှင့်ဦး၊ ငါ ကမ်းပေါ်တက်ပြီး ကလေးမနှစ်ယောက်ကို ရှာလိုက်မယ်"

http://www.dhammadownload.com



ကျောက်ခဲပေါ်များသည့် ကမ်းခြေထက်သို့ စိတ်လေးကိုယ်လေးဖြင့် ကျွန်တော်တက်သွား၏။ အကွေ့တစ်ခုကိုလွန်မြောက်သောအခါ ကျွန်တော်တို့စွန့်ပစ်ခဲ့သောကူးတို့ဖောင်ကိုတွေ့ရ၏။

"အင်း...သမီးတို့ ဒီအနားမှာ ရှိမှာပါပဲ" ဟု တွေး၍အပေါ်ဘက်သို့ မျက်စိကစားလိုက်ရာ ကြောက်မက်ဖွယ်ကောင်းသည့်ကျောက်တိုင်မည်းကြီးကို မြင်တွေ့လိုက်ရသဖြင့် ကျွန်တော်ကျောချမ်းသွား၏။

ထို့နောက် သောင်ကမ်းပေါ်သို့ မျှော်ကြည့်လိုက်ရာ ရွက်ထည်လိပ်ကိုမြင်တွေ့ရ၏။ ရွက်ဖျင်လိပ်သည် လှိုင်းလုံးနှစ်လုံးလို ခေါက်တွန့်နေသည့်အတွက် သမီးနှစ်ယောက်တို့သည် ထိုဖျင်လိပ်အတွင်း၌ ရှိနေမည်ကို ကျွန်တော်အတပ်သိလိုက်၏။

လေးလံသောခြေလှမ်းများဖြင့် ထိုရွက်ဖျင်လိပ်ဆီသို့ ကျွန်တော် လျှောက်သွား၏။

"သမီးတို့ရေ...သမီးတို့ကိုပါပါ လာခေါ်ပါပြီကွယ်၊ ပါပါလာပါပြီ"

ကျွန်တော်သည် မတည်ငြိမ်သောအသံဖြင့် တိုးတိုးရေရွတ်လိုက်ပြီးလျှင် ရွက်ဖျင်စတစ်ဖက်ကို အသာဆွဲမလိုက်၏။

ကျွန်တော် ဆွဲမ,လိုက်သည့်အချိန်နှင့် စင်ဒီ ထထိုင်လိုက်သော အချိန်တို့သည် ထပ်တူဖြစ်သွားသဖြင့် အရေများ ဖုံးအုပ်ထားသည့် အရိုးစုတစ်ခု ဘွားခနဲ ပေါ်လာတော့၏။

ကျွန်တော်သည် ထိတ်လန့်တကြားဖြစ်သွားပြီး အရိုးစုရုပ်ကို ငေးစိုက်၍ ကြည့်မိ၏။ အရိုးစုရုပ်ကလည်း ကျွန်တော့်ကို ငေးစိုက်ကြည့်နေ၏။

http://www.dhammadownload.com



ဤအရိုးစုရုပ်သည် တစ်ချိန်က ကျွန်တော်၏ သမီးလတ် ဖြစ်ခဲ့သည်ကို ကျွန်တော်သိလာရ၍ ကျွန်တော်အတိုင်းမသိ ဝမ်းသာလာတော့၏။

"ဟင် ... သမီး ... စင်ဒီ ... သမီး ... မသေဘူးနော်၊ ပါပါ ဝမ်းသာလိုက်တာကွယ်၊ ပါပါ့ရဲ့သမီး ... စင်ဒီ ... စင်ဒီ"

ကျွန်တော်သည် ဒူးထောက်၍ ထိုင်ချလိုက်ပြီးနောက် သမီးလတ်ကို ပွေ့ဖက်ထားလိုက်၏။

သမီးလတ်၏ မျက်နှာတွင် ပီတိရောင်လျှမ်းသွားသော်လည်း ခြောက်ကပ်နေကြသည့် နှုတ်ခမ်းအစုံမှာမူ မည်သည့် စကားလုံးမျှ ထွက်မလာနိုင်ပါ။

မငိုနိုင်, မရှိုက်နိုင်ရှာသော သမီးလတ်သည် ကျွန်တော့်ကိုသာ ပြန်ဖက်ထားရှာ၏။

ထို့နောက် သမီးထွေး၏ အခြေအနေကို သိလိုသဖြင့် ...

"သမီး ... ဂျီနာလင်းကောကွယ်"

ပြောပြောဆိုဆို ရွက်ဖျင်စကို ကျွန်တော်အကုန်ဆွဲမ,လိုက်ရာ ဒုတိယအရိုးစုရုပ်တစ်ရုပ်သည် လျောင်းနေသောအနေအထားဖြင့် ပေါ်လာပြန်၏။ အရိုးစုရုပ်က မလှုပ်ရှားသည့်အတွက် ကျွန်တော့်ရင်တွင် ထိတ်ခနဲဖြစ်သွား၏။

"သမီး ... ဂျီနာ ... ဂျီနာ"

ကိုယ်ခန္ဓာမလှုပ်ရှားနိုင်သောအရိုးစုရုပ်ငယ်သည်ဦးခေါင်းကလေးသာ စောင်းငဲ့လိုက်၏။

"ဟင် ... သမီးလဲ အသက်ရှင်နေတာကိုး၊ ဝမ်းသာလိုက်တာ သမီးရယ်"

http://www.dhammadownload.com



ကျွန်တော်သည် စင်ဒီဒိုထံမှ အသာခွာထွက်လိုက်ပြီးနောက် ဂျီနာလင်းကို ကောက်ချီယူ၍ ပွေ့ထားလိုက်၏။

"သမီး...သမီးတို့ကို ပါပါ လာခေါ်ပြီလေ၊ ရန်ဒီလဲ ပါတယ်၊ လှေလဲပါတယ်၊ အစားအသောက်တွေလဲ ပါတယ်"

ဂျီနာသည် ဝမ်းသာလွန်း၍ ငိုရှာ၏။ "အင်း...အင်း..." အသံသေးသေးမျှင်မျှင်သာ ထွက်လာပြီး မျက်ရည်ထွက်မလာပါ။

စင်ဒီဒိုထံမှ မြုံးရွှင်သောပီတိစကားလုံးများ မပီကလာ ထွက်ပေါ်လာ၏။

"ပါပါ...လာ ပြီ...နော်၊ သမီးတို့...စောင့် နေ... ပါတယ်...ပါပါရယ်၊ သမီး...တို့ကို...ချန်မထားနဲ့တော့... ပါပါ...နော်"

ကျွန်တော်သည် ရင်ထဲ၌ ဆို့နင့်လာပြီး မျက်ရည်များပင် စို့လာ၏။

သေကြပြီဟု ထင်မိခဲ့သော သမီးငယ်နှစ်ယောက်တို့သည် မသေကြသေးဘဲ မိမိတို့၏ဘဝကလေးများကို တွယ်ဖက်ကာ ဖခင်အလာကို စောင့်မျှော်ခဲ့ကြရှာသည်။

တစ်ဆယ့်သုံးရက်တိုင်တိုင် သမီးတို့အား အလွန်ဆိုးရွားသည့် ရာသီတွင် သောင်ပြင်ထက်၌ ခိုကိုးရာမဲ့ပစ်ပယ်ထားခဲ့ရသည်ကို ယူကျုံးမရဖြစ်မိ၏။

"သမီးတို့...သမီးတို့ရဲ့ အမှောင်ညဥ့်တွေ ကုန်ဆုံးပါပြီကွယ်၊ သမီးတို့ထံပါးက ပါပါ တစ်ဖဝါးမှ မခွာတော့ပါဘူးကွယ်၊ နော်..."

http://www.dhammadownload.com



ရန်ဒီသည် ကမ်းခြေပေါ်သို့ တက်လာပြီးလျှင် ကျွန်တော်တို့ဆီသို့ လျှောက်လာနေသည်။

"ရန်ဒီရေ...သမီးတို့ အသက်ရှင်နေကြသေးတယ်ဟေ့၊ လှေကို ဒီဘက်ကမ်းခြေဆီ ယူလာပါ၊ မြန်မြန်လုပ်ဟေ့"

"ဟာ...ဟုတ်လားပါပါ၊ သူတို့ အသက်ရှင်နေတယ်...ဟုတ်လား၊ ကျွန်တော် လှေရွှေ့လိုက်ပါ့မယ်"

ရန်ဒီသည် ပေါ့ပါးလျင်မြန်စွာ လှေဆီသို့ သွားပြီးလျှင် ကျွန်တော်တို့နှင့် နီးကပ်သောကမ်းခြေသို့ လှေကိုရွှေ့လာ၏။ ထို့နောက် ကျွန်တော်တို့ထံ ပေါ့ပါးစွာပင် သွက်သွက်လျှောက်လာ၏။

"ဟင်...စင်ဒီ...ဂျိနာ၊ တကယ်မသေကြဘူးနော်၊ တို့က နင်တို့သေပြီလို့ မှတ်ယူထားကြတာ၊ ဝမ်းသာလိုက်တာဟယ်"

ရန်ဒီသည် ဝမ်းသာအယ်လဲ ပြောဆိုပြီးနောက် စင်ဒီကို တစ်လှည့်၊ ဂျိနာကို တစ်လှည့် သိုင်းဖက်လိုက်၏။

သမီးတို့၏ အခြေအနေမှာ အချိန်ဆွဲနေရန် မသင့်တော်သည့်အတွက်...

"ကဲ...ရန်ဒီ၊ သမီးတို့ကို လှေဆီခေါ်သွားကြရအောင်"

ရန်ဒီနှင့် ကျွန်တော်တို့သည် ဂျိနာကို ဦးစွာ ထူမ,ပေးလိုက်၏။ သို့သော် ဂျိနာသည် မတ်တတ်မရပ်နိုင်ပါ။ သို့အတွက် သူမအား ရန်ဒီနှင့် ကျွန်တော်တို့က ဘေးတစ်ဖက်တစ်ချက်စီမှ ဖေးမ၍ တွဲခေါ်သွားရ၏။ ဂျိနာသည် အရုပ်ကလေးကဲ့သို့ ခြေထောက်များ တရွတ်တိုက်ဆွဲကာ လိုက်ပါလာ၏။

ဂျိနာကို လှေဦးပိုင်း၌ နေရာချထားပေး၏။ ဂျိနာသည် ထိုင်

http://www.dhammadownload.com



မနေနိုင်၍ ကိုယ်ကို နောက်သို့လှဲချလိုက်သဖြင့် ကျွန်တော်၏ ကိုယ်နှင့် ထိန်းထားလိုက်ရ၏။

ဂျိနာ၏ အဝတ်အစားများကို ကျွန်တော်ချွတ်ပေးလိုက်သောအခါ အလွန်ဆိုးရွားသည့် အနံ့အသက်များသည် ထောင်းခနဲ ထွက်လာကြ၏။ အသားအရေခြောက်သွေ့နေသော သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ဒူးဆစ်အောက်နားမှ ပခုံးများအထိ အနီကွက်များနှင့် ကွဲဟနာများ ဖြစ်နေသည်ကို တွေ့ရ၏။

ဂျိနာကို စွပ်အိပ်ရာတစ်ခုဖြင့် ညင်သာစွာ ကျွန်တော် သိပ်ပေးလိုက်၏။

ဂျိနာသည် နှုတ်ခမ်းတရွရွနှင့် တစ်ခုခုကို ပြောလိုနေသဖြင့်

"သမီး ... ဘာပြောချင်လို့လဲ၊ ပြောလေ"

ဂျိနာသည် အားယူလိုက်ပြီးနောက် ...

"ပါပါ ... စင်ဒီနဲ့ ကျွန်မလေ ... အခု သိပ်နီးစပ်သွားကြပြီ၊ နီးစပ်လွန်းလို့လေ ... တစ်ခါတလေမှာ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ပါးချင်းအပ်ပြီးတော့ပဲ လှဲအိပ်နေကြတာ"

ခြသေ့်မင်းလို အမြဲတစေ လွတ်လွတ်လပ်လပ် တစ်ဦးတည်းနေတတ်သည့် ဂျိနာ ...။ အပေါင်းအသင်းများနှင့် ရိုင်းရိုင်း ပင်းပင်း ရင်းရင်းနှီးနှီးနေထိုင်ခြင်းမှရရှိသော မေတ္တာအနွေးဓာတ်နှင့် ပျော်ရွှင်မှုကို ယခင်က မသိနားမလည်ခဲ့သော ဂျိနာ ...။

ယခုမူ ဤထူးခြားလှသော မေတ္တာအနွေးဓာတ်နှင့် ပျော်ရွှင်မှုကို ဂျိနာသိနားလည်လိုက်ပါပြီ။ နှစ်လိုစွာ ခံစားနေလိုက်ရပါပြီ။ ယင်းသို့ ခံစားခဲ့ရသည်ကို ဝမ်းသာလွန်း၍ အချိန်မဆိုင်းနိုင်တော့ဘဲ ကျွန်တော့်အား ပြောပြလိုက်ခြင်းဖြစ်ပေ၏။

http://www.dhammadownload.com



ကျွန်တော်လည်း ထပ်တူထပ်မျှ ဝမ်းမြောက်သွားသဖြင့် သမီးထွေး၏ တွန့်ခြောက်ဟိုက်ပက်နေသည့် ပါးကို ကျွန်တော်၏ ပါးနှင့် ကပ်ထားလိုက်ရ၏။

"သမီး... ခဏစောင့်ဦးနော်၊ စင်ဒီကိုသွားခေါ်လိုက်မယ်"

ရန်ဒီနှင့် ကျွန်တော်တို့သည် စင်ဒီကို ထူမ,ပေးပြီး လှေဆီသို့ တွဲခေါ်သွားကြ၏။

"သမီး... စင်ဒီ၊ သမီးတို့ အသက်ရှင်နေအောင် သမီး ဘယ်လို ကြံဖန်လိုက်တာလဲ၊ သမီးဘာတွေလုပ်တယ်ဆိုတာ ပြောပါဦး"

"သမီးတို့ ကြုံရတဲ့အဖြစ်က သိပ်မဆိုးလှပါဘူး ပါပါရယ်၊ ပါပါတို့ မရောက်လာတော့ ပါပါတို့ အခက်အခဲတစ်ခုခု ကြုံနေပြီဆိုတာ သမီးသိပါတယ်၊ ပါပါပြန်လာမယ်လို့ ပါပါပြောခဲ့တာပဲ၊ အဲဒီတော့ သမီးတို့ စောင့်နေရုံပေါ့၊ သမီးနဲ့ ဂျိနာတို့ ဘုရားစာ ရွတ်ကြတယ်၊ ဘုရားသခင်ကို ရှိခိုးပြီး စောင့်ရှောက်ပေးဖို့ ဆုတောင်းတယ်၊ ဆုတောင်းလိုက်တော့ နေသာထိုင်သာ ရှိလာတယ်၊ ကျွန်မတို့ သိပ်ဆာတဲ့အခါ ကျောက်ပွင့်တွေ ရူးစားကြတယ်၊ ကြာလာတော့ ကျောက်ပွင့်တွေကိုလဲ ရှာမရတော့ဘူး၊ ကျွန်မတို့လဲ လမ်းမလျှောက်နိုင်ကြတော့ဘူး၊ အဲသည်တော့... ပါပါတို့ မြန်မြန်ရောက်လာပါစေလို့ ဆုတောင်းပြီး အိပ်နေကြတာပဲ၊ သမီးတို့က စောင့်ရုံတင်စောင့်နေကြရလို့ ပါပါတို့လောက် မပင်ပန်းပါဘူး ပါပါရယ်"

သမီးတို့၏ အဖြစ်ကို ထပ်မံသိရသောအခါ ရင်နင့်သွားရပြန်၏။

http://www.dhammadownload.com



"သမီးတို့ တော်ကြပါပေတယ်၊ တော်ကြပါတယ်ကွယ်"

စင်ဒီကို လှေဦးပိုင်း၌ပင် ကျန် စွပ်အိပ်ရာတစ်ခုတွင် သိပ်ထားပေးလိုက်၏။

ကျွန်တော်သည် လှေနောက်ပိုင်းသို့သွား၍ လှေဝမ်းထဲမှ ရေများကို ခပ်ထုတ်၏။ ရန်ဒီသည် လှေကိုကမ်းစပ်မှ တွန်းထုတ်လိုက်ပြီးလျှင် နွမ်းနယ်နေသော သူ၏ ခန္ဓာကိုယ်ကို သယ်မ,၍ လှေပဲ့တွင် ထိုင်လိုက်၏။

"ရန်ဒီရေ...သစ်လုံးတဲကို တို့ပြန်သွားကြရအောင်နော်"

စောစောက ကျွန်တော်စိတ်ကူးခဲ့သည့်အတိုင်း ဟိုက်ဒါဘတ် သို့ သွားရန်အတွက် ပါလာသော နှစ်ယောက်စာ ရိက္ခာမှာ လေးယောက်အဖို့ မလုံလောက်တော့ပေ။ ထို့အပြင် သမီးတို့သည် ရိက္ခာကိုသာမက လောလောဆယ် အနားရရန်လည်း လိုအပ်နေ၏။

ရန်ဒီသည် ကျွန်တော်တို့အဖွဲ့တွင် အားအထားရဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။ သစ်လုံးတဲမှ ကင်အမှတ်သို့ ရောက်အောင် ခြောက်နာရီကျော်မနားတမ်း ရန်ဒီလှော်ခတ်ခဲ့၏။ ကင်အမှတ်တွင် သမီးတို့ကို တင်ဆောင်နေခြင်းအတွက် တစ်နာရီကြာသြောင်းခဲ့၏။ ယခုတစ်ဖန် ရန်ဒီသည် လှေကို အားသွန်ခွန်စိုက် လှော်ခတ်နေပြန်လေပြီ။

အသွားအပြန်ခရီးအတွက် စုစုပေါင်း ၁၃ နာရီတိတိ မရပ်မနားဘဲ ရန်ဒီ လှော်ခတ်ပြီး၍ အမှောင်လွှမ်းသည့်အချိန်တွင် သစ်လုံးတဲစခန်းသို့ ပြန်လည်ဆိုက်ရောက်ကြ၏။

ကျွန်တော်နှင့် ရန်ဒီတို့သည် မီးမွှေးရန် အိပ်ရာနေရာများ

http://www.dhammadownload.com



ကို ပြင်ဆင်ရန်အတွက် တဲပေါ်သို့ ဦးစွာတက်သွားကြ၏။ တဲ တံခါးကိုတွန်းဖွင့်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ကြမ်းပြင်တွင် အပုံကြီးတစ်ပုံကို တွေ့ရ၏။

ထိုအပုံကို မီးထိုး၍ စစ်ဆေးလိုက်သောအခါ ဟင်းသီး ဟင်းရွက်များ၊ အသားငါးအထုပ်များ၊ နို့၊ ကြက်ဥ၊ ဒိန်ခဲများ… စသည့် စားစရာမျိုးစုံကို တွေ့ရ၏။

"ရန်ဒီရေ… ကြည့်စမ်း… စားစရာတွေကွ၊ တစ်ယောက် ယောက်တော့ ဒီတဲကို ရောက်ခဲ့ပြီးဖြစ်လိမ့်မယ်"

ထို့နောက် စားပွဲပေါ်သို့ ကျွန်တော်မီးထိုးကြည့်၏။ ကျွန် တော် ထားခဲ့သော စာကို မတွေ့ရတော့ချေ။

မီးဖိုတွင် မီးမွေး၏။ ခေါက်ခုတင်တစ်လုံးကို ဖြန့်ပြီး အိပ် ရာ ခင်းလိုက်၏။ ထို့နောက် သမီးတို့ထံသွားပြီး သတင်းကောင်း ကို ပြောပြလိုက်၏။

ဂျီနာကို စွပ်အိပ်ရာလိပ်မှထုတ်၍ လှေပေါ်မှ ချလိုက်၏။ ဂျီနာ လမ်းမလျှောက်နိုင်သည့်အတွက် ရန်ဒီက ဂျီနာကို သူ၏ ကျောကုန်းပေါ်၌ ပိုးချီလိုက်၏။ ထို့နောက် မတ်စောက်သော လှေကားထစ်များကို ခြေလှမ်းမချွတ်ယွင်းအောင် နှေးနှေး မှန် မှန် တစ်လှမ်းချင်းတက်ကာ ဂျီနာအား တဲအတွင်းရှိအိပ်ရာပေါ် အရောက် ချီပို့ပေးလိုက်၏။

ရန်ဒီသည် ၁၃ နာရီကြာ မနားတမ်း လှော်ခဲ့ပြီးဖြစ်ပါလျက် သူ၏ ခြေချောင်းကလေးများ၌ အရိုးများ ငေါငေါစူထွက်နေပါ လျက် လေးလံသော ဝန်ကို မတ်စောက်သော လှေကားများမှ

http://www.dhammadownload.com



တစ်ဆင့် တဲအတွင်းသို့ ချီပိုးပေးနိုင်သည်မှာ အလွန်ချီးကျူးစရာကောင်းပေတော့၏။

ဂျိနာကို နေရာချပေးပြီးသောအခါ စင်ဒီထံသို့ တစ်ဖန်သွားကြပြန်၏။ စင်ဒီသည်လည်း ခွန်အားလုံးဝပြတ်နေသည့်အတွက် သူမအား ဖေးမပေးသည့်တိုင်အောင် မတ်စောက်သော လှေကားကို တက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် စင်ဒီကိုလည်း ရန်ဒီ ချီပိုး၍ တဲအတွင်းသို့ ပို့ပေးရပြန်၏။

ရန်ဒီသည် သူ၏ အံ့သြဖွယ်သော စွမ်းဆောင်ချက်များကို ဆက်လက်ဆောင်ရွက်နေသည်တကား။

ကျွန်တော်သည် ခွက်တစ်ခုတွင် နွားနို့အနည်းငယ် ထည့်ပြီး နွေးရုံအပူပေး၏။ ထို့နောက် သမီးတို့ကို မျှ၍ တိုက်ကျွေးလိုက်၏။

၎င်းနောက် အနံ့အသက်ပြင်းထန်နေသော သမီးတို့၏ ခန္ဓာကိုယ်များကို ရေနွေးနှင့် ရေဖတ်တိုက်ပေး၏။ သုံးကြိမ်စီ ရေဖတ်တိုက်ပြီးသော် ခြောက်သွေ့သော မျက်နှာသုတ်ပဝါနှင့် သုတ်ပေး၏။

ထို့နောက်တစ်ဖန် ကိုယ်လိမ်းဆီကို ဖောဖောသီသီသုံး၍ သမီးတို့၏ တစ်ကိုယ်လုံးတွင် သုတ်လူးပေး၏။ သမီးတို့၏ ခြေထောက်များကို ရေစိမ်ပေးရသေး၏။ သို့ရာတွင် ရန်ဒီနှင့် ကျွန်တော်တို့ ခံစားခဲ့ရသလို သမီးတို့လည်း မခံရပ်နိုင်အောင် ခြေထောက်များ ပူလောင်လာကြသည့်အတွက် ရေစိမ်ခြင်းကို ရပ်လိုက်ရ၏။

သမီးတို့၏ ခြေချောင်းများသည် ကျွန်တော်တို့၏ ခြေ

http://www.dhammadownload.com



ချောင်းများနည်းတူ နှင်းကိုက်သည့် ရောဂါ စွဲကပ်နေကြမည် ဖြစ်၏။ သို့စေကာမူ သမီးတို့ကို မကြာမီ ဆေးရုံတစ်ခုခုတွင် ဆရာဝန်များက ကုသပေးနိုင်မည်ကိုတွေးမိ၍ ဘုရားသခင်အား ကျွန်တော်ကျေးဇူးတင်မိ၏။

သမီးတို့အတွက် လုပ်ဖွယ်ရာကိစ္စများကို လုပ်ဆောင်ပြီး သော အချိန်တွင် နာရီပြန် ၂ ချက်တီးနေပေပြီ။ ကျွန်တော်တို့ အားလုံးပင် ပင်ပန်းနုံးခွေနေကြပြီ။ ထို့ကြောင့် ကလေးတို့အား အနားရရန် အိပ်ကြဖို့ တိုက်တွန်းလိုက်ရ၏။

ကျွန်တော်သည် ထိုည၌တွင် မအိပ်တော့ပါ။ ရေနံဆီ မီး အိမ်ကို မီးဖိုခန်းတွင် ထွန်းညှိထားခြင်းဖြင့် သမီးတို့၏ အိပ်ခန်း အတွင်းသို့ အလင်းမှိန်မှိန်ဝင်ရောက်နေစေ၏။ သမီးတို့အား မှောင်သော ညဥ့်များကို နောက်ထပ်ရင်မဆိုင်စေလိုတော့သည့် အတွက် မီးမှိန်မှိန်ထွန်းကာ သမီးတို့၏ ထံပါးတွင် ကျွန်တော် စောင့်နေရစ်၏။

သမီးတို့သည် နှစ်ခြိုက်စွာပင် အိပ်မောကျနေကြ၏။ ရောင် နီများ ပျိုးလာသည်အထိ သမီးတို့ မနိုးကြသေးပါ။

မိုးလင်းသောအခါ ရက်ပေါင်းများစွာ ကျွန်တော်တို့ စောင့် စား မျှော်လင့်ခဲ့သော ရဟတ်ယာဉ်၏ စက်သံကို ပြဲ့ပြဲ့ထင်ထင် ကြားလိုက်ရ၏။

ရန်ဒီသည် ပြတင်းပေါက်သို့ ပြေးသွားပြီး ကြည့်လိုက်၏။

"ရဟတ်ယာဉ် ... ပါပါ ... ရဟတ်ယာဉ်"

ရန်ဒီ အော်ပြောလိုက်သောအချိန်တွင် ကျွန်တော်လည်း ပြတင်းပေါက်သို့ ရောက်နေလေပြီ။

http://www.dhammadownload.com



ရဟတ်ယာဉ်သည် နှင်းဆီအဝ၏ မတ်စောက်သောကျောက်ခါးပန်းများအတိုင်း ဝဲပျံလာပြီးသော် သစ်လုံးတဲ၏ အောက်ဘက်နား၌ ရှိသည့် ကမ်းခြေ၏ သောင်ပြင်ထက်တွင် ဆင်းသက်လိုက်၏။

ပက်တိုလဆင်သည် ယမန်နေ့က နံနက် ၁၁ နာရီအချိန်တွင် သစ်လုံးတဲသို့ ရောက်လာခဲ့၏။ တဲတွင် လူမရှိသည်မှာ ကြာပြီဖြစ်၍ အခြေအနေကို စစ်ဆေးရန်အတွက် သူလာခဲ့ခြင်းဖြစ်၏။ စားပွဲပေါ်မှ ကျွန်တော့်စာကို ဖတ်ရသောအခါ ကျွန်တော်တို့ လှေမြုပ်ပြီး ဒုက္ခရောက်နေသည့်အကြောင်း သူ သိရတော့၏။ စာ၏ နေ့စွဲမှာ မတ်လ ၁၀ ရက်။ ထိုနေ့သည်လည်း မတ်လ ၁၀ ရက်။ မီးဖိုကို သူကိုင်ကြည့်သောအခါ ပူနွေးလျက်ပင် ရှိသေး၏။ သို့အတွက် ကျွန်တော်တို့ထွက်ခွာသွားကြသည်မှာ မကြာသေးဟု သူသိလိုက်ရ၏။

ပက်တိုလဆင်သည် မြို့လိုင်းရေဒီယိုဖြင့် အကူအညီလှမ်းတောင်း၏။ ကက်ချီကန် (Ketchikan) စခန်းက သတင်း ရသဖြင့် ရဟတ်ယာဉ်တစ်စင်းကို ချက်ချင်းလွှတ်ပေးလိုက်၏။ ပက်တိုလဆင်ကိုယ်တိုင်လည်း ကျွန်တော်တို့ကို ရှာဖွေရန် သူ၏ စက်လှေဖြင့် ထွက်ခွာသွား၏။

ရဟတ်ယာဉ်နှင့် စက်လှေတို့သည် နှင်းဆီအဝနှင့် ဟိုက်ဒါဘတ် အကြားရှိ ရေပြင်တွင် ကျွန်တော်တို့ကို ပိုက်စိပ်တိုက်၍ လိုက်ရှာကြ၏။

ယမန်နေ့က မိုးချုပ်သည်အထိ ရှာဖွေရေးသမားများက

http://www.dhammadownload.com



ရှာဖွေကြပါသော်လည်း ကင်အမှတ်သို့ ရောက်နေသော ကျွန်တော်တို့အား မတွေ့ကြပါ။

ဤနေ့နံနက်၌မူ ရဟတ်ယာဉ်တွင် ဓာတ်ဆီနည်းနေသည့်အတွက် ရှာဖွေရေးမစတင်မီ ကက်ချီကန်စခန်း၌ ဓာတ်ဆီထည့်ရန် ထွက်လာကြ၏။ သို့သော် ကက်ချီကန်သို့ မသွားမီ ကျွန်တော်တို့ နောက်ဆုံးစခန်းချခဲ့သည်ဆိုသော သစ်လုံးတဲကို တစ်ဖန် ကြည့်ရှုရန် ရဟတ်ယာဉ်မောင်းသူ နှစ်ဦးတို့သည် နှင်းဆီအဝသို့ ဦးတည်ခဲ့ကြ၏။

သစ်လုံးတဲအနီးသို့ ရဟတ်ယာဉ်ရောက်လာသောအခါ ကမ်းခြေ၌ ဆိုက်ကပ်ထားသော စက်လှေပျက်ကို သူတို့ တွေ့ကြရ၏။ ဤလှေကို ကျွန်တော်တို့အသုံးပြုနေကြောင်း သတင်းရထားပြီးဖြစ်၍ သစ်လုံး၌ ကျွန်တော်တို့ရှိနေကြသည်ကို ရဟတ်ယာဉ်မောင်းသူတို့ သိလိုက်ပါတော့၏။

ကျွန်တော်တို့ကို ကယ်ဆယ်ရေးသမားများက တွေ့ကြလေပြီ။

ကျွန်တော်တို့၏ ဘဝမုန်တိုင်းသည်လည်း အဆုံးသတ်သွားလေပြီ။

## (၂၄)
## ပြန်လည်သုံးသပ်ရာဝယ်

ကျွန်တော့်မိသားစု၏ တစ်သက်တာတွင် မည်သည့်အခါမျှ မေ့နိုင်မည်မဟုတ်သော ဘဝမုန်တိုင်းထန်ခဲ့သည့် နေ့ရက်များကို ကျွန်တော်ပြန်လည်သုံးသပ်ကြည့်သောအခါ မြို့လိုင်း

http://www.dhammadownload.com



ရေဒီယိုဖြင့် အကူအညီတောင်းခံ၍မရသည့်အချိန်သည် ကျွန်တော်တို့အဖို့ စိတ်ပျက်စရာအကောင်းဆုံးအချိန် ဖြစ်၏။

သစ်လုံးတဲတည်ရှိရာဒေသသည် ရေဒီယိုအဆက်အသွယ်ညံ့ဖျင်းသောဒေသဖြစ်သည်ကို ကျွန်တော်မသိခဲ့ပါ။ ဖေဖော်ဝါရီလ ၇ ရက်နေ့က ရှူးပတ်မင်းသားမြို့သို့အသွားတွင် သစ်လုံးတဲသို့ ကျွန်တော်တို့ဝင်ရောက်လည်ပတ်ခဲ့စဉ်က တဲတွင် မြို့လိုင်းရေဒီယိုရှိကြောင်း၊ ထိုရေဒီယိုဖြင့် ဟိုက်ဒါဘတ်သို့စကားပြောခဲ့ကြောင်းကို ဂျင်မိက ပြောပြ၍ ကျွန်တော်သိခဲ့ရ၏။

သို့ရာတွင် ရာသီဥတုသာယာ၍ ရေဒီယိုအဆက်အသွယ်ကောင်းသောညများ၌ ညဥ့် ၁၀ နာရီအချိန်လောက်တွင် မြို့လိုင်းရေဒီယိုကို အသုံးပြုမှသာလျှင် ရေဒီယိုအဆက်အသွယ် ရရှိနိုင်ကြောင်းကိုမူ ဂျင်မိက ကျွန်တော့်အား မပြောပြခဲ့ပါ။

ပထမ၌သမီးငယ်နှစ်ယောက်အား သောင်ပြင်ပေါ်တွင် ချန်လှပ်၍ ရန်ဒီကိုခေါ်ပြီး ကျွန်တော်ထွက်သွားခြင်းသည် မှားသည်ဟု ကျွန်တော်ယူဆမိခဲ့၏။ သို့သော်ပြန်လည်သုံးသပ်ကြည့်သောအခါ ထိုသို့ကွဲထွက်ရန် ဆုံးဖြတ်ခြင်းသည် နေရာအတွက်မှားခြင်းအပေါ် အခြေခံပြီး ကျွန်တော်တို့အားလုံးအား ကြီးမားသည့် ဒုက္ခဝေဒနာများကို ခံစားစေခဲ့ရသည်မှန်သော်လည်း ကျွန်တော်တို့အသက်ရှင်ရေးတွင် ထိုဆုံးဖြတ်ချက်သည် အဓိကသော့ချက်ဖြစ်သည်ကို ကျွန်တော်တို့ မြင်သိလာရ၏။

ရန်ဒီနှင့် ကျွန်တော်တို့ ထွက်ခွာသွားပြီးသည့်နောက် သုံးရက်မြောက်သောနေ့မှစ၍ စင်ဒီနှင့် ဂျီနာတို့သည် ခရီးသွားနိုင်လောက်အောင် မသန်စွမ်းကြတော့ချေ။ ထိုနေ့မှစ၍ ဂျီနာသည်

http://www.dhammadownload.com



မတ်တတ်ရပ်ခြင်းလည်း မပြု၊ ရှက်ထည်လိပ်တည်းဟူသော အသိုက်အတွင်းမှ ထွက်ခွာခြင်းလည်း မပြုတော့ချေ။

စင်ဒီသည် ဂျီနာထက် အနည်းငယ် ပို၍သန်စွမ်းပါသော်လည်း ထိုတတိယမြောက်သော နေ့မှစ၍ ပေတစ်ရာအတွင်း လောက်သာ လမ်းလျှောက်နိုင်တော့၏။ ကမ်းစပ်သို့ ထွက်ခွာသွားမိလျှင်ပင် ရှက်ဖျင်လိပ်အသိုက်ဆီသို့ ပြန်လာနိုင်မှ နိုင်ပါ့မလားဟူ၍ သူမ အကြီးအကျယ် စိုးရိမ်ခဲ့ရ၏။

ရန်ဒီနှင့် ကျွန်တော်တို့ကသာ သမီးများနှင့်အတူနေရစ်၍ သမီးတို့နည်းတူ ခွန်အားချည့်နဲ့လာခဲ့သော် နောက်ထပ် မည်မျှကြာအောင် ကျွန်တော်တို့အသက်ရှင်နေနိုင်ကြမည်ကို ခန့်မှန်းကြည့်နိုင်ပါ၏။ ကျွန်တော်တို့ ပျောက်ဆုံးနေသည်ကို မည်သူမျှမသိ။ ကျွန်တော်တို့ကို တစ်စုံတစ်ယောက်က တွေ့ရှိရန်မှာလည်း အလားအလာမရှိချေ။

ကျွန်တော့်မိသားစုတွင် "ဘဝမုန်တိုင်း" စတင်ဆင်လာသောနေ့မှာ ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဖြစ်၏။ အနောက်တိုင်းနိုင်ငံများတွင် ၁၃ ဂဏာန်းကို အမင်္ဂလာဂဏာန်းဟု မှတ်ယူခဲ့ကြ၏။ ထိုနေ့ညဥ့်သန်းခေါင်ယံအချိန်တွင် 'စံအိမ်' လှေ နစ်မြုပ်ခဲ့၏။ ထိုအချိန်မှစ၍ မတ်လ ၁၁ ရက်နေ့ နံနက်အထိ ၂၅ ရက်နှင့် ခြောက်နာရီကြာခဲ့မျှ ကျွန်တော်တို့ အကြိတ်အနယ် ရုန်းကန်ခဲ့ကြရ၏။

ကျွန်တော်တို့ခံစားခဲ့ကြရသော 'ဘဝမုန်တိုင်း' ၏ အကျိုးတရားများသည် ကျွန်တော်တို့တစ်ဦးစီအတွက် တစ်မူစီကွဲပြားကြ၏။ သို့သော် တူညီသောအချက်များလည်း ရှိ၏။

http://www.dhammadownload.com



ရန်ဒီ၏ ခြေချောင်းများသည် လေ့မြုပ်သည့်ညဦး ပထမအကြိမ် နှင်းကိုက်နာ စွဲကပ်ခဲ့၏။ သို့သော် နောက်နေ့ညဦးမှစ၍ မီးပုံဘေးတွင် ထိုင်ကာ မီးမွေးသည့်တာဝန်ကို သူထမ်းရွက်ခဲ့သည့်အတွက် သွေးခဲနေသည့်ခြေချောင်းများတွင် သွေးလည်ပတ်မှု ပြန်လည်ရရှိခဲ့၏။

ထို့နောက် ကျွန်တော်နှင့်အတူ သစ်လုံးတဲဆီသို့ မရောက်ရောက်အောင် အစွမ်းကုန်ရုန်းကန်၍ သွားခဲ့သောနေ့၌ ရန်ဒီ၏ ခြေချောင်းများတွင် နှင်းကိုက်နာ တစ်ဖန်စွဲကပ်ခဲ့ပြန်၏။ ဤအကြိမ်တွင်လည်း မကြာလိုက်ပါ၊ သစ်လုံးတဲအတွင်း၌ ကောင်းစွာမီးလှုံလိုက်ရသောအခါ သွေးခဲနာများမှာ သွေးများလည်ပတ်သွားခဲ့ပြန်၏။

မတ်လ ၁၁ ရက်နေ့၌ ဆေးရုံသို့ ရောက်သောအခါ ရန်ဒီ၏ ခြေထောက်များသည် ခွဲစိတ်ကုသခြင်းကို ခံယူနိုင်သောအခြေအနေ ရှိနေကြ၏။ ဆေးရုံ၌ လေးရက်သာ ရန်ဒီကို ဆေးကုသရ၏။ ထို့နောက် ရန်ဒီသည် ကျောင်းတက်ရန် ကရေးအစ်မြို့ ကလေးသို့ ထွက်ခွာသွား၏။

ဂျီနာသည် လေ့မြုပ်သည့်ညဦးက သူမ၏ ခြေထောက်များကို စင်ဒီ၏ ကုတ်အင်္ကျီအတွင်း၌ ထိုးထည့်ထားပြီး အိပ်စက်ခွင့်ရခဲ့သည့်အတွက် ကံကောင်းသွားခဲ့၏။ ဂျီနာသည် ရန်ဒီ၊ စင်ဒီနှင့် ကျွန်တော်တို့ ခံစားကြရသော နှင်းကိုက်နာရောဂါမှ လွတ်မြောက်ခဲ့၏။

ထို့နောက်တစ်ဖန် ရက်သတ္တသုံးပတ်ကျော်ကာလအတွင်း၌ ဂျီနာသည် ခြေထောက်များကို လှုပ်ရှားကာ နေနိုင်ခဲ့သည့်

http://www.dhammadownload.com



အတွက် ခြေထောက်များ နာကျင်ကိုက်ခဲခဲ့ပါသော်လည်း ခြေချောင်းကလေးများ ဆုံးရှုံးခံရခြင်း မရှိခဲ့ပါ။ အရေပြား အစားထိုးကုသခြင်းကိုလည်း မခံယူခဲ့ရပါ။

အာဟာရပြတ်တောက်သော ရောဂါမှ ပြန်လည်နာလန်ထူနိုင်ရန် အတွက်မူ ဂျိနာသည် ဆေးရုံတွင် ရက်သတ္တနှစ်ပတ်ကြာ ဆေးကုသခြင်းကို ခံယူခဲ့ရ၏။ ထို့နောက်တွင် သူမလည်း ကျောင်းပြန်တက်နိုင်ခဲ့၏။

စင်ဒီ၏ ခြေထောက်များသည် ဆေးရုံရောက်သောအချိန်၌ သွေးခဲလျက်ပင် ရှိကြသေး၏။ သူမ၏ ခြေချောင်း သုံးချောင်းကို ခွဲစိတ်ကုသရ၏။ ခြေထောက်နှစ်ဖက်လုံးတွင် အရေခွံ အစားထိုး ကုသခြင်းကို ပြုလုပ်ရ၏။ ထို့အပြင် အာဟာရဓာတ် ကင်းပြတ်သော ရောဂါမှ ပျောက်ကင်းရန်အတွက်လည်း ကုသပေးရ၏။ ထို့ကြောင့် စင်ဒီသည် ဆေးရုံတွင် ရက်သတ္တသုံးပတ်ကြာအောင် ဆေးကုသခြင်းကို ခံယူခဲ့ရ၏။

ယနေ့တွင် စင်ဒီ, ရန်ဒီနှင့် ဂျိနာတို့ သုံးယောက်စလုံးပင် ကျန်းမာရွှင်လန်းစွာ ရှိကြ၏။

ကျွန်တော်တို့၏ "ဘဝမုန်တိုင်း" ကျရောက်ပြီးသည်မှ တစ်နှစ်တာ ကာလအတွင်းတွင် ဒစ်ဆင်အဝင်၏ ကြမ်းတမ်း ခက်တရော်လှသော ပင်လယ်ရေပြင်၌ အသက်ဆုံးရှုံးခဲ့ကြရသော သို့မဟုတ် ပျောက်ဆုံးနေကြသော လူဦးရေမှာ ကျွန်တော်သိရသမျှ ၄၀ ကျော် ရှိခဲ့ပါသည်။

ထိုသေသူများ သို့မဟုတ် ပျောက်ဆုံးသူများစာရင်းတွင် ကျွန်တော်၏ မိသားစုထဲမှ တစ်ယောက်မျှ မပါဝင်ခဲ့သည်မှာ

http://www.dhammadownload.com



အလွန်ထူးခြားသော ဘဝကုသိုလ်ကံကြောင့်သာဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

ကျွန်တော့်အဖို့ဝယ် 'စံအိမ်' လေ့ နစ်မြုပ်ပြီးသည့်နောက် ကျောက်ဆောင်ထက်တွင် အသက်စွန့်လွှတ်တော့မည်ဟု ချီတုံချတုံ ဖြစ်နေခိုက်တွင် စင်ဒီနှင့် ရန်ဒီတို့က ကျွန်တော့်ကို ကယ်ဆယ်လိုက်ကြ၏။ လူ့ဘောင်တွင် ဆက်လက်နေထိုင်ရန်အတွက် အသက်ဆက်ပေးခဲ့ကြ၏။

ကျွန်တော်သည် နေရာအနေအထား အတွက်မှားမိ၍ သမီးငယ်နှစ်ယောက်ကို သော့ငြင်ပြင်ထက် နှင်းတောထဲတွင် ခိုကိုးရာမဲ့ အထီးကျန်ဘဝအဖြစ် တစ်ဆယ့်သုံးရက်ကြာ ချန်ရစ်ထားခဲ့ရသောအခါ သမီးငယ်နှစ်ယောက်တို့သည် ချစ်ကြည်စည်းလုံးကာ တစ်ဦးကိုတစ်ဦး ဖေးမကူညီကာ အသက်ရှင်နေအောင် ရုန်းကန်နိုင်ခဲ့ကြ၏။ သေပြီဟု ထင်မှတ်ခဲ့သော သမီးများ အသက်ရှင်နေသည်ကို တွေ့မြင်ရသောအခါ ဘဝ၏အကောင်းဆုံး ဆုလာဘ်ကို ကျွန်တော်ရရှိခဲ့၏။ ဘဝ၏အသာယာဆုံးအချိန်ကို ကျွန်တော် ခံစားခဲ့ရ၏။

ဘဝ၏ အမှောင်ဆုံးညဥ့်များကို ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ရပြီးဖြစ်သည့်အတွက် ကျွန်တော်တို့၏ ရှေ့ဘဝခရီးတွင် ပိုမိုထိန်လင်းသော ညဥ့်များကိုသာ ကြုံတွေ့ရန် ရှိပါတော့၏။

"ဘဝမုန်တိုင်း"ကြောင့် ဖခင်၏မေတ္တာနှင့် သစ္စာကို ကျွန်တော် ပြသခွင့်ရခဲ့သလို…

"ဘဝမုန်တိုင်း"ကြောင့်ပင် ရန်ဒီ,စင်ဒီနှင့် ဂျိနာတို့က သားသမီးတို့၏ မေတ္တာသစ္စာဖြင့် ညီမျှစွာတုံ့ပြန်ခွင့်ရခဲ့ကြ၏။

http://www.dhammadownload.com



မေတ္တာပန်းနှင့် သစ္စာပန်းတို့ ထာဝစဉ်ပွင့်လန်းနေမည့် ကျွန်တော်၏ မိသားစုတွင် အပျော်ရွှင်ဆုံး ဂုဏ်အယူနိုင်ဆုံးသော ပုဂ္ဂိုလ်မှာ မည်သူများ ဖြစ်ပါချိမ့်မည်နည်း။

**ပုထုဇဉ်တို့ ခံစားနိုင်သော အရသာအပေါင်းတွင် မေတ္တာနှင့် သစ္စာတို့၏ အရသာသည် အချိုမြဆုံး ဖြစ်၏။**

**သတ္တဝါအချင်းချင်း မေတ္တာနှင့် သစ္စာ ထားနိုင်ကြမည်ဆိုလျှင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာမည် ဖြစ်သတည်း။**

**မေတ္တာနှင့် သစ္စာတို့၏ စွမ်းအားဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းသာယာပါစေသား။**

Elmo Wortman ရေး "Almost too late" စာအုပ်ကို အကျဉ်းချုံးထားသော ၁၉၈၂ ခုနှစ် ဇူလိုင်လထုတ် Reader's Digest ၌ပါသည့် "Four against the wilderness" ဘဝ အဖြစ်မှန်ဇာတ်လမ်းကို မူရင်းမပျက်အောင် ဘာသာပြန်ဆိုပြီး ရသမြောက်အောင် စီစဉ်ရေးသားပါသည်။

စာရှုသူအပေါင်းတို့ ...ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ ကြပါစေ။

မေတ္တာ သစ္စာတို့ဖြင့် ...

**ဒေါက်တာ မင်းတင်မွန်**

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ်(၄၂၃/၂၀၀၂) (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၆၈/၂၀၀၃) (၅)

○

ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ၊ တတိယအကြိမ်၊ အုပ်ရေ - ၅၀၀

○

ထုတ်ဝေသူ
ဒေါ်ရင်မြ၊ မြမွန်ရတနာစာပေ (၀၅၈၄)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

○

အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

○

ကွန်ပျူတာစာစီ
ခွန်မျိုး

○

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀၊ ၀၉ ၈၀-၂၂၅၁၆

○

တန်ဖိုး ၉၅၀ကျပ်